www.burmeseclassic.com

# ဈေဈေဒေါင်

သဘောထားကြီးပါတယ်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

**နိုင်ငံတော်၏ အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို

နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပြဋ္ဌာန်းနိုင်ရေး။

ပြဋ္ဌာန်းလာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော

နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း

ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး

တိုးတက်အောင် တည်ဆောက်ရေး။

နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။

အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ

အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC

စာမူခွင့်ပြုချက်အမှတ်

၅၀၁၁၃၅၀၅၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၀၃၇၀၆၀၁

ထုတ်ဝေသူ

ဒေါ်ဆွေဆွေအောင်

ဆွေဆွေအောင်စာပေ

၁၅၀၊ ဘိုလိမ်းလမ်း၊ မင်္ဂလာတောင်ညွန့်

ပုံနှိပ်သူ

ဦးမောင်မျိုး

ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း

ပထမအကြိမ်- ၂၀၀၆ ခုနှစ် မတ်လ

အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ။ တစ်

ရန်ကုန်တက္ကသိုလ် ကျောင်းသားရေးရာရှေ့တွင်ကျောင်းသားများအပြုံလိုက်ထိုင်နေကြသည်။

နောက်ဆုံးနှစ်ကျောင်းသားများက ဖူးစာရှင်ရွေးနေကြသည်။

"ကျောင်းပြီးတော့မယ် အခုထိအတွဲမရသေးဘူးလေ… မိန်းမလှပေါတဲ့ဒီကျောင်းမှာမှ ကြိုက်မယ့်လူမရှိရင် ကိုယ့်ရှင် ကိုယ့်ရွာရောက်ရင်ပိုဆိုးဦးမယ်… ဒီတော့ဖြူတယ် မည်းတယ် ဝတယ် ပိန်တယ် ပုတယ် ရှည်တယ်မရွေးတော့ဘဲ ရတာပဲယူရ

www.burmeseclassic.com

တော့မှာပဲ"

"ဟား ဟား ဟား"

အားလုံးဝိုင်းရယ်ကြသလို 'မောင်မောင်' လည်းရယ်မိပါသည်။

သို့သော် 'မောင်မောင်' သည် နောက်ဆုံးနှစ်ကျောင်းသားမဟုတ်ပါ။ တတိယနှစ်ကျောင်းသားဖြစ်သည်။

"ဟော့ ဟော့ ဟိုမှာကြည့်စမ်း… အဝါနုဝမ်းဆက်လေးနဲ့ ဆံပင်ရှည်ကြီးဖါးလျားချထားတဲ့ ကောင်မလေးမလှဘူးလား"

ထိုအုပ်စုထဲမှ မျက်မှန်လူထူနှင့် ကျောင်းသားတစ်ယောက်က အော်လိုက်ခြင်းဖြစ်သည်။

"ဟာ ဟုတ်တယ်ကွ… မင်းကမျက်လုံးသာမကောင်းတာ ဒါမျိုးကျတော့မြင်သားပဲ"

"ပါရမီပဲလေ"

"ဟား ဟား'

စကားတစ်ခွန်းပြောပြီးတိုင်း သူတို့ဖါသာသူတို့ သဘောကျနေကြသည်။

အဝါရောင်မလေး 'မောင်မောင့်' ရှေ့ကအားလမ်းဟိုဘက်ရှိသစ်ပင်အောက်တွင် ရပ်နေသည်။

'မောင်မောင်' ငေးနေမိသည်။

သူမ၏အသားက ဝါဝင်းနေသည်။



BURMESE CLASSIC



အဝါရောင်သည် အသားမည်းစေတတ်သောအရောင်။ သို့သော် သူမအသားက အဝါရောင်ကိုပင်လွှမ်းပြီး ဝင်းစက်နေခြင်းဖြစ်သည်။

ဆံပင်အရှည်ကတင်ပါးပေါ်ဖုံးနေပြီး အဖျားတွင်ပုံသွင်းထားသလို အခွေလိပ်လေးများဖြစ်နေသည်။

"သိပ်လှတာပဲ… သူ့အလှကတစ်မျိုးပဲ…သူ့မျက်နှာလေးကညှိုးနွမ်းနေသလိုပဲ… တစ်ခုခုကိုမျှော်လင့်တောင့်တနေသလိုပဲ"

'မောင်မောင့်' အသိစိတ်ထဲမှ ဖြစ်ပေါ်နေသောစကားများသာဖြစ်ပါသည်။

တဒင်္ဂတွင် 'မောင်မောင်' အားလုံးကိုမေ့ပျောက်သွားသည်။ သစ်ပင်အောက်မှ အဝါရောင်မလေးကိုသာ ငေးနေမိသည်။

သူမ လှမယ့်သာလှနေခြင်းဖြစ်သည်။

သူမ ဝတ်ထားသောဝတ်စုံမှာ ပိတ်သားဝါဝါပေါ်တွင် ပန်းပွင့်ဖြူဖြူလေးများရိုက်ထားသည့် အညှံ့စားပိတ်စကို ထမီနှင့်အင်္ကျီဆင်တူဝတ်ထားခြင်းဖြစ်သည်။ အင်္ကျီမှာလည်းယခုခေတ်ပေါ်မိန်းကလေးများဝတ်သလို ခေတ်ဆန်ဆန်မဟုတ်၊ လည်ပင်းမဟိုက်သော ရင်စေ့၊ တံတောင်ဆစ်လက်စကဖြစ်သည်။

မျက်နှာကိုသနပ်ခါး မှန်မှန်လေးပွတ်ထားသည်။

ချေးခပ်ပေါပေါသားရည်ညှပ်ဖိနပ် အဖြူပါးပါးလေးကို


www.burmeseclassic.com

www.burmeseclassic.com

စီးထားသည်။ လက်သည်းခြေသည်းများကိုအရှည်မထားအရောင်မဆိုးဘဲ ညီညာသန့်ရှင်းစွာညှပ်ထားသည်။

လွယ်ထားသောလွယ်အိတ်မှာ တခြားကျောင်းသူများလို သိုးမွှေးပန်းမွှားရောင်စုံဖြင့် သားနားသောလွယ်အိတ်မျိုးမဟုတ်။ သာမန်လွယ်အိတ်မျှသာဖြစ်သည်။

သို့သော် 'မောင်မောင်' အလောင်းအစားလုပ်ပြီးတော့ ပြောရဲပါသည်။

ရှိးစမိုးထုတ်ထားသော တခြားကျောင်းသူများထက်ကို သူမအလှက လွှမ်းမိုးနိုင်ပါသည်။

သစ်ပင်အောက်တွင် အဘယ်ရည်ရွယ်ချက်ဖြင့် လာရပ်နေသည်မသိ။ သူမ၏အညိုရောင်မျက်လုံးများက ကျောင်းသားရေးရာရှေ့သို့ လျှောကနဲလျှောကနဲ ရောက်လာတတ်သောကားများကို လှမ်း၍လှမ်း၍ကြည့်တတ်ကြောင်း တွေ့ရသည်။

အစိပတိုလှမ်းမကြီးပေါ်သို့ လှမ်းကြည့်နေသောအခါ သူမ၏ဘေးတိုက်ကိုယ်ဟန်အလှနှင့် နောက်ဘက်ခြမ်းအလှတို့ကို ကိုယ်ဟန်ပြနေသလို လှပစွာတွေ့နေရသည်။

သစ်ပင်အောက်မှ အဝါရောင်မလေး၏မျက်နှာလှလှနှင့် မျက်လုံးညိုလေးများကို စိတ်ဝင်စားမိသည်။ ကြည့်လို့မဝဖြစ်မိသည်။

"ငါးပေငါးလက်မ... ၃၄ ၂၃ ၃၅"





စောစောကကျောင်းသားများက သူမ၏အရုပ်နှင့်ကိုယ်အတိုင်းအထွာကိုမှန်းဆရင်း မကြားကြားအောင်အော်ဟစ်နေကြသည်။

သူမ ကြားသွားပုံရသည်။ ရက်မျက်လုံးလေးဖြင့်တစ်ချက်စေ့ကြည့်ပြီး သစ်ပင်နှင့်သူမကိုယ်လုံးကိုကွယ်လိုက်သည်။

'မောင်မောင်' တစ်ယောက် အချောင်မမြင်ရတော့သဖြင့် စိတ်တိုသလိုဖြစ်သွားသည်။ သို့သော် တစ်ချက်တစ်ချက်တွင် သစ်ပင်အကွယ်မှ ဘေးတိုက်မျက်နှာလေးကို မြင်နေရသည်။

နှဖူးပြေပြေ၊ နှာတံထင်းထင်း၊ မျက်တောင်ကော့ကော့နှင့် ပါးလေးကမို့နေသည်။ မထူးမပါးနှုတ်ခမ်းနှစ်လွှာက ခပ်လျော့လျော့လေးတင်းထားသည်။

မျက်တောင်ကော့များ တဖျတ်ဖျတ်ခတ်၍ ကားလှလှလေးများကိုတွေ့တိုင်း စိတ်ဝင်စားသလိုကြည့်တတ်သည်။

"သူ့ရည်းစားကိုများ စောင့်နေတာလား"

"မဟုတ်ပါစေနဲ့"

မမျှော်လင့်သောဆန္ဒများက 'မောင်မောင့်' ရင်ဝယ်ဖြစ်ပေါ်နေသည်။ သူမ၏မျက်လုံးလေးများ ဝင်းလက်သွားသည်။

သူမ ရွှန်းရွှန်းရဲရဲကြည့်နေသောကားလေး 'မောင်မောင်' တို့ထိုင်နေသောရှေ့သို့ လျှောကနဲရောက်လာပြီး ငြိမ်ကနဲရပ်၍ သွားသည်။


www.burmeseclassic.com

www.burmeseclassic.com



ထိုကားလေးကို သူမက ပြောင်ပြောင်တင်းတင်းကြည့်ခြင်းမဟုတ်ဘဲ သစ်ပင်နောက်မှပြူတစ်ပြူတစ်ကြည့်ခြင်းဖြစ်သည်။

ကားစိမ်းလေးထဲမှ ဖြူဖြူရှည်ရှည်သွယ်သွယ် ကောင်မလေးတစ်ယောက် တံခါးဖွင့်၍ထွက်လာသည်။

ပထမဦးဆုံးကားအောက်ဆင်းဖို့ ကားတံခါးကိုဖွင့်လိုက်ချိန်တွင် ဆင်စွယ်ရောင်လက်ချောင်းရှည်ရှည်လေးများ ပန်းနုရောင်ဆေးဆိုးထားသော လက်သည်းရှည်ရှည်ချွန်ချွန်လေးများနှင့် ကားတံခါးကိုကိုင်ထားသော ဗယ်ဘက်လက်၏လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်တို့တွင် စိန်၊ရွှေ၊ ပတ္တမြား၊ နီလာ ကျောက်စိမ်းဆိုသည့်ရတနာများကို အပေါ်စားပစ္စည်းလိုတန်ဖိုးမရှိဘူးထင်ရလောက်အောင် ဖောဖောသီသီကြီးဝတ်ဆင်ထားသည်။

ဟော ဖန်ဒေါက်ဖိနပ်စီးထားသော ခြေထောက်တစ်စုံ၊ မြေပြင်ပေါ်သို့ကျလာသည်။

ခြေထောက်လေးများမှာ ဖွေးသန့်စင်နေပြီး ခြေသည်းရှည်ချွန်ချွန်ကော့ကော့လေးများကို ပန်းနုရောင်ပါးပါးလေးဆိုးထားသဖြင့် အရောင်လက်နေသည်။

ခြေဖဝါး ခြေဖနောင့်တို့မှာ သွေးခြေဉမတတ်ရဲနေသည်။ သူမ၏ခြေထောက်ကိုကြည့်ရှုယုံဖြင့် သူမသည်ဝါဂွမ်းနှ





လိုရွှေလိုဥထားသောရွှေဘုံစံသူဌေးသမီးမှန်းသိသာပါသည်။

စောစောကဆူညံဆူညံလုပ်နေကြသော ကျောင်းသားတစ်သိုက်လည်း မီးကိုရေဖြန်းလိုက်သလို ရုတ်တရက်ငြိမ်သွားကြပြီး ကားပေါ်မှရွှေမင်းသမီးကို ပါးစပ်အဟောင်းသားဖြင့် ကြည့်နေကြသည်။

ခြေထောက်နှင့်လက်ချောင်းကလေးများကိုပင် အတော်လေးစာဖွဲ့နေရတော့မှ ကားထဲမှ တစ်ကိုယ်လုံးထွက်လာသောအခါတွင်ကား...။

အတိုအရှည်မညီသောဆံပင်များမှာ ကုပ်သားဝင်းဝင်းလေးအထိသာရှည်ပြီး လောလောဆယ်ပုံသွင်းလာသဖြင့် ရှုပ်ပွဖွာလန်ခြင်းမရှိဘဲ အလိပ်လိုက်အလိပ်လိုက်။ ဆံပင်တင်မဟုတ်မျက်နှာကို ခြယ်သထားသည်မှာလည်း ဘိုမလေးကိုဘိုဆန်ပါသည်။

အဝတ်အစားများမှာလည်း ရှည်သွယ်နွဲ့နှောင်းသောသူမကိုယ်ခန္ဓာနှင့်လိုက်ဖက်အောင် ဝတ်စားတတ်လွန်းပါသည်။ ခပ်ပွပွချုပ်ထားသောအကျီကို ခါးတွင်အနားသိမ်းပြီးစည်းနှောင်ထားသဖြင့် ပွပွအိအိလေးဖြစ်နေသည်။

နားဆွဲလေးတခါခါနှင့် လွယ်အိတ်ကလည်း တခြားကျောင်းသူတွေလို သိုးမွေးနှင့်ယက်လုပ်ထားသောလွယ်အိတ်မျိုးမဟုတ်၊ သားရေအိတ်ကြိုးရှည်ရှည်တပ်၍ လွယ်ထားသောသား



www.burmeseclassic.com

www.burmeseclassic.com



ရေအိတ်၊ လည်သာအနက်ရောင်သားရေအကောင်းစားဖြင့် ချုပ်ထားသဖြင့် ပြောင်လက်ပျော့အိနေသော shoulder bag ဖြစ်သည်။

တစ်ခုတော့ဘာဝင်မကျပါ။ ဤမျှသားသားနားနားဝတ်ပြီး ပစ္စည်းအကောင်းစားတွေနှင့် လှပစွာပြင်ဆင်ထားပြီးမှ အဘယ်ကြောင့်မျက်နှာကိုရှုပုပ်ထားသနည်း။ ရဲနေအောင်ဆိုးထားသော နှုတ်ခမ်းကိုထော်ထားသနည်း။ အညိုရောင်ဆွဲထားသော မျက်ခုံးကိုအတွန့်ချိုးထားသနည်း။

သူမမျက်နှာကိုကြည့်သည်နှင့် တစ်စုံတစ်ခုကိုအလိုမကျမှန်းမကျေနပ်မှန်း သိသာလွန်းပါသည်။

ကားတံခါးကိုအရှိန်ဖြင့်ခပ်ကြမ်းကြမ်း ပိတ်ပစ်လိုက်သဖြင့် ကားလှုလှုလေးပင် တုန်သွားသည်၊ ခါသွားသည်။

'မောင်မောင်' ဖြင့် ကားလေးကိုအရှောင်နမြောသွားသည်။ ဤကားမျိုးသည်ဈေးမသေး။ အမှန်အတိုင်းပြောရလျှင် 'မောင်မောင်' တို့လိုလူစားမျိုးတွေအဖို့ ကားတစ်စီးလုံးမပြော နှင့်ကားမီးလုံးတစ်လုံးတန်ဖိုးပင် မတတ်နိုင်ပါ။ ထို့ကြောင့်စည်းကမ်းမဲ့လွန်းသော ပစ္စည်းတန်ဖိုးနားမလည်သော ထိုကောင်မလေးကို အမြင်ကတ်မိသည်။

"ဘယ်အချိန်လာကြိုရမလဲ 'ခင်ဖုန်း' "

"ရတယ် မကြိုနဲ့"





ကားပေါ်မှဖြူဖြူဖွေးဖွေး၊ ချောချောခန့်ခန့်၊ ရွှေကိုင်းမျက်မှန်နှင့်အဘိုးကြီးအမေးကို 'ခင်ဖုန်း' ဆိုသည့်ကောင်မလေးက ခပ်ရိုင်းရိုင်းခပ်မာမာဖြေသည်။

လှည့်၍ပင်မကြည့်၊ ခြေထောက်ကိုဆောင့်နင်း၍ 'မောင်မောင်' တို့ရှေ့မှဖြတ်ကာအထဲဝင်သွားသည်။

အသားဖြူသဖြင့် အဘိုးကြီးမျက်နှာရဲတက်သွားမှန်း သိသာလွန်းသည်။ တော်တော်မိုက်ရိုင်းသည့် ကောင်မလေး။ ရုပ်ခြင်းဆင်သဖြင့် သားအဖဖြစ်ဖို့များသည်။ အဖေကိုဆက်ဆံပုံကစော်ကားလွန်းသည်။ အဖေနှင့်သမီးတူတာ တစ်ချက်ရှိသည်။

စမတ်ကျကျရှုံးကျကျ ဝတ်စားပြင်ဆင်ထားခြင်း ဖြစ်ပါသည်။

ကောင်မလေး၏အသက်မှာ နှစ်ဆယ်ထက်မကျော်နိုင်သလို အဘိုးကြီး၏အသက်မှာ လေးဆယ်ကျော်ငါးဆယ်ကြားဟုခန့်မှန်းမိသည်။

အဘိုးကြီး၏အသားအရည်မှာ ပန်းနုသွေးပြေးနေပြီးဆံပင်ကိုဆီတစ်မျိုးလူးကာ ဘေးခွဲထားသည်။

မြကိုစိန်နှင့်ဝိုင်းထားသော လက်စွပ်တစ်ကွင်းကို အဘိုးကြီး၏ဘယ်အက်လက်တွင်တွေ့နိုင်သလို ညာဘက်လက်သူကြွယ်တွင် တစ်ကျပ်သားခန့်ရှိသော ရွှေလက်စွပ်တစ်ကွင်းကို ဝတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှပ်ဖြူလက်ရှည်မီးခိုးရောင်၊ Necktie ကိုသေသပ်စွာ ချည်နှောင်ထားပါသည်။

ကားထွက်ခါနီးကျမှ ဖြူဖွေးနေသော စီးကရက်ဗူးထဲမှ စီးကရက်တစ်လိပ်ကိုထုတ်ပြီး ရွှေရောင် ဂက်စ်မီးခြစ်လေးကိုခြစ်ပြီး စီးကရက်ကိုနှုတ်ခမ်းဖျားတွင် ဟန်ပါပါတေ့ကာသောက်ရင်း ကားလေးကိုလျှောကနဲမောင်းထွက်သွားလေသည်။

"ဟင်း"

အလိုလိုသက်ပြင်းချမိလျက်သား ဖြစ်သွားကြသည်။

အင်္ဂလိပ်ရုပ်ရှင်ကားတစ်ကား ကြည့်နေရသလိုလို။

"ဟော သူ မရှိတော့ပါလား... "

ဟုတ်ပါသည်။ ဘိုသားအဖကို ပါးစပ်အဟောင်းသား ဖြင့် ငေးနေကြသဖြင့် သစ်ပင်အောက်မှ ရွှေဝါရောင်ကောင်မလေးကို မတွေ့ရတော့ အစအနပင်ရှာမတွေ့တော့။



အခန်း ။ ။ နှစ်

"ဟောဗျာ"

တိုက်တိုက်ဆိုင်ဆိုင် ဘိုမရောအဝါရောင်ပါ စာသင်ခန်း၏ရှေ့ဆုံးတန်းတွင် ထိုင်နေကြပါကလား။

'မောင်မောင်' တစ်နေ့လုံးဘာဂတွေသင်လို့ ဘာတွေပြောသွားမှန်းကိုပင် မသိနိုင်လောက်အောင်ဖြစ်နေသည်။ သူတို့နှစ်ယောက်လုံးကို ဟိုတစ်လှည့်ဒီတစ်လှည့် ကြည့်ရလွန်းသဖြင့် ခေါင်းပင်မူးနောက်နောက်ဖြစ်နေသည်။

'ခင်ဖုန်း' ဆိုသူဘိုမသည် တစ်ချိန်လုံးစူပုပ်ပုပ်မျက်နှာဖြင့် မည်သူ့ကိုမျှအရောတဝင်မရှိလှပေ။ အဝါရောင်မလေးကတော့ 'ခင်ဖုန်း' ကို အားကျသည့်မျက်လုံး၊ ခင်မင်သိကျွမ်းလိုသည့်မျက်



www.burmeseclassic.com

www.burmeseclassic.com

လုံးများဖြင့် ကြည့်နေတတ်ကြောင်းတွေ့ရသည်။ ထိုနှစ်ယောက်၏အလုအပအမူအယာများကို 'မောင်မောင်' တစ်ယောက်တစ်သက်မမေ့အောင် မှတ်မိနေပါပြီ။

နှစ်ယောက်လုံးအခန်းအကူးအပြောင်းများတွင် အဖော်မထားဘဲ တစ်ယောက်တည်းသွားတတ်ကြသည်။ အတန်းမရှိ၍ တခြားကျောင်းသူတွေ သူ့အတွဲနှင့်သူ၊ သူ့အပေါင်းအသင်းနှင့်သူ အလျှိုလျှိုထွက်သွားကြသော်လည်း ထိုနှစ်ယောက်ကငုတ်တုတ်ငိုင်တိုင်တိုင်ဖြင့် တစ်နေရာရာမှာထိုင်နေတတ်သည်။ ပတ်ဝန်းကျင်ကိုအရောမဝင်လိုသည့်ဟန်ဖြင့် စာအုပ်ဖတ်နေတတ်သည်။

သူမတို့နှစ်ယောက်ကို မျက်လုံးအရသာခံ၍ လာကြည့်သူတွေတစ်ပုံကြီး။ 'မောင်မောင်' လူတွေကိုရယ်ချင်သည်။ နောက်ဆုံးတော့ ဝတ်နိုင်စားနိုင်ကားစီးနိုင်သောလူကိုသာ အထင်ကြီးကြသည်၊ မိတ်ဖွဲ့လိုကြသည်။ ခင်မင်လိုကြသည်။

တစ်နေ့မကူးမီမှာပင် 'ခင်ဖုန်း' ကို ခယကျိုးနွံစွာ မိတ်ဖွဲ့လာသူတွေမနည်း။ အဝါမလေးခမြာ သနားစရာညိုးငယ်သောမျက်နှာဖြင့်ခေါင်းကိုအတွင်းသာငုံ့ထားရှာသည်။ တစ်ခုတော့သတိထားမိသည်။ ဘယ်သူတွေဘယ်လောက်ရောရော 'ခင်ဖုန်း'က ဟန်လုပ်၍ တခဏသာပြုံးပြပြီး မှုန်တေတေဖြစ်နေတတ်သည်။

'မောင်မောင်' အံ့သြမိသည်။ 'ခင်ဖုန်း' တစ်ယောက်ပြည့်ပြည့်စုံစုံနေရပါလျက် ဘာတွေမကျေမနပ်ဖြစ်နေသနည်း။





" 'မောင်မောင်' "

"ဗျာ"

"ဘာတွေစဉ်းစားနေတာလည်း ငါညီရ... ငါခေါ်နေတာကြာလှပြီ"

"ဟာ ဆောရီးအစ်ကို ဆောရီး"

'မောင်မောင်' အူယားဖားယားပြေး၍ သံတံခါးကိုဖွင့်ပေးလိုက်သည်။ ဒီကနေ့မနက်ကမှ ပြင်တူတွေ့လာခဲ့သော မိန်းမလှနှစ်ဦးအကြောင်းကိုပြန်တွေးရင်း 'မောင်မောင်' တစ်ယောက်ပတ်ဝန်းကျင်ကို မေ့လျော့သွားခဲ့ခြင်းဖြစ်သည်။

တံခါးဖွင့်ပေးပြီးသည်နှင့် အစ်ကို 'ဇေယျ' လက်ထဲမှအနက်ရောင်အတက်ချီကေ့စ်ကို ရိုသေစွာလှမ်းယူပြီး ဧည့်ခန်းတွင်းရှိစာကြည့်စားပွဲပေါ်တွင် ညင်သာစွာတင်ထားလိုက်လေသည်။

"အစ်ကို 'ဇေယျ'... ကျွန်တော် ထမင်းပြင်လိုက်ရမလား"

"ရတယ်ကိုယ်မစားတော့ဘူး...ထိုင်ပါဦး 'မောင်မောင်' "

'မောင်မောင်' ဆိုဖာပေါ် ပြန်ထိုင်ချလိုက်သည်။

မိမိမှာဘာအပြစ်များရှိနေပါလိမ့်ဟူသော အတွေးဖြင့်ရင်ခုန်မိသည်။ ကြောင်တောင်တောင် မျက်လုံးများဖြင့်ကြည့်နေမိ၏။

"အဆင်ပြေရဲ့လားကွ"


www.burmeseclassic.com

www.burmeseclassic.com

"ဗျာ"

"ဟေကောင် မင်း ဘယ်လိုဖြစ်နေတာလည်း... ကျောင်းမှာအဆင်ပြေခဲ့ရဲ့လားလို့ မေးတာဟ"

"သြော် ပြေပါတယ်အစ်ကို 'ဇေယျ' "

"မင်းကြည့်ရတာ ခါတိုင်းနေနဲ့မတူဘူး... တစ်ခုခုကို စဉ်းစားနေသလိုပဲ ဘာလည်းကျောင်းသစ်မှာ အချစ်သစ်တွေ ဘာတွေ တွေ့လာလို့လား"

"ဟာဗျာ မဟုတ်ပါဘူး"

'မောင်မောင်' ကရုက်တိုးရှတ်ကန်း မျက်နှာဖြင့် ရယ်ကျဲကျဲဖြေသဖြင့် 'ဇေယျလွင်' ကသူ၏မျက်ခုံးထူထူကိုကုတ်၍ 'မောင်မောင့်' ကို စူးစူးရဲရဲကြည့်ပြီး။

"ဒီမှာကြည့်စမ်း ငမောင် ဒါဘာလဲ"

'ဇေယျလွင်' က ညာဘက်လက်သီးကို ကျစ်နေအောင် ဆုပ်၍ထောင်ပြခြင်းဖြစ်သည်။

"ဒါဘာလည်းလို့ ငါမေးနေတာကြားလား 'မောင်မောင်'

"ဟုတ်ကဲ့ လက်သီးပါအစ်ကို 'လွင်'"

"အေး အထိုးမခံချင်ရင် ရှုပ်ရှုပ်ယှက်ယှက်မလုပ်နဲ့ ကိုယ့်လူ"

" 'အမောင်' ဘာမှမလုပ်ပါလား အစ်ကို 'လွင်' "





"အံမာ ညာလို့ရမယ်ထင်သလားကိုယ့်လူ... ကဲမင်းအသက်ဘယ်လောက်လည်း ပြောစမ်း"

"ဆယ့်ကိုးပါ"

"ငါ့အသက်ကရော"

"နှစ်ဆယ့်ကိုး"

"အေး မင်းထက်ဆယ်နှစ်ကြီးတဲ့ မင်းလိုပဲငါလည်း ဆယ်ကိုးနှစ်ဆိုတဲ့ အသက်အရွယ်အချိန်ကာလကို ဖြတ်သန်းခဲ့ရတာပဲ မင်းမျက်လုံးတွေဟာ အလျှင်နှစ် ရှင်းရှင်းပြောမယ်ကွာ အလျှင်နေ့မနေ့ကကွာ မနေ့ကနဲ့ကိုမတူတော့ဘူး ကားတစ်စီးလုံးအိမ်ရှေ့ရောက်လာတာလည်းမသိဘူး... ပြန်ထွက်သွားတာလည်းမသိဘူး... ငါလေကားဝကရပ်ခေါ်တာလည်း မသိဘူး ကဲပြော ငါပြောတာလွန်သလားလို့"

သွေးထွက်အောင်မှန်တာတွေ ပြောနေသဖြင့် 'မောင်မောင်' ဘာပြန်ပြောရမှန်း မသိတော့။ အထူးသဖြင့် အစ်ကို 'ဇေယျလွင်' သည်မိမိကိုညီအစ်ကိုအရင်းနှင့်မခြား ပြုစုစောင့်ရှောက်ကျွေးမွေးခဲ့သူ။ သူနှင့်မိမိသည် မနေ့တစ်နေ့ကမှစ၍အတူနေခဲ့ကြသူတွေမဟုတ်။ လွန်ခဲ့သည့် ငါးနှစ်ကတည်းက တစ်အိမ်တည်းအတူနေအတူစားကြသူတွေ။

အစ်ကို 'ဇေယျလွင်' မိမိတို့မြို့သို့ အလုပ်တာဝန်နှင့် ပြောင်းရွှေ့လာစဉ်က မိမိတို့အိမ်တွင် ထမင်းလာစားသောက်စားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုနှစ်အတောအတွင်းမှာပင် အဖေဦးနှောက်ကြောသွေးကြောပြတ်၍ ရုတ်တရက်သေဆုံးသွားသည်။ 'မောင်မောင့်' ကိုဆက်၍ ကျောင်းမထားနိုင်တော့။ ကိုးတန်းအောင်သော 'မောင်မောင့်' ကို ကျောင်းမှထုတ်မည်ဆိုတော့ 'ဇေယျာလွင်' နှမြောနေမိသည်။

အတူနေအတူစားနေရသဖြင့် 'မောင်မောင့်' ကိုသံယောဇဉ်လည်းတွယ်နေမိသည်။ အထူးသဖြင့် 'မောင်မောင်' သည်ရုပ်ရည်သန့်ပြန့်ပြီး စာမှာတော်သူတစ်ယောက်ဖြစ်၍ အညွန့်မကျိုးစေလို။

အသားဖြူဖြူနှာတံပေါ်ပေါ်၊ နှာခေါင်းချွန်ချွန်နှင့်အသက်သာငယ်သည် ဘိုကေကိုစမတ်ကျကျ ဖြီးတတ်သော 'မောင်မောင့်' ကိုလူတိုင်းက မိမိနှင့်ရုပ်ချင်းဆင်သည် ညီအစ်ကိုအရင်းလားဟု မကြာခဏမေးတတ်ကြသည်။

ထို့ကြောင့် မိမိညီအရင်းလို သံယောဇဉ်ဖြစ်ပြီး ကျောင်းဆက်ထားဖို့တာဝန်ယူခဲ့သည်။ 'မောင်မောင့်' အမေက ကျေနပ်စွာခွင့်ပြုခဲ့သည်။ ညီအဖြစ်အပိုင်မွေးစားဖို့ပေးသည်။

'မောင်မောင့်' ကို ခေတ်ပညာတတ်တစ်ယောက်ဖြစ်လာအောင် ပျိုးထောင်ပေးဖို့ 'ဇေယျာလွင်' တာဝန်ယူခဲ့သည်။ တစ်ဦးတည်းသောသားဖြစ်၍ ညီအစ်ကိုမောင်နှမမရှိသော 'ဇေယျာလွင်' အတွက် 'မောင်မောင်' သည် ညီငယ်တစ်ယောက်သာဖြစ်သည်။





'ဇေယျာလွင်' မိဘများကလည်း သားအတွက်အဖော်ရသဖြင့် သဘောကျနှစ်ခြိုက်ကြသည်။ 'မောင်မောင်' တို့မြို့တွင် နှစ်နှစ်ခန့်တာဝန်ထမ်းဆောင်ပြီးနောက် 'ဇေယျာလွင်' ရန်ကုန်ပြန်ရောက်လာသည်။

ရန်ကုန်မြို့ထဲရှိတိုက်ခန်းတစ်ခန်းကို 'ဇေယျာလွင်' ၏မိဘများကငှားပေးသည်။ တောင်ကြီးတွင်နေသော 'ဇေယျာလွင်' ၏ မိဘများရန်ကုန်လာလည်သောအခါ အလျင်ကလို အင်းလျားလမ်းတို့ ဝင်ဒါမီယာ တို့ရှိ အသိများထံတွင် လိုက်တည်းစရာမလိုတော့။

'မောင်မောင်' တို့အိမ်ကို လာလည်သူတိုင်း အံ့ဩချီးမွမ်းသွားစမြဲဖြစ်သည်။ ယောကျ်ားလေးနှစ်ယောက်တည်းနေသောအိမ်ခန်းမှာအစဉ်အမြဲ သန့်ရှင်းသပ်ရပ်လှပနေသောကြောင့်ဖြစ်သည်။ ဝင်ဝင်ချင်းဧည့်ခန်းဖြစ်သည်။

ပေါ်လစ်ရောင်အဝါရောင် ပြောင်လက်နေသော ကျွန်းသားကြမ်းပြင်ပေါ်ဝယ် အညိုရောင်ဆိုဖာများကိုခင်းထားသည်။ အလယ်ရှိစားပွဲရှည်ရှည်လေးပေါ်တွင် သစ္စာပန်းအဝါငါးခိုင်ကို ထိုးထားသည်။

စားပွဲအောက်ဆင့်လေးပေါ်တွင် Time,Newsweek စာစောင်မှထုတ်ဝေသော စာအုပ်များကိုစီစီရီရီတွေ့ရသည်။ အနောက်ထောင့်တွင် ဖော်မိုက်ကာအဖြူဆွတ်ဆွတ်တပ်ထားသော သုံး



www.burmeseclassic.com

www.burmeseclassic.com



ဆင့်မှန်ဗီရိုတစ်လုံးရှိပြီး ဆေးပစ္စည်းများကိုထည့်ထားသည်။

အခန်းနံရံတွင်ပန်းရိုးမပြကွဒိန်တစ်ခုသာရှိပြီး ပြောင်[illegible] ရှင်းနေသည်။ ညှိခန်းနှင့်ကပ်လျက်တွင် 'ဓေယျလွင်' ၏အခန်း[illegible] ညှိခန်းနှင့် 'ဓေယျလွင်' အခန်းကိုတရုတ်ကပ်မှန်ဘောင်တ[illegible] ဆင်ထားသဖြင့် မှန်ဖွင့်ထားလျှင် 'ဓေယျလွင်' ၏အိမ်ခန်းကိုရှ[illegible] လင်းစွာတွေ့မြင်နေရသည်။ တဖန် 'ဓေယျလွင်' ၏အခန်းနှ[illegible] 'မောင်မောင့်' အခန်းကိုလည်း တရုတ်ကပ်မှန်နှင့်ကာထားသ[illegible] နောက်ဘက်မီးဖိုချောင်နှင့် 'မောင်မောင့်' အခန်းကိုလည်း တရု[illegible] ကပ်မှန်ဘောင်နှင့်ပင်ကာထားသဖြင့် တရုတ်ကပ်အားလုံးဖွ[illegible] ထားသောအခါ အိမ်ရှေ့ညှိခန်းနှင့်နောက်ဘက်မီးဖိုချောင်တို့ မှာ တိုးလျှိုပေါက်ရှင်းရှင်းလင်းလင်း တွေ့မြင်နေရသည်။

နောက်ဘက်မှအလင်းရောင်တွေရော အိမ်ရှေ့ဘက်[illegible] အလင်းရောင်ပါတိုက်ရိုက်ရရှိသဖြင့် သူများအိမ်တွေထက်ပို[illegible] အလင်းရောင်ရရှိနေသည်။ လင်းထိန်နေသည်။

ဤအိမ်ခန်းကိုစဝယ်ကတည်းက 'ဓေယျလွင်' ကိုယ်တို[illegible] အိမ်အပြင်အဆင်ကိုပုံစံဆွဲ၍ တရုတ်လက်သမားခေါ်ကာ ပြု[illegible] ခဲ့ခြင်းဖြစ်သည်။

ခေတ်မီဆရာဝန်လူငယ်တစ်ဦးဖြစ်သော်လည်း 'ဓေ[illegible] လွင်' သည်မြန်မာဆန်သူ၊ မြန်မာ့ယဉ်ကျေးမှုကို နှစ်ခြိုက်သူ[illegible] လေသည်။ သို့သော်သန့်ရှင်းသပ်ရပ်မှုနှင့်ပတ်သက်လျှင် နို[illegible]





ခြားသားများကို အတုယူဖို့ကောင်းသည်။

နေရာကျဉ်းကျဉ်းနှင့် သပ်သပ်ရပ်ရပ် ထားတတ်ကြ သည်။ 'ဓေယျလွင်' ၏မီးဖိုချောင်သည် မြန်မာ့အစားအစာပစ္စည်း များဖြင့်သိုလှောင်ထားသော နိုင်ငံခြားမီးဖိုချောင်လေးဖြစ်သည်။

မတ်တပ်ရပ်လျှက်ဆေးကြောနိုင်သည်၊ အခန်းနံရံများ တွင်အခန်းတံခါးရွက်တပ်ဗီရိုများ၊ ဆံဆွဲဗီရိုများအပြည့်တပ်ထား ပြီး သစ်သားနှင့်တချို့မှန်နှင့်တချို့ ပြုလုပ်ထားသည်။ မှန်ဗီရိုထဲ တွင် ဖန်ခွက်များ၊ လှပသောပန်းကန်ခွက်ယောက်များကို စီစီရီရီ ထည့်ထားသည်။

'မောင်မောင်' မအားသည့်အခါ 'ဓေယျလွင်' ကိုယ်တိုင် ဈေးသို့သွားသည်၊ ချက်ပြုတ်သည်။ တစ်ခါတလေ နှစ်ယောက် လုံးဝင်ချက်သည်။

အလွန့်အလွန်မအားလပ်သောအခါမှ ဆိုင်ထမင်းဟင်း ကိုဝယ်စားသည်။ 'ဓေယျလွင်' တို့နှစ်ယောက်ဈေးဝယ်ထွက်တိုင်း ဘစ်လမ်းတည်းအတူတူနေသူတွေကရော ဈေးသွားဈေးလာများ ကပါ ပြုံးစိစိကြည့်တတ်ကြသည်။ ရယ်လည်းရယ်စရာပေကိုး။ နှစ်ယောက်လုံးရုပ်ရည် သားသားနားနား၊ အရပ်မြင့်မြင့်မားမား နှင့်ခေတ်မီမီဝတ်စားထားပြီး ဈေးလယ်ခေါင်မှာ ရန်ဖြစ်တတ် သည်က ခဏခဏ။

အသားတို့ငါးတို့ရောင်းသည့် ဈေးတန်းထဲသို့ရောက်



www.burmeseclassic.com

www.burmeseclassic.com

လျှင် စကားစများတတ်သည်။ 'အစ်ကိုလွင်' တစ်ယောက်ဟင်းချက်စရာ ဘာဝယ်ရမှန်းမသိတိုင်းလိုပင် ပြဿနာရှာတတ်သည်။ တစ်ခါတလေ ဘာချက်ရမှန်းမသိလျှင် အသားဆိုင်ရှေ့မုန့်ဟင်းခါးဆိုင်လေးတွင်ထိုင်၍ မုန့်ဟင်းခါးနှစ်ပွဲစီလောက်စားလိုက်လျှင် တစ်ဖတ်စာဟင်းအမယ်ခပ်များများ ရခဲ့တတ်ပေသည်။

ဈေးဝယ်လာရင်း အိမ်ရှင်မအတော်များများ မုန့်ဟင်းခါးဝင်စားတတ်ကြသည်။ 'မောင်မောင်' တို့နှစ်ယောက် နားစွင့်နေသည်။ မုန့်ဟင်းခါးသည်အမျိုးသမီးက လက်ကအလုပ်လုပ်ရင်းပါးစပ်ကိုအလကားမထား...

"ဘာတွေရီခဲ့လဲ အစ်မ"

"ဆိတ်သားဝယ်ခဲ့တယ်... ငရုတ်သီးနဲ့ကျွတ်နေအောင်ကြော်ပြီး ကန်စွန်းရွက်ချဉ်ရည်ချက်မယ်... ညနေအတွက်ကတော့ တစ်ဝက်ဖယ်ထားတဲ့ကန်စွန်းရွက်ကို ကြော်မယ်... ကျန်တဲ့ဆိတ်သားတစ်ဝက်ကို အာလူးနဲ့ဆီကျန်ရေကျန်ချက်မယ်"

'မောင်မောင်' မှတ်ထားလိုက်သည်။

နောက်တစ်ယောက်...

"ငါးခူအသားကိုစင်းကောလုပ်ပြီး ကျန်တဲ့အရိုးတို့ခေါင်းတို့အမြီးတို့ကို မုန်လာဥလေးနဲ့အချဉ်ချက်မယ်... ငါးပိရည်တို့မယ်"

"ရှောက်သီးသုတ်မယ်... ကြာရိုးဟင်းခါးချက်မယ် ငါး





ကျွတ်ကျွတ်ကြော်မယ်"

"ငါးသလောက်အရိုးနူးပေါင်းမယ်"

"ငါးဖယ်ငါးဆုပ်ကို ခရမ်းချဉ်သီးနဲ့ဆီပြန်ချက်... ဗူးသီးဟင်းခါးနဲ့သောက်မယ်"

"ဆိတ်ကလီစာလေ"

"မှတ်လေကွာ... မြန်မြန်မှတ် မေ့သွားဦးမယ်"

'မောင်မောင်' မုန့်ဟင်းခါးဆိုင်မှာပင် ဟင်းအမျိုးအမည်များကိုမှတ်လိုက်ရသည်။ ညီအစ်ကိုရင်းမဟုတ်ကြပါသော်လည်း 'ကိုဇေယျလွင်' သည် ဘယ်တော့မှ တစ်ကိုယ်ကောင်းမဆန်၊ အကျီအဝတ်အစားကအစ ကျောင်းစာရေးကိရိယာအထိ လိုလေသေးမရှိအောင်ဂရုစိုက်ဝယ်ပေးတတ်သည်။

မနက်ဘက်မီးဖိုချောင်သို့ အချိန်ရလျှင်ရသလောက်ကူညီတတ်သေးသည်။ 'မောင်မောင်' ကလည်း ကျေးဇူးရှင်အပေါ်တွင် အလွန်ကျေးဇူးသိတတ်သူဖြစ်သည်။ အစ်ကိုဖြစ်သူမကြိုက်တာဆိုလျှင် ဘယ်တော့မှမလုပ်။ တစ်အိမ်လုံးရှိသမျှဘာမျှဝင်မကြည့်ရအောင် သိမ်းကျုံးလုပ်တတ်သူ။ မိမိအပေါ်သွေးမတော်သားမစပ်နှင့် ထမင်းလည်းကျွေး၊ နေစရာလည်းပေး၊ ကျောင်းလည်းထားပေးသူကို ခေတ်သစ်ဝေဿန္တရာဟုသာ ကင်ပွန်းတပ်လိုက်ချင်တော့သည်။

"ဟော့ကောင်"



www.burmeseclassic.com

www.burmeseclassic.com

"ဗျာ"

စိတ်တိုတိုဖြင့်ခပ်မာမာအော်လိုက်သော 'ဖေယျ' အသံကြောင့် 'မောင်မောင်' လန့်သွားသည်။

"ပြောနေတဲ့ကြားက ဘာတွေစဉ်းစားနေပြန်တာလဲ"

"တခြားမဟုတ်ပါဘူး... အစ်ကို 'ဖေယျ' ရဲ့ကျေးဇူးတွေများလွန်းလို့ဘယ်လိုပြန်ဆပ်ရပါ့မလဲဆိုတာ စဉ်းစားနေတာပါ"

"အပိုတွေအချိန်ကုန်ခံပြီး စဉ်းစားမနေစမ်းပါနဲ့ကွာ... ဒီမှာ 'ငမောင်'... မင်းငါ့ကိုကျေးဇူးသိပ်တင်နေတာလား"

"ဟာ သိပ်တင် အများကြီးတင်တာ... တကယ်ပါဗျာ"

"ကျေးဇူးသိပ်ဆပ်ချင်နေတယ်ပေါ့လေ"

"ဟုတ်ကဲ့"

"ကောင်းပြီး မင်းငါ့ကိုကျေးဇူးဆပ်ရမယ်... မင်းဆီကလိုချင်တဲ့ကျေးဇူးကတော့ မင်းဘဲ့မရမချင်း ရည်းစားထားခွင့်မရှိဘူး မိန်းကလေးတွေကို စိတ်ဝင်စားခွင့်မရှိဘူး"

'မောင်မောင်' အံ့သြသွားသည်။ ဒီကနေ့ မိမိကျောင်းမှာ ကောင်မလေးနှစ်ယောက်ကို စာမသင်ဘဲ လိုက်ငေးနေမိသည် မဟုတ်လော။ ဒါကို အစ်ကို 'ဖေယျ' သိနေပြီလား။ ဘယ်လိုလုပ်သိပါလိမ့်။

"စာသင်နေတဲ့အချိန်မှာ မိန်းမဟာအနှောင့်အယှက်ပဲ... ဘွဲ့ရပါစေဦး အလုပ်ရပါစေဦး... အေး အလုပ်ရရင်တောင် မင်းရတဲ့လခနဲ့ မင်းမိန်းမကို တင့်တောင့်တင့်တယ်ကျွေးနိုင်မလားစဉ်းစားဦး"

အစ်ကို 'ဖေယျ' တစ်ယောက် အဲ့သလိုစဉ်းစားခဲ့လို့ ယခုအချိန်ထိမိန်းမမရသေးခြင်းဖြစ်မည်။ ယနေ့သည်အချိန်သည် အစ်ကို 'ဖေယျ' ကို ကြိုက်နေသည့်မိန်းကလေးတွေ တစ်ပုံကြီး။ ဟိုဟာဒုပုတယ်၊ ဒီဟာပိန်တယ်နှင့် ချေးများပြီးယခုထိအိမ်ထောင်ပြုဖို့မစဉ်းစားသေး။ အင်းလေ မယူသေးတာပဲကောင်းပါတယ်လေ။ ယူလိုက်လျှင်သူ့မိန်းမက မိမိကိုသဘောကျပါ့မလား... ခွါဦးမှ။

"စိတ်ချပါ အစ်ကို 'ဖေယျ'... ကျွန်တော်အချစ်ရေးကိုဦးစားမပေးနိုင်သေးပါဘူး.... ကျွန်တော့်ကိုယ်ကျွန်တော်လည်းကလေးလိုပဲထင်ထားတုန်းပါ... အစ်ကိုနဲ့ခုလိုနေရတာကိုပဲ ပျော်နေမိတာပါ... ကျွန်တော့်ကိုစိတ်ချပါ အစ်ကို"

ကျေးဇူးရှင်မကြိုက်တာကို မလုပ်တော့ဘူးဟု ဆုံးဖြတ်မိသည်။

" 'ကိုဖေယျ' "

"ဟေ"

"အစ်ကို 'ဖေယျ' မိန်းမယူရင် ကျွန်တော့်ကိုအိမ်မှာထားနိုင်တော့မလဲနော်"

'မောင်မောင့်' အသံကဝမ်းနည်းသံ၊ စိုးရိမ်ပူပန်သော မျက်လုံးနှင့်လည်း 'ဖေယျလွင်' ကိုကြည့်နေမိသည်။

www.burmeseclassic.com



"ဘာဆိုင်လဲ... ငါယူမယ့်မိန်းမကို မီးသေမှယူမှာ ငါးပိဆိုဖုတ်ပြီးသားပါ ဘုရားဆိုတာမျိုးကို ရှာနေတာ"

"ဒါဆို ဘာရှာစရာလိုသလဲဗျာ... ကျွန်တော်နေ့တိုင်းဖုတ်ပေးပါ့မယ်"

"ဟဲ့ ဥပမာပြောတာဟ... ငါးပိဖုတ်တာနဲ့မပြီးဘူးကိုယ့်လူ"

"အစ်ကိုကလည်းဗျာ"

'မောင်မောင်' ကိုယ့်ဖါသာကိုယ်မဟုတ်တာတွေးပြီး မျက်နှာနီရဲသွားလောက်အောင် ရှက်သွားသည်။

"ဟော့ကောင် မင်းဒီမဟုတ်တာတွေလျှောက်တွေးနေပြီထင်တယ်... ငါပြောတာကတခြားအိမ်ထောင်မှုကိစ္စတွေကိုလည်း နိုင်ဦးမှလို့ပြောတာ... ဘာပဲဖြစ်ဖြစ် မိန်းမရရင်တော့ မင်းမီးဖိုချောင်အလုပ်သက်သာသွားမှာပါ"

"မီးဖိုချောင်အလုပ်သက်သာပြီး ကလေးထိန်းတဲ့အလုပ်က ပိုလာမယ်လို့ထင်တယ်နော် အစ်ကို 'ဖေယျ'... ယူလိုက်ပါဗျာ.., ဒါမှကျွန်တော်တို့ရဲ့ခြောက်ကပ်နေတဲ့ အိမ်လေးမှာ ကလေးငိုသံရယ်သံတွေနဲ့ စည်စည်ကားကားဖြစ်လာမှာ"

'မောင်မောင့်' ကိုသနားသွားသည်။

သူ့ညီနှင့်နှမလေးကို သူတွေ့ချင်ရှာမည်။

နီးနီးနားနားဆိုလျှင်လည်း တစ်ပတ်တစ်ခါ လွှတ်ပေး





ပါသည်။

ခုတော့ ကျောက်ဆည်ကိုတစ်နှစ်လျှင် တစ်ခေါက်နှစ်ခေါက်သာပြန်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ။ ။ သုံး

ဟော သူရောက်နေပါကလား။ ဒီနေ့ 'မောင်မောင်' ကျောင်းနောက်ကျသည်။ မနေ့ကအဝါမလေးသည် ယနေ့စိမ်းပြာရောင်ဖြစ်သွားသည်။ ဆံပင်မှာလည်း ဖားယားမဟုတ်တော့။ ဖွတ်မြီးတစ်ချောင်းတည်းထိုးထားသည်။ ဒီနေ့အလှကမြန်မာပိုဆန်သွားသည်။ ထိုင်နေကျနေရာတွင်ဝင်ထိုင်ပြီးမှ မနေ့ညနေက 'ကိုဓေယျ' သတိပေးထားတာကို အမှတ်ရနေမိသည်။

ဆိုး ရိုးရိုးတန်းတန်းကြည့်တာလောက်နဲ့တော့ ဘာမှဖြစ်နိုင်ပါဘူး၊ ဟော 'ခင်ဖုန်း' လာပြီ။

ကားစိမ်းလေးအိကနဲရပ်သွားပြီး အစိမ်းရောင်မင်းသမီးလေးထွက်လာသည်။ ဖလိုလိုပြောင်လက်နေသော ပိတ်သားကို





ချုပ်ဝတ်ထားပြီး မျက်ခွံတွင်အိုင်းရှဲဒိုးအစိမ်းရောင်ကို ခပ်ထင်းထင်းဆိုးထားသည်။ မနေ့ကစိန်တွေရွှေတွေတစ်ပြုံတခေါင်းဝတ်ထားသော်လည်း ဒီနေ့ပလပ်စတစ်လက်ကောက်များ၊ နားတွင်မတ်စေ့လောက်ရှိသော ကော်ကပ်နားကပ်၊ လည်ပင်းတွင်အစိမ်းရောင်ဖန်တုံးလေးများကို ပုလဲပုတီးလိုသီကုံးဆွဲထားသည်။

ဒီနေ့ကားမောင်းလာသူမှာ မနေ့ကအဘိုးကြီးမဟုတ်တော့။ အသက်လေးဆယ်ခန့်ရှိသော အမျိုးသမီးတစ်ယောက်။ ဆံပင်ကိုတစ်ခေါင်းလုံးကောက်ပြီး နောက်ဘက်တွင်ညှပ်ဖြင့်ညှပ်ထားသည်။ သားသားနားနားဝတ်ဆင်ထားသော်လည်း နဖူးအနည်းငယ်မောက်ပြီး နှာခေါင်းမချွန်၊ အပေါ်နှုတ်ခမ်းမောက်သဖြင့် ဘေးတိုက်အနေအထားအားဖြင့်တော့ ကြည့်လို့မကောင်းပါ။

“ဘယ်မှ လျှောက်လည်မနေနဲ့ဦးနော်”

“အင်းပါ”

အဘွားကြီးသည် အမေဖြစ်နိုင်သည်။ ရှေ့တည့်တည့်ကကြည့်တော့ အတော်ကြည့်လို့ကောင်းသည်။အထူးသဖြင့်အဘွားကြီး၏မျက်လုံးများသည် အရောင်တောက်ပြီးစူးရှသည်။ နှုတ်ခမ်းနှစ်လွှာကလည်းခပ်ပါးပါးမို့ နှုတ်သီးကောင်းလျှာပါးဖြစ်မည်။ ခင်ရော်တောင်မျက်ခုံးနှစ်ခုကလည်း အတွန့်ချိုးနေသည်။

'ခင်ဖုန်း' က အမေမေးသည်ကိုလှည့်မကြည့်ဘဲ ခပ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ဆောင့်ပြန်အော်ပြီး ခြေလှမ်းကျဲများဖြင့် စာသင်ခန်းရှိရာဘက်သို့ထွက်သွားသည်။ ကားလေးထွက်သွားရာကို သစ်ပင်အောက်က ကောင်မလေးကချောင်းကြည့်နေဆဲ။ သူမ၏မျက်နှာလေးမှာ ထိတ်လန့်ရိုးရွံ့နေမှန်းသိသာနေသည်။

ကျောင်းတက်ချိန်နီးပြီဖြစ်၍ 'မောင်မောင်' စာသင်ဆောင်ဘက်ထွက်ခဲ့သည်။ စာသင်ခန်းထဲရောက်သည်နှင့် သူတို့နှစ်ယောက်ကိုမကြည့်မိအောင် စိတ်ကိုအတော်ထိန်းချုပ်ပြီး ကျောင်းစာထဲစိတ်ရောက်အောင်ကြိုးစားယူရသည်။

"ငါတို့အခန်းထဲမှာ ကွင်းရမယ့်သူကတော့ တစ်ပုံကြီးပဲကိုယ့်လူ"

ဘေးချင်းကပ်ထိုင်နေသော ကျောင်းသားနှစ်ဦးခပ်တိုးတိုးပြောနေကြခြင်းဖြစ်သည်။

"ဟုတ်တယ် လှတာတွေကတော့ တစ်ပုံကြီးပဲ... အားလုံးထဲမှာအပေါ်လွင်ဆုံးနှစ်ယောက်ကတော့ 'ခင်ဖုန်းမြင့်မော်' နဲ့ 'မေမြတ်မွန်' ပဲကွ"

"တယ်ဟုတ်ပါလား... နာမည်တွေတောင် သိနေကြပါရောလား"

"အားလုံးသိနေတာပဲ... ဘယ်နေရာမှာပဲဖြစ်ဖြစ် သိပ်တော်တဲ့လူတို့ သိပ်လှတဲ့လူတို့ သိပ်ဆိုးတဲ့လူတို့ဟာ အားလုံးထဲမှာထင်ပေါ်တာထုံးစံပဲဟာ"





မိမိကိုယ်မိမိစိတ်မဝင်စားအောင် မနည်းကြိုးစားနေရပါသည်ဆိုပါမှ ဘေးကစိတ်လှုပ်ရှားအောင်လုပ်မယ့်သူကရှိနေသေးသည်။ အဝါရောင်မလေး၏နာမည်က 'မေမြတ်မွန်' တဲ့။ သိပ်လှသောဒ ည်နာမလေးတစ်ခုပါပဲ။ ဒုတိယနေ့တွင် 'ခင်ဖုန်းမြင့်မော်' ၏ဗီဇကထင်ထင်ရှားရှားပေါ်လာသည်။ သူမလိုပင်ခေတ်ဆန်ဆန်ဝတ်ထားသော ငွေကိုရေလိုသုံးနိုင်သော ကောင်မလေးတစ်သိုက်နှင့်တွဲမိသွားသည်။

ရှေ့ဆုံးတန်းမှထိုင်၍စာမသင်ဘဲ တဟီးဟီးတဟားဟားလုပ်နေတတ်သည်။ တတိယမြောက်နေ့တွင်အိမ်ကကားနှင့်လာပို့သွားပြီးလို့မှမကြာ သူငယ်ချင်းတစ်သိုက်နှင့်အတန်းလစ်သွားသည်။ အိမ်ကလာကြိုခါနီးကျမှကျောင်းသို့ ပြန်လာသည်။

'မောင်မောင်' ကိုယ့်မျက်လုံးကိုယ်မယုံနိုင်အောင်ဖြစ်သွားလေသည်။ ကားစိမ်းလေးပေါ်မှ 'ခင်ဖုန်းမြင့်မော်' ဆင်းသွားသည်နှင့်ကားလေးလိမ့်ထွက်သွားသည်။ စာတိုက်ပုံးရှေ့နားအရောက်တွင် ကားလေးတဖြည်းဖြည်းရပ်သွားသည်။ 'မေမြတ်မွန်' ဆက်ပြ၍ရပ်[illegible]ခြင်းပါလား။

ယော[illegible]အိုးကြီးကားပေါ်ကဆင်းပြီ။ 'မောင်မောင့်' ရင်ထဲတွင်စိုးရိမ်ပူ[illegible]စိတ်တွေ ဝင်လာသည်။ 'မေမြတ်မွန်' ကိုအထင်သေးမိသလိုလိုလည်းဖြစ်မိသည်။ ဤကိစ္စတွင်အဘိုးကြီး[illegible]ဖြစ်မရှိ။ အဘိုးကြီးကသူ့သမီးကို ကျောင်းလာပို့ခြင်းသက်သက်သာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ အဘိုးကြီးကိုစတင်စိတ်ဝင်စားသူက 'မေမြတ်မွန်' သစ်ပင်အကွယ်ကချောင်းကြည့်ရတာအမော။ အဘိုးကြီးလာသောနေ့တွင် မျက်နှာကတစ်မျိုး၊ အသွားကြီးလာလျှင်တစ်မျိုး ဟော စကားလက်ဆုံကျလို့ပါလား။

အဘိုးကြီးက သူ့အိတ်ထဲက ပိုက်ဆံတွေနှိုက်၍ပေးသည်။ 'မေမြတ်မွန်' ကခေါင်းခါသည်။ အဘိုးကြီးက အတင်းထိုးပေးသည်။ ဒီကနေ့ကျမှ အဘိုးကြီးအဝတ်အစားတွေက ကလေးကလားဖြစ်နေသည်။ အဘိုးကြီးဝတ်ထားသောတီရှပ်မှာ ကော်လာနှင့်အဖြူရောင်လက်တိုဖြစ်သည်။ ရင်ဘတ်တွင်တံဆိပ်လေးတစ်ခုပါသည်။ ဘောင်းဘီမှာလည်း အဖြူရောင်ဖြစ်ပြီး ခံပေါင်လယ်လောက်အထိသာရှိသည်။ လမ်းသွားလမ်းလာများက ကြည့်ကြသည်။

အဘိုးကြီး၏အရပ်ကမြင့်ပြီး အသက်ကြီးသော်လည်း မိုက်ပူခြင်း ခါကုန်းခြင်းများမရှိဘဲ လူငယ်တစ်ယော[illegible] နုပျို သွက်လက်နေသည်။ [illegible]ပဲဖြစ်ဖြစ် မိမိကတော့ 'မေမြတ်မွန်' ကိုရှုသည်။ ရုပ်ကလေးလှသလောက် အကျင့်စာ[illegible] ပျက်ပြားနေသော မိန်းကလေးတစ်ဦး[illegible]ါကလား။ ရုပ်က[illegible]သလောက် ပျက်စီးနေသူပါကလား။ သူမ၏အပြုအမူ[illegible] ယခုတော့ ကောင်းကောင်းသဘောပေါက်ခဲ့ပါပြီ။ အချမ်းသာဆုံး အပေးကမ်း နိုင်ဆုံး လူကိုရွေးပြီး စီးပွားရှာခြင်းတစ်မျိုးပါတကား။ ပိုက်ဆံ





လည်းချမ်းသာရမည်။ ရုပ်လည်းချောင့်ရမည်။ အကျင့်စာရိတ္တမကောင်းသူလည်းဖြစ်ရမည်။ သစ်ပင်အောက်မှ နှစ်ရက်သုံးရက် အကဲခတ်ပြီးမှ စိတ်ကြိုက်ဖြစ်မှ ယခုလိုအကောင်အထည်ဖော်ခြင်းဖြစ်သည်။

ကျောင်းစာသင်ခန်းထဲတွင်တော့ သူ့ကိုသူ ခြောက်ပြစ်အင်းသဲလဲစင့်ပုံစံဖြင့် ဟန်လုပ်နေခြင်းသက်သက်ပါကလား။ ဒီလိုဟာမျိုးမတွေရဲ့ အလှည့်အပတ်မျိုးတွေ ခံမှာစိုးလို့ အစ်ကို 'ဖေယျ' ကမိန်းကလေးတွေနှင့် ရောခွင့်မပေးခြင်း ဖြစ်သည်။ အကြောင်းမသိသော သူဆိုလျှင် သူမ၏မျက်နှာလှလှနှင့်ဣန္ဒြေရရှာ ဝတ်စားဆင်ထားပုံကြောင့် အတော်လေးအထင်ကြီးကြပေမည်။ 'မောင်မောင်' တော့သူမကိုရှုံရှာသွားပြီ။ 'မေမြတ်မွန်' ဣန္ဒြေရရှာဖြင့် ကျောင်းစာသင်ခန်းရှိရာလျှောက်လာသည်။ ခါတိုင်းညှိုးငယ်သလိုလုပ်ထားသော သူမ၏ မျက်နှာမှာက ရေတွေ့ကြာလို လန်းဆန်းနေသည်။ မျက်နှာကလေးပြုံးမြမြ ဖြစ်နေသည်။

မျက်[illegible]များ အရောင်လက်လာသလိုလို။ တစ်လှမ်းချင်း [illegible]လှမ်းချင်း လျှောက်လာနေသော 'မေမြတ်မွန်'ကို ကျောင်းတော်သားများ ပါးစပ်[illegible]ဟောင်းသွားဖြင့် ငေးနေကြသည်။ သူမ မျက်နှာလေးကို မြင်ပြန်တော့ [illegible]ထင်သေးသည့်စိတ် [illegible]လွှင့်ကုန်မှန်းမသိ။ ဝတ်ဆင်ထားသော အဝတ်အစား



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်အစ်မ၊ကိုယ့်ညီမတစ်ဦးလို သဘောထားပြီး နှမြောတွန့်တို မိသည်။ နွားအိုမြက်နုကြိုက်ဟု၍လည်း အဘိုးကြီးကိုအပြစ်တင် မိသည်။ အင်းလေ တကယ်အပြစ်ရှိသူက 'မေမြတ်မွန်' ပါပဲ။ တစ်ကျောင်းလုံး သက်တူရွယ်တူတွေပုံလို့၊ ပိုက်ဆံရှိတာကိုမှ ကြိုက်ချင်လျှင်လည်း သူ့မကိုလိုက်နေတဲ့ထဲက ငွေကြေးချမ်းသာ သော သူဌေးသားများလည်းပါပါလျက်နှင့် ခုတော့ ကိုယ်နဲ့တစ် ခန်းတည်းမှာစာသင်နေတဲ့ ကျောင်းသူအချင်းချင်း၏မျက်နှာကိုမှ မထောက်ပါဘဲခြေရှုပ်ချင်သူ။

အဘိုးကြီးဆိုတော့ ပိုပြီးငွေချူရလွယ်သည်ထင်ပါ့။

တကယ်လို့များ 'ခင်ဖုန်းမြင့်မော်' သိသွားလျှင်တော့ မလွယ်၊ ဟိုကနှုတ်သီးကောင်းလှပါး ခပ်စွာစွာခပ်ဆိုးဆိုးရယ်။

အခန်း ။ ။ လေး

ကျောင်းဆင်းပြီဆိုသည်နှင့် တက္ကသိုလ်ဝန်းကျင်တဝိုက် တွင် လူတွေဖွေးဖွေးလှုပ်သွားတတ်သည်။ ကားဂိတ်သို့အလုအ ယက်ပြေးပြီး အလုအယက်တက်ကြလေသည်။ ကိုယ်ပိုင်ကားနှင့် သာကြိုသူလည်းပါသည်။ စကားမပြောဖြစ်ကြပေမယ့် 'မောင် မောင်' တို့အတန်းထဲကကောင်မလေးတွေကို ကားဂိတ်တွင်အစု လိုက်အပြုံလိုက်တွေ့ရပါသည်။

တချို့ကောင်မလေးများက 'မောင်မောင်' ကိုခင်မင်စွာပို ဆန့်ဖြင့်ကြည့်တတ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ယူရေ…"

"ဟင်"

စာငုံ့ဖတ်နေသော 'မောင်မောင့်' ဘေးသို့ သူဘယ်အချိန်က ရောက်နေမှန်းပင်မသိ။ 'ခင်ဖုန်းမြင့်မော်' က ခပ်ပြုံးပြုံးလေးကြည့်နေသည်။

"ဘာလဲဗျ"

မိန်းမများနှင့်သိပ်စကားမပြောဖူးသောကြောင့် 'မောင်မောင်' ဘယ်လိုပြန်ထူးမိမှန်းပင်မသိ။ မမျှော်လင့်ဘဲသူမ မိမိအနီးရောက်လာသဖြင့် အံ့ဩတုန်လှုပ်သလိုလည်းဖြစ်သွားလေသည်။ တစ်ခန်းလုံးက မိမိကိုဝိုင်းကြည့်နေသည်ကိုမြင်တော့ ပို၍ထူးအမ်းအမ်းဖြစ်သွားသည်။ ရှက်သွားသည်။ မျက်နှာတစ်ခုလုံး ဆေးနီဆိုးထားသလိုဖြစ်သွားသည်။ လူချောလေး 'မောင်မောင့်' ကို 'ခင်ဖုန်းမြင့်မော်' က ခပ်ပြုံးပြုံးကြည့်ပြီး…

"'ခင်' က ခင်ချင်လို့ပါ"

"ဗျာ"

သူမ စကားကို 'မောင်မောင်' နားမလည်သလိုဖြစ်သွားသည်။

"မင်းကိုခင်ချင်လို့ ကဲဆိုပြီလား"

"ဩော်"

'မောင်မောင်' သဘောပေါက်သွားသည်။ သူမက 'မောင်မောင့်' စာသင်ခုံအရှေ့ဘက်တွင် နောက်ပြန်ထိုင်လိုက်သည်။ မျက်နှာချင်းဆိုင်ဖြစ်သွားသည်။ ဖြူဖွေးသောသွားလေးများဖော်၍ရယ်ပြနေသည်။ တစ်ယောက်နှင့်တစ်ယောက် ပုဝါတစ်ကမ်းလက်တစ်ကမ်းတွင် ရှိနေကြသဖြင့် တစ်ယောက်မျက်နှာတစ်ယောက် အနီးကပ်ဆုံးမြင်တွေ့နေရသည်။ ဖြူဝင်းသောအသားပေါ်တွင် အစိမ်းအနီတွေချယ်သမထားဘဲနေလျှင် ပို၍ချစ်စရာကောင်းမည်ထင်သည်။

"မိန်းကလေးက စရမှာလားရှင်"

အခန်းထောင့်မှကျောင်းသားများက စကြသည်။

'မောင်မောင်' သူမကိုအားနာ သွားသည်။ သူမကအပြုံးပင်မပျက်။

"မခင်ချင်ဘူးလား"

'မောင်မောင်' တစ်ယောက် ရင်ခုန်သံတွေမြည်ဟီးပြီးနားထင်ကတဖောက်ဖောက် မြည်လောက်အောင်ဖြစ်နေသည်။ ခြေဖျားလက်ဖျားတွေအေးစက်လာသည်။ ရင်ခုန်နှုန်းတွေလည်းမမှန်ကန်တော့။ သူမ မိမိထံဘာကိစ္စနှင့်လာသနည်း။ သူမထံတွင်တွဲစရာ ယောကျ်ားတွေတစ်ပုံကြီးရှိသည်မဟုတ်လော။

သူမ ရှက်ရှက်နှင့်ထသွားသည်။

"တောင့်ထားကွ တောင့်ထား"

ကျောင်းသားများကအော်ကြပြန်သည်။ 'မောင်မောင့်'




ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးများ 'မေမြတ်မွန်' ရှိရာဖြတ်ကနဲရောက်သွားသည်။ 'မေမြတ်မွန်' ၏ အညိုရောင်မျက်လုံးလေးများက မိမိမျက်နှာဆီသို့ စူးစိုက်နေသည်။ ဘာပဲဖြစ်ဖြစ် 'မေမြတ်မွန်' ထက်စာလျှင် 'ခင်ဖုန်းမြင့်မော်' ကို အထင်ကြီးသလိုလိုရှိသေးသည်။ အမျိုးသားအိမ်သာမှထွက်လာသော 'မောင်မောင်' နှင့် 'ခင်ဖုန်းမြင့်မော်' တို့ မျက်နှာချင်းဆိုင် ဝင်တိုးမလိုဖြစ်သွားသည်။

ပထမတော့ နှစ်ယောက်စလုံး အံ့အားသင့်သွားကြသည်။ နောက်တော့ရွှေမင်းသမီးကစိတ်ကောက်ပြီး မျက်စောင်းထိုး၍ ခါကနဲထွက်သွားသည်။ 'မောင်မောင့်' ရင်ဝယ်ဝေဒနာတစ်ရပ်ခံစားလိုက်ရသည်။ တောင်းပန်ချင်သည့်စိတ်များကို ထိန်းချုပ်မရတော့ပါ။ ပါးစပ်မှမပြောရဲသဖြင့် ဗလာစာအုပ်ထဲတွင်ရေးခြစ်နေမိသည်။

ရွှေမင်းသမီးခင်ဗျာ...

ဟိုတစ်နေ့ကအဖြစ်ကို ခွင့်လွှတ်စေချင်ပါသည်... မမျှော်လင့်ဘဲရောက်လာလို့ အံ့အားသင့်ပြီးရှက်သွားတာပါ... ရွှေမင်းသမီးကို ဘယ်သူမခင်မင်ဘဲရှိပါ့မလဲဗျာ... စိတ်မဆိုးပါနဲ့ အနေရခက်လို့ပါ...

ထိုစာလေးကိုမည်သူမျှမရောက်ခင် ဗလာစာအုပ်ကြားတွင် ညှပ်၍သွားတင်ထားလိုက်သည်။ အခန်းထောင့်တွင်ထိုင်ရင်း ရင်တွေတဒိုင်းဒိုင်းခုန်နေသည်။ ဟော သူလာပြီ။





သူမ လှုပ်ရှားမှုများကို 'မောင်မောင်' လည်ပင်းရှည်၍ လှမ်းကြည့်နေမိသည်။ ကြာတော့ 'မောင်မောင်' ဘေးတွင်ကပ်လျက်ထိုင်နေသော ကျောင်းသားက...

"ကြိုက်ရင်လိုက်ကွာ... သူကလည်းမင်းကိုစိတ်ဝင်စားနေတာပဲဟာ"

မြှောက်သူကမြှောက်သည်။ ခြောက်သူကခြောက်သည်။

"ဟေ့ကောင် ဟေ့ကောင်... ဟိုမှာ 'ခင်ဖုန်း' ကမောင်ဖုန်းကိုလှမ်းကြည့်နေပြီ"

သူမစာဖတ်ပြီးသွားပြီထင်သည်။ မိမိကိုလည်ပင်းလေးလိမ်၍လှမ်းကြည့်နေသည်။ ခါတိုင်းနေရာတွင်မထိုင်ဘဲ နေရာရွှေ့ထိုင်လိုက်သဖြင့် သူမ မိမိကိုရှာမတွေ့ခြင်းဖြစ်မည်။ စိတ်ထဲမှာကျေနပ်နေမိသည်။ ပျော်ရွှင်မိသည်။ ရင်ဖိုမိသည်။

"ဟေ့ ဘာကြည့်တာလဲ"

သူမတစ်ခါကြည့်တိုင်း နောက်ကကျောင်းသားများကအော်ကြသည်။ 'မောင်မောင့်' ဘေးမှကျောင်းသားနှစ်ယောက်က သူမ လှည့်ကြည့်တိုင်း...

"ဘယ်သူ့ကိုရှာတာလဲ... 'မောင်မောင့်' ကိုလား ပြောင်ပြောင့်ကိုလား... ဒီမှာရှိတယ် ခေါင်းငုံ့ပြီးပုန်းနေတယ်"

'မောင်မောင်' ခေါင်းမဖော်ရဲတော့။ တစ်ထန်းသီးပုံး 'မောင်


www.burmeseclassic.com

www.burmeseclassic.com



မောင်’ နှင့် ‘ခင်ဖုန်း’ တို့စုတို့သိကုန်ကြသည်။ ‘မေမြတ်မွန်’ က လည်း လှမ်း၍လှမ်း၍ကြည့်တတ်သည်။ ‘မေမြတ်မွန်’ သည် ‘မောင်မောင့်’ အသိစိတ်ထဲတွင် ခပ်ရေးရေးသာရှိတော့သည်။

‘မောင်မောင့်’ ကိုစိုးမိုးနိုင်သူက ‘ခင်ဖုန်းမြင့်မော်’ သာ ဖြစ်၍နေပြီ။ အခန်းအကူးအပြောင်းတွင် ‘မောင်မောင်’ ခြေရာ ေမှာက်၍လစ်ခဲ့သည်။ စာပေးပြီး အကြီးအကျယ်ရှက်နေမိသည်။

“ဟိတ် မိပြီ... ဝရမ်းပြေးကိုမိပြီ... အှဟင်း ဟင်း”

နောက်နေ့ကျောင်းတက်နောက်ကျသော ‘မောင်မောင့်’ ကို သူမကလေ့ကားအကွေ့မှာ စောင့်ဖမ်းခြင်းဖြစ်သည်။ ရှက် လွန်းသဖြင့် မျက်နှာကိုဘယ်လိုထားရမှန်းပင်မသိ။

“ဟို စာ စာ ဖတ်ရတယ်ထင်တယ်”

“ဒါပေါ့ မနေ့ကတကယ်ရယ်ရတယ်နော်... အားလုံးသိ ကုန်ကြပြီထင်တယ်”

“တောင်းပန်ပါတယ်ဗျာ... ကျွန်တော့်ကြောင့်ခုလိုဖြစ်ရ တာကို”

“ရပါတယ် ‘ခင့်’ အပြစ်လည်းပါတာပဲ... သူ့ကိုလှည့် လှည့်ကြည့်မိတာကိုး... ဘာလို့ပုန်းနေတာလဲပြော”

မျက်ခုံးလေးတစ်ဖက်မြင့် မျက်လုံးလေးထောင့်ကပ်ပြီး ရင်းနှီးသောလေသံလေးဖြင့် ပြောနေသော သူမကိုကြည့်ပြီး ‘မောင်မောင်’ တစ်ယောက် အရည်မပျော်ယုံတမယ်သာရှိတော့





လေသည်။

“ပြောလေ ဘာလို့ပုန်းနေတာလဲ”

“ရှက်လို့ပါ”

“ဟင် ရှက်လို့ဟုတ်လား... ဘာကိုရှက်တာလဲ”

“စာရေးမိတာကို”

“စာထဲမှာဘာမှရှက်စရာလည်းမပါဘဲနဲ့... ကဲပါ ကင် တင်းမှာတစ်ခုခုသွားစားရအောင်နော်”

ထိုစကားကြောင့် ‘မောင်မောင်’ ထိတ်လန့်သွားသည်။ မိမိသည် ချမ်းသာ၍ကျောင်းလာတက်နေသူမဟုတ်။ ကျေးရွာရှင် ‘ဇေယျလွင်’ ကြောင့်သာ ကောလိပ်ရောက်လာခဲ့ခြင်းဖြစ်သည်။

“ဟိတ် ဘာစဉ်းစားနေတာလဲ... ကင်တင်းသွားပြီးတစ်ခု ခု သွားစားရအောင်လို့ဆိုနေ”

“မသွားတော့ဘူးဗျာ”

ထိုစကားကြောင့် ‘ခင်ဖုန်းမြင့်မော်’ မျက်နှာပျက်သွား သည်။ မျက်လုံးလေးပြူး မျက်ခုံးလေကွန့်၍...

“ဟင် မသွားတော့ဘူးဟုတ်လား... ဘာဖြစ်လို့လဲ ‘ခင်’ က ဒကာခံမှာပါ”

“ဟုတ်ကဲ့ ‘ခင်ဖုန်း’ ကျေးဇူးမှန်းကျွန်တော်သိပါတယ် ဒါပေမဲ့ကလပ်စ်မမီရင် စာတွေနောက်ကျမှာစိုးလို့ ကျွန်တော့်ကို သွားခွင့်ပြုပါနော်”



www.burmeseclassic.com

www.burmeseclassic.com



'မောင်မောင်' တောင်းပန်၍သုတ်ခြေတင် ထွက်သွားသည်။ လွယ်အိတ်တကားကား မပြေးယုံတမယ်ထွက်သွားသော 'မောင်မောင်' ကို 'ခင်ဖုန်းမြင့်မော်' က တအံ့တသြကြည့်ရင်းကျန်ရစ်ခဲ့လေသည်။

သူမတွေ့ဖူးသမျှယောကျ်ားများထဲတွင် မိမိကအခွင့်အရေးပေးသည်ကိုမယူဘဲ အတင်းရှောင်ထွက်သွားသူဆို၍ 'မောင်မောင်' တစ်ယောက်သာရှိသေးသည်။

အခန်း ။ ။ ငါး

" 'မမြတ်မွန်' "

"ဟင်..."

အသံမာမာနှင့်ခေါ်လိုက်သော 'ခင်ဖုန်းမြင့်မော်' ၏ အသံဖြစ်သည်။

"ကျောင်းဆင်းရင် ပြောစရာရှိတယ်"

"အင်း အင်း"

'မမြတ်မွန်' ၏ မျက်နှာကခက်ထန်နေသည်။ 'မောင်မောင်' အနောက်မှာရှိနေသည်ကို သူတို့မသိ။



www.burmeseclassic.com

www.burmeseclassic.com



လူရှင်းတုန်းအခိုက်တွင် ပြောခြင်းဖြစ်သည်။ 'မောင်မောင်' ထင်သည့်အတိုင်း ပြဿနာတက်ပြီထင်သည်။ ကော်နဲ့သူမအဖေနှင့် 'မမြတ်မွန်' တို့ကိစ္စကို သိသွားပြီထင်သည်။ ညနေကျောင်းဆင်းချိန်တွင် 'မောင်မောင်' မသိမသာနောက်ချန်၍ ပုန်းကွယ်နေခဲ့သည်။ အခန်းထဲတွင် သူမတို့နှစ်ယောက်သာ ကျန်ခဲ့သည်။

နှစ်ယောက်လုံးဘေးလူရှိမရှိ အကဲခတ်သည်။ 'မောင်မောင်' နံ့အောက်တွင် ငုတ်တုတ်ရှိနေသည်ကို သူတို့မသိ။

"နင့်အပြစ်နင်သိလား"

'မမြတ်မွန်' ကို 'ခင်ဖုန်း' က ခါးနှစ်ဘက်ထောက်၍ မေးခြင်းဖြစ်သည်။

"ဘာအပြစ်လဲ"

"ဩော် ဟော် ဟော် ဘာအပြစ်လည်းဟုတ်လား... တကယ်ပဲမသိတော့ဘူးလား... နင့်ငါ့အဖေကိုအတင်းလိုက်ကပ်နေတယ် မဟုတ်လား"

ထိုစကားကြောင့် 'မမြတ်မွန်' ၏မျက်နှာလေးရဲတွတ်သွားသည်။ ရှက်သောကြောက်သော စိုးရိမ်သောမျက်နှာလေးဖြင့် 'ခင်ဖုန်း' ကိုပြန်ကြည့်နေသည်။

"မေးနေတယ်လေဟာ... ဘာအခုမှ အ နေတာလဲ ငါ့အဖေဆီကငွေချေးတုန်းကလို ညုပါဦးလား... ပလီပလာလုပ်ပါဦးလား"





"မင်းအဖေနဲ့ဖြစ်နေတယ်လို့ ဘယ်သူပြောလဲ"

"ဘာလဲ ငြင်းချင်သေးလား... မပိုင်ရင်မပြောဘူးကျောင်းတက်ပြီး တစ်ပတ်လောက်ကတည်းက နင်ငါတို့ကားအလာကို စောင်းသားရေးရာရှေ့ သစ်ပင်အောက်ကချောင်းချောင်းနေတယ် မဟုတ်လား"

"ဘယ်သူပြောလဲ"

"ဘယ်သူပြောတယ်ဆိုတာကို မင်းသိစရာမလိုဘူး ဟုတ်သား မဟုတ်လားဆိုတာသာပြော"

" 'မောင်မောင်' ပြောတာမဟုတ်လား"

စားပွဲခုံအောက်မှ 'မောင်မောင်' လန့်တောင်သွားသည်။

"ဟုတ်မှာပါ... သူပဲမြင်တဲ့သူရှိတာပဲ"

" 'မောင်မောင်' ပြောတာမဟုတ်ဘူး... ငါ့အဖေကားပေါ်နင်ပါပါသွားတာ ဒီအခန်းထဲကအများကြီးမြင်ကြတယ် သိရဲ့လား... ငါ့ကိုပြောနေတာကြာပြီ မသေချာဘဲငါမပြောဘူး... နင်နဲ့ဒယ်ဒီအကြည်ဆိုက်တာရော ကားပေါ်နင်လိုက်သွားတာရော ဒယ်ဒီကနင့်ကိုပိုက်ဆံတွေ ပေးသွားတာရော ငါကိုယ်တိုင်စောင့်ကြည့်နေတာ တစ်ပတ်လောက်ရှိပြီ... ဟောဒီမှာတွေ့လား ဓါတ်ပုံတွေ"

"ဟင်"

'ခင်ဖုန်းမြင့်မော်' လက်ထဲကဓါတ်ပုံများကိုကြည့်ပြီး 'မေ



www.burmeseclassic.com

www.burmeseclassic.com

မြတ်မွန်' ၏မျက်နှာမှာဖြူဖတ်ဖြူရော်ဖြစ်သွားသည်။

"တဲ့ ဘာငြင်းချင်သေးသလဲပြော"

'မဟုတ်ဘူး မဟုတ်ဘူး"

"ဘာ မဟုတ်ဘူးဟုတ်လား... လက်ပူးလက်ကြပ်မိနေ တာတောင် မုန်လာဥလုပ်ချင်သေးလား... နင့်မှာကြိုက်စရာ လောက်တောင်ရှားနေပြီလား... သူ့များမိသားစုရဲ့ပျော်ရွှင်မှုကို ဘာလို့ဖျက်ဆီးချင်တာလဲ... ထမင်းအိုးကိုခွဲချင်တာလဲ"

'ခင်ဖုန်း' ၏အသံမှာ အလွန်ဒေါသထွက်သည့်အသံဖြစ် သလို တတ်နိုင်ရင်အစိမ်းလိုက်ဝါးစားပစ်ချင်သလို အံတကြိတ် ကြိတ်ဖြစ်နေသည်။ 'မေမြတ်မွန်' ပါးပြင်ပေါ်တွင် မျက်ရည်တွေ စီးကျနေပါသည်။

"နင့်ကိုနောက်ဆုံးသတိပေးမယ်... နင့်ကိစ္စကိုရပ်တန်း ကရပ်ပါ... မရပ်ရင်လူပုံအလယ်မှာ အရှက်ကွဲမယ်မှတ်ပါ"

'ခင်ဖုန်း' က ဓါတ်ပုံများကိုဆတ်ကနဲဆွဲယူပြီး အခန်းအ ပြင်သို့ထွက်သွားလေပြီ။ 'မေမြတ်မွန်' လည်းပါးပြင်ပေါ်မှမျက် ရည်စများကို လက်ကိုင်ပုဝါဖြင့်သုတ်ရင်း နေးကွေးသောခြေလှမ်း များဖြင့် ထွက်သွားလေသည်။

'မောင်မောင်' အလုပ်လုပ်ရတာ ဘယ်ဟာမှအဆင် မ ပြေ။ မိမိစိတ်မငြိမ်မှုကို 'ကိုဇေယျ' များသိသွားပြီလားဟု လန့် ပြီးအိုးမလုံအုံပွင့်ဆိုသလို ဖြစ်တတ်သေးသည်။ 'မောင်မောင်'





ဦးစားရပြီ။ 'ခင်ဖုန်းမြင့်မော်' တစ်ယောက်ယောကျာ်းလေးတွေ စ်ယောက်ပြီးတစ်ယောက် မရိုးနိုင်အောင်တွဲနေရာမှ အဘယ့် ကြောင့်မိမိကိုစိတ်ဝင်စားလာသနည်း။ မိမိ၏သားနားသောရုပ် ည်ကြောင့်လော။

"ဟိတ်ကောင် ဘာငိုင်နေတာလဲ"

"မငိုင်ပါဘူး အစ်ကို... နက်ဖြန်ဈေးသွားရင်ဘာဝယ်ရင် ာင်းမလဲစဉ်းစားနေတာ"

"စာကျက် စာကျက်... မနက်ကိစ္စမနက်မှစဉ်းစား"

နောက်နေ့ကျောင်းစောစောရောက်အောင်လာပြီး ဘာ ခြေအနေများထူးခြားဦးမည်နည်းဟု စောင့်ကြည့်နေမိသည်။ င်ဖုန်း' တို့ကားရောက်လာသည်အထိ 'မေမြတ်မွန်' ကိုအရိပ် ယောင်ပင်မတွေ့ရ။ ကားစိမ်းလေးပေါ်မှ သားအမိနှစ်ယောက် ပတ်ဝန်းကျင်ကို မျက်စိကစားသည်။ 'မေမြတ်မွန်' ကိုရှာ ည်။ ဆယ်မိနစ်ခန့်ကားလေးထဲတွင်ထိုင်ပြီး စောင့်ကြသေး ည်။ ထုံးစံအတိုင်း 'ခင်ဖုန်း' ကမျက်နှာပေါက်ဆိုးဆိုးဖြင့် ကား မှထွက်လာပြီး 'မောင်မောင်' ရှိရာလှမ်းရှာကြည့်သည်။

'မောင်မောင့်' ကိုလက်ယပ်ခေါ်သဖြင့် လူတွေတစ်ပုံတစ် ခါင်းကြီးကြားမှ ရွှေမင်းသားလေးထွက်လာခဲ့ရသည်။

"မင်းသားကွ မင်းသား"

ကျောင်းသားများ၏ အော်သံကြောင့် ကားထဲမှ 'ခင်ဖုန်း'



www.burmeseclassic.com

www.burmeseclassic.com

မေမေက မျက်မှောင်ကြုတ်လျှက်လှမ်းကြည့်သည်။

"မောင်မောင်"

"ဟင်"

" 'မေမြတ်မွန်' ကျောင်းရောက်ပြီလား"

"မပြောတတ်ဘူး 'ခင်ဖုန်း' ကျွန်တော်ဒီမှာထိုင်နေတာ ဆယ်မိနစ်လောက်ရှိပြီ သူ့ကိုတော့လုံးဝမတွေ့မိဘူး"

" 'ခင့်' ကို နည်းနည်းလောက်ကူညီပါလား... 'ခင်' သင်ခန်းထဲမှာ သွားရှာလိုက်ဦးမယ် 'ခင်' သွားနေတုန်း သူလာရ 'မောင်မောင်' လှမ်းခေါ်ထားလိုက်နော်"

"အင်း... အင်း"

မကောင်းတတ်၍ အင်းလိုက်ခြင်းဖြစ်သည်။ တကယ် တော့မိမိနှင့်ဘာမှမဆိုင် ဓားစုတ်ရာ လက်လျှိုလျှင် ကိုယ်သာနာ မည်။ ထိုနေ့က 'မေမြတ်မွန်' လုံးဝကျောင်းမတက်။

ဒုတိယနေ့တွင် 'မေမြတ်မွန်' ကျောင်းသို့အစောကြီး ရောက်လာသည်။ 'မောင်မောင်' လည်း 'မေမြတ်မွန်' ကိုသ ပေးချင်၍ တမင်အစောကြီးထွက်လာခဲ့သည်။ ခေါင်းငိုက်စိုက် ဖြင့် စိတ်မပါသလို လမ်းလျှောက်နေသော 'မေမြတ်မွန်' 'မောင်မောင်' နောက်မှအမီလိုက်ခဲ့သည်။

"ရှတ်... ရှတ်"

တရှတ်ရှတ်နှင့် အသံပေးနေသည်ကို သိပါလျှက်ကြ





လျှက်နောက်ကိုလှည့်မကြည့်။

"မေမြတ်မွန်"

သုံးလေးခါခေါ်သည်အထိ မထူးသဖြင့် 'မောင်မောင်' ...ရှေ့ကိုကျော်တက်ပြီး...

"ဟော့... ခေါ်နေတာမကြားဘူးလား"

"ဩော် 'မောင်မောင်' ခေါ်နေတာလား 'မွန်' ကတစ်ခြား ...ကျောင်းသားတွေနောက်တယ်မှတ်ပြီး လှည့်မကြည့်မိတာ မထူးမိ ...ပါ"

'မေမြတ်မွန်' က မရယ်မပြုံးမျက်နှာလေးဖြင့်ကျွေရွှာ ...မ်းကြည့်ပြီးပြောခြင်းဖြစ်သည်။ 'မောင်မောင်' အံ့အားသင့်သ ... သူမကိုအကဲခတ်မိသည်။ ခုလိုနီးနီးကပ်ကပ် ဒီတစ်ခါသာ ...တွေ့ဖူးသည်။ စကားပြောဖူးသည်။ သူမ မျက်နှာပေါ်တွင် သနပ် ...းရေကျဲလေး ပွတ်ထားရုံသာဖြစ်သည်။

သို့သော် သူမ၏နှာတံပေါ်လွင်မှု မျက်တောင်ကော့နှင့် ...ည်ကြည်လဲ့နေသော မျက်ဝန်းညို မို့နေသောပါးပြင် ပြုံးနေ ...သာနှုတ်ခမ်းပါးတို့ကြောင့် ဘေးတိုက်ပဲကြည့်ကြည့် ရှေ့တိုက်ပဲ ...ည့်ကြည့် လှနေသည်။ ရွှန်းတင့်နေသည်။

'မေမြတ်မွန်' က 'မောင်မောင်' ကိုဖျတ်ကနဲတစ်ချက် ...ည့်ကြည့်လိုက်ပြီး...

"အထင်သေးတဲ့ မျက်လုံးတွေနှင့်ကြည့်ပြီးလို့ အထင်


www.burmeseclassic.com

www.burmeseclassic.com

သေးတဲ့စကားတွေ ပြောဦးမလို့ ရောက်လာပြန်တာမဟုတ်လား 'မောင်မောင်' "

မှန်ကန်လွန်းသော သူမ၏စကားများကြောင့် 'မော မောင်' ပါးစပ် ဟောင်းလောင်း ဖြစ်သွားသည်။ သူမကို မိမိအထ သေးနေမှန်း သူမ ရိပ်မိသကို။

"မမြတ်မွန်"

"ဟင်"

"စာကြည့်တိုက်ထဲ ခဏလိုက်ခဲ့စမ်းပါ"

"အပြင်မှာပြောလို့ မရဘူးလား"

"မရဘူး မြန်မြန်လာ နင်လူတောထဲမှာအရှက်မကွဲ ရင် မြန်မြန်လိုက်ခဲ့"

စာကြည့်တိုက်၏ ချောင်အကျဆုံး ခုံရှိရာသို့ လျှော လာခဲ့လေသည်။

"စကားတိုးတိုးပြောပါ" ဆိုသောနေရာကိုမှ ခေါ်လာ စကားပြောသူက 'မောင်မောင်'။ စာကြည့်တိုက်တွင်းရှိ စား များတွင် တစ်ယောက်တည်းထိုင်၍ စာဖတ်နေသူတွေရှိသလို ယောက်တွဲထိုင်နေသူများလည်းရှိသည်။

"ကဲပြော တိုးတိုးလည်းပြောဦး"

"ခင်များကို စတွေ့တုန်းက ကျွန်တော် သိပ်ပြီးအထ ကြီးမိတယ်"





" 'မောင်မောင်' အခု 'မွန်' ကိုအထင်သေးနေပြီးမဟုတ်လား"

"ဟုတ်တယ်"

"အထင်သေးနေတဲ့လူတစ်ယောက်ကို ဘာလိုစကားခေါ်ပြောနေသေးလဲ"

"စောစောက ပြောပြီးပါပကော နင်လူပုံအလယ်မှာ အရှက်ကွဲမှာဆိုလို့ပါဆို"

"အင်းလေ... အဲဒါကိုပြောတာပေါ့... အထင်သေးနေမှတော့ 'မွန်' ဖါသာဘာဖြစ်ဖြစ် 'မောင်မောင်' ဘာပူနေစရာလိုလဲ"

ဟုတ်သားပဲ။ မိမိကမဆီမဆိုင် ဘာဝင်ပူနေစရာလိုသလဲ။ အနေသာကြီးပါ။

"ပြောလေ 'မောင်မောင်'... ဘယ်မိန်းကလေးနဲ့မှမရောဘဲ ခပ်တည်တည်ခပ်ကင်းကင်းနေတတ်တဲ့ 'မောင်မောင်' တစ်ယောက် ခုတလော တော်တော်ထူးခြားပြောင်းလဲနေပြီထင်တယ်"

ဘာကိုရည်ရွယ်ပြီးပြောနေမှန်း 'မောင်မောင်' သိသည်။

"မနေ့က 'ခင်ဖုန်း' နင့်ကိုလိုက်ရှာနေတယ်... သူ့အမေလည်းပါလာတယ်"

"သြော်..."

'မမြတ်မွန်' ၏မျက်နှာတွင်ထိတ်လန့်စိုးရိမ်မှုတွေ ဖြတ်သန်းသွားသည်။


www.burmeseclassic.com

www.burmeseclassic.com

" 'မေမြတ်မွန်'..."

"ဟင်"

"နင်နဲ့ 'ခင်ဖုန်း' ဘာတွေဖြစ်ကြလဲ"

"ဘာမှမဖြစ်ပါလား"

သူမတို့အကြောင်းကို မိမိမသိဘူးထင်ပြီး ဘူးကွယ်နေသည်။

"နင်ဘူးကွယ်နေပေမယ့် ငါသိတယ်"

"ဘာသိတာလဲ"

"နင်နဲ့ 'ခင်ဖုန်း' အဖေ ရှုပ်နေတာကိုပေါ့"

ထိုစကားကြောင့် သူမမျက်နှာဆေးဆိုးထားသလို ရဲတွတ်သွားသည်။ မျက်နှာလေးစက်ထန်သွားပြီး တုန်တုန်ယင်ယင်ဖြစ်သွားသည်။ အတန်ကြာမှ...

"သူ့ကိုနင်ပြောလိုက်တာ မဟုတ်လား"

မယုံသလိုမျက်လုံးအကြည့်နှင့် ခပ်မာမာလေးမေးနေသဖြင့်...

"ဘာဆိုင်လို့ပြောရမှာလဲ... အနေသာကြီး ဝါသနာမပါဘူး"

"မသိဘူးလေ ခုတစ်လောနင်နဲ့သူနဲ့ အတွဲများနေတော့ နင်များပြောလိုက်သလားလို့"

"ငါမပြောလည်းနင့်သတင်းကို လူတိုင်းသိတယ်... 'ခင်ဖုန်း' က လက်ဆုပ်လက်ကိုင်နဲ့ပြတော့ရော နင်ဘာတတ်နိုင်မလဲ"

'မေမြတ်မွန်' က မျက်လုံးလေးမှေး၍ကြည့်ရင်းမှ ခေါင်းတညိတ်ညိတ်ဖြင့်...

"နင်တို့က ဒီလိုတောင် ဖြစ်နေကြပြီကိုး"

"ဟိုလိုတွေဒီလိုတွေ လျှောက်တွေးမနေနဲ့... နင်ကိုယ်ကမိုးစားတာလူမြင်အောင်စားတာကိုး... မကောင်းတာလုပ်တဲ့လူဟာ သူတော်ကောင်းယောင်ဆောင်လို့မရဘူး နားလည်လား... နင့်ကိစ္စကိုအားလုံးသိနေတာပဲ... တစ်ယောက်မပြောရင်တစ်ယောက်ပြောမှာပေါ့"

"နင်ပြောတာတော့ မဟုတ်ဘူးမဟုတ်လား"

"ငါမပြောဘူး... ဒါပေမဲ့ နင့်ကိစ္စကိုသူ့အဲမေသိတယ်. နင့်ကိုအရှက်ခွဲဖို့မနေ့တည်းက လိုက်ရှာနေကြတယ်... ကျောင်းသားရေးရာရှေ့မှာ ငါနဲ့တွေ့လို့ နင့်ကိုရှာပေးဖို့ အကူအညီတောင်းတယ်... နင်မနေ့က ကျောင်းမတက်တာ ကံကောင်းသွားတယ်"

'မေမြတ်မွန်' က တွေဝေငေးမောနေသည်။

"ဘုရားမကြိုက်နတ်မကြိုက်တဲ့ အလုပ်တွေမလုပ်စမ်းပါနဲ့ဟာ"

"နင်ပြောမယ်ဆိုတာ ဒါပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"ဒါဆိုသွားမယ်"

"ဘယ်သွားမှာလဲ"

"စာသင်ခန်းပေါ့"

"တကယ်လို့ သူတို့နင့်ကို လာအရှက်ခွဲရင်ကော"

"လုပ်ရဲရင်ခံရဲရမှာပေါ့… နင်သာငါ့လိုမကောင်းတဲ့မိန်းမတစ်ယောက်နဲ့ မဆက်ဆံမိအောင်ကြိုးစားသိလား… တော်ကြာနင့်ကိုအထင်သေးတဲ့လူတွေ အထင်လွဲတဲ့လူတွေ တွေ့သွားရင်မကောင်းဘူး… နင် ငါ့ကိုသတိပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်… ကဲ သွားမယ်ကွာ"

ဘာမှမဖြစ်သလို ခံစားမှုမရှိသလို၊ သစ်ရွက်ကလေးလေ မှာလွင့်သလို ကြွကြွရွရွလေးလျှောက်သွားသော 'မမြတ်မွန်' ကို အံ့ဩသလိုကြည့်ရင်း ကျန်ရစ်ခဲ့သူက 'မောင်မောင်' ပင်ဖြစ်လေသည်။

သူမသည်မိမိစကားကို နားထောင်ယုံသာ နားထောင်ပြီး ဟုတ်သည်မဟုတ်ဘူးဆိုတာ ဝန်မခံသလိုငြင်းဆိုမှုလည်းမရှိ။

နောက်ထပ်မပတ်သက်တော့ပါဘူးဟုလည်း မပြော။



အခန်း ။ ။ ခြောက်

"စားလေကွာ ဘာငိုင်နေတာလဲ"

'မောင်မောင်' နှင့် 'ခင်ဖုန်းမြင့်မော်' တို့နှစ်ယောက်အိမ်ကို ကင်တင်းတွင် ခေါက်ဆွဲကြော်စားနေကြခြင်းဖြစ်သည်။

'မောင်မောင့်' ကိုစားဖို့သက်သက်ခေါ်၍ကတော့ ဤနေရာသို့ရောက်လာမည်မဟုတ်။ ဤစားသောက်ဆိုင်တန်းအနီးတွင် နှစ်ဦးမျက်နှာချင်းဆိုင်တွေ့သဖြင့် အတင်းဆွဲခေါ်လာရခြင်းဖြစ်သည်။ 'မောင်မောင်' ရှက်နေပါသည်။ ရွှေလိမ္မော်ရောင်အင်္ကျီ လက်စာဝမ်းဆက်ကိုလက်ပြတ်၊ လည်ဟိုက်နောက်တွဲဝတ်ထားပြီး နှုတ်ခမ်းနီရဲရဲ နားတွင်တွဲလဲနှင့်ထင်ထင်ပေါ်ပေါ်လှပဝင့်ကြွနေသော 'ခင်ဖုန်း' နှင့် တွဲထိုင်နေရသည်ကို ရှက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"'မောင်မောင်' ကျန်ရစ်ဖြစ်ချင်လို့လား"

"အချစ်နံ့ပါတ်ဘယ်လောက်လဲ 'မောင်မောင်'"

ကျောင်းသားများက လှမ်းအော်နောက်ပြောင်နေကြခြင်းဖြစ်သည်။ ထိုအော်သံများကြောင့် 'မောင်မောင်' မျက်နှာမဖော်ရဲတတ်နိုင်ရင်ထွက်ပြေးချင်သည်။

"'မောင်မောင်'..."

"ပြောပါ ကျွန်တော်နားထောင်နေပါတယ်"

"လူတွေဟာ ကိုယ့်ထမင်းကိုယ်စားပြီး ကွယ်ရာကအတင်းပြောလိုက် ရှေ့မှာပြောင်ထားပြီးပြောလိုက်နဲ့ သိပ်ရှုပ်စရာကောင်းတာပဲနော်"

"သူတို့ပြောသလို မဟုတ်ဘူးလား"

"ဟင့်အင်း... 'ခင့်' ကိုအထင်မလွဲနဲ့... သူတို့က 'ခင့်' ကိုတစ်ယောက်ပြီးတစ်ယောက် ထည့်လဲတွဲတယ် ကွဲတယ်ထင်နေတာ... 'မောင်မောင်' သိအောင်တော့ပြောပြပါ့မယ်"

"ဟာ နေပါစေ... ကျွန်တော်နဲ့မပတ်သက်တာ ကျွန်တော်သိခွင့်မရှိတာကို မသိချင်ပါဘူး"

"အို ကာယကံရှင်ကိုယ်တိုင်ကသိစေချင်လို့ ပြောပြနေတာကိုတော့ နားထောင်ရမှာပေါ့ မဟုတ်ဘူးလား"

'မောင်မောင်' သည်းခံ၍နားထောင်ပေတော့။

"ဟိုတလောက 'ခင့်' ဆီကို အစ်ကိုဝမ်းကွဲတွေ မကြာ





ခဏအဝင်အထွက်ရှိတာ 'မောင်မောင်' တွေ့လိုက်မှာပေါ့နော်"

"ဟုတ်လား... ကျွန်တော်လည်း အမှတ်တမဲ့ပါပဲ"

"ဟို မင်းသမီးကိစ္စကြောင့် အစ်ကိုတွေကိုခေါ်ရတာလေ"

"ဘယ်မင်းသမီးလည်း"

"'မေမြတ်မွန်' လေ"

"'မေမြတ်မွန်' နဲ့ အစ်ကိုတွေကိုခေါ်တာဘာဆိုင်လို့လဲ"

"သိပ်ဆိုင်တာပေါ့... 'ခင့်' ဒယ်ဒီ ကားနဲ့ကျောင်းလာပို့တာကို ငွေထောမှန်းသိလို့ချူတယ်လေ"

"ဘယ်လို မရှင်းလို့ပြန်ပြောပါဦး"

"ဒယ်ဒီက 'ခင့်' ကို ကျောင်းအမြဲလာလာပို့တာကို 'မေမြတ်မွန်' သိတယ်... ပြီးတော့ ဒယ်ဒီပိုက်ဆံထောတယ်ဆိုတာကိုလည်း သူသိတယ်... ဒါကြောင့် ဒယ်ဒီကိုအတင်းကပ်တာ... သူဒယ်ဒီကိုချူနေတာကြာပြီလို့ အခန်းထဲကကောင်မလေးတွေပြောတာပဲ"

"သူများပြောတိုင်း ယုံလို့ဖြစ်မလား"

"ကဲ ရော့... ဟောဒီဓါတ်ပုံတွေကိုသာကြည့်တော့"

'ခင်ဖုန်း' က သူမ၏ဟန်းဘက်ခ်အိတ်ထဲမှ ဓါတ်ပုံအယ်လ်ဘမ် အသေးစားလေးတစ်ခုကို ထုတ်ပေးသည်။

"နေပါစေ ကျွန်တော်မကြည့်တော့ဘူး"

"အို ကွာ... ကြည့်ပါဆို... သူရုပ်လေးနဲ့ ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com

ဖောက်ပြန်တယ်ဆိုတာကို"

စိတ်ကမကြည်ဘူးတင်ထားသော်လည်း လက်ကယူပြီး နေပြီ။ ကာလာနှင့်ရိုက်ထားသော ဓါတ်ပုံများဖြစ်သည်။ 'မေမြတ်မွန်' ကို သုံးလေးရက်စောင့်ရိုက်ထားပုံရသည်။ အဝတ်အစားမတူသောပုံများလည်းပါသည်။ အဘိုးကြီးက ပိုက်ဆံထုတ်ပေးနေပုံ။ အဘိုးကြီးက 'မေမြတ်မွန်' ၏ နဖူးကိုနမ်းနေပုံ၊ 'မောင်မောင်' ဓါတ်ပုံအားလုံးကို ပြန်ပေးလိုက်သည်။

"ယုံပြီမဟုတ်လား"

"ဘာကိုလဲ"

"'မေမြတ်မွန်' မိန်းမကောင်းမဟုတ်ဘူးဆိုတာကိုလေ"

"မပြောတတ်ဘူးလေ"

"'မောင်မောင်' နဲ့စကားပြောရတာ အားမရဘူးကွာ... ဘာလဲ 'ခင့်' ကို စကားမပြောချင်ဘူးလား"

"မပြောမိပါလား"

"စကတ္တ 'မေမြတ်မွန်' ကို 'မောင်မောင်' စိတ်ဝင်စားနေပြီထင်တယ်"

"မဟုတ်တာပဲ... ဒါတွေ ကျွန်တော်စိတ်မဝင်စားသေးဘူး"

"ကဲ ဒါဆိုမှန်မှန်ဖြေ... 'ခင်' နဲ့သူ့ကို ဘယ်သူ့ကိုပိုခင်လဲ"





"ကျွန်တော့်အစ်ကိုက မိန်းကလေးတွေကို စိတ်မဝင်စားရဘူးဆိုလို့ ကျွန်တော်ဘယ်မိန်းမကိုမှ စိတ်မဝင်စားအောင်နေပါတယ်"

မဆီမဆိုင် အစ်ကိုဖြစ်သူကို ဆွဲထည့်လိုက်ရသည်။

"ဟင်း မသိရင်ခက်မယ်... တို့ကိုခင်တယ်ပြောရမှာကြောက်လို့ မဆီမဆိုင်တွေလျှောက်ပြောနေပြန်ပြီ"

"ကဲ ကျွန်တော်သွားတော့မယ်"

"နေပါဦးလေ"

"မဖြစ်ဘူး စာနောက်ကျလိမ့်မယ်"

"တစ်ချိန်တလေပဲ"

"မဖြစ်ဘူး... စာမေးပွဲနီးတော့ ပိုဂရုစိုက်မှဖြစ်... စာနောက်ကျလို့စာအုပ်ထဲ စာပြန်ဖြည့်ချင်ရင် ဘယ်ကမှငှားလို့ရမှာ မဟုတ်တော့ဘူး... စာမေးပွဲနီးတော့ စာအုပ်ငှားပြီးပြန်မရတာတွေများတယ်"

"အဲ 'မောင်မောင်' ပြောမှသတိရတယ်... 'ခင်' လည်း စာမမီတာတွေ မကူးရသေးတာတွေတစ်ပုံကြီးပဲ... 'မောင်မောင့်' ဆီကတောင် စာအုပ်ငှားဦးမှပဲ"

"မလုပ်ပါနဲ့ကွာ... ပျောက်သွားလို့ခက်နေပါ့မယ်"

"မပျောက်စေရပါဘူးလေ"

'မောင်မောင်' မယုံ။ 'ခင်ဖူးမြင့်မော်' ပုံစံကိုကြည့်ရ



www.burmeseclassic.com

www.burmeseclassic.com

သည်မှာ စည်ကမ်းရှိမည့်ပုံစံမပေါ်၊ စာကိုကြိုးစာပုံမပေါ်။ တော်ကြာငှားသွားပြီး ရောက်သည်ဆိုလျှင် မိမိပါအရှောင် စာမေးပွဲကျမည်။

"ဘာတွေမကူးရသေးလို့လဲ… နည်းနည်းပါးပါးဆို ကျွန်တော်ကူးပေးမယ်"

"ဘာမှမကူးရသေးဘူး"

"ဟင် ဘာမှမကူးရသေးဘူး ဟုတ်လား"

"အင်းလေ 'မောင်မောင်' သာ ကူးပေးမယ်ဆိုရင်တော့ 'ခင်' ပွတာပဲ"

'ခင်ဖုန်းမြင့်မော်' ဝမ်းသာအားရအော်သည်။

"ဘယ်ဘာသာကူးရမှာလဲ"

"အားလုံးလိုလိုပဲ ကူးရမှာပဲ"

"ဟင်"

'မောင်မောင်' အံ့အားသင့်သွားသည်။ ကျောင်းကိုတော့ နေ့စဉ်မရိုးအောင် ဝတ်စားပြင်ဆင်လာပြီး ကျောင်းတစ်ရက်မှ မပျက်သလောက်ရောက်လာပြီး ဘာသာစုံအားလုံးမကူးရသေးဘူးဆိုပါလား။ သည်လိုဆိုလျှင် သူမကျောင်းကို ဘာလာလုပ်နေသနည်း။

" 'မောင်မောင်' ကူးပေးနော်… 'ခင်' လည်းကူးမယ်… 'မောင်မောင့်' ကျေးဇူးမမေ့ပါဘူး… ထိုက်သင့်တာထက်မလျှော





အောင်ပြန်ဆပ်ပါ့မယ်"

"မလိုပါဘူး… မသိလို့မေးပါရစေ…ကျောင်းကိုနေ့တိုင်းရောက်လျက်နဲ့ ဘာလို့စာတွေမကူးတာလဲ"

"စိတ်ညစ်လို့"

"ဘာစိတ်ညစ်လို့ ဟုတ်လား… အံ့သြစရာပဲ စိတ်ညစ်တဲ့သူကလည်း နေ့တိုင်းတစ်နေ့တစ်မျိုး လှအောင်တော့ ပြင်နိုင်သားပဲ"

"ဒါကတော့ ဝါသနာကိုး အလှပြင်တာနဲ့ စိတ်ညစ်တာ သစ်ခြားစီပဲ"

"ကဲ… သွားမယ်"

"လာနေတာပဲကွာ စာကူးဖို့ကိစ္စကရော"

"ကူးပေးမယ်လေ စာအုပ်ရယ် ကူးရမယ့်ဘာသာရပ်ရော ပေးလိုက်"

"ကျောင်းဆင်းရင် ပေးလိုက်မယ် ဒါနဲ့…ဒီ…ဆန်းဒေး ောင်မောင်' အားလား"

"ဘာဖြစ်လို့လဲ"

"အိမ်မှာအလှူရှိတယ် ဖိတ်မလို့"

"ကျေးဇူးတင်ပါတယ် 'ခင်ဖုန်းမြင့်မော်' … ဒါပေမယ့် လုပ်ကိစ္စလေးတွေရှိလို့ လာဖြစ်မယ်မထင်ဘူး"

"လာဖြစ်အောင်လာရမယ်… 'မောင်မောင့်' ddress



www.burmeseclassic.com

www.burmeseclassic.com

ပြော 'ခင်' ကားနဲ့လာခေါ်မယ်"

"အာ နေပါစေဗျာ... အစ်ကိုကမိန်းကလေးတွေနဲ့ရော ကောသောကောနေတာ မကြိုက်လို့ပါ"

"အမယ်မယ်... ယူ့အစ်ကိုက တယ်ချုပ်ချယ်တာကိုး... သူကိုယ်တိုင်ရော နေနိုင်လို့လား"

"နေနိုင်တာပေါ့"

"အားပား... အဲဒီလိုလူမျိုးကို 'ခင်' တို့ကတစ်ချက်တည်း ညုပြလိုက်ချင်တယ် တစ်ခါတည်း ချာန်လျှောပြီး မိုင်းကနဲပြတ် ကျလာစေရမယ်"

'မောင်မောင်' တအံ့တသြငေးနေသည်။

ဒီလိုမိန်းကလေးမျိုးကို ဒီတစ်ခါသာ တွေ့ဖူးတော့သည်။

"ဘာပဲဖြစ်ဖြစ်ကွာ 'မောင်မောင်' အစ်ကိုက 'မောင် မောင့်' လို့တော့မဖြောင့်ဘူးမဟုတ်လား"

"မဆိုးပါဘူး"

"ဘာပဲဖြစ်ဖြစ် 'မောင်မောင့်' ကိုတော့မိမယ်မထင်ဘူး... 'မောင်မောင့်' ရုပ်ကတကယ်မိတာ မျက်ခုံးမွေးထူထူ မျက်တောင် ထူထူနဲ့ မျက်သားဖြူဖြူပေါ်မှာ မျက်ဆန်မည်းမည်းတွေကန ပြောင်နေတော့ 'မောင်မောင်' တစ်ချက်ကြည့်လိုက်ရင် ကောင် လေးတွေ တစ်ခါတည်းငိုင်သွားတာ ဆရာရေ့"

"ဟာဗျာ မဟုတ်တာတွေ... အသလွှတ်ကြီး လာမြှောက် နေပြန်ပါပြီ"

"မြှောက်တာ မဟုတ်ပါဘူး တကယ်ပြောနေတာ 'ခင်' တို့စာသင်ခန်းထဲမှာ စာကြိုးစားလို့ရယ်...ချောလို့ရယ်... ကောင်မလေးတွေပါးစပ်ဖျားမှာ နာမည်ကြီးနေတာ ဟောဒီ 'မောင်မောင်' ပဲပေါ့'

'ခင်ဖုန်းမြင့်မော်' က စားပွဲပေါ်တွင်တင်လာသော 'မောင်မောင်' လက်ကိုမနာအောင် ဆွဲလိမ်ပြီး ပြောခြင်းဖြစ်ပါ သည်။

"သွားပြီ... 'မောင်မောင်' တစ်ယောက် စ၍ အလိမ်ခံနေ ပြီ သွတ်သွတ်"

ကျောင်းသားများ မြင်သွား၍နောက်ကြပြန်သည်။

"တကယ် ခက်တယ်ကွာ... ဘာလုပ်လုပ်လိုက်စနေတော့ တာပဲ... နောက်ကို ဒီမှာ စကားမပြောတော့ဘူး... သူတို့စလို့ နောက်လို့မရတဲ့နေရာမှာ အေးအေးဆေးဆေး သွားပြောကြရ အောင်နော်"

"ဒီလိုရှိတယ် 'ခင်ဖုန်း' ... 'ခင်ဖုန်း' ဘာလုပ်ချင်တယ် ဘာပြောချင်တယ်ဆိုတာကို စာရေးပြီးပြောလည်းရသားပဲ... ချိန်တော်နဲ့ဘာမှမဖြစ်ဘဲ အဲသလိုလျှောက်သွား လျှောက်စားနေ တာ 'ခင်ဖုန်း' အတွက် မနစ်နာဘူးလား"

"မနစ်နာပါဘူး... ရိုးရိုးတန်းတန်း သွားလာနေကြတာပဲ"

www.burmeseclassic.com



"တို့မြန်မာလူမျိုးတွေဟာ နိုင်ငံခြားမှာလို အချစ်ရေးနဲ့
ပတ်သတ်ပြီး အမြင်မကျယ်သေးဘူး 'ခင်ဖုန်း'... မိန်းကလေးတစ်
ယောက်နဲ့ ယောကျ်ားလေးတစ်ယောက် ရယ်ရယ်မောမောတွဲ
လျှောက်သွားရင် သားအဖမှန်း တူဝရီးမှန်း မောင်နှမမှန်းသိတာ
သူငယ်ချင်းမှန်းသိတာမဟုတ်ဘူး... စိတ်ထဲထင်သလိုစွတ်ပေးတာ
လိုက်တာပဲ"

"ပေးစားလေ ဘာဖြစ်လဲ... 'မောင်မောင့်' လိုလူ
လေးတစ်ယောက်နဲ့ ပေးစားခံရတာများဘာဖြစ်သေးလဲ"

"ဟင်"

'မောင်မောင်' ပါးစပ်ပိတ်သွားသည်။

မျက်နှံးညိုညိုလေးတစ်ဖက်မြင့် မျက်လုံးလေးတစ်ဖက်
မှိတ်၍ ညှုတုတုပြောနေသော လှပသည့် 'ခင်ဖုန်း' မျက်နှာလေး
တို့ အူကြောင်ကြောင်ငေးနေမိသည်။

"အဟင်း ဟင်း"

'ခင်ဖုန်း' က သွားဖြူဖြူလေးများကို လှစ်ဖော်၍ရယ်
တတ်လေသည်။

"'မောင်မောင်' ရယ်... 'မောင်မောင်' ဟာလေ အစ
အစားဝတ်ရင်သိပ်ရိုးသလို 'မောင်မောင့်' ပုံစံကလည်း ခေတ်
မလိုလိုနဲ့ သိပ်ရိုးလွန်းတာပဲ"

'မောင်မောင့်' တစ်ကိုယ်လုံးကိုကြည့်၍ ပြောနေခြင်း





သည်။ မူတူတူစူတူတူနှင့်ချစ်စဖွယ်လုပ်ပြနေသော 'ခင်ဖုန်း' ကို
ကြည့်ပြီး 'မောင်မောင်' ပင် ပြုံးစိစိဖြစ်သွားသည်။ သူမ၏စေ
အနာကို မိမိနားလည်ပါသည်။ မိမိလည်းလူငယ်တစ်ဦးပဲ၊ လှလှ
ဝတ်ချင်တာပေါ့။ သို့သော် မိမိဘဝက ပညာသင်ရတာပင်
ကောင်း။ ဝမရှိဘဲဝိမလုပ်တာ အကောင်းဆုံးမဟုတ်လော။

'ကိုဖေယျ' က ဆရာဝန်ပဲ။ ခေတ်မီမီဝတ်စားတတ်တာ
ပါ။ မိမိဝတ်ချင်လျှင် ယူဝတ်၍ရပါသည်။ မိမိကိုယ်တိုင်ကိုက
တ်ရမှာရှက်နေခြင်းဖြစ်သည်။ 'မောင်မောင်' သည်ပုထုဇဉ်လူ
သားတစ်ဦး၊ သစ်သားရုပ်မဟုတ်၊ စက်ရုပ်မဟုတ်၊အသွေးအသား
အသည်းနှလုံးနဲ့ဖွဲ့စည်းထားသူ။

လှပနုနယ်သော အားလုံးကငေးရအောင် ချောမောသော
တ်အစားအကောင်းစားတွေကို တစ်မျိုးနှင့်တစ်မျိုး မရိုးနိုင်
အောင် ဝတ်စားပြင်ဆင်နိုင်သော ခေတ်အမီဆုံးမိန်းမချောသူဋ္ဌေး
မီးလေးက မိမိကိုတကောက်ကောက်လိုက်နေခြင်းသည် မိမိ
တွက်ဂုဏ်ယူစရာမဟုတ်လော။

'ခင်ဖုန်း' ၏ မြွောက်ပင့် ရယ်မောသံလေးများသည်
င်မောင့်' နားတွင်းဆီသို့နားဝင်ချိုစေပါသည်။ 'ခင်ဖုန်း' ၏
န်လေးများသည် မိမိ မျက်ဝန်းအရိပ်တွင် လှပစွာထင်ဟပ်
ပြီ။ မည်မျှသာယာသွားသနည်းဆိုလျှင် စာသင်ချိန်နှင့်မြန်
သည်အထိ 'မောင်မောင်' စာသင်ခန်းထဲမရောက်တော့။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် 'ခင်ဖုန်း' ကို အပြစ်မမြင်ပါ။

" 'မောင်မောင်' ရေ..."

"ဟင်"

"နောက်ကို ကျောင်းစောစောလာကွာ"

"ဘာဖြစ်လို့လဲ"

"ခုလို စကားပြောရအောင်လို့ပေါ့... ဒီတော့စာသင်ရ လည်းမပျက်ဘူးပေါ့ ဟုတ်လား"

"ဒါပေါ့ လာဖြစ်အောင်ကြိုးစားပါ့မယ်"

"ဟင့်အင်း ဟင့်အင်း... အဲ့လိုမတင်မကျကြီးမပြော ကွာ... 'ခင်' က အစောကြီးလာစောင့်နေမှာ... တော်ကြာ 'မော မောင်' ရောက်မလာရင် 'ခင်' တစ်ယောက်တည်းဖြစ်နေမှာပေါ့"

"ကျွန်တော် ရောက်အောင်လာခဲ့ပါ့မယ်"

ထိုနေ့ကစ၍ကျောင်းချိန်တွင် လွတ်သွားသောစာမျာ ရော 'ခင်ဖုန်း' အတွက် နှစ်စမှသင်ထားသောစာများကိုပါ အ လုံးပြန်ကူးပေးနေရသဖြင့် 'မောင်မောင်' တစ်ယောက်အလုပ်မျ ၍နေပါတော့သည်။ သို့သော် ညောင်းရမှန်း ပင်ပန်းရမှန်းမ ပါ။ ကြေနပ်၍ပင်နေသေးသည်။

'ခင်ဖုန်း' စာကူးဖို့ပေးထားသော ဗလာစာအုပ်ထဲတွ အတတ်နိုင်ဆုံးသန့်အောင် လုပြီးသားလက်ရေးကိုပိုလှအော အထူးစေတနာထား၍ ကူးပေးနေမိသည်။





အခန်း ။ ။ ခုနစ်

"ဟာ နေပါစေကွာ... မယူပါရစေနဲ့"

'ခင်ဖုန်း' လက်ထဲမှအထုပ်ကို 'မောင်မောင်' အတင်းပြန် ထိုးပေးနေသည်။

"အို ယူရင်ယူနော်... မယူရင်တော့ 'ခင်ဖုန်း' ငိုမှာ"

'ခင်ဖုန်း' က မျက်မှောင်ကြုတ်ခြင်း၊ နှုတ်ခမ်းစူခြင်းဖြင့် အနိုင်ယူသည်။

"မလုပ်ပါနဲ့ 'ခင်ဖုန်း' ရာ... ဒါမျိုးတွေကျွန်တော် ဝတ် လည်းမဝတ်ဖူးဘူး... ဝတ်လည်းမဝတ်ချင်ဘူး"

"ခု ဝတ်ကိုဝတ်ရမယ်... ဝတ်စေချင်လို့ကိုယ်လာပေး 'မောင်မောင်' က မဝတ်ချင်ဘူးဆိုတော့ 'ခင်ဖုန်း' ဘယ်သူ့ကို



www.burmeseclassic.com

www.burmeseclassic.com

သွားပေးရမလဲ... ဒီအထုပ်ကြီးရေထဲသာ လွှင့်ပစ်လိုက်တော့

'ခင်ဖုန်း' က အထုပ်ကြီးကို တကယ်ပစ်ချမည့်ပုံစံမျိုးတော့ တပ်ရပ်၍ လွှဲပစ်နေပြီ။

"ဟာ ဘာလို့အဲ့လိုစိတ်မြန်ကိုယ်မြန် လုပ်ချင်ရတာလဲ 'ခင်ဖုန်း' ရယ်... ထိုင်စမ်းပါ သူများတွေကြည့်ကုန်ပြီ"

'မောင်မောင်' က 'ခင်ဖုန်း' လက်ကို အတင်းပြန်ဆွဲပြီး ထိုင်ခိုင်းလိုက်ရသည်။ အကြော်စားနေသူများက ပြုံးစိစိဖြင့်လှမ်း ကြည့်နေကြသည်။

"မယူဘူးလား ယူမလား... အဲ့ဒါသာ ပြတ်ပြတ်ပြော ကွာ"

'ခင်ဖုန်း' က မျက်ရည်ဝဲသောမျက်လုံး၊ တုန်ရင်သော အသံဖြင့် ခပ်မာမာမေးခြင်းဖြစ်သည်။ ဘေးလူများဝိုင်းအကဲခတ် နေမှန်းသိသဖြင့်...

" 'ခင်ဖုန်း' ရေ 'မောင်မောင်' တို့ခပ်ဝေးဝေးမှာသွား စကားပြောကြရင် ကောင်းမယ်ထင်တယ်... ကျောင်းသူကျောင်း သားတွေက ဝိုင်းကြည့်နေကြပြီ"

အတော်လေးဆက်လျှောက်လာခဲ့ပြီး သစ်ပင်အောက် တွင် ထိုင်လိုက်ကြသည်။ ရှုပ်ပုပ်ပုပ်ထိုင်နေသော ရွှေမင်းသမီးကို 'မောင်မောင်' ငေးနေပြီးမှ...

" 'ခင်ဖုန်း' "





"ဘာတုန်း"

နှုတ်ခမ်းကိုစူ၊ မျက်နှာကိုမှုန်အစ်ပြီး မကြည့်ဘဲနှင့်ထူး လိုက်ခြင်းက မကျေနပ်ကြောင်း စိတ်ကောက်နေကြောင်းအသိ ပေးနေခြင်းမဟုတ်လော။

"စိတ်ဆိုးနေလား"

"ဆိုးတယ် ဆိုးတယ်... စေတနာရှိလို့ဝယ်ပေးတာကို မယူဘူးလို့ငြင်းတာလောက် ကမ္ဘာပေါ်မှာအရှိုင်းစိုင်းဆုံးလူရှိဦး မလား"

"ကျွန်တော်ပြောတာ နားထောင်ပါဦး... ဒီပစ္စည်းတွေ ဘာဖြစ်လို့ဝယ်ပေးရတာလဲ... ကျွန်တော် ကျောင်းစာတွေကူးပေး လို့ ကျေးဇူးတင်တဲ့အနေနဲ့ဝယ်ပေးတာလား"

"မဟုတ်ဘူး"

"ကဲ ဒါဆိုဘာဖြစ်လို့လဲ"

"ဝတ်စေချင်လို့"

"ဘာဖြစ်လို့ဝတ်စေချင်တာလဲ"

"အို မသိဘူး မသိဘူး"

'ခင်ဖုန်း' မျက်နှာကိုဝှက်ထားလိုက်သည်။

'မောင်မောင်' သူမကို ငုတ်တုတ်ထိုင်ကြည့်ပြီး ဘာဆက် လုပ်ရမှန်းမသိဖြစ်နေသည်။ ချော့ရအောင် ကိုယ့်ရည်းစားဟုတ် ကိုယ့်ဖါသာကိုယ် ပြန်စဉ်းစားမိသည်။ 'ခင်ဖုန်း' နှင့်မိသည်၍



www.burmeseclassic.com

www.burmeseclassic.com

နေ့ရာကို ဘာကြောင့်လာကြသနည်း။ ဤနေရာသည် ဆိတ်ငြိမ်တိတ်ဆိတ်သောပတ်ဝန်းကျင်။ ချစ်သူစုံတွဲတို့ ခေတ္တခဏနားစရာ။ မိမိတို့နှစ်ဦးသည် ဘာကြောင့် ဤနေရာကိုရောက်လာသနည်း။ မိမိ 'ခင်ဖုန်း' ကိုချစ်ခင်နေပြီလော။ 'ခင်ဖုန်း' ကကော မိမိလိုအကောင်မျိုးကို ချစ်သူအဖြစ်လူပုံအလယ်မှာ တွဲလျှောက်ဝံ့မှာမို့လို့လား။

"'ခင်ဖုန်း' ငိုနေလား"

သူမ မထူး။ ခေါင်းကိုသာအတွင်ငုံ့ထားသည်။

"ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

ငြိမ်သက်တိတ်ဆိတ်သော ပတ်ဝန်းကျင်တွင် ဆန့်ကျင်ဘက်လူသားနှစ်ဦး မလှုပ်မယှက်ထိုင်နေကြသည်မှာ ကြာပြီဖြစ်သည်။ 'ခင်ဖုန်း' ခေါင်းထောင်ပြီး 'မောင်မောင်' ရှိရာကြည့်လိုက်သည်။ 'မောင်မောင်' ကလည်း သူမကိုကြည့်နေသဖြင့် မျက်လုံးချင်းဆုံသွားကြသည်။ 'မောင်မောင်' အကြင်နာပြုံးလေးပြုံးပြမိသည်။

"ယူမယ် မဟုတ်လား"

'ခင်ဖုန်း' စိတ်ကောက်ပြေပြီထင်သည်။ ခေါင်းလေးစောင်းလျက်က မချိုမချဉ်မေးခြင်းဖြစ်သည်။ သူမ အမူအယာများကြောင့် 'မောင်မောင်' အူတွေအသည်းတွေစိမ့်ကနဲ အေးသွားသလိုလို၊ ယားကျိကျိဖြစ်သွားသလိုလိုနှင့် အနေရအထိုင်ရခက်





နေသည်။

"ဘာကိုယူရမှာလဲ"

"ပစ္စည်း"

"ဘာပစ္စည်းလဲ"

"သိချင်ရင်ဖွင့်ကြည့်ပေါ့"

ပန်းပွင့်ပလပ်စတစ်အိတ်ထဲတွင် ဝန်းစက္ကူစာရွက်လှလှဖြင့်ထုပ်ထားသော အထုပ်ကိုအသာဆွဲဖြည်လိုက်သောအခါ အထဲတွင် ပလပ်စတစ်အိတ်ဖြင့်ထည့်ထားသော စပို့ရှပ်မိုးပြာရောင်နှင့် ဂျင်းဘောင်းဘီတစ်ထည်ကိုတွေ့ရသည်။ မဝတ်ဖူးသော်လည်းမြင်ဖူးပါသည်။ ကြားဖူးပါသည်။ ဟိုတစ်လောက လေးတွင် အစ်ကို 'ဇေယျ' ဝယ်လာသဖြင့် ဈေးမေးဖူးသည်။

"ဟာ ဒီလောက်တန်ဖိုးရှိတဲ့ဟာတွေတော့ မပေးပါနဲ့ကွာ"

"ကောင်းပြီ နောက်တစ်ခါဒီလို တန်ဖိုးကြီးတဲ့ဟာမျိုး မပေးတော့ဘူးဟုတ်လား... ဒီတစ်ခါတော့ယူရမှာပဲ"

"ကျွန်တော် စိတ်မကောင်းဘူးဗျာ"

"ဟော သူက ဘာစိတ်မကောင်းဖြစ်ရတာတုန်း"

"ဩော် ကျွန်တော်ကစေတနာနဲ့ စာကူးပေးတာကို 'ခင်ဖုန်း' ကတန်ဖိုးဖြတ်လို့ပါ"

"အဲ့ဒါနဲ့ ဘာမှမဆိုင်ပါဘူး 'မောင်မောင်'၊ ဒီပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com

ဟာ 'မောင်မောင့်' အတွက် စေတနာနဲ့တမင်ပေးတာ"

"အဲ့ဒါကြောင့်ပြောတာပေါ့... ဒီပစ္စည်းဟာတန်ဖိုးကြီးတယ်ဆိုတာ ကျွန်တော်သိတယ်... ကျွန်တော့်ဘဝက အယူသာရှိပြီး ပြန်မပေးနိုင်တဲ့ဘဝပါဗျာ"

"အမယ် မယ်... ဘယ်သူကမျှော်လင့်တောင့်တမှုနဲ့ပေးနေလို့လဲ... 'မောင်မောင့်' ဆီက 'ခင်' လိုချင်တာတစ်ခုရှိတယ် ပေးမလား"

"ဘာလဲ ပေးနိုင်တာဆိုအကုန်ပေးမယ်"

"'မောင်မောင့်' ရင်ထဲကခင်မင်မှုလေ"

"ဒါလား ပေးပြီးပြီလေ"

"'မေမြတ်မွန်' နဲ့ 'ခင့်' ကို ဘယ်သူပိုခင်လဲ"

"ဟော လာပြန်ပြီဒီမေးခွန်း... မဆီမဆိုင်ဘာလို့မေးနေတာလဲ"

"အတန်းထဲမှာသူလည်း ရှုပါပဲ... တချို့ကပြောတယ် 'ခင်' က 'မေမြတ်မွန်' ရဲ့အလှကိုမမီဘူးတဲ့... ပြင်ထားလို့လှနေတာတဲ့... ဟုတ်လားဟင်"

"ဟုတ်တယ်"

"ဟင်"

'မောင်မောင့်' စကားကြောင့် 'ခင်ဖုန်းမြင့်မော်' မျက်နှာလေးပျက်သွားသည်။ 'မောင်မောင့်' ကိုလည်းမကြည့်တော့။





"စိတ်ကောက်ပြန်ပြီလား... ကျွန်တော်ပြောချင်တာက 'ခင်ဖုန်း' မျက်နှာအလှက နိုင်ငံခြားဖြစ်ပစ္စည်းအကောင်းစားတွေနဲ့ ခြယ်သထားတော့ နဂိုမျက်နှာကိုမမြင်ရတော့ဘူးပေါ့... ဒါတွေမခြယ်သဘဲထားရင် 'ခင်ဖုန်း' ရဲ့နဂိုအလှပေါ်လာမှာပဲ ဒီတော့သူတို့တွေပြောတာ ဟုတ်မဟုတ်သိရအောင် နက်ဖြန်ဘာမှပြင်မလာခဲ့နဲ့"

"ကဲ တကယ်လို့မပြင်ဘဲလာပါပြီတဲ့... 'ခင်' က သူ့လောက်မလှရင် ဘယ်လိုလုပ်မလဲ"

"'ခင်ဖုန်း' က လှပြီးသားပါကွာ... ကဲ တကယ်လို့သူ့လောက်မလှတော့ကော ဘာဖြစ်လဲ... ကျောင်းလာတာအလှပြိုင်ဖို့လာတာမှမဟုတ်ဘဲ"

"အလှပြိုင်ဖို့လာတာမဟုတ်ပေမယ့် သူတို့တွေက 'ခင်' နဲ့ 'မေမြတ်မွန်' ကိုယှဉ်ပြီးပြောနေကြတာ"

"ဂရုစိုက်လို့ကွာ"

"သူ့လို 'ခင်' က မပြင်ဘဲ ရိုးသလိုလိုနဲ့ပျက်စီးနေတာမှမဟုတ်တာနော်"

"ပြင်ပြီးပျက်စီးနေတဲ့သူတွေလည်း ပုံလို့ဗျ"

"ဘာလဲ 'ခင့်' ကိုစောင်းပြောတာလား"

"ဟုတ်ရင်နာလေ"

"မဟုတ်လို့ မနာပေါင်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆိုလည်း ပြီးတာပဲ"

'မောင်မောင်' တစ်ယောက် 'ခင်ဖုန်း' ၏ စက်ကွင်းတွင်း မှရုန်းမထွက်နိုင်တော့ပါ။ နောက်နေ့ 'ခင်ဖုန်းမြင့်မော်' တစ်ယောက် မခြယ်သဘဲရောက်လာသဖြင့် အားလုံးအံ့အားသင့်သွားကြသည်။ ထိုကဲ့သို့မခြယ်သသောအခါမှ သူမအလှကအပြစ်ကင်းစင်ပြီး ကလေးဆန်သွားသည်။

"ကဲ ရုပ်ဆိုးသွားပြီလား"

"မဆိုးပါဘူး... ပိုတောင်ကြည့်ရတာ ကျက်သရေရှိသလိုပဲ"

"အဲဒါဆိုမိတ်ကပ်ဖိုးသက်သာသွားပြီ... နောက်ဆိုပြင်စရာမလိုတော့ဘူးပေါ့ ဟုတ်လား"

'မောင်မောင့်' ရင်ဝယ်ကြည်နူးမှုနှင့်သံယောဇဉ်ကယှက်နွယ်နေပြီ။ 'ခင်ဖုန်း' မိမိအပေါ်မှာထားသော တွယ်တာမှုသည် အထင်းသားပေါ်လွင်နေသည်မဟုတ်လော။

"ကဲ ပြော... 'ခင်ဖုန်း' နဲ့ 'မေမြတ်မွန်' ဘယ်သူ့ပိုလှသလဲ"

"ဒီမေးခွန်းကိုဘာကြောင့် ခဏခဏမေးတာလဲဟင်"

"သိချင်လို့ပေါ့"

"ဘာဖြစ်လို့သိချင်တာလဲ"

"အို အဲဒါကိုမမေးနဲ့... 'ခင်ဖုန်း' မေးတာကိုသာဖြေ"





"တစ်ယောက်တစ်မျိုးစီပေါ့"

"ဘယ်သူ့ကိုပိုခင်လဲ"

"ဘယ်သူနဲ့အတွဲများလဲ"

"အဟင်း ဟင်း"

'ခင်ဖုန်းမြင့်မော်' က မျက်နှာကိုတစ်ဖက်သို့စောင်းကာ ရှက်ရွံ့နေပြန်သည်။

"ဘာလိုလိုနဲ့ စာမေးပွဲဖြေကြရမယ်နော်"

"ဟုတ်တယ် 'ခင်ဖုန်း' စာတွေတော်တော်ကျက်ပြီးပြီလား"

"ဟင့်အင်း"

"ဟာ ဘာလို့မကျက်တာလဲ... တမင် စာစောစောကျက်နိုင်အောင်ကျွန်တော် စာတွေအားလုံးကူးပေးထားပြီရော"

"ကျက်တော့ကျက်ပါတယ်... ဒါပေမဲ့ ဘာမှမမှတ်မိဘူး"

"မမှတ်မိရအောင် ရှုးနေတာမှမဟုတ်ဘဲ... မှတ်မိအောင်ကျက်ပေါ့... စာကျက်နေတဲ့အချိန်မှာ စာကိုပဲစိတ်ဝင်စားပေါ့"

"အဲ့သလို မတရားမပြောနဲ့"

"ဘာဖြစ်လို့လဲ"

"စာကျက်တုန်းကတော့ အကောင်းပါပဲ... ဒါပေမဲ့စာအုပ်ထဲက လက်ရေးလှလှလေးတွေက 'ခင့်' စိတ်ကိုလှည့်ဖြားနေကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် 'မောင်မောင်' အံ့ဩသွားပြီး...

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့... အဲ့ဒီလက်ရေးကိုမြင်တော့ လက်ရေးလှလှလေးရေးပေးတဲ့ လှလှလှလေးကိုမျက်လုံးထဲမှာ မြင်လာရော"

"ဟား ဟား လူကိုမမြှောက်ပါနဲ့နော်"

"အို သူနဲ့ဘာဆိုင်လို့လဲ... 'ခင်' က စကားပေးတဲ့ကောင်လေးအကြောင်းပြောနေတာ... အဲ့ဒီကောင်လေးက သိပ်ချောတာ သိပ်လည်းသဘောကောင်းတာ... စကားကျက်ရင်းအဲ့ဒီကောင်လေးကိုသတိရသွားတော့ စာအုပ်လေးဘေးချပြီး အဲ့ဒီကောင်လေးကရော 'ခင့်' ကိုတကယ်ခင်ရဲ့လား... သတိရရဲ့လားလို့စဉ်းစားမိပြန်ရော"

"အဲ့ဒီကောင်လေးကလည်း သတိရပါတယ်ဗျာ...ကောင်မလေးတစ်ယောက်အကြောင်း စဉ်းစားရင်း ဟင်းအိုးတွေတူးတာ ခဏခဏပဲဗျ"

"ဟင် ဟင်းအိုးတူးတယ် ဟုတ်လား... 'မောင်မောင်' နဲ့ဟင်းအိုးဘာဆိုင်လို့တုန်း"

"သိပ်ဆိုင်တာပေါ့... 'မောင်မောင်' ထမင်းဟင်းချက်တတ်တယ်... ညီအစ်ကိုနှစ်ယောက်တည်း နေတဲ့အိမ်ဆိုတော့ ကိုယ့်ဖါသာကိုယ်ချက်စားရတာပေါ့"

"ဟင် အမေတို့အစ်မတို့မရှိဘူးလား"





"ဟင့်အင်း အမေကကျောက်ဆည်မှာ"

"ဟင် 'မောင်မောင်' က ကျောက်ဆည်ကလား"

"အင်းလေ"

"ဂင်"

"ဟောဗျာ ဘာဖြစ်သွားတာလဲ"

'ခင်ဖုန်းမြင့်မော်' ၏မျက်နှာလေး ညှိုးငယ်သွားသည်။

"ဘာလို့မျက်နှာညှိုးသွားရတာလည်း 'ခင်ဖုန်း' ရယ်"

"ကျောက်ဆည်မှာဆိုတော့ 'မောင်မောင်' ကျောင်းပိတ်ရင်ပြန်ရမှာပေါ့နော်"

"ဒါပေါ့"

"သင်္ကြန်ရော ရန်ကုန်မှာရှိမှာလား"

"ကျောင်းဖွင့်မှအမြဲပြန်လာတာ"

"သွားပါပြီ"

"ဘာသွားတာလဲ"

"သြော် 'ခင်' က သင်္ကြန်ကားနဲ့လျှောက်ရေပက်ခံထွက်ရင် 'မောင်မောင့်' ကိုဝင်ခေါ်မလို့လေ... 'ခင်' တို့ကသုံးရက်လုံးထွက်တာ ပဲခူးလည်းရောက်တယ်... ရန်ကုန်လည်းအနှံ့ပဲ"

"ရပါတယ်ကွာ... 'ခင်ဖုန်း' ပျော်ရင် ကျွန်တော်ကျေနပ်ပါတယ်... ခါတိုင်းနှစ်တွေလို ခါတိုင်းလူတွေနဲ့ ပျော်ပျော်ပါးပါးလျှောက်လည်ပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ ပျော်မှာမဟုတ်တော့ပါဘူးကွာ"

"ဘာဖြစ်လို့လဲ 'ခင်ဖုန်း' ရ"

"ကိုယ်ခင်တဲ့လူမှမပါတာ"

"တခြားခင်တဲ့လူတွေ ပါမှာပဲဟာ"

"အို သူတို့တွေကိုခင်တာကတစ်မျိုး... 'မောင်မောင့်' ကို ခင်တာကတစ်မျိုးပဲ"

'ခင်ဖုန်းမြင့်မော်' စိတ်ထဲတွင် 'မောင်မောင့်' ကိုအား လိုအားမရဖြစ်မိသည်။ မိမိကလမ်းခင်းစကားများပြောကြား ပါလျှက် သူကနေနိုင်လွန်းသည်။

တကယ်မချစ်လို့လား။ ချစ်ပါလျှက်နှင့်ဟန်ဆောင် တာလား။

"ဒီနှစ်ကျောင်းပိတ်ရင် မပြန်နဲ့ကွာ"

"ဟာ ဘယ်ဖြစ်မလဲ 'ခင်ဖုန်း'... ကျောင်းပိတ်မှမိသား နဲ့တွေ့ရတာဗျ... ကျောင်းပိတ်တာက တစ်လတည်းပါ ဖွင့်တော ပြန်တွေ့ကြရမှာပဲ"

"ဟာ အဲဒီတစ်လတုန်းအောင် အကြာကြီးစောင့်ရဦးမ ကွာ တကယ်စိတ်ညစ်တာပဲ"

'မောင်မောင်' အလွန်အံ့သြမိသည်။ သူမ၏တွယ်တာ သည် သိသာပေါ်လွင်ထင်ရှားလွန်းလှချည်လား။

"'မောင်မောင်' ကတော့ ကျောင်းပိတ်လို့အိမ်ပြန်ရမယ်





ဒီရင် သိပ်ပျော်မှာပေါ့နော်"

"ပျော်တာပေါ့ 'ခင်ဖုန်း'... ကိုယ့်မိသားစုတစ်စုလုံးနဲ့လ ပေါင်းများစွာ ခွဲခွာနေပြီးမှ ပြန်တွေ့ရမှာဆိုတော့ မပျော်ဘဲဘယ် နေပါ့မလဲ... ဒါပေမဲ့ ဒီနှစ်အိမ်ပြန်ရင်တော့ ကောင်မလေးတစ် ယောက်ကိုသတိရနေမှာပါ"

"တကယ်လား"

"တကယ်ပေါ့... ကဲ ဒီနေ့ကစပြီး စာမှန်မှန်ကျက်တော့ ကျက်ရင် တခြားဘာမှစိတ်မဝင်စားနဲ့... စာကျူးပေးတဲ့သူစိတ် ချမ်းသာအောင် စာကိုရအောင်ကျက်ပါ"

"ဒီလိုလုပ်ရအောင်... စာမေးပွဲနီးရင် 'မောင်မောင်' တို့ အိမ်ကို 'ခင်' လာခဲ့မယ်"

"ဟင် ဘာလုပ်ဖို့လဲ"

"စာအတူတူကျက်မယ်လေ"

"ဟာ ဘယ်သင့်တော်မလဲ... ကျွန်တော်တို့အိမ်က ယောကျ်ားလေးနှစ်ယောက်တည်းနေတာ... 'ခင်ဖုန်း' ကိုတစ်မျိုး ပြောကြမှာပေါ့"

"ဒီလိုဆို 'ခင်ဖုန်း' အိမ်မှာလာကျက်ပါလား"

"လူကြီးတွေကကြိုက်ပါ့မလား"

"စာကျက်ဖို့ပြောရင်ရပါတယ်... ဘယ်လိုလဲ"

"အချိန်တွေအများကြီးရှိပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ဟိုအမျိုးသမီးလည်း ကျောင်းမတက်တာအတော် ကြာနေပြီနော်… သူ့ဇာတ်ထုပ်လူသိမှာစိုးလို့နဲ့တူတယ်"

"သူဆက်မရှုပ်ရင်ပြီးရောပေါ့ 'ခင်ဖုန်း' ရာ… တက်ကယ် လို့ ကျောင်းပြန်တက်ရင်လည်း လူသိအောင်တော့ အရှက်ခွဲမ ဝါနဲ့တော့"

"အံမယ်မယ်… သူ့အမျိုးသမီးအတွက် ပူပင်နေလိုက် တာ… ရိုးမှရိုးရဲ့လား"

"မေးစရာမလိုပါဘူး 'ခင်ဖုန်း' ရာ… ကိုယ်တွဲတာဆိုလို့ 'ခင်ဖုန်း' တစ်ယောက်တည်းရှိမှန်း တစ်ကျောင်းလုံးသိတယ်… 'မေမြတ်မွန်' ကိုပညာရေးနဲ့ပတ်သက်ပြီး ထိခိုက်မှာစိုးတာတစ်ခု ပဲ… 'မေမြတ်မွန်' နေရာမှာ တခြားဘယ်အမျိုးသမီးပဲရှိရှိ ကျွန် တော်ဒီလိုပဲပြောမှာပဲ"

"'ခင်' ကတော့ ကိုယ့်မိသားစုဒုက္ခပေးမယ့်လူကို ရန်သူ လိုပဲ သဘောထားတာပဲ… သူ့ဘက်ကငြိမ်သွားရင် 'ခင်' ဘာမှ ပြောစရာမလိုတော့ဘူး… ကျောင်းထဲမှာမတွေ့ကြတော့ပေမယ့် အပြင်မှာတွေ့ချင်တွေ့ကြဦးမှာ"

"ကိုယ်ထင်သလိုဖြစ်ချင်မှဖြစ်မှာပါ 'ခင်ဖုန်း' ရာ… ကဲ လာ ကျောင်းထဲသွားကြစို့"

'ခင်ဖုန်းမြင့်မော်' နှင့် 'မောင်မောင်' တို့တွဲလျှောက်လာ သည်ကို 'မေမြတ်မွန်' ခပ်ဝေးဝေးတည်းကမြင်သည်။ ကျောင်း





တက်တာ တစ်ပတ်တောင်ရှိပြီမို့ 'မေမြတ်မွန်' မျက်လုံးတွေပဲ ...စ်မျိုးဖြစ်နေသလားမသိ။ သူတို့နှစ်ဦးကိုကြည့်ရသည်မှာထူး ...ားသလိုလို။

ဟိုးအလျင်ကတည်းက အတူတွဲသွားတွဲလာရှိမှန်း 'မေ ...တ်မွန်' သိသည်၊ မြင်သည်။ သို့သော် ယခုတွေ့ရသောမြင် ...ကွင်းမှာ ယခင်ကလိုမဟုတ်။ မိမိကျောင်းမတက်သည့်တစ်ပတ် ...တောအတွင်း သူတို့နှစ်ဦးအတော်ကလေး နီးစပ်မှုရှိသွားပြီ ...း။ 'ခင်ဖုန်း' အတင်းတိုးကပ်နေသည်ကိုသိလျှက် 'မောင်မောင်' ...ကျောင်။ အပြုံးမပျက်၊ စကားပြောမပျက်၊ ကိုယ်လုံးချင်းထိတွေ့ ...တ်တိုက်၍လျှောက်နေကြသည်။

သမီးရည်းစားစဖြစ်သူတိုင်း ထိုကဲ့သို့လမ်းတွဲလျှောက် ...း အတွေ့အထိနီးစပ်သွားခြင်းပင် မဟုတ်လော။

တိုင်အကွယ်မှ 'မေမြတ်မွန်' တစ်ယောက်က သူတို့နှစ် ...ကိုကြည့်ပြီးပြုံးမိသည်။ သို့သော် 'မေမြတ်မွန်' ၏မျက်ဝန်းအိမ် ...င်မျက်ရည်ကြည်များယုက်သန်းနေသလို 'မေမြတ်မွန်' ၏ရင် ...င်းမှခံစားချက်ကို မည်သူမှမသိနိုင်ပါ။


www.burmeseclassic.com

www.burmeseclassic.com

အခန်း ,။ ။ ရှစ်

ယခုတလော အစ်ကို 'ဗေယျ' တစ်ယောက်ရှိုးများ

သည်။ မှန်ခဏခဏကြည့်၍ ခေါင်းဖြီးတတ်သည်။ မှန်ထဲမှ '

ယျလွှင်' ကို အပြင်မှ 'ဗေယျလွှင်' က ပြုံးပြသည်။ လေချွန်

သည်။ ယခုနောက်ပိုင်းတွင် 'ကိုဗေယျ' ကိုအိမ်မှာ သိပ်မတွေ့

တော့။ သူငယ်ချင်းများစုပေါင်းဖွင့်ထားသော ဆေးခန်းသို့

ဘက်သွားတတ်သောကြောင့်ဖြစ်သည်။

ယခုထိုဆေးခန်းကိုသွားလို့မှ ဆယ်ရက်မပြည့်သေး အ

ကို 'ဗေယျ' တစ်ယောက် ပြောင်းလဲနေခြင်းဖြစ်သည်။ ပါး

ဟောင်းလောင်းဖြင့်ကြည့်နေမိသည်။ စပို့ရှပ်အဖြူ ကိုးသုံး

ပုဆိုးဖြင့်သီချင်းညည်းနေသော 'ကိုဗေယျ'။ ဘယ်တုန်းကမှ





ချင်းမဆိုဖူးပါ။ တစ်ခါတလေ လေချွန်သည်ကလွဲ၍ပေါ့လေ။

ယခုတော့ညနေခင်းက ကက်စက်ကိုကိုယ်တိုင်ဖွင့်အခွေ ဖွေဘာတွေ ပြောင်းထည့်သည်။ 'ကိုဗေယျ' သည် သူချစ်သော ကောင်မလေးကိုချစ်ကြောင်း ကြိုက်ကြောင်းလုံးဝဖွင့်ပြောသေး ပုံမပေါ်။

" 'ကိုဗေယျ' "

"What What What..."

မျက်ခုံးနှစ်ဘက်ပင့်၍ ခပ်ပြုံးပြုံးထူးရင်း...

"ပြောဆရာလေး... ဘာပြောချင်သလဲ"

" 'ကိုဗေယျ' ကိုကြည့်ရတာ ထူးခြားနေတယ်"

"ဘာထူးခြားနေလဲ... နဖူးမှာဘုထွက်နေလား ခေါင်းမှာ ချိုထွက်နေလား ဖင်မှာအမြီးပေါက်နေသလား"

"မဟုတ်ဘူး ပြုံးကြွနေလို့"

"ထင်လို့ပါကွာ"

"မဟုတ်ဘူး... 'ကိုဗေယျ' ကောင်မလေးတစ်ယောက်ကို မျက်စိကျနေပြီမဟုတ်လား"

"မင်းတောင်ရိပ်မိသွားပြီကိုး"

"ဒီလိုကိစ္စမျိုးနဲ့ပတ်သက်လာရင် ဘယ်သူမဆိုဖုံးဖိလို့ မရပါဘူးဗျာ"

"အောင်မာ ကိုယ့်ဆရာက ဒါတွေဘာတွေတောင်သိနေ



www.burmeseclassic.com

www.burmeseclassic.com

ပြီဆိုတော့ ရိုးရဲ့လား"

"ရိုးပါတယ်ဗျာ... ကျွန်တော့်ကိုစိတ်ချပါ... 'ကိုဧယျ' ပြောစကားကိုမေ့မသွားပါဘူး"

မိမိကိုယ်မိမိ အံ့ဩသွားသည်။ မိမိသည် 'ခင်ဖုန်း' နှင့် တွဲနေပါလျှက် အဘယ်ကြောင့်မသိဟန်ဆောင်နေပါလိမ့်။ ဧ တော့ပြောသာပါသည်။ 'ခင်ဖုန်း' ကို မိမိနှုတ်မှချစ်ပါသည်ဟုတစ် ခါမှဖွင့်မပြောဖြစ်သေး။

သူမတို့ မိမိချစ်နေပြီလော။ ဒါကိုလည်းအဖြေမရှာတတ် သေး။

"အချစ်ဆိုတာ လွတ်လပ်နေတဲ့လူတစ်ယောက်ကိုမအား လပ်အောင်လုပ်နိုင်သလို အပူအပင်ကင်းတဲ့လူတစ်ယောက်ကို ပူပင်စေတယ်... ပိုးဖလံမျိုးမီးကိုတိုးဆိုသလို ပူမှန်းသိလျှက်ဒုက္ခ ရောက်မှန်းသိလျှက်နဲ့ကို ဒီအချစ်ဝဲဂယက်က ရုန်းမထွက်နိုင်ကြ ဘူး"

"အစ်ကို"

"ပြော 'မောင်မောင်' "

"အစ်ကိုကြိုက်နေတဲ့ကောင်မလေးက ဘာလဲ... ဆရာ ဝန်လား"

ထိုစကားကြောင့် 'ဧယျလွင်' မျက်ခုံးနှစ်ဘက်ပင့်တက် သွားပြီး ပြုံးစိစိမျက်နှာဖြင့်...





"မဟုတ်ဘူးကွ... ဆရာမလေး ဆရာမလေး"

"ဩော် ကျောင်းဆရာမလား... ဘယ်ကျောင်းကလဲ... ဘယ်နှစ်တန်းပြတာလဲ"

"မဟုတ်ဘူး အဲ့သလိုဆရာမမဟုတ်ဘူး... ဘယ်ကျောင်း မှာမှမပြဘူး... ငါတို့ငှားထားတဲ့ဆေးခန်းပိုင်ရှင်ရဲ့ ကလေးတွေ ကို စာလာလာပြတဲ့ ကျူရှင်ဆရာမလေး"

"ဩော် ဒါကြောင့် တို့ကိုကြီး ဆေးခန်းသွားတိုင်းရှိုးများ နေတာကိုး"

"ဟာ ခါတိုင်းလည်း ကောင်းကောင်းအမြဲဝတ်တာပါပဲ ကွ"

"မဟုတ်ဘူး အခုပိုသားနားတယ်"

"ထင်လို့ပါကွာ"

"ဒါနဲ့ ကောင်မလေးကလှလားဗျ"

"သိပ်လှတာပေါ့ကွာ... လှတယ် ယဉ်တယ် ကျနေ့ရ တယ်... သိက္ခာရှိတယ်ရိုးသားတယ်"

"တော်ရောပေါ့ အစ်ကိုရာ"

"ဟား ဟား ဟား ဘာလဲမယုံဘူးလားကိုယ့်လူ... ကြော ကြော့ရှင်းရှင်းတောင့်တောင့်တင်းတင်းလေးနဲ့ မျက်နှာလေးက မြန်မာဆန်ဆန် မျက်တောင်ကော့ကော့ နှာတံပေါ်ပေါ်နှင့်ခမ်း ပါးလေးရယ်... စင်ရော်တောင်မျက်ခုံးရယ် အဲ သူ့အရာအပအား

ကြောင်နစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

လုံးကို ဤဖြေရသွားစေတာကတော့ ပေါင်လယ်လောက်အထိ ရှည်တဲ့ သူ့ဆံပင်တွေပဲ"

"ဗျာ..."

"သူ့ဆံပင်က တင်ပါးကျော်တယ်လို့ပြောတယ်ကွ"

'မောင်မောင်' အမြင်အာရုံထဲတွင် 'မေမြတ်မွန်' ၏ သဏ္ဌာန်ထင်ဟပ်လာသည်။

"နာမည်ကကော ဘယ်လိုခေါ်သလဲ"

"မသိသေးဘူးကွ... ခုမှတွေ့တာသုံးလေးခါပဲရှိသေးတာ သူကအပေါ်ထပ်မှာစာသင်တာ... ငါတို့အခန်းနဲ့ကသပ်သပ်ဖြစ်နေတယ်... အပေါ်ထပ်ကို အကြောင်းရှာပြီး တက်ဖို့ကလည်း ရှာမရဖြစ်နေတယ်... တစ်ခါတလေ သူကစာလာပြတာနောက်ကျရင် ငါနဲ့တိုးတယ်... တစ်ခါတလေ သူလာတဲ့အချိန်ကျရင် လူနာရှိနေရင်မတွေ့လိုက်ရဘူး... သူအပြန်လည်းဒီလိုပဲ ဆေးကုနေရလို့လွတ်သွားတတ်တယ်... အဲ တစ်ခါတလေ ကိုယ်ကဆေးခန်းဝမှာ ရပ်စောင့်နေပြန်တော့ သူကဘယ်အချိန်ကတည်းက အပေါ်ရောက်နေမှန်း မသိပြန်ဘူး"

"ဒါဆို 'ကိုဇေယျ' စိတ်ဝင်စားနေတာ သူမသိသေးဘူးပေါ့"

"အင်း သိတော့သိမယ်ထင်တယ်"

"ဘယ်လိုလုပ်သိမှာလဲ"





"သူနဲ့ငါ တစ်ခါမျက်နှာချင်းဆိုတုန်းက ငါပြုံးပြပြီးမျက်စိမှိတ်ပြလိုက်တယ်... ဒါလောက်ဆို ငါသူ့ကိုသာမန်ခင်မင်သူတွေထက်ပိုပြီး မရိုးသားတဲ့စိတ်နဲ့စိတ်ဝင်စားနေပြီဆိုတာ သိကိုသိရမယ်"

"ဒါတော့ ယောကျ်ားလေးအတော်များများ လုပ်နေကြအလုပ်ပဲ... သူ့ကိုဘယ်နှစ်ယောက်လောက်တ တစ်နေ့တစ်နေ့ ရယ်ပြမျက်စိမှိတ်ပြနေမှန်းမှမသိတာ... 'ကိုဇေယျ' ဟာကလည်း မဟုတ်သေးပါဘူး"

"အံမာ မင်းကဒီပညာတွေ အတော်တတ်နေပြီပေါ့လေ"

"ဟတ်လို့ပြောနေတာ မဟုတ်ဘူးလေ... ဒါမျိုးတွေ ကိုယ့်ရှေ့တင်မြင်နေကြားနေရတာပဲ... 'ကိုဇေယျ' အေးအေးဆေးဆေးလုပ်နေ တော်ကြာ သူများလက်ထဲပါသွားလိမ့်မယ်"

"စိတ်ချ သူငယ်ချင်းအားလုံးကို ကြေငြာထားပြီးပြီ ဘယ်သူ့မှမချစ်ရ မကြိုက်ရမလိုက်ရလို့"

'ကိုဇေယျ' တစ်ယောက် တကယ်လုပ်တော့မှာပါလား။

"ဘဘတို့ကြီးကြီးတို့က သဘောတူပါ့မလား"

"လောလောဆယ် ဒါမစဉ်းစားအားသေးဘူးကိုယ့်လူ... သူများလက်ထဲပါမသွားဖို့ရယ် ကိုယ့်လက်ထဲရောက်လာဖို့ရယ်ပဲ"

မိမိကအငယ်၊ ပြီးတော့ သူ့ထမင်းကိုစားနေသူ၊ သူ့အ

www.burmeseclassic.com

www.burmeseclassic.com



ရိပ်အာဝါသအောက်မှာနေသူ။ မိမိဘာမှဆရာလုပ်နေစရာမလို၊ ကန့်ကွက်စရာမလို။

"တဲ သွားမယ်ကိုယ့်လူ စောစောသွားမယ်... နောက်ကျချင်နောက်ကျမယ်... ထမင်းစားနှင့်ပါ၊ စာကျက်ပါ၊ ဘာမှလျှောက်မလည်ပါနဲ့။"

မှာတမ်းတွေခြွေပြီးထွက်၍သွားသော 'ဇေယျာလွင်' နောက်ကျောကိုကြည့်ပြီး 'မောင်မောင့်' ရင်ဝယ် တစ်စုံတစ်ဦးကို သတိရမိလေသည်။

'မေမြတ်မွန်' များလား။ ပုံစံကတော့ အတော်တူနေသည်။ 'မေမြတ်မွန်' နှင့်ဆိုလျှင်တော့ မိမိသဘောမတူနိုင်။ မိမိကျေးဇူးရှင် 'ကိုဇေယျ' ကို ပျက်စီးနေသောမိန်းမဖြင့် လက်တွဲခေါ်ယူလိမ့်မည်မထင်။

မိမိ 'ကိုဇေယျ' တို့သည် တစ်အိမ်တည်းအတူနေသော ညီအစ်ကိုမှန်းသိလျှင် 'မေမြတ်မွန်' သည်လည်း သူ့အလိုလို နောက်ဆုတ်သွားပေလိမ့်မည်။ 'ကိုဇေယျ' ကြိုက်တဲ့အမျိုးသမီးဟာ 'မေမြတ်မွန်' ဟုတ်ချင်မှဟုတ်မှာပါလေ။

ဆေးအိတ်လေးဆွဲပြီး ဟီးနိုးပေါ်မှဆင်းလိုက်သော 'ဇေယျာလွင်' မျက်လုံးပြူးသွားသည်။ မိမိရှေ့တွင်လွယ်အိတ်ကလေး လွယ်လျက် ခပ်မှန်မှန်လေးလျှောက်နေသော မိန်းမလှလေးမှာ မိမိချစ်ခင်နှစ်သက်နေသော မိန်းမပျိုပင်ဖြစ်သည်။





နားကပ်၊ ဆွဲကြိုး၊ လက်ကောက်၊ လက်စွပ်ဘာမျှမတပ်မထားဘဲ ကတ္တီပါကြိုးအနက်ရောင်တပ်ထားသည့် ခေတ်ဟောင်း ရွှေလက်ပတ်နာရီလေးကို ပတ်ထားသည်။

ခြေသည်းလက်သည်းများကို လုံးဝအရှည်မထား။ လက်သည်းနီမသုံး၊ မျက်ခုံးမွှေးမနုတ်၊ လိုင်နာမဆိုး၊ နှုတ်ခမ်းနီမဆိုး၊ သနပ်ခါးကို ခပ်မှန်မှန်လေးပွတ်သည်။

"အဟမ်း..."

ချောင်းဟန့်သံပေးသော်လည်း သူမ လှည့်မကြည့်။

"ဒီမယ် ဒီမယ်"

'ဇေယျာလွင်' အသံကတုန်နေသည်။ သူမတစ်ချက်လှည့်ကြည့်ပြီး မျက်မှောင်လေးကြုတ်ပြီး ပြန်လှည့်သွားသည်။ မျက်မှောင်ကြုတ်သွားခြင်းအားဖြင့် သူမကိုမျက်စိမှိတ်ပြသော ပြီးပြသောအောက်ထပ်ဆေးခန်းမှ လူမှန်းသိတန်ရာသည်။ သိပါစေဆုလည်း ဆုတောင်းမိသည်။

"ပြောစရာလေးရှိလို့ပါ"

'ဇေယျာလွင်' ဘေးမှမီအောင်လိုက်ပြီး...

"ကိုယ့်ကို မင်းသိလား"

'မေမြတ်မွန်' က ခြေလှမ်းမြန်ပစ်ရင်း ခပ်မာမာပြောသည်။

"သိလည်းမသိဘူး... သိစရာလည်းမလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်ကတော့မင်းကိုသိချင်တယ်... မိတ်ဆွေဖြစ်ချင်တယ်... စာသင်တဲ့အိမ်အောက်ထပ်က ဆေးခန်းမှာ ကိုယ်ညနေတိုင်းထိုင်တယ်"

"အဲ့ဒါဘာဖြစ်လဲ... ကျွန်မနဲ့ဘာဆိုင်လဲ"

"ဩော် လိုတဲ့အကူအညီတောင်းပါလို့"

"မလိုပါဘူး"

ထိုကဲ့သို့ပြောပြီး မိန်းမလှထွက်သွားသဖြင့် 'ဇေယျလွင်' ကြောင်တောင်တောင်ကျန်ရစ်ခဲ့သည်။ နောက်မှကိုယ့်ကိုယ်ကို စိတ်တိုမိသည်။ အရေးကြီးသော နာမည်ကိုမမေးလိုက်ရ။

အသက်ကြီးမှ ရည်းစားစကားလိုက်ပြောရခြင်းသည် မကောင်းပါလား။ လူပျိုပေါက်အရွယ်က ရည်းစားစကားလိုက်ပြောစဉ်ကလို သတ္တိမရှိတော့ပါ။ ရှက်သလိုလိုကြောက်သလိုလိုဖြစ်နေသည်။ ပတ်ဝန်းကျင်က အထင်အမြင်သေးသွားမှာလည်း စိုးရိမ်သည်။

မိမိဆေးခန်းအောက်ရောက်ချိန်တွင် ကျူရှင်ဆရာမလေးအပေါ်ရောက်သွားပြီဖြစ်၏။

"ဘယ်လိုလဲ လူပျိုကြီး... အဆင်ပြေခဲ့ရဲ့လား"

သူငယ်ချင်းဆရာဝန်များက ဝိုင်းမေးကြခြင်းဖြစ်သည်။

"မဟန်ပါဘူးကွာ"

ထိုကဲ့သို့ပြောရင်း ဆေးခန်းတွင်းရှိ ကုတင်ပေါ်တွင်လှဲ





အိပ်ချပစ်လိုက်မိသည်။ ဤဆေးခန်းသည် မိမိတို့သူငယ်ချင်းလေးယောက် အခန်းကိုငှား၍ပူးပေါင်း၍ဖွင့်လှစ်ထားခြင်းဖြစ်သည်။ မျက်စိဘက်ဆိုင်ရာ ဆရာဝန်လည်းရှိသည်။ သွားဘက်ဆိုင်ရာ ဆရာဝန်လည်းရှိသည်။ ရိုးရိုးဆရာဝန်လည်းရှိသည်။

"နာမည်ရော မမေးလိုက်ဘူးလား"

"မေ့သွားတယ်"

"ကောင်းဗျာ နီးစပ်ဖို့ဘာမှမဝေးတော့ပါလား"

သူများပြောလည်း ပြောစရာပေကိုး။ မိမိတိုယ်ကတုံးလွန်းပါသည်။

" 'ဇေယျ' မင်းမရရင်ငါလိုက်ပြမယ်"

သူငယ်ချင်းက ကလိသည်။

"မိန်းမဒီလောက်တောင်ရှားလားကွ ဘယ်သူမှဝင်မရှုပ်ကြနဲ့လို့ အစတည်းက ငါမှာထားပြီးသားပဲ"

"အေးလေ အခုငါတို့ပြောနေတာက မင်းမရရင်ငါတို့ဆက်လိုက်မယ်လို့"

"တော်ကွာ တော်ကွာ"

ဒေါသတကြီး အော်ပစ်လိုက်မိသည်။

"ဟား ဟား ဟား 'ဇေယျ' 'ဇေယျ' အစကတော့ ရိုးရိုးကြီး 'ဇေယျ' ပါပဲ... ခုတော့မရိုးနိုင်တော့ပါလား သွပ် သွပ်"

"ဟေ့ကောင်တွေနောက်မနေနဲ့... ငါ ဆွဲထိုးပစ်မိမယ်"


www.burmeseclassic.com

www.burmeseclassic.com

လူနာလာသဖြင့် အားလုံးပါးစပ်ပိတ်သွားသည်။

"ဟော့ကောင် 'ဇေယျ'... အခုလာတဲ့ချာတိတ်ဟာ အပေါ်ထပ်ကချာတိတ်... အခန်းပိုင်ရှင်ရဲ့သားကွ...မင်းအတွက်အကွက်ပဲ"

"ဘာဆိုင်လို့လဲ"

"ဒါကြောင့်ပြောတာပေါ့... တုံးလို့တုံးတယ်ပြောတော့ မကြိုက်ပြန်ဘူး... ကောင်လေးကို မင်းသိချင်တာအကုန်အစ်ရင် ထွက်လာမှာပဲ"

ချာတိတ်လေးမှာ ဆယ်နှစ်သားအရွယ်ဖြစ်သည်။ ပတ်ဝန်းကျင်ကို လေ့လာစူးစမ်းနေသောအရွယ်။ ဗဟုသုတသိသင့်သလောက်သိသည့်အရွယ်ဟုထင်သည်။ 'ကြည်ဝင်း' က ပေါ့ပါးသွက်လက်သောအမူအယာဖြင့်...

"ချာတိတ် ဘာကိတ်"

"ဆေးလာဝယ်တာ"

"ဘယ်သူသောက်ဖို့လဲ"

"သားတို့မေမေ ခေါင်းကိုက်လို့"

"ဟုတ်လား သားခဏထိုင်ဦး... ဦးဦးတို့ဆေးပေးလိုက်မယ်နော်"

'ကြည်ဝင်း' က လေးထောင့်ပလပ်စတစ်ဇကာကြီးထဲတွင်ထည့်ထားသော ဆေးပုလင်းညိုညိုများကို တစ်ပုလင်းချင်း





ခတ်ကြည့်ရင်းက 'ဇေယျလွင်' ကို မျက်နှာရိပ်မျက်နှာကဲဖြင့်လှမ်းပြောနေသဖြင့်...

"သားနာမည်ဘယ်လိုခေါ်လဲ"

" 'မြင့်ဒွေး' ပါ"

"ဖေဖေနဲ့မေမေနာမည်ကကော"

" 'ဦးထွန်းမင်း' နဲ့ 'ဒေါ်မြမြ' ပါ"

"သားတို့ကိုစာပြနေတဲ့ ကျူရှင်ဆရာမနာမည်ကရော"

"မွေ့မြမို့..."

"ဘာ ဘာပြောတယ်"

" 'မွေ့မြမို့' လို့"

" 'မွေ့မြမို့' ဟုတ်လား"

"မဟုတ်ဘူးလေ သဝေထိုးမရေမေ... မရယစ်(တ)သတ် တ်... မေမြတ် မဝဆွဲနသတ်မွန်... 'မေမြတ်မွန်' "

"သြော် သြော် 'မေမြတ်မွန်'... 'မေမြတ်မွန်'... သိပြီ"

'ဇေယျ' မျက်နှာစပ်ဖြဲဖြဲကိုကြည့်ပြီး 'ကြည်ဝင်း' ကရယ် င်နေပေသည်။

"သားတို့ဆရာမက ဘယ်မှာနေလဲ"

"အိမ်မှာလေ သူ့အိမ်မှာပေါ့"

ထိုအဖြေကြောင့် 'ဇေယျ' တို့ရယ်မိသည်။

"မဟုတ်ဘူးလေသားရဲ့... သူ့အိမ်ဘယ်နားမှာလဲလို့


www.burmeseclassic.com

www.burmeseclassic.com



ဦးဦးကမေးတာတွ"

"ဘာဒွေလား ကျောက်မြောင်းလားမသိဘူး"

တော်တော်တိကျသော အဖြေပါပဲ။

"ဘာဖြစ်လို့မေးတာလဲဗျ"

ထိုအမေးကြောင့် 'ဇေယျ' တို့နှစ်ယောက် ကြောင်သွားသည်။

"သိချင်လို့ပေါ့ ချာတိတ်ရာ"

"သိချင်ရင် ဆရာမကိုမေးကြည့်ပေါ့... သားတို့ဆရာမက သိပ်သဘောကောင်းတယ် သိပ်လှတာ"

"ဆရာမမှာ ယောကျ်ားမရှိဘူးလား"

"ဟာ မရှိပါဘူး... ဆရာမကအပျိုပဲဟာ... ခုမှကျောင်းနေတုန်းရှိသေးတာ"

"ဘာ ကျောင်းနေတုန်းဟုတ်လား... ဘာကျောင်းလဲ"

"ကောလိပ်ကျောင်းလေ"

"ကောလိပ်ကျောင်း"

'ဇေယျလွင်' ပါးစပ်မှသံယောင်လိုက်ပြောနေသလို မျက်နှာကြီးဝင်းထိန်သွားပြန်သည်။ 'ကြည်ဝင်း' ကိုလည်းမျက်ခုံးပင့်၍လှမ်းကြည့်သည်။

"နောက်နှစ်ဆိုတီချယ် ဘွဲ့ရတော့မှာ... တီချယ်ကဘွဲ့ဝတ်စုံနဲ့ရိုက်ထားတဲ့ပုံသားတို့ကို ပေးမယ်တဲ့ဗျ"





'ဇေယျလွင်' ရင်ထဲတွင် ကျေနပ်ကြည်နူးမှုများ ယှက်န်းနေသည်။ မိန်းကလေးတစ်ယောက်ကို ယောကျ်ားလေးတစ်ယာက်က နှစ်သက်မိသည်ဆိုသည်နှင့် ထိုမိန်းမကို ပိုင်ဆိုင်သူ း်သားဖြစ်မှာ သိပ်ကြောက်ကြသည်မဟုတ်လော။

သူများမယားကြာခိုသည်ဆိုသော အပြောမျိုးကိုဖောက် တတ်သော ယောကျ်ားများကလွဲ၍ အပြောမခံနိုင်ကြ။ အစွပ် ခံနိုင်ကြပေ။ နာမည်လေးကလည်း 'မမြတ်မွန်' တဲ့။ လှလိုက် ။ လူနှင့်နာမည်နှစ်ခုစလုံး ခွဲမက်စရာ ခွဲလမ်းစရာပါပဲ။ တော ပ်ကျောင်းသူလေးတစ်ယောက်ဆိုတော့ ပို၍ကျေနပ်သွား ည်။

တကယ်လို့ 'မမြတ်မွန်' ဟာ ပညာတတ်တစ်ယောက် ာတ်ဘဲ သူဆင်းရဲမလေးတစ်ယောက်ဖြစ်နေလျှင်လည်း မိမိ ချစ်ကလျော့သွားမည်မဟုတ်ပါ။

တချို့လူတွေကတော့ ထူးခြားသည်။

တစ်သက်လုံးပေါင်းသင်းရမည့် ကြင်ဖော်ကြင်ဖက်ကို ွှာဖြင့်မဆုံးဖြတ်ကြ။ ကိုယ်ယူမည့်လူသည် ပိုက်ဆံရှိရဲ့လား ညာတတ်ရဲ့လား ဂုဏ်ရှိရဲ့လားဟုတွေးတတ်ကြသည်။ အိမ် ာင်ရေးတွင် တကယ့်မေတ္တာစေတနာအကြင်နာမြတ်နိုးတွယ် ာမှုတွေမပါဘဲ ငွေရယ်ဂုဏ်ရယ်ပါလျှင် ပြီးရောတဲ့လား။

ဒီလိုဆိုလည်း ငွေတွေဂုဏ်တွေနဲ့ပဲ ဖက်အိပ်နေပါတော့



www.burmeseclassic.com

www.burmeseclassic.com



လား။

"ဟော့ကောင် မျက်နှာကြီးပြုံးဖြီးဖြီးနဲ့ ဘယ်လိုဖြစ်နေ
တာလဲ… ကြာရင် မင်းရှုံးမယ်"

"အဲ့ဒါပေါ့ကွာ… ပဒိုင်းသီးမစားပါနဲ့ ရှုံးတတ်တယ်ဆို
အတင်းစားတော့ ဒုက္ခရောက်တာပေါ့"

'ဒေါက်တာမြတ်သင်း' က ရှေ့ဘက်ခန်းမှလှမ်းအော်
ခြင်းဖြစ်သည်။

"အစတုန်းကတော့ လူပျိုကြီးပဲလုပ်တော့မယ်ဆို"

"ဘယ်တုန်းကပြောလဲ"

"ဟား ဟား ခုတော့လေသံကတစ်မျိုးပါလား… ကောင်
မလေးက ခုမှကျောင်းနေတုန်းကိုယ့်လူ… ကြည့်ရတာသိပ်ချော
လည်တဲ့ပုံလည်းမရှိဘူး…တော်ကြာ မင်းနောက်ထပ်တစ်ယောက်
ကျောင်းထားပေးနေရဦးမယ်"

'ဒေါက်တာမြတ်သင်း' စကားကို 'ကြည်ဝင်း' က ဤသို့
သို့ ဆက်ပြောလိုက်သည်။

"အင်း ဒါဆိုအဆင်ပြေပြီ… 'ဓေယျလွင်' မင်းအိမ်မှာ
ကျောင်းထားပေးထားတဲ့ 'မောင်မောင်' နဲ့အဖော်ရအောင်ကောင်
မလေးကိုပါ အိမ်မှာခေါ်ပြီး ကျောင်းထားပေးလိုက်… အလှူလှူ
ပညာစုံတော့ကောင်မလေးနဲ့ ကောင်လေး ခိုးလဲနိုးပြေးရောပေါ့
လည်းတစ်ယောက်တည်း ဆွေးပြီးကျန်ရစ်ရော"





"ဟော့ကောင်တွေ မဟုတ်တာတွေလျှောက်ပြောမနေနဲ့
ဆွဲထိုးပစ်မိလိမ့်မယ်"

"ဟား ဟား ဟား"



www.burmeseclassic.com

www.burmeseclassic.com

အခန်း ။ ။ ကိုး

"'မောင်မောင်'"

"ဗျာ 'ကိုဧယျ'"

'ခင်ဖုန်း' အတွက်စားကူးပေးနေသဖြင့် မလုံမလဲဖြစ်ပြ[illegible] စာအုပ်ကိုဖြတ်ကနဲပိတ်၍ ထူးလိုက်မိသည်။

"မင်းခုတလောကြည့်လိုက်တိုင်း စာရေးနေတာချည်း[illegible] အလျှင်က ဒီလိုမဟုတ်ပါဘူး"

ဘာပြန်ပြောရမှန်းပင် မသိတော့။

"တော်ရုံ ကောင်မလေးတစ်ယောက်ယောက်ကို ဗျက်နှ[illegible] လုပ်ဖို့ကူးပေးတာလားကွ"

သွေးထွက်အောင်မှန်နေသဖြင့် 'မောင်မောင်' အဖြေ[illegible]





ခက်နေသည်။

"မင်းကတော့ငါ့ကိုထင်မယ်... အမြဲအပြစ်ရှာနေတယ်လို့ပေါ့လေ"

"မထင်ပါဘူး 'ကိုဧယျ'... ကောင်းစေချင်လို့ သိမှာစေချင်လို့ ပြောဆိုဆုံးမနေတယ်ဆိုတာ အမောင်နားလည်ပြီးသားပါ"

"အေးလေကွာ မင်းကလည်းအရွယ်ရောက်နေပြီဖြစ်တဲ့ အမျိုးသားတစ်ဦးဆိုတော့ လူတာမြင်ရင်ကြည့်ချင်မှာပေါ့... သူများရဲ့လွတ်လပ်ခွင့်ကို ပိတ်ပင်ထားတာမကောင်းဘူးလို့ ငါမြင်တယ်... မင်းရဲ့ပညာရေးနဲ့အကျင့်စာရိတ္တကို မပျက်စီးဘူးဆိုရင် တော်ပါပြီ... တစ်ခုသတိပေးချင်တာက စည်းကမ်းပဲ မိန်းကလေးတစ်ယောက်ကို တကယ်မချစ်ဘဲ အချောင်ရလို့ဟန်ဆောင်တွဲတာတို့ အပျော်တွဲတာတို့တော့မလုပ်နဲ့... အေး တကယ်ချစ်ခင်မြတ်နိုးတယ်ပဲထားဦး... ကိုယ်တွဲတဲ့မိန်းကလေးကို တစ်အိုးတစ်အိမ်ထူထောင်ပြီး မထားနိုင်သရွေ့ လက်ထပ်မယူရသေးသရွေ့ လွန်လွန်ကျူးကျူးမဖြစ်စေနဲ့"

"ဟုတ်ကဲ့"

'မောင်မောင်' စဉ်းစားမိသည်။ 'ကိုဧယျ' တစ်ယောက် ကိုယ်ချင်းစာတတ်လာပြီရော။ သူ့မှာချစ်ရမယ့်သူရှိလာပြီဆိုတော့ ကိုယ်ချင်းစာတတ်လာပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com

" 'ငမောင်' "

"ဗျာ"

"ငါ့တောင်မလေးလည်း တောလိပ်ကျောင်းသူပဲကွ"

"ဟုတ်လား"

တောလိပ်ကျောင်းသူပဲဆိုတော့ 'မောင်မောင်' ပို၍လန့်သွားသည်။ ပုံပန်းသဏ္ဌာန်အပြင် သူမလက်ရှိလုပ်ရှားရှန်းကန်နေသော နေရာဒေသကိုပါသိရလေပြီ။ နာမည်ပါတူနေလျှင်တော့ 'မောင်မောင်' သိသော 'မေမြတ်မွန်' မှ 'မေမြတ်မွန်' ပဲ ဖြစ်ပါမည်။

"သူ့နာမည်ကော မသိသေးဘူးလား 'ကိုဇေယျ' "

"သိပြီ 'မေမြတ်မွန်' တဲ့"

'ဇေယျလွင်' ကကျေနပ်သောမျက်နှာဖြင့် တယုတယရွတ်ဆိုနေခြင်းဖြစ်သည်။ မိမိထင်သည့်အတိုင်းဖြစ်နေ၍ 'မောင်မောင်' မအံ့ဩတော့ပါ။ သို့သော် 'ကိုဇေယျ' အတွက် စိတ်မကောင်းဖြစ်မိသည်။ 'ကိုဇေယျ' လိုလူတော်လူကောင်းမျိုးနှင့် 'မေမြတ်မွန်' လိုနာမည်ပျက်ရှိသော မိန်းမမျိုးသည် မတူပါ မတန်ပါ။ မိမိသဘောမတူနိုင်ပါ။

"မင်းအဲ့ဒီနာမည် ကြားဖူးလား 'မောင်မောင်' "

"ကြားဖူးပါတယ် 'ကိုဇေယျ' "

"ဟုတ်လား ဘယ်အတန်းကလဲ"





'ကိုဇေယျ' မျက်နှာကြီးဝင်းထိန်သွားပြီး မျက်လုံးကြီးအပြင်ပြူးထွက်လာသလား အောင်းမေ့ရသည်။

"ကျွန်တော်တို့အခန်းထဲကပဲ... "

"ဟာ အဟုတ်ပြောတာလား ငါ့ကောင်ရ"

"အဟုတ်ပါ"

"ကံကောင်းလိုက်တာကွာ... အိုကေပဲအဖေတို့အမေတို့ငါ့အတွက် ကားဝယ်ဖို့ရန်ကုန်ဆင်းခဲ့ကြမယ်တဲ့... ကားဝယ်ပြီးရင်မင်းကို ကျောင်းလိုက်ပို့မယ်... ဒါဆိုသူနဲ့နေ့တိုင်းတွေ့ခွင့်ရမယ်"

'ကိုဇေယျ' တစ်ယောက်သတိတရား ရွှတ်ယွင်းသွားပြီလားဟုတောင်ထင်မိသည်။

ဆယ်နှစ်ခန့်နုပျိုလာသည်။ အပြောအဆိုအမူအယာတွေ သွက်လက်လာသည်။ သူ့ကိုယ်သူအပြောင်းလဲကြီးပြောင်းလဲနေတာကိုလည်း သိပုံမပေါ်။

" 'ကိုဇေယျ' မိဘတွေက ခုမှကျောင်းတက်နေတုန်းဖြစ်တဲ့ 'မေမြတ်မွန်' နဲ့ သဘောတူမယ်မထင်ပါဘူးဗျာ"

"သူတို့ငါ့ကိုပြောထားပြီးသားကွ... ငါ့စိတ်ကြိုက်ယူနိုင်တယ်တဲ့"

'မောင်မောင်' ဘာမှဆက်မပြောတော့။ ပြောလို့လည်းရမယ်မထင်။



www.burmeseclassic.com

www.burmeseclassic.com



သူ တန်းတန်းစွဲဖြစ်နေသည့်တီစ္စကို မိမိကစေတနာနှင့် ဝင်ပြောလျှင် စေတနာမဖြစ်ဘဲဝေဒနာဖြစ်မည်မှာမုချ။

ထို့ကြောင့်ဘာမျှမပြောဘဲနေသည်က ကောင်းမည် ထင်သည်။ 'ကိုဇေယျ' နှင့်မိမိတို့ညီအစ်ကိုမှန်းသိလျှင် သူမ အကြောင်းကိုတစ်နည်းမဟုတ်တစ်နည်း ပြောပြမှာပဲဟုတွေးပြီ 'ကိုဇေယျ' အချစ်ကိုလက်ခံဖြစ်ချင်မှဖြစ်မည်။

"မင်းနဲ့ခင်လား"

"ဘယ်သူနဲ့လဲ"

" 'မေမြတ်မွန်' နဲ့"

"တစ်ခန်းတည်းဆိုတော့ မခင်ပေမယ့် မျက်နှာတန်းမေ သလောက်ပါပဲ"

မချစ်ဘူးလို့ရှုနေပြီဟု ပြောရမလောက်ပါပဲ။ 'ကိုဇေယျ' ကိုကြည့်ရသည်မှာ 'မေမြတ်မွန်' ကိုတန်းတန်းစွဲဖြစ်နေပုံရသည်။

"တကယ်လို့ 'ကိုဇေယျ' မိဘတွေက မကျေနပ်ဘူးဆို ရင်ကော"

"မတတ်နိုင်ဘူးလေ... ကျေနပ်အောင်ပြောရမှာပေါ့... ငါကလွယ်လွယ်နဲ့မချစ်တတ်သလို ချစ်ရင်လည်းရအောင်ယူမယ့် ကောင်ကွ"

မလွယ်ပါလား။ ဒီအတောအတွင်း 'ကိုဇေယျ' မိဘများ ရောက်လာသဖြင့် 'မောင်မောင်' ရော 'ဇေယျ' ပါအလုပ်မအား





"သားက ဘာကားဝယ်ချင်တာလဲ"

'ကိုဇေယျ' မေမေက 'ကိုဇေယျ' ကို တကယ့်ကလေး ပေါက်စလေးလို တယုတယမေးနေခြင်းဖြစ်သည်။

"စီးပွားရေးလုပ်စားမှာမှမဟုတ်တာ... ဆန်နီတို့ဒတ် ဆန်းတို့ထဲကဝယ်ပေးလိုက်ပေါ့"

ဖခင်ဖြစ်သူကသားကို ကားလှလှဝယ်ပေးစေချင်သည်။

"ကျွန်တော်ဒီလိုစဉ်းစားထားတယ် ဖေဖေ"

"ကဲ သားသဘောကိုပြောပါဦး"

"ကားလှလှလေးကိုစိမ်လေးနဲ့စီးတာထက် လှတော့တိုး ပြီးစီးပွားဖြစ်မယ့်ကားပဲ ဝယ်လိုက်ချင်တယ်"

"ငါ့သားရယ် မေမေတို့က သားရန်ကုန်မှာသွားရလာရ လွယ်ကူအောင် ဝယ်ပေးတာပါကွဲ... စီးပွားဖြစ်ရေးအတွက်ဝယ် စရာမလိုပါဘူး... ငါ့သားလည်းဆရာဝန်ဖြစ်နေပြီ စားလို့မကုန် ပါဘူးကွယ်... ကားဆွဲစားရင် ကားနာတယ်၊ ဟောင်းလွယ်တယ် ပျက်လွယ်တယ် သားရဲ့"

"ကျွန်တော်ကလိုင်းဆွဲစားတာမျိုးကို ပြောတာမဟုတ် ဘူး... ကားကိုအိမ်မှာပဲထားမယ် အော်ဒါလိုက်တဲ့သဘောပေါ့ ကားလှလှလေးဝယ်စီးပြီး ကျွန်တော်ဆေးရုံသွားရင် ဆေးရုံမှာတ နေကုန်ကျွန်တော်ရှိရင် ကားကြီးရပ်ထားမယ့်အစား တန်ဖိုးရှိရှိ အသုံးချတတ်ရင် ငွေပြန်ဖြစ်မှာမေမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com

"သားပြောတာ ဟုတ်ပါပြီတဲ့ကွာ… ဘယ်သူကဒီကားကိုတာဝန်ယူမှာလဲတဲ့… ကိုယ့်ကားကိုသူများကိုငှားရင် ကိုယ့်ပစ္စည်းမဟုတ်တော့ စည်းကမ်းမရှိဘူးသားရဲ့"

"ကျွန်တော်စဉ်းစားထားပါတယ်… 'မောင်မောင်' ဘွဲ့ရဖို့နှစ်နှစ်လိုသေးတယ်… ဒီအတောအတွင်း ကားမောင်းသင်ပေးမယ်… ကားမောင်းကျွမ်းကျင်ရင် 'မောင်မောင့်' ကို ကားနဲ့စီးပွားရှာခိုင်းရမယ်"

"သားပြောတာ ဆိုးတော့မဆိုးဘူး… ဒါပေမဲ့ 'မောင်မောင်' ကလုပ်ချင်ဦးမှကိုး… ဘွဲ့ရတော့အလုပ်တွေဘာတွေဝင်လုပ်ရင် ဒီကားကြီးဒီအတိုင်းကျန်ရစ်ခဲ့မှာပေါ့"

"ဘွဲ့ရပြီးတာနဲ့ အလုပ်ကတန်းရဖို့ခဲယဉ်းပါတယ်… အနည်းဆုံးတစ်နှစ်တော့စောင့်ရမှာပဲ… ကားကိုအပြင်မှာအောင်ဒါမလိုက်ဘဲ ရုံးမှာသွင်းမယ်… 'မောင်မောင့်' ကိုလည်းလခပေးမယ်… ဒါမှသူ့အမေတွေဆီလည်းပို့နိုင်မှာ"

'မောင်မောင်' ဝမ်းသာလွန်းလို့ ပါးစပ်ပင်စေ့မရ။ ကားမောင်းလည်းတတ်ဦးမည်။တခြားလူတွေဆိုလျှင် တနယ်တကျေးမှရန်ကုန်တွင် လာအလုပ်လုပ်ကြရသည်။ အဆောင်ငှားခ၊ ထမင်းလခ၊ ဖယ်ရီခဖြင့်ရသည့်လခ ပြောင်သွားတတ်သည်။

မိမိကတော့ ကုသိုလ်ထူးသည်။ ထမင်းအလကားစားရသည်။ အလကားနေရသည့်အပြင် ကျောင်းထားပေ သေးသည်။





ဒါတွေစဉ်းစားမိတော့ 'ကိုဇေယျ' ကျေးဇူးသည်ကြီးမားလှပါသည်။ ကျေးဇူးတွေပြန်မဆပ်နိုင်သည့်တိုင်အောင် ကျေးဇူးမကန်းမိအောင်တော့ ကြိုးစားရမည်ဖြစ်သည်။

'ကိုဇေယျ' ၏မိဘများကလည်း မိမိကိုမငြိုငြင်။ 'ကိုဇေယျ' ကျေနပ်သလိုသူတို့ ကျေနပ်ကြသည်။ ဒါတွေဒါတွေကြောင့် 'မောင်မောင်' တစ်ယောက် ရှိသမျှအလုပ်အကုန်လုပ်ခြင်းဖြင့်သာ ကျေးဇူးဆပ်နေခြင်းဖြစ်သည်။

ဘဘကြီးကအလွန် လက်ဖက်ရည်ကြိုက်သူ။ ပြီးတော့ နံနက်လေးနာရီခန့်တွင် ထတတ်သူ။ သောက်တော်ရေလဲ၊ဘုရားရှိခိုးပြီးဆုလေစေတီ၊ ရွှေတိဂုံစေတီ၊ မိုလ်တစ်ထောင်စေတီတို့ကို မပြန်မချင်းမနက်တိုင်းအလှည့်ကျဖူးမြော်တတ်သည်။

'မောင်မောင်' မနက်အစောကြီးထ၍ လက်ဖက်ခြောက်နှင့်လက်ဖက်ရည်ဖျော်၍ ပေါင်မုန့်မီးကင်ကာ ထောပတ်သုတ်ထားပေးသည်။ တစ်ခါတလေညတည်းက ဂျုံနယ်ထားသဖြင့် ထောပတ်ဖြင့်ချာပါတီလုပ်ပေးသည်။ အာလူးကိုပူတီဟင်းချက်ပေးသည်။

" 'မောင်မောင်' က ဒါတွေလည်းလုပ်တတ်လားကွ… အယ်ဆိုးလို့တုန်း"

"ဟုတ်ကဲ့ ဘဘကြီး… 'ကိုဇေယျ' နဲ့လမ်းသုံးဆယ်မှာညတိုင်းလိုလိုသွားစားနေကြဆိုတော့ ခဏမြင်ပြီးလုပ်ချင်စိတ်


www.burmeseclassic.com

www.burmeseclassic.com



ပေါက်လာတာနဲ့ အိမ်မှာလုပ်ကြည့်ရင်း တတ်သွားတာပါပဲ… အခုဆိုရင် မနက်အိပ်ယာနိုးရင်လက်ဖက်ရည်ကာဖီနဲ့ စားပို့အတွက်မုန့်ကိုအပြင်မှာ ထွက်စားစရာမလိုတော့ပါဘူး… ပဲပြုတ်နဲ့ ထမင်းကြော်တစ်လှည့် ထမင်းနဲ့ပဲပြုတ်နယ်တာတစ်လှည့် ချာပါတီတစ်လှည့်နဲ့ ပြီးသွားတာပါပဲ”

“အေး အေး ငါ့တူကိုကျေးဇူးတင်ပါတယ်ကွာ… မင်းအစ်ကိုကို ရန်ကုန်မှာတစ်ယောက်တည်းလွှတ်ထားရတာ မင်းရှိလို့ကွဲ့ သူတစ်ယောက်တည်းဆိုရင်တော့ ဘဘကြီးတို့ပါရန်ကုန်ပြောင်းလာရမယ့်ပုံပဲ… ခုတော့ ‘မောင်မောင်’ ကအကုန်ချက်တတ်ပြုတ်တတ် လျှော်ဖွပ်တတ်တော့ အားလုံးအဆင်ပြေသွားတာပေါ့”

“ကျွန်တော်ကလည်း ဘဘကြီးတို့ကြီးကြီးတို့ကို အစ်ကို ‘ဖေယျ’ နဲ့အတူနေခွင့်ပေးတဲ့အတွက် ကျေးဇူးတင်လို့မဆုံးပါဘူး”

“ရပါတယ်ကွာ… မင်းတို့ချင်းပြေလည်ကြရင် ကျေနပ်ကြရင် တစ်သက်လုံးအတူနေကြ… ညီအစ်ကိုအရင်းလို တစ်ယောက်လိုတဲ့အကူအညီ တစ်ယောက်ပေးကြကြားလား”

“ဟုတ်ကဲ့ ဘဘကြီး”

‘မောင်မောင်’ တစ်ယောက် တစ်ပတ်တိတိ ကျောင်းမတက်ဖြစ်။ ကြီးကြီးတို့မပြန်ခင်အတောအတွင်း အိမ်ကိုလာသည့်ဧည့်သည်များကို ချက်ပြုတ်ကြော်လှော်ကျွေးမွေးရသလို အစ်ကို





ဖေယျ’ ကားဝယ်သည့်ကိစ္စတွင် မိမိပါအချောင်ဟိုဘက်ပွဲစားအိမ် ပါသွားလိုက်၊ ဒီဘက်ပွဲစားအိမ်ပါသွားလိုက်ဖြစ်သလို ဝယ်ပြီး ကားဝယ်သူနာမည်တွေဘာတွေပြောင်းပြီးပြန်တော့ အမိုးမတပ် သေးသောကားသစ်ကြီးပေါ်တွင် ပါးစပ်ပင်မဇေ့အောင်တဟီး ဟီးဖြင့် ပီတိဖြစ်ရင်း သွားတွေအအေးပတ်မတတ် ရင်ဘတ်တွေ အအေးပတ်မတတ် ရန်ကုန်အနှံ့ပဲစုံအထိ ပတ်ကြသည်။

နဂိုတည်းက ကားမောင်းလိုင်စင်ရထားပြီးပြီဖြစ်သော ကိုဖေယျ’ တစ်ယောက် ကားပေါ်ကဆင်းသည်ဟု မရှိသလောက် ဖြစ်နေသည်။ ကားဝယ်ပြီးနှစ်ရက်ခန့်တွင် ကြီးကြီးတို့တောင် ပြီးပြန်သည်။

“ကဲ ကားပေါ်တက်”

ကျောင်းသွားခါနီး ‘ကိုဖေယျ’ ရောက်လာသည်ဆိုကတည်းက မိမိကိုကားနှင့်လိုက်ပို့ချင်ကြောင်း ရိပ်မိသည်။ ဒါပေမဲ့ အခင်စချင်၍…

“ဟာ ကျွန်တော့်အတွက်တော့ ကျောင်းကိုလိုက်မပို့ပါနဲ့ အစ်ကို ‘ဖေယျ’… ကျောင်းကဝေးလွန်းတော့ ကားဘီးလည်းစားမယ် ဓါတ်ဆီလည်းကုန်မယ်”

“ကိုယ့်လူ စကားမများနဲ့… ကားပေါ်တက်မှာတက်ဝါ”

‘မောင်မောင်’ ရယ်ချင်စိတ်ကိုမြိုသိပ်ပြီး ကားပေါ်တက်သည်။ ကြိုက်မရှုက်ငိုက်မရှုက်ဆိုတာမျိုးလို ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ကားပေါ်ကဆင်းပြီးသည်အထိ ကားမထွက်သေးသဖြင့် 'မောင်မောင်' ရပ်စောင့်နေရသည်။

"မင်းမသွားနဲ့ဦး... ငါ 'မေမြတ်မွန်' ကိုစောင့်လိုက်ဦးမယ်"

ဗုဒ္ဓေါ မလွယ်ပါလား။ စိတ်ထဲမှသူတို့နှစ်ယောက်မတိုးပါစေနှင့်ဟု ဆုတောင်းကာမှ ခပ်လှမ်းလှမ်းမှလွယ်အိတ်လေးလွယ်၍ လျှောက်လာနေသော သူမကို 'ဇေယျလွင်' မြင်သွားသည်။

"ဟော ဟိုမှာလာနေပြီ... မင်းနဲ့သိရင်လှမ်းခေါ်လိုက်ကွာ"

ခက်တော့နေပါပြီ။ ကိုယ့်အစ်ကို ကိုယ်မနိုင်သလိုဖြစ်နေပြီ။ အမှန်အတိုင်းပြောရလျှင် 'မေမြတ်မွန်' ကိုမိမိအရောမဝင်ဘဲ နေခဲ့သည်။ ဟိုတစ်ခါကလည်း မိမိကစာကြည့်တိုက်ထဲခေါ်ပြောပြသည်ကို နားမထောင်ချင်သလိုလုပ်ပြီး ထွက်သွားသည်မဟုတ်လော။

'မောင်မောင်' နှင့် 'ဇေယျလွင်' ကိုမြင်ရလေသောအခါ 'မေမြတ်မွန်' ၏မျက်နှာလေးထန်သွားသည်။ လျှောက်လက်စခြေလှမ်းကိုရပ်၍ အခြားတစ်ဘက်သို့ကွေ့၍ ထွက်သွားသည်။

"ခေါ်လေကွာ မင်းနဲ့သိတယ်မဟုတ်လား"

"ကျွန်တော်နဲ့သူနဲ့ မခေါ်ဘူး 'ကိုဇေယျ' "





"ဟာ အရေးထဲများကွာ ခက်တာပဲ"

'ကိုဇေယျ' မျက်နှာကြီးရှုံ့မဲ့နေတာမြင်ပြီး 'မောင်မောင်' ဆ်ချင်သွားသည်။

"ပြန်မယ်ကွာ ပြန်မယ်"

စိတ်တိုတိုဖြင့်ကားမောင်းထွက်သွားသော အစ်ကိုဖြစ်သူကြည့်ပြီး 'မောင်မောင်' ကျန်ရစ်ခဲ့သည်။

" 'မောင်မောင်' "

"ဟင်"

"ပျောက်ချက်သားကောင်းလှချည်လား 'မောင်မောင်'... ကျောင်းတော်ကြီးမှာ 'ခင်ဖုန်းမြင့်မော်' တစ်ယောက်ရှိနေတယ်ဆိုတာကော သတိရသေးရဲ့လား"

"ဩော် ရပါတယ် ရပါတယ်"

'ခင်ဖုန်း' နှင့်တွေ့တိုင်း မိမိပုံစံသည် စက်ရုပ်လိုလို နဂိုမဟုတ်တော့တာကို မိမိသိသည်။

"ဘယ်သွားနေတာလဲ ပြော"

'ခင်ဖုန်း' က လက်မောင်းကိုဆွဲဆိတ်ရင်း မေးခြင်းဖြစ်သည်။

"အိမ်မှာဧည့်သည်တွေရောက်နေလို့ ဘုရားတွေဘာတွေလိုက်ပို့နေရလို့ ကျောင်းပျက်သွားတာပါ"

"ဘယ်ကဧည့်သည်လည်း မှန်မှန်ပြော"


www.burmeseclassic.com

www.burmeseclassic.com

မယုံသလိုမကျေနပ်သလို အမူပိုပိုမေးခြင်းဖြစ်သည်။

"တောင်ကြီးက အမျိုးတွေပါ"

"ဒီလောက်အကြာကြီးမတက်နိုင်ရင်လည်း 'ခင့်' ကိုပြ
တင်ပြောထားပါလား"

"နောက်တစ်ခါဆို ပြောပါ့မယ်"

"ကဲ တစ်ခုခုသွားစားရအောင်"

"မစားတော့ဘူး 'ခင်ဖုန်း'... အိမ်ကအပြည့်အကျပ်စား
ပြီးပြီ ကျောင်းစာတွေပြန်ကူးရဦးမှာမို့"

"အို သိပ်စိတ်ပူမနေနဲ့ 'ခင်' ကူးထားပြီးပြီ ရော့
စာအုပ်ထဲမှာ သူ့လက်ရေးနဲ့ပြန်ကူးပေး... 'ခင်' ကူးထားတာ
ကိုတော့ သူ့စာအုပ်ထဲမှာ ကော်နဲ့ကပ်လိုက်... လာပါကွာ စား
သွားပြောရအောင်"

အတင်းဆွဲခေါ်နေသဖြင့် 'မောင်မောင်' မငြင်းရက်
ပါလာခဲ့သည်။ ဘွဲ့နှင်းသဘင်ခန်းမ၏ဘေးဘက်တွင်ရှိသော
အုတ်ခုံကြီးများပေါ်တွင် ထိုင်နေကြသည်။

"'ခင်ဖုန်း'"

"ဟင်"

"ကိုယ်နဲ့ခုလိုသာတွဲနေ 'ခင်ဖုန်း' ယောကျာ်းရမှာမဟု
တော့ဘူး"

"ဘာဆိုင်တုန်း... သူကတော့လုပ်ပြီကွာ"





'ခင်ဖုန်း' က သူ့ပခုံးနှင့် 'မောင်မောင်' ပခုံးကိုပစ်တိုက်
း ခပ်ပေါ့ပေါ့ပြောသည်။

"'ခင်ဖုန်း' ကိုမေးမယ်"

"မေး ကြိုက်သလိုမေး"

"ဘာရည်ရွယ်ချက်နဲ့ ကိုယ့်ကိုတွဲနေတာလဲ"

"ဩော် ဒါလား... 'မောင်မောင်' က ရိုးတယ်အေးတယ်
တော်တယ်... ဒါတွေကြောင့်တွဲတာ"

"အဲ့သလိုတပူးတွဲတွဲနေတိုင်း မြင်နေကြရတဲ့သူတွေက
ဘာပြောမလဲ"

"ဘာပြောပြော ဂရုစိုက်လို့"

"ဂရုမစိုက်လို့ ဘယ်ဖြစ်မလဲ... လူတိုင်းလူတိုင်းပတ်ဝန်း
ကျင်နဲ့ကင်းကွာလို့ရတာ မဟုတ်ဘူးဗျ"

"ချီးမွမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်ပါကွာ... 'ခင်ဖုန်း' ဂရု
စိုက်ပါဘူး"

"သူတို့ကိုဂရုမစိုက်ပေမယ့် ကိုယ့်ကိုတော့ဂရုစိုက်သင့်
သည်"

"ဘယ်လိုဂရုစိုက်ရမှာလဲ"

"ကိုယ်ဟာအရုပ်လည်းမဟုတ်ဘူး... သစ်ငုတ်လည်း မ
ဟုတ်ဘူး"

"ဟား ဟား ဒါလည်းဟုတ်တာပဲ... သစ်ငုတ်ကြီးဆို


www.burmeseclassic.com

www.burmeseclassic.com



ရင် 'ခင်ဖုန်း' က 'မောင်မောင့်' နားကပ်ပါမလား... အရုပ်ကြီး
ဆိုလည်းမတတ်ပေါင်"

"အရုပ်တို့သစ်ငုတ်တို့က အသည်းနှလုံးမရှိလို့ မိန်းက
လေးတစ်ယောက်နဲ့တွဲသွားလည်း ခံစားချက်ရှိမှာမဟုတ်ဘူး"

" 'မောင်မောင်' က ခံစားချက်ရှိတယ်ပေါ့လေ ဟုတ်
လား"

"ဘယ်လိုအကြံအစည်နဲ့ကိုယ့်ကိုလာကပ်တာလဲ မှန်မှန်
ပြော"

'ခင်ဖုန်း' က နှုတ်ခမ်းကိုရုပ်ဆိုးသွားအောင် ခပ်စောင်း
စောင်းရွှန့်စုထားပြီး ဧပ်ဖြဲဖြဲမျက်နှာဖြင့်...

"အင်း ဟင်း ဟင်း 'မောင်မောင့်' ကိုဘာလို့လာကပ်တာ
လည်းဆိုတော့ 'မောင်မောင်' ဟာ ချမ်းသာတဲ့သူဌေးသားဆိုတာ
သိရလို့ ချိုးစားမလို့ ချူစားမလို့ အဟင်း ဟင်း"

ထိုကဲ့သို့ချစ်စဖွယ်ကနွဲ့ကလျရယ်မောရင်း 'ခင်ဖုန်း'
မျက်နှာက 'မောင်မောင့်' ပခုံးစွန်းဆီမှိုတတ်လာသည်။ ဒါတွေ
သိပါလျှက် 'မောင်မောင်' မရှောင်ဖယ်မိ။ 'ခင်ဖုန်း' ကိုယ်မှသင်း
ပျံ့ပျံ့ထွက်လာသော ရနံ့မွှေးမွှေးကိုလည်း ရှူရှိုက်မိသည်။

ကိုယ်ကိုလှုပ်ရမ်း၍ရယ်နေသောကြောင့် ရဲတွတ်
အောင်ဆိုးထားသော 'ခင်ဖုန်း' ၏နှုတ်ခမ်းနီများက 'မောင်မောင်'
ပခုံးစွန်းဝယ်ပေကျံ၍သွားသည်။





"အယ် ပေကုန်ပြီ ပေကုန်ပြီ... 'မောင်မောင်' တော့သွား
ကျောင်းထဲဝင်သွားတာနဲ့ 'မောင်မောင့်' ကိုစကြတော့မှာပဲ"

"ဘာဆိုင်လို့တုန်း"

"အို စဉ်းစားကြည့်ပေါ့... နှုတ်ခမ်းနီတွေမှန်းလူတိုင်းသိ
ယ်"

'မောင်မောင်' သဘောပေါက်သွားသည်။ မိန်းကလေး
လျှင်လည်း ဆံပင်ဖါးလျားချထားပြီး အုပ်ထားလို့ရသည်။
'မောင်မောင်' ကျောင်းထဲဝင်ရမှာတောင် ရှက်လာသည်။
ယ်အိတ်လွယ်ထားလျှင်တော့ လွယ်အိတ်ကြိုးမည်းမည်းဖြင့်
ထားနိုင်သည်။ သို့သော်တစ်နေကုန် ဒါကိုဖုံးထားနိုင်ပါ့မလား

"ဒုက္ခပဲ"

ပါးစပ်မှဖွင့်၍ ညည်းတွားမိသည်။

"ဘာလဲ 'ခင့်' ကို စိတ်ဆိုးသွားပြီလား"

"မဟုတ်ပါဘူး"

"မတော်လို့ပါကွာ... ဆောရီးပဲ နက်ဖြန်အကျီအသစ်
ထည်ပြန်ဝယ်ခဲ့မယ်"

"အာ အာ ဒီလိုတော့မရဘူး 'ခင်ဖုန်း' ရယ်... ကိုယ့်အ
'ခင်ဖုန်း' နောက်ထပ်ဘာမှမပေးရတော့ဘူး"

"အံမယ်လေးဖြစ်နေလိုက်တာ... စေတနာရှိလို့ပေးတာ
ချင်လှည်းနေ"



www.burmeseclassic.com

www.burmeseclassic.com


မျက်စောင်းထိုး၍ရန်ထောင်နေသော 'ခင်ဖုန်း' ၏ 'မောင်မောင်' တစ်ခုလောက်မေးလိုက်ချင်သည်။

" 'ခင်ဖုန်း' ရယ် မင်းတို့ကိုတကယ်ချစ်လား"

သို့သော် မမေးဖြစ်ပါ။

" 'ခင်ဖုန်း' "

"ဘာလဲ"

" 'ခင်ဖုန်း' ကျောင်းသွားတက်လိုက်တော့... ကိုယ်ဖြ တော့မယ်နော်"

"ဘာလဲ နှုတ်ခမ်းနီပေနေလို့သူများတွေ စမှာစိုးလို့ ဟုတ်လား"

"ဟုတ်တယ် ဒါပေမဲ့ကိုယ်အစစ်ရတာ ဘာမှမဖြစ်ဘူ 'ခင်ဖုန်း' နဲ့ဆိုတာလူတိုင်းသိတယ်"

" 'ခင်ဖုန်း' နဲ့ဆိုတာ အသိမခံချင်ဘူးပေါ့လေ"

"ခက်ပါလားကွာ... အဲဒီလိုထင်ရင် ဘယ်သူနစ်နာမ 'ခင်ဖုန်း' နစ်နာမှာစိုးလို့ပြောနေတာပါ"

"ကောင်းပြီလေ 'ခင်ဖုန်း' သွားတော့မယ်"

'ခင်ဖုန်းမြင့်မော်' ၏မျက်နှာမှာ သိသိသာသာပျက် သည်။ ခေါင်းလေးငုံ့၍ကျောင်းရှိရာ ထွက်သွားသော သူမ ကြည့်ပြီး 'မောင်မောင်' စိတ်မကောင်းဖြစ်သွားသည်။

" 'ခင်ဖုန်း' "

အနောက်မှပြေးလိုက်သွားရင်း ခေါ်လိုက်သည်။ သူမတ ာ်တည်တည်လေးလှည့်ကြည့်သည်။

"စိတ်ဆိုးသွားလား 'ခင်ဖုန်း' "

"မဆိုးပါဘူး ကိုယ့်ကိုမခင်မှန်းသိလျက်နဲ့ ကိုယ်ကခင်မိ တကိုး... ခုလောက်ဆိုနားလည်ပါပြီ... သူများတွေခင်မင်မှုကို ည်ချပြီး 'မောင်မောင့်' နားကပ်လာလို့ 'မောင်မောင်' ချေးကိုင် တလား... ဒါမှမဟုတ် 'မေမြတ်မွန်' ကလွဲရင် တခြားလူဆိုမတွဲ င်တဲ့သဘောလား"

"ဘာမှမဆိုင်ပါဘူး... 'မေမြတ်မွန်' နဲ့ကိုယ်နဲ့စကား ာင်မပြောဘူး... တစ်ကျောင်းလုံးမှာကိုယ်တွဲတာ 'ခင်ဖုန်း' စ်ယောက်တည်းရှိတယ်"

နှစ်ယောက်သားတစ်ယောက်ကိုတစ်ယောက် မျက်နှာ းဆိုင်ကြည့်ရင်း ငိုင်နေကြသည်။

" 'ခင်ဖုန်း' ကိုယ်နဲ့ရုပ်ရှင်လိုက်မလား"

"ဟင်"

မဆီမဆိုင်အမေးခံလိုက်ရသဖြင့် 'ခင်ဖုန်း' အံ့သြသွား ည်။ ရင်လည်းဖိုသွားသည်။

"ရုပ်ရှင်ခေါ်လို့စိတ်မဆိုးနဲ့နော်... 'ခင်ဖုန်း' မလိုက်ချင် င်လည်းကိစ္စမရှိပါဘူး"

ကဲ ဘယ်လောက်တုံးတဲ့ 'မောင်မောင်' လည်းဆို့။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးလိုက်ချင်တယ် မလိုက်ချင်ဘူးဆိုတာ အေ
များအထဲခေတ်တတ်ဘဲ ကိုယ်ထင်တာသာစွတ်ပြောနေသည်။
လိုက်မည်ဟုပြောမည့် 'ခင်ဖုန်း' ပင် ဘယ်လိုဆက်ပြေ
ရမှန်းမသိတော့။

"ရုပ်ရှင်မသွားချင်လည်း ကျောင်းနားကတစ်ဆိုင်ဆို
မှာတစ်ခုခုသွားစားရအောင်"

'ခင်ဖုန်း' ခေါင်းလေးငုံ့၍ပါလာသည်။ အင်းလျားလမ်
အတိုင်းလျှောက်ခဲ့ကြသည်။ တက်စီတစ်စီးငှား၍ မြို့ထဲထွက်
ကြသည်။

နနရှရှခေတ်ဆန်ဆန်ဝတ်ထားသော 'ခင်ဖုန်း' နှင့်တွဲ
လာရသည်မှာ 'မောင်မောင်' အတွက်သိမ်ငယ်သလိုလိုဖြစ်နေ
သည်။

ထို့အတူပင် 'မောင်မောင်' တစ်ယောက် မိမိကိုချစ်ရဲ့
မလားဟုတွေးရင်း စိတ်မောနေရသူက 'ခင်ဖုန်း' ဖြစ်သည်။





အခန်း ။ ။ တဆယ်

"ဟော့ကောင် 'ဖေချလွင်'... ဟိုမှာမင်းကောင်မလေး
ကြည့်စမ်း... ကားပေါ်တက်သွားပါလား"

'ကြည်ဝင်း' ပြသဖြင့်မြင်လိုက်ရသည်။ အံ့ဩခြင်းများ
စွာဖြင့် ပါးစပ်အဟောင်းသားဖြစ်သွားသည်။

"အာ ဒီကောင် အံ့ဩတော့အံ့ဩပေါ့ကွာ... ဘာလို့ဒီ
လောက်ပါးစပ်ကြီး ဟောင်းလေဝင်းဟထားတာလဲ... တော်ကြာ
ခန်းကန်ပြားပျံတွေ အပြုံလိုက်ဝင်သွားဦးမယ်"

'မြတ်သင်း' ထိုသို့ပြောသည်ကိုပင် မကြားတော့။ သို
ကားလေးထွက်သွားရာကို မျက်လုံးကြောင်တောင်တောင်ဖြင့်ငေး
ရင်း ကျန်ရစ်ခဲ့သည်။ အတန်ကြာမှ...



www.burmeseclassic.com

www.burmeseclassic.com

"သူ ငါ့ကိုတမင်ရွဲ့တာထင်တယ်"

"ဘာဆိုင်လို့ မင်းကိုရွဲ့ရမှာလဲ"

"ငါ့တိုမကြိုက်နိုင်လို့ သူ့မှာအဆက်ရှိကြောင်းကြွားပြတာမှမသိတာ"

"အဆက်မဖြစ်နိုင်ဘူးကွ… ကားမောင်းသွားတာ ဘူဒါကြီးပဲ ငါမြင်လိုက်တယ်"

"ဟုတ်လား ဒါဆိုအသိတွေဘာတွေ ဖြစ်မှာပေါ့"

"မင်းဒီလောက်တောင်ဖြစ်နေလည်း သူ့မိဘတွေဆီသွားတောင်းပါလားကွ… မင်းလိုလူတစ်ယောက်ကို ဘယ်မိဘကမှမငြင်းစေရဘူးစိတ်ချ"

"သူ့မိဘကမငြင်းပေမယ့် သူကလက်ခံဦးမှကိုကွ"

"ဒါတော့ မင်းဖါသာကြိုးစားပေါ့"

"အင်း"

'မေမြတ်မွန်' ကိုဘယ်လိုစလိုက်ရမှန်းမသိအောင်ဖြစ်နေသည်။

"ငါတစ်လောတုန်းကလိုက်သေးတယ်… သိပ်လက်ခံချင်ပုံမပေါ်ဘူး… မျက်နှာကိုလည်းစူပုပ်ထားလိုက်တာ"

"ဘယ်မိန်းကလေးက ရည်းစားစကားလိုက်ပြောတဲ့လူကို ရယ်ရယ်မောမောလက်ခံပါ့မလဲ… ပေါတယ် လွယ်တယ်ထင်သွားမှာပေါ့… နည်းနည်းဟန်လုပ်ကြသေးတာပဲ… တချို့များဘယ်လောက်မှုသလဲဆိုရင် လိုက်စကားပြောတဲ့လူတောင်စိတ်ရှည်လို့တခြားမိန်းမကောက်ယူပစ်ချင်မိမယ်… ပထမလိုက်တဲ့အမျိုးသမီးကအမှုလွန်ပြီး အပျိုကြီးဖြစ်ကျန်ရစ်ရော"

"ဟား ဟား ဟား"

"မင်းဆက်လိုက်ဦးမှပေါ့… နှစ်ခါနဲ့မရရင်သုံးခါ သုံးခါနဲ့မရရင် သူလင်မယူမချင်းလိုက်"

"ဟိုကစိတ်တိုပြီး ပါးရိုက်လွှတ်ရင်တော့"

"ဟာ ဒါဆိုပိုတောင်ကောင်းသေး"

"ပါးရိုက်တာများကောင်းလား… ငါ့လခွီးမှပဲ"

"မိန်းကလေးတွေဟာ ပါးရိုက်ပြီးရင် ဖြန့်သနားတတ်တဲ့ဟာမျိုးကွ… ပါးရိုက်ပါစေလို့သာဆုတောင်း"

'ဇေယျာလွင်' သူ့ပါးသူပွတ်၍ ပခုံးတွန့်နေသည်။

"ငါ့သူငယ်ချင်းက ကြိုက်မယ့်ကြိုက်တော့လည်းခက်ခက်ကိုမှကြိုက်တာကိုး… ငါတို့တော့လက်ဖွဲ့ဖို့စုဦးဆောင်းဦးမှထင်တယ်"

ထို့နေ့ဆေးခန်းပိတ်ချိန်မှာပင် 'ဇေယျာလွင်' တို့သူငယ်ချင်းသုံးယောက် အပေါ်ထပ်သို့တက်ခဲ့ကြသည်။

"ဟာ ဒေါက်တာတို့တွေပါလား… ထိုင်ကြပါ ထိုင်ကြပါ"

'ဦးထွန်းမင်း' က မတက်စဖူးတက်လာကြသော သူငယ်






www.burmeseclassic.com

www.burmeseclassic.com

ချင်းသုံးယောက်တို့ ဝမ်းသာအားရကြိုဆိုရင်း…

" 'မြ' ရေ ဆရာဝန်ကြီးတွေအတွက် တစ်ခုခုလုပ်ပါဦး"

"ဟာ နေပါစေ ကျွန်တော်တို့သုံးယောက်ဒီကပြန်တိုင်း လမ်းသုံးဆယ်မှာ' တစ်ခုခုဝင်စားနေကြမို့ပါ"

"နောက်နေ့မှစား… ဒီနေ့တော့အိမ်မှာပဲစားသွားလိုက်တော့ အတော်ပဲ အိမ်မှာဒီနေ့ ထမင်းတွေဟင်းတွေ ကောင်းကောင်းချက်ထားတယ်"

"ဟာချာ အားနာစရာတော့ဖြစ်ကုန်ပြီ"

"ဘာအားနာစရာလိုလဲ ဆရာတို့ရဲ့… ဆရာတို့ပေးတဲ့ အိမ်လခတွေလည်းပါတာပဲ စားသာစား စားသာစား"

'ဒေါ်မြမြ' ဝဝခန့်ခန့်မမကြီးက သဘောကောင်းလှပါသည်။ အကျွေးအမွေးတွေကြောင့် လာရင်းကိစ္စကိုတောင်ပြောရမှာအားနာနေကြသည်။

"ဒါနဲ့ဆရာတို့ဘာအကြောင်းထူးများ ရှိလို့လည်းမသိဘူးမောင်ရဲ့… မေးပါဦးတော့"

"ဟုတ်သားပဲ ပြောပါဦး ဆရာတို့… ကျွန်တော်ဘာကူညီရမလဲ"

'ဇေယျာလွင်' ခေါင်းငုံ့သွားသည်။ 'မြတ်သင်း' နဲ့ 'ကြည်ဝင်း' တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်ကြသည်။

"ဒီလိုပါအစ်ကိုကြီး… နားနဲ့မနာဖဝါးနဲ့နာပါ… ဟော





'ဇေယျာလွင်' က 'မေမြတ်မွန်' ကိုသဘောကျနေလို့ အဲ့ဒါ ဟို"

'မြတ်သင်း' ရှေ့သို့ ဘာဆက်ပြောရမှန်းမသိတော့။

"ဩော် ဒီကိစ္စကြောင့်စုံစုံလင်လင် ရောက်လာကြတာကို နောက်နေ့သူလာတော့ 'မြ' နဲ့ပြောခိုင်းပါ့မယ်"

"ဒါနဲ့စောစောကကားနဲ့ လာခေါ်တဲ့လူရော သူနဲ့ဘာ တော်လည်းမသိဘူး"

"ဩော် 'ဦးမြင့်မော်' ကိုပြောတာလား… ဦးမြင့်မော်'က တော့ သူ့သမီးလို့ပြောတာပဲ"

"ဗျာ သူ့သမီးဟုတ်လား"

'ဇေယျာလွင်' ရင်ထဲမှအလုံးကြီး ဝုန်းကနဲ့ယနေ့မှ ပြုတ်ကျသွားသည်။ သို့သော်ဤမျှချမ်းသာသော သူဌေးကြီးက သူ့သမီးကို လခဘယ်လောက်မှမရသော ကျူရှင်ဆရာမအလုပ်ကိုလုပ်ခိုင်းထားသည်ကတော့ အဓိပ္ပါယ်မရှိဟုထင်မိသည်။ ဇကန္တမွေးအားသမီးများလား။ ရင်ထဲမှာတဖန် တင်းကျပ်လာပြန်သည်။

"အရင်းလားဗျ"

"အဲ့ဒါတော့မပြောတတ်ဘူး… စီးပွားရေးအရ 'ဦးမြင့်မော်' ကိုဆက်ဆံဖူးပေမယ့် အကျင့်စာရိတ္တကတော့ သိပ်မယုံကြည်ဘူး နည်းနည်းရှုပ်တယ်"

ထိုစကားကြောင့် ပို၍ဗျာများရပါသည်။

" 'ဦးမြင့်မော်' က ဘာအလုပ်လုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com


"အား ပိုက်ဆံတော့အရမ်းချမ်းသာတယ် ဆရာတို့ရေ- လုပ်ငန်းတွေကလည်း သိပ်ကြီးကျယ်တယ်... စီးပွားရေးအတွက် အစိုးရဆီမှာတင်သွင်းတဲ့လုပ်ငန်းတွေရှိသလို နိုင်ငံခြားကမှာယူတာတွေလည်းရှိတယ်... အထည်စက်တွေဘာတွေလည်း ရှိတယ်"

စာရိတ္တအတွက် စိတ်မချရဘူးဆိုတော့ ပို၍စိတ်မောရသည်။ သမီး သမီးပြောပြီးကွယ်ရာတွင်...၊ ဩော် စိတ်မောရပါလား 'မမြတ်မွန်' ရယ်။ စားရတာလည်းအရသာမရှိ၊ စိတ်လေသလိုဖြစ်နေသည်။

"ဟာ 'ဖေယျလွင်' စိတ်ပျက်သွားတာလား... 'မမြတ်မွန်' နဲ့ပတ်သက်လို့ကတော့ ကျွန်တော်အလေးနက်ထားပြောရပါတယ်... 'မမြတ်မွန်' ဟာ ဣန္ဒြေရပြီးရိုးအေးတဲ့ကလေးပါ"

ဣန္ဒြေရရမိန်းကလေးတွေ ပျက်စီးနေတာလည်းပုံလို့ပါပျာ။ အိမ်ရောက်မှ 'မောင်မောင့်' ကိုမေးစရာရှိတာ မေးရဦးမည်။

"ကဲ ဘယ်လိုလဲဆရာ... နက်ဖြန် 'မမြတ်မွန်' လာရင်ပြောပေးရမှာလား"

ခေါင်းညိတ်လိုက်မိသည်။ မိမိသူမကို မလွန်ဆန်နိုင်တော့ပါလား။





" 'မောင်မောင်' "

"ဗျာ..."

အကျီတွေတိုက်နေရာမှ 'မောင်မောင်' ထလာသည်။

"ဘာခိုင်းမလို့လဲ အစ်ကို 'ဖေယျ' "

"မခိုင်းပါဘူးကွာ... ထိုင်ပါဦး ခဏလေး"

'ကိုဖေယျ' ကိုကြည့်ရသည်မှာ စိတ်ပါတ်ကျနေသလိုပါပဲ။

" 'မမြတ်မွန်' အကြောင်း မင်းသိသလောက်ပြောစမ်းဘာမှချန်မထားနဲ့"

ခက်ပါလား။ သူမနှင့်မပတ်သက်အောင် ကြိုးစားခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com

လျှက် ယမုကြိုးကြိုးစန်စန် ပတ်သက်နေရပြန်ပြီ။

"ပြောလေကွာ"

"ကျွန်တော် သူများအကြောင်းမပြောပါရစေနဲ့ဗျာ"

"အရေးထဲမင်းက ဈေးကိုင်နေပြန်ပြီကွာ... သူများအကြောင်းမပြောချင်လေမယ့် ငါ့အတွက်တော့ မင်းပြောပြသင့်တယ်ကွ"

အသံမာမာဖြင့် စိတ်တိုစွာပြောနေသော 'ကိုဖေယျ' ကို 'မောင်မောင်' မလွန်ဆန်နိုင်ပါ။ ထို့ကြောင့်လည်းသိသမျှနှင့်ဖွင့်ဟရပါတော့သည်။

"သူ့ကိုကျောင်းသားတွေ အတော်များများသဘောကျပါတယ်... ဣန္ဒြေရတယ် သိက္ခာရှိတယ်ဆိုပြီးတော့ပေါ့လေ...ဒါပေမဲ့အားလုံး အံ့အားသင့်ရမယ့်အလုပ်ကိုသူလုပ်လိုက်လို့ကျောင်းမှာနာမည်ပျက်သွားတယ်"

"ဟင် ဟုတ်လား... ဘယ်လိုနာမည်ပျက်သွားတာလဲ"

'ဖေယျလွင်' က စိုးရိမ်ပူပန်စွာမေးသည်။

"ကျောင်းရှေ့ဘက်သစ်ပင်အောက်ကနေပြီး ပိုက်ဆံအချမ်းသာဆုံးလူကိုရွေးပြီး တွဲတယ်လေ"

"သူတွဲတာ ကျောင်းသားထဲကလား"

"မဟုတ်ဘူး... ကျောင်းသားထဲကတွဲရင် ဘာမှနာမည်ပျက်စရာမလိုဘူး"





"ဟင် ဒါဖြင့် သူကဘာနဲ့တွဲတာလဲ"

"ကျောင်းသူတစ်ယောက်ရဲ့ အဖေနဲ့လေ"

"ဟင်"

မိမိထင်သလိုဖြစ်နေ၍ 'ဖေယျလွင်' စိတ်မောသွားသည်။

"အဲ့ဒီလူကချမ်းသာလို့လား... မင်းကကော ဘယ်လိုအဲ့ဒီလူကြီးချမ်းသာတာသိလဲ"

"သိသာလွန်းပါ့တယ်.. အစိမ်းရောင်ကားနဲ့ကျောင်းလာ[illegible]ပို့နေတာပဲ... သူ့သမီးဝတ်ထားတာ ကြည့်ရင်လည်း သူတို့[illegible]းသာတာသိနိုင်တာပဲ အမှန်အတိုင်းပြောရရင်အစကတည်းက[illegible]ဖေယျ' ကိုသူနဲ့မဖြစ်စေချင်ဘူး... ဒါပေမဲ့ကျွန်တော့်စေတနာ[illegible] တစ်မျိုးထင်မှာစိုးလို့... ဒါနဲ့ 'ကိုဖေယျ' ကရော 'မေမြတ်မွန်'[illegible]ကြောင်းဘာတွေသိခဲ့လို့လဲ"

"ထွေထွေထူးထူးမဟုတ်ပါဘူး... မင်းသိသလောက်ပါပဲ"

အကယ်၍ သူမသည်နာမည်ပျက်နေသော မိန်းကလေး[illegible]စ်အမှန်ဖြစ်နေပါလျှင် မိမိသူမကို လက်တွဲနိုင်ပါမည်လော။ [illegible]ာတွေကရော လက်ခံနိုင်မည်လော။ မဖြစ်နိုင်ပါ။ မဖြစ်နိုင်[illegible]ည်အတူတူ 'ဦးထွန်းမင်း' ကို ကြိုတင်၍နုတ်ပိတ်ခိုင်းမှဖြစ်မည်။ [illegible]ထွန်းမင်း' တို့ကတော့ နက်ဖြန်ညနေ သူမကျူရှင်လာပြီချိန်[illegible]င် ဖွင့်ပြောမည်မှချ။ အိမ် ဖုန်းသွားဆက်ဦးမှပါ။

"ငါလမ်းထိပ်သွားလိုက်ဦးမယ်... မင်းဘာစားမလဲ"



www.burmeseclassic.com

www.burmeseclassic.com

နေ့ခင်းကရုပ်ရှင်ရုံထဲတွင် 'ခင်ဖုန်း' ၏ပါးနုနုလေးကို မထိတထိ နမ်းရှိုက်ခဲ့ရသော အရသာသည် ယခုထိ 'မောင်မောင့်' နှာခေါင်းဝဝယ် မွှေးပျံ့နေဆဲ၊ မိမိလက်မောင်းနားအတင်းတိုးကပ်လာတိုင်း ပူနွေးနွေးထွေးအိသော အတွေ့အထိကြောင့် တစ်ကိုယ်လုံး ရှိန်းမြမြဖြစ်သွားခဲ့သည်။

'ခင်ဖုန်း' တစ်ယောက် မိမိကိုဘာကြောင့်များ သုံးညီလောက်စွဲလမ်းနေပါလိမ့်။ မိမိစိတ်ကိုထိန်းချုပ်၍ ဆန္ဒတွေကိုမြိုသိပ်ခဲ့ပါသည်။ သို့သော် မိမိသည်အရုပ်မဟုတ်ပါ။ 'ခင်ဖုန်း' လိုလှတကာငေးအောင် လှသော လှတကာအားကျလောက်အောင်ကြွယ်ဝမှုနှင့်ပြည့်စုံသော ယောက်ျားလေးတွေတကောက်ကောက်အလိုက်ခံနေရတတ်သော 'ခင်ဖုန်း'။

ယခုတော့ 'ခင်ဖုန်း' သည် မိမိရင်ခွင်ဝယ် မိမိအယုအယအထွေးအပွေ့အရှိုက်အနမ်းတို့ကိုခံယူခြင်း ပေးအပ်ခြင်းတို့ဖြင့်ပျော်မွေ့နေပြီ။ မိမိနှင့် 'ခင်ဖုန်း' တို့သည် မသိမသာချစ်သူဘဝမှ သိသိသာသာချစ်သူဖြစ်ခဲ့ပြီ။

'ခင်ဖုန်း' များမိမိကိုဘယ်လောက်ချစ်သနည်းဆိုလျှင် ဘယ်လောက်သည်းသလဲဆိုလျှင် တစ်နေကုန်လျှောက်လည်၍အားမရ၊ ညကျလျှင် 'မောင်မောင့်' အသံကြားချင်ပါသည်ကိုးနာရီလောက်ဖုန်းဆက်ပါဟုမှာသည်။ သူမကိုယ်တိုင်ဖုန်းနားတွင်လာစောင့်နေပါမည်ဟု ခဏခဏမှာလိုက်သေးသည်။





သို့သော် 'မောင်မောင်' ကံမကောင်း။ ခါတိုင်းညတွေ ဘယ်နာရီလောက်မှပြန်လာတတ်သော 'ကိုဇေယျ'သည်ယနေ့ ကိုးနာရီမထိုးခင်လေးတွင် ကပ်ပြန်လာသောကြောင့် လမ်းထိပ်သို့ဖုန်းဆက်ဖို့ပြင်နေသော 'မောင်မောင်' တစ်ယောက်အလုပ်ရှိအလုပ်ရှာကာ မီးပူထိုင်တိုက်ရင်းအခွင့်ထွက်ဖို့ အကွက်ချောင်းနေခြင်းဖြစ်သည်။

"ဟော့ကောင် ငါပြောနေတာ မင်းမကြားဘူးလား"

"ဗျာ 'ကိုဇေယျ' ဘာပြောတာလဲ… ကျွန်တော်မကြားဘူးပါ"

"အရေးထဲမင်းကဘာဖြစ်နေတာလဲ… ဘာလဲ အတွေးနှစ်ရာရည်းစားတွေဘာတွေ ရှိနေပြီလား"

"ဟာ မရှိပါဘူးဗျာ… ကျွန်တော့်ကိုစိတ်ချပါ"

ညာပြောမိသဖြင့် ရင်ထဲတစ်မျိုးကြီးဖြစ်သွားသည်။

" 'ကိုဇေယျ' လမ်းထိပ်မှာဘာဝယ်ချင်လဲ ကျွန်တော်ဝယ်ပေးမယ်လေ"

တမင်လမ်းထွက်ချင်၍ ကပ်သပ်ဖြီးမေးမိသည်။

" နေ နေ ငါ့ဖါသာသွားမယ်… ဘာမှာဦးမလဲ"

"မမှာတော့ပါဘူး"

'ကိုဇေယျ' ထွက်သွားပြီး မကြာခင်ပင် 'မောင်မောင်' လည်းတံခါးပိတ်၍လမ်းထိပ် တယ်လီဖုန်းရှိရာအိမ်သို့ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com


'ခင်ဖုန်း' စိတ်ကျေနပ်အောင် အနည်းငယ်စကားပြောပြီးအိမ်သို့ 'ကိုဇေယျ' ရောက်ခင် အိမ်အလျင်ရောက်အောင်ပြန်၍ ဟန် ဖျက်နေရသည်ဟုတွေးတောမိသည်။

"မှာဘူး"

တယ်လီဖုန်းရှိသည့်အိမ် လေ့ကားတစ်ထစ်သာနင်း သေးသည်။ အိမ်ပေါ်တွင်တယ်လီဖုန်းဆက်နေသော 'ကိုဇေယျ' ကို တွေ့လိုက်ရသဖြင့် ခြေလှမ်းတုံ့ကနဲဖြစ်သွားမိသည်။

'မောင်မောင်' လေးငါးဆယ်အိမ်ကျော်လောက် ဖြ လျှောက်လာပြီး အခြေအနေကို စောင့်ကြည့်နေမိသည်။ မကြာ ပါ ထိုအိမ်ပေါ်က 'ကိုဇေယျ' ဆင်းလာပြီး မိမိတို့အိမ်ရှိရာဘက် လျှောက်လာနေသဖြင့် ပြန်ခဲ့ရသည်။ မီးပူတိုက်ဟန်ဆောင်နေ လိုက်ရပေသည်။

"တံခါးဖွင့်စမ်း 'မောင်မောင်' "

"အစ်ကို 'ဇေယျ' ... ကျွန်တော်လမ်းထိပ်မှာ ငှက်ပျော သီးသွားဝယ်လိုက်ဦးမယ်"

"ဟာ ခုနကဘာမှာမလဲမေးတုန်းက မမှာဘဲနဲ့"

"ဟုတ်တယ် ခုမှသတိရလို့မနက်ကျရင် အာရုံဆွမ်းကပ် ချင်လို့ရယ် ညစာကျက်ရင်စားဖို့အချဉ်ထုပ်ရယ် ဝယ်ချင်လို့ ပါ"

"သွား သွား မြန်မြန်ပြန်ခဲ့"



ဝမ်းသာလိုက်သည့်ဖြစ်ခြင်း၊ ဆယ်နာရီထိုးနေပြီဖြစ်၍ တယ်လီဖုန်းအငှားဆက်သည့်အိမ်ကပင် တံခါးပိတ်တော့မည် ကောင်းပန်ပြီးပြန်ဖွင့်ခိုင်းပါသည်။

"ဟယ်လို 'ခင်ဖုန်းမြင့်မော်' နဲ့တွေ့ချင်လို့ပါ"

"ခု ပြောနေတာ ဘယ်သူလဲ"

မိန်းမကြီးအသံ၊ အသံကမာပြီး ဖုန်းဆက်တာကိုမကြိုက် ည်ပုံစံမျိုးဖြစ်သည်။

"ကျွန် ကျွန်တော် 'မောင်မောင်' ပါ"

"ဘယ်ကလဲ"

"ကျောင်းကပါ သူ့သူငယ်ချင်းပါ... သူ့ကျွန်တော့်ဆီက အုပ်ငှားထားတာ ပြီးပြီလားမေးချင်လို့ပါ"

"မင်းနယ်ကွယ် စောစောစီးစီးမေးတာမဟုတ်ဘူး ခုဆို အိပ်ပြီကွဲ... မနက်မှထပ်ဆက်တော့ ဟုတ်လား"

ထိုသို့ပြောပြီး ဖုန်းခွက်ကိုပြန်တင်သွားသဖြင့် 'မောင် ောင်' မတင်မကျနှင့်ပြန်ခဲ့ရသည်။ ပူပူနွေးနွေးချစ်သူများမို့ ထို ာ်သို့တယ်လီဖုန်းဆက်ခွင့် မရလိုက်သည်ကိုပင် နေရထိုင်ရခက် သည်။ နက်ဖြန်မနက်တွေ့ရမည်ကိုသိလျှက် ယခုညလွမ်းနေ ည်။

'မောင်မောင်' အိပ်၍မပျော်သလို 'ကိုဇေယျ' လည်းအိပ် ပျော်ပုံမရ၊ တစ်ညလုံးစာဖတ်လိုက် မီးပိတ်ပြီးအိပ်လိုက် တော်


www.burmeseclassic.com

www.burmeseclassic.com

ကြာပြန်နီးလိုက်ဖြင့် မနက်မိုးလင်းသွားသည်။

'ဇေယျလွင်' မိမိကိုယ်မိမိ အံ့အားသင့်မိသည်။ ဖုန်းဆ
မည်ဟုတွေး၍သွားသည်။ ဟိုကျတော့ 'ဦးထွန်းမင်း' ဆီဖုန်းလ
ပြီး မနက်ဖြန်အစီအစဉ်ဖျက်ဖို့ ပြောမည်လုပ်ပြီးမှမပြောဖြစ်
တခြားသူငယ်ချင်းတစ်ယောက်ဆီ ဆက်၍ပြန်ခဲ့ခြင်းဖြစ်သည်

မျက်လုံးထဲတွင် 'မမြတ်မွန်' ၏ ချစ်စဖွယ်လှုပ်ရှာ
များက 'ဇေယျလွင်' ၏အချစ်စိတ်ကိုနိုးကြားရန် ဖန်တီးနေ
ဖြစ်သည်။



အခန်း ။ ။ ထုဆယ့်တစ်

'ခင်ဖုန်း' စိတ်ကောက်နေသည်။

ခါတိုင်းနေ့တွေလို 'မောင်မောင်' ကိုကော်ရစ်တာကလာ
ချပ်မစောင့်၊ စာသင်ခန်းထဲတွင် ဘာတွေထိုင်ကူးနေသည်မသိ။
သူမမျက်နှာလုလှကို တွေ့မြင်လိုပါသော်လည်း မမြင်ရ။ မိမိစွဲ
လမ်းပြီဆိုပါမှ သူမကခပ်တင်းတင်းလုပ်ပြလေရော့သလား။ မိန်း
မတွေဟာ ဒီလိုပဲ နေ့တစ်မျိုးညတစ်မျိုးလေသ။

သို့သော် သူမ ကြာကြာစိတ်မကောက်နိုင်။ စာသင်ခန်း
အပြင်ဘက်သို့ ဖြတ်ကနဲလှမ်းကြည့်သည်။ အခန်းပြင်တွင်တ
ိုးတည်းထီးတည်းမားမားရပ်နေသော 'မောင်မောင်' ကိုတွေ့
လိုက်ရသောအခါ 'ခင်ဖုန်း' ဟန်မလုပ်နိုင်တော့ပါ။ အားဖွဲ့ပေါ်မှ


www.burmeseclassic.com

www.burmeseclassic.com

စာအုပ်များကိုသိမ်းကာ သားရည်လွယ်အိတ်ထဲထည့်၍ အပြင်
ထွက်ခဲ့သည်။

သူမထွက်လာတာကို မြင်ရသောအချိန်တွင် 'မောင်
မောင်' ရင်တွေ တဖုန်းဖုန်းတဒိုင်းဒိုင်းခုန်လာကြသည်။

"ဟွန်း... ညကဘာလို့ဖုန်းမဆက်တာလဲ"

"ဆက်တယ် 'ခင်ဖုန်း' အိမ်ကခေါ်မပေးတာ... အိပ်နေ
ပြီတဲ့"

"အို မဖြီးနဲ့ကိုယ့်လူ... 'ခင်' ဆယ်နာရီထိုးကာနီးအထိ
စောင့်နေသေးတယ်... မာမီကအတင်းအိပ်ခိုင်းလို့ အိပ်လိုက်ရ
တာ ကဲ ဘာညာချင်သေးလဲ"

"ရှစ်နာရီတုန်းက အိမ်ကိုဧည့်သည်တွေရောက်နေလို့ပါ
ဧည့်သည်ပြန်တာနဲ့ ကိုယ်လာဆက်တာပဲ... အိမ်မှာကဖုန်းမှမရှိ
တာ... ရှိရင်တော့အချိန်မရွေး ကောက်ဆက်နိုင်တာပေါ့"

"တော်ပါ ဆင်ခြေလက်ခြေသိပ်မပေးနဲ့... ဧည့်သည်နဲ့
'ခင်ဖုန်း' ဘယ်သူကပိုအရေးကြီးလဲ"

"နောက်မှရန်ထောင်ပါလား 'ခင်ဖုန်း' ရာ... အချိန်တွေ
ပိုနေသေးတာပဲ... တခြားမှာ အေးအေးဆေးဆေး စကားပြောရ
အောင်လေ"

'ခင်ဖုန်း' ဘာမှပြန်မပြော။ မှုန်နေသောမျက်နှာလေးဖြင့်
ရှေ့မှထွက်သွားသည်။





"တကယ်ရော ချစ်ရဲ့လား"

ခပ်ဝေးဝေးလျှောက်နေရာမှ နှစ်ယောက်သားနီးသွားကြ
သည်။ ထုံးစံအတိုင်း ဟိုတိုက်ဒီတိုက်ဖြစ်သွားစမြဲ။

"တကယ်ချစ်တာပါ 'ခင်ဖုန်း' ရယ်... စိုးရိမ်ရမှာကကိုယ်
ရယ်ပါ"

"ဘာကိုလဲ"

"ဩော် ပစ်သွားမှာကိုပေါ့"

"ဘယ်သူကပိုချစ်တာလဲ ကဲ ပြောစမ်းပါဦး"

"ကိုယ်"

"ကိုယ်ပဲလား ခေါင်းကောမပါဘူးလား"

"အဟင်း ဟင်း တစ်ကိုယ်လုံးပါဗျာ... တစ်ကိုယ်လုံး"

"ဟင်း"

သည်လိုပြောတော့လည်း ရက်ပြန်ရော။ ဂျပ်စင်အောက်
ဘက်ချောင်ထဲတွင် နေရာအကျယ်ကြီးကို တိုးတိုးခွေ့ခွေ့ပွုံးပွုံး
လူးလူးအပ်ကြောင်းထပ်နေသော စကားများကို ပြောလို့မရိုးနိုင်။
ဘေးလူတွေကြည့်လို့လည်း ဂရုမစိုက်နိုင်၊ အချစ်စကားတွေ အ
ချစ်အနမ်းတွေ အချစ်ပန်းတွေ ပွင့်လန်းခဲ့ကြသည်။

"ဟယ် သုံးနာရီတောင်ထိုးပြီ 'မောင်မောင်' "

"ဟင် ဟုတ်လား... စာတွေလွတ်ကုန်ပြီ"

"ကြည့် သူစာလွတ်မှာလောက်ပဲ ကြောက်နေတာပဲ ...



www.burmeseclassic.com

www.burmeseclassic.com

အတူနေရတာမပျော်ဘူးလား ပြော"

"ပျော်တာပေါ့... အပျော်လွန်လို့လည်း အချိန်ကုန်သွားတာမသိလိုက်တာပေါ့... စဉ်းစားကြည့်လေ နာရီဝက်လောက်ဆိုလာထိုင်တာအခု ဒီမှာနှစ်နာရီလောက်ကြာသွားပြီ"

"ကဲ သိပ်စိတ်ပူမနေနဲ့... မောင်နောက်ကျတဲ့စာတွေ ဒီတစ်ခါ 'ခင်' က ပြန်ကူးပေးမယ်နော်"

"ဟာ နေပါစေ ဂျတယ်"

" 'ခင့်' လက်ရေးနဲ့အမှတ်တရ ရေးကူးပေးချင်လို့ပါကွာ"

ပြောပြောဆိုဆို 'ခင်ဖုန်း' က 'မောင်မောင့်' လွယ်အိတ်တွင်းက စာအုပ်တစ်အုပ်ကိုနှိုက်၍ ဟိုလှန်ဒီလှန်လုပ်နေသည်။

"ဟင် ဒါက ဘာတွေရေးထားတာလဲ မောင်... ငါးကြင်းကိုကြက်သွန်ဖြူနဲ့ကြော်ပြီးပြန်ပေါင်း... ချဉ်ပေါင်ရွက်နဲ့မျှစ်ကိုပုစွန်နဲ့အရည်ချက် ငါးပိကြော်ဆိုပါလား... အောက်မှာလည်းဟင်းမျိုးကိုစုံနေတာပဲ... ဘာလဲ ထမင်းဆိုင်ဖွင့်မလို့လား ဘာလုပ်ဖို့ရေးထားတာလဲ"

" 'ခင်ဖုန်း' သိတဲ့အတိုင်းပဲ...အိမ်မှာညီအစ်ကိုနှစ်ယောက်တည်းရှိတာ တစ်ယောက်တစ်လှည့် ဈေးဝယ်... တစ်ယောက်တစ်လှည့်ချက်ရတယ်လေ"

"မောင့်ကို သနားလိုက်တာကွာ"

" 'ခင်' ရော အိမ်မှာ ထမင်းဟင်းချက်ရလား"

"ဟင့်အင်း မွေးကတည်းက တစ်ခါမှကနေ့အထိမချက်ဖူးသေးဘူး...အင်း မဆိုးဘူး ယောကျ်ားယူရင် ထမင်းဟင်းကောင်းကောင်းချက်တတ်သူကို ရှာယူမှရှာယူမှ"

"ရှာစရာမလိုတော့ဘူး... 'မောင်မောင်' ဆိုတဲ့ကောင်အားလုံးချက်တတ်တယ်"

"အဟင်း ဟင်း"

"စာမေးပွဲဖြေဖို့ တစ်လပဲလိုတော့တယ်... 'မောင်' တို့စာဝိုင်းကျက်ကြစို့ 'ခင်ဖုန်း' "

"ဘာလဲ 'ခင်' နဲ့လာတွေ့တာ အချိန်ကုန်တယ်ဆိုတဲ့သဘောနဲ့ပြောတာလား"

"မဟုတ်ရပါဘူးကွာ... 'ခင်ဖုန်း' တို့အတွက် တစ်နှစ်ကျရင် မထိခိုက်ပေမယ့် ကိုယ်တို့လိုငမွဲတွေအတွက်တော့ တစ်နှစ်ဆိုဆိုသလောက်ပါပဲ"

"ဒီလိုလုပ်ပေါ့... နောက်နေ့တွေ တွေ့ကြရင် ချစ်တဲ့အကြောင်းတွေမပြောဘဲ စာကြောင်းပေကြောင်းတွေပဲ ပြောကြတာပေါ့... တစ်ယောက်တစ်လှည့်စာပြန်ကြေးလေ"

"ကောင်းသားပဲ"

ကျောင်းဆင်းခါနီး ကားဂိတ်တွင်မမျှော်လင့်ဘဲ 'မမြတ်မွန်' နှင့်သွားတိုးနေသည်။ သူမကမိမိကို မသိမသာစိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



တတ်သည်။

"'မောင်မောင်'"

မိမိ မမြင်ဟန်ဆောင်နေသည်ကိုသိလျှက် 'မမြတ်မွန်' လာခေါ်ခြင်းဖြစ်မည်။ 'မောင်မောင်' ခပ်တည်တည်ကြည့်လိုက်သည်။

"နင့်ကိုပြောစရာရှိလို့"

"ဘာလဲ"

"နင့်အစ်ကို ငါ့ကိုကြိုက်နေတာသိလား"

"စိတ်မဝင်စားဘူး"

"စိတ်မဝင်စားပေမယ့် သည်းခံပြီးနားထောင်ပါ နင့်အစ်ကိုကို ငါ့မကောင်းကြောင်းလေးဘာလေး မပြောလိုက်ဘူးလား"

"ပြောစေချင်လို့လား"

"ပြောလိုက်ပါလား ဒါမှနင့်အစ်ကို နှောင့်ယှက်တဲ့ရန်က ကင်းရှင်းမှာ"

"အေး မပြောသေးတာက နင့်အတွက်ပဲ"

သူမ ဘယ်လိုသဘောထားရှိသည်ကိုသိချင်၍ တမင်လမ်းကြောင်းပေးခြင်းဖြစ်သည်။

"ဘာငါ့အတွက်လဲ အပိုတွေ"

"တကယ်ပြောတာ အသက်ကြီးကြီးသေခါနီးတွေလိုက်နေမယ့်အစား ငါ့အစ်ကိုလို ဆရာဝန်တစ်ယောက်ကို အတည်တကျယူပြီး အေးအေးဆေးဆေး နေလိုက်ပါလား"





"အို ဘာလုပ်ဖို့လဲ.. နင့်အစ်ကိုထက်ချမ်းသာတာနဲ့တွဲရမှာပေါ့... နင့်အစ်ကိုတစ်လဝင်ငွေ ဘယ်လောက်ရှိလို့လဲ"

မချိုမချဉ်မျက်နှာနှင့် မခံချင်စဖွယ်ပြောနေသော 'မမြတ်မွန်' ကို သွားအချောင်းလိုက်ကျွတ်ထွက်သွားအောင် ဆွဲထိုးပစ်ချင်လာသည်။

ဆရာဝန်ကို့များ ဘာလုပ်ဖို့လဲတဲ့။

"နင့်လိုဟာမျိုး မျက်စီးတာတောင် နည်းသေးတယ် သွားမယ် သွားမယ်... နင့်လိုဟာမျိုးနဲ့တွဲစကားပြောနေတာ တခြားလူတွေမြင်ရင် အထင်လွဲလိမ့်မယ် အထင်လွဲလိမ့်မယ်"

"ဟင်း ဟင်း"

'မမြတ်မွန်' က 'မောင်မောင်' ကြားလောက်အောင် တမင်မချိုးမခန့်ရယ်လိုက်သည်။ သို့သော် ကားအလာကိုပင် မစောင့်ဘဲမိမိနှင့်ဝေးရာ တမင်ထွက်သွားသော 'မောင်မောင့်' နောက်ကျောကိုကြည့်၍ မျက်နှာလေးငယ်သွားသည်ကိုတော့ 'မောင်မောင်' မသိတော့ပါ။ 'မမြတ်မွန်' ဆေးခန်းရှိရာမှဖြတ်ခို့အရေး ရင်တွေခုန်နေမိသည်။

'မောင်မောင့်' အစ်ကိုကိုလှချောမျှား စောင့်နေလေမလား ဟု ရင်ဖိုမိခြင်းဖြစ်သည်။ တော်ပါသေးရဲ့ 'မြတ်မွန်' ဆိုင်ရှေ့ဖြတ်ပြီး လှေကားထစ်ချိုးကွေ့တက်ရမည့်အရေး မျှော်မှန်းမမှား



www.burmeseclassic.com

www.burmeseclassic.com

အောင် ခြေမချော်အောင်သတိထားနေရသည်။ ဆေးခန်းထဲမှ လူသုံးလေးယောက်လျှောက်လာသည်ကို လှမ်းကြည့်နေကြောင်း မျက်လုံးထောင့်စွန်းမှမြင်မိသည်။

"ဝူး..."

တိတ်တခိုးသက်ပြင်းနှင့် တံခါးခေါက်လိုက်မိသည်။

"ဝေး ဟေး တီချယ်လာပြီ တီချယ်လာပြီ"

လူမမြင်ရသေးခင်ကပင် အော်နေကျအသံများကိုကြားရသည်။ သူတို့လေးတွေနှင့်တွေ့ရသည်မှာ သုံးလပြည့်လောက်ယုံပင်ရှိသေးသည်။ သို့သော် သံယောဇဉ်ကတော့ တွယ်နေပြီ။

ချစ်စရာကလေးအရွယ်များ ဖြစ်သည်။ ညနေခြောက်နာရီမှရှစ်နာရီကျော်အထိ သင်ရသဖြင့်တစ်နေကုန် ကျောင်းတက်ရသော 'မွန်' အတွက်သနားစရာပင်။ သို့သော်တစ်ပတ်တွင်လေးရက်သာဖြစ်၍ တော်သေးသည်။

စာသင်ဖို့ထိုင်နေသော 'မွန်' ကို ခပ်ပြုံးပြုံးကြည့်နေသူများက 'ဦးထွန်းမင်း' နှင့် 'မမြ'။ သူတို့ပြုံးစိစိလုပ်နေသဖြင့် 'မွန်' တစ်ယောက် အနေရအထိုင်ရခက်လှပါသည်။

"'မြတ်မွန်' အတွက် မင်္ဂလာရှိတဲ့စကားပြောရဦးမယ်"

"ဘာများလဲ မမ"

ရင်တထိတ်ထိတ်ဖြင့် နားထောင်မိသည်။

"တခြားမဟုတ်ပါဘူးကွယ်... အောက်ထပ်မှာဆေးခန်း





ဖွင့်ထားတဲ့ 'မောင်ဇေယျလွင်' က 'မမြတ်မွန်' ကို သဘောကျလို့တဲ့ကွယ်"

"ရှင်"

မထင်မှတ်သောစကားသံကိုကြားလိုက်ရသဖြင့် 'မြတ်မွန်' ရင်ထဲတဖျပ်ဖျပ်တလှပ်လှပ်ခံစားရသလို ရှက်လွန်းသဖြင့် မျက်နှာလေးနီမြန်းနေရှာသည်။

"မနေ့ညကဆေးခန်းပိတ်မှ သူငယ်ချင်းသုံးယောက်တက်လာပြီး နားဖောက်ပေးဖို့လာပြောတယ်လေကွယ်"

'မမြတ်မွန်' မှာ ဘာတစ်ခွန်းမှမပြောဘဲ ခေါင်းလေးငုံ့ထားသည်။

"'မမြတ်မွန်' မှာ ရည်းစားမရှိသေးဘူးဆိုရင် 'ဇေယျလွင်' လိုလူမျိုးတစ်ယောက်ကို မငြင်းသင့်ဘူးလို့အန်ကယ်ထင်တယ်"

'မမြ' ထက် အသက်ဆယ်နှစ်ခန့်ကြီးသော 'ဦးထွန်းမင်း' သူ့ကိုယ်သူ စကားပြောတိုင်း အန်ကယ်ဟုပြောတတ်သည်။

"ဘယ်လိုလဲ ညီမလေးရဲ့... စကားတောင်မပြောတော့ဘူးလား... မကြိုက်ရင်မနှစ်သက်ရင် လက်မခံနဲ့ပေါ့ကွယ်... အခင်းမတိုက်တွန်းပါဘူး"

"စဉ်းစားပါရစေဦး မမ... တစ်ယောက်အကြောင်းတစ်ယောက်သိမှမသိကြသေးတာ... 'မြတ်မွန်' အကြောင်းကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အလျှင်စုံစမ်းပါဦးလို့ပြောပေးပါ"

ဆေးခန်းပြီးသည်နှင့် 'ဇေယျလွင်' တို့အိမ်ပေါ်ရောက်လာသည်။

"ဘာပြောသွားသေးလဲ အစ်ကိုကြီး"

"စဉ်းစားပါရစေဦးတဲ့... သူ့အကြောင်းလည်းလေ့လာပါဦးတဲ့ဗျ"

"အင်း မဆိုးဘူး... ဒါဆိုမင်းအတွက်အများကြီးအလားအလာကောင်းတယ် ကိုယ့်လူ"

'မြတ်သင်း' က ဝမ်းသာအားရထအော်သည်။ 'ဇေယျလွင်' ရင်ထဲတွင်ယခုချက်ချင်း သူမအကြောင်းတွေလိုက်စုံစမ်းပ ချင်နေသည်။ သူ့အစီအစဉ်ကိုလည်းဖော်ပြသည်။

"အစ်ကိုကြီး တစ်ခုဆက်ကူညီဗျာ"

"ရပါတယ် ပြောပါ"

"သူနဲ့ကျွန်တော် အေးအေးဆေးဆေး စကားပြောချ တယ်... နက်ဖြန်သူ့ကို ချက်ချင်းပြန်မလွှတ်လိုက်ပါနဲ့... သူ သင်ပြီးတဲ့အချိန် ကျွန်တော့်ကိုလာခေါ်ပေးပါ"

"အိုကေ အိုကေ စိတ်ချ ခေါ်ပေးမယ်"

နောက်တစ်နေ့ သူမနှင့်တွေ့ရမည့်အချိန်ကို ကြာရ ကော၊ ကုန်နိုင်ခဲရှိကောဟုထင်မိသည်။ ဆေးခန်းထဲတွင်လ ခေါ်မည့်အချိန်ကို စောင့်နေသူက 'ဇေယျလွင်'။





"ဦးဦး 'ဇေယျလွင်' ဖေဖေ ခေါ်ခိုင်းလိုက်တယ်"

"အေး အေး လာခဲ့မယ် လာခဲ့မယ်"

"တယ်လျှာသွက်ပါလား"

"အရေးထဲနောက်မနေစမ်းပါနဲ့ကွာ... ကဲ ဘယ်သူလိုက် လဲ"

"ဟာ ဘာလို့လိုက်ရမှာလဲ... မင်းကိုစွမင်းသွားပေါ့ ဘာ ငါတို့ကကိုယ်စားချစ်ပါတယ် ကြိုက်ပါတယ်ပြောပေးရမှာ ား... တော်ကြာ ငါတို့ဘက်ပါလာလို့ ငေတ်သွားမယ်နော်"

"တော်ကွာ"

'ဇေယျလွင်' ဘယ်လို ဘယ်လိုအပေါ်ရောက်လာမှန်းပင် သိတော့။

"ဩော် လာဆရာ လာ"

'ဒေါ်မြမြ' က ဝမ်းသာအားရ ပြေးခေါ်ပါသည်။ အထဲ ိုကျမှ ခြေထောက်တွေက လေးနေရသေးသည်။

"ကဲ မမတို့မိသားစု ထမင်းစားဦးမယ်... ဆရာတို့နှစ် ာတ်ညှော်ခန်းမှာထိုင်ပြီး အေးအေးဆေးဆေး စကားပြောကြ sk ထဲမှာကော်ဖီတွေရှိသေးတယ်... ထပ်ထည့်သောက်နော်... လည်းစားစကားလည်းပြောကြ"

ဧည့်ခန်းထဲတွင် နှစ်ယောက်တည်းကျန်တော့သည်။ တစ်ယောက်ကိုတစ်ယောက် တော်တော်နှင့်မ နှာချင်း



www.burmeseclassic.com

www.burmeseclassic.com

ဆုံအောင် မကြည့်ဖြစ်ကြသေးပါ။

'မေမြတ်မွန်' က မျက်လွှာကိုချထားသည်။

'မေယျလွှင်' ကော်ဖီပန်းကန်နှင့် မုန့်ပန်းကန်ကို 'မေမြတ်မွန်' ရှိရာဘက်တွန်းပို့လိုက်သည်။



အခန်း ။ ။ တဆယ့်နှစ်

"သောက်ပါ 'မေမြတ်မွန်' "

ဘာစကားပြောရမှန်းမသိသဖြင့် ကော်ဖီသောက်ခိုင်းလိုက်သည်။ ကြာကြာအချိန်ဆွဲနေ၍လည်း မဖြစ်။ တော်ကြာသူ့အဘိုးကြီးလာခေါ်လျှင် မိမိဘာမှမပြောလိုက်ရဘဲ ရှိမည်။

" 'မမြ' တို့ ဟိုအကြောင်းပြောပြထားပြီထင်တယ်"

"ပြောပြီးပါပြီ"

" 'မေမြတ်မွန်' ဘယ်လိုသဘောရလဲ"

"ဘာကိုလဲ"

"ဟိုလေ ကျွန်တော့်မေတ္တာကိုလက်ခံဖို့လေ"

"ဒါတော့ ဦးလေးစဉ်းစားပေါ့"


www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ဗျာ ဘယ်လို ဘယ်လို"

ဦးလေးဆိုသော အခေါ်အဝေါ်ကြောင့် 'ဖေယျလွင်' ထူထူဖြစ်သွားပြီးပြုံးကျယ်သော မျက်လုံးဖြင့် 'မေမြတ်မွန်' လှမ်းကြည့်မိသည်။

"ဩော် ဦးလေးပဲစဉ်းစားကြည့်လေ 'မြတ်မွန်' တို့ မိန်းမသားတွေပါ… ဒါမျိုးကိစ္စတွေကို ချက်ချင်းကြီးဘယ်ဖြေ ရမလဲ… ပြီးတော့တစ်ယောက်အကြောင်း တစ်ယောက်သိဖို့ လိမ့်မယ်ထင်ပါတယ်… ဒီလိုလုပ်ပါလေ နက်ဖြန်ထပ်တွေ့ တာပေါ့နော်… အိမ်ပြန်ရောက်ရင် ညီတော်မောင်ဆီက 'မေမြတ် မွန်' အကြောင်းသိသလောက် မေးကြည့်ပါဦးလေ"

"သိပြီးပြီ"

"ဟင် သိပြီဟုတ်လား… ဘာတွေသိတာလဲ"

'ဖေယျလွင်' သူသိထားပြီးသလောက် ဖောက်သည် သည်။ ထိုအကြောင်းများကိုနားထောင်ရင်း 'မေမြတ်မွန်' ၏မျက် နှာလေးရဲတက်သွားသလို တစ်ခါတလေ ပြုံးတုံ့တုံ့၊ တစ်ခါ လေ့ မဲ့တည့်တည့်လေးဖြစ်သွားတတ်သည်ကို တွေ့နေရသည်။ ဘယ်လိုနေနေအတော်လှနိုင်သည့် မိန်းကလေးဟုတွေ့ရသည်။

"'မောင်မောင်' ပြောပြတာတွေသိပြီးလျက်နဲ့ 'မွန်' ဦးလေးစိတ်ဝင်စားသေးလား"





"ကိုယ့်အရွယ်ဟာ အတော်အိုယွင်းပျက်စီးနေပြီလား"

"ရှင် ဘာပြောတာလဲ"

"ဩော် ကိုယ်ဟာ ဦးလေးအရွယ်ရောက်နေပြီလားလို့"

"'မွန်' အသက်ခန့်မှန်းကြည့်တာတော့ သုံးဆယ်ထက် ယ်ဘူးထင်တယ်"

"သုံးဆယ်ထဲမှာ"

"'မွန်' က အခုမှဆယ့်ခုနစ်နှစ်ကျော်ကျော်ရှိသေးတာ တော့အသက်က ဆယ့်သုံးနှစ်နီးပါးကွာခြားနေတာပဲ… ဦးလေး မခေါ်လို့ဘယ်လိုခေါ်မလဲ"

"တချို့လူတွေကိုယ့်ထက် ဆယ်နှစ်ငယ်တဲ့မိန်းမတွေယူ ားတာပုံလို့ မင်းလိုသာဦးလေးခေါ်ရင်အခက်ပဲ"

"ဆယ်နှစ်လောက်ကွာတာက ဘာအရေးလဲ"

"နောက်ထပ်သုံးနှစ်ကွာတာရော ဘာအရေးလဲ"

"နောက်ထပ်သုံးနှစ်ကွာတာရော ဘာအရေးလဲ"

"အရေးကြီးတာပေါ့… 'မွန်' နှစ်ဆယ့်ရှစ်လောက်ဆိုသူ လေးဆယ် 'မွန်' သုံးဆယ့်ရှစ်ဆိုသူက ငါးဆယ် အဘိုးကြီး နေပြီ… 'မွန်' လေးဆယ့်ရှစ်ဆိုသူ ခြောက်ဆယ်… ကံမကောင်း ငံမှုဆိုးမတောင်ဖြစ်ချင်ဖြစ်နေမှာ"

"ဟာ နိမိတ်မရှိနမာမရှိကွာ… နိုင်ငံခြားမှာအသက်လေး ယ်ကျော်မှဘဝစတာ"



www.burmeseclassic.com

www.burmeseclassic.com



"အို 'မွန်' တို့ဆီမှာ လေးဆယ်ကျော်တာနဲ့ သေကုန်တာ ချည်းပဲ"

"ဒီမှာ 'မေမြတ်မွန်' မင်းကအပြောနဲ့ အလုပ်မှမညီဘဲ အသက်သုံးဆယ်ထဲဝင်ယုံရှိသေးတဲ့ ငါ့ကိုတော့သေခါနီးလေး ဘာလေးနဲ့ မင်းလူကြီးကျတော့ငယ်သလား"

"ဘယ်သူလဲ"

"ဘယ်သူရမလဲ မင်းနဲ့ဖြစ်နေတယ်ဆိုတဲ့ကားနဲ့ လာ လာခေါ်တဲ့ ဘူဒါးကြီးပေါ့... ငါ့ထက်အသက်နှစ်ဆလောက်ရှိတဲ့ လူကျတော့ မင်းမျက်လုံးတိမ်ဖုံးနေပြီလား"

"'မွန်' မျက်လုံးထဲမှာတော့ တိမ်ပဲဖုံးနေသလားတော့ မပြောတတ်ဘူး... ဟိုကအရမ်းနုပျိုပြီး ဒီကသိပ်ရင့်ရော်နေသလို ပဲ"

သူမစကားကြောင့် 'ဇေယျာလွင်' မခံချိမခံသာဖြစ်သွား သည်။ မိမိကိုလက်မခံချင်၍ တမင်နှိမ်နေခြင်း၊ ချွတ်နေခြင်းပင် ဖြစ်လေသည်။

"'မမြ' ရေ... 'မြတ်မွန်' ပြန်တော့မယ်"

"စကားပြောလို့ ပြီးကြပြီလား"

"ပြီးပြီ မမရေ"

'မေမြတ်မွန်' က 'ဇေယျာလွင်' ကိုမျက်လုံးဖြင့်နှုတ်ဆက် ယုံနှုတ်ဆက်သွားသည်။ 'ဇေယျာလွင်' နောက်မှဆင်းလိုက်သွားချိန်





သော် 'မေမြတ်မွန်' ကို ကားစိမ်းလေးက လာကြိုပြီးထွက်သွားလေ သည်။

"ဘယ်လိုလဲ အဆင်ပြေလား သူငယ်ချင်း"

ပထမတော့ သူငယ်ချင်းတွေကို ဖွင့်ပြောပြမလို့ပါပဲ။ သို့သော် ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလိုဖြစ်မှာစိုး၍...

"စဉ်းစားဦးမယ်တဲ့"

"ဒါဆို နီးစပ်ပါပြီကွာ"

သူငယ်ချင်းတွေက စွတ်အားထင်ကြီးနေကြသည်။

နောက်တစ်ပတ်လောက်အထိ သူမထံမှဘာအကြောင်း ထူးလာ။ 'ဇေယျာလွင်' ယုံကြည်သည်။ 'မေမြတ်မွန်' သည် ...က်စီးနေသော မိန်းမတစ်ယောက်ဖြစ်ကိုမဖြစ်နိုင်။ မကောင်း သည့်မိန်းမဆိုလျှင် ဘယ်ယောကျ်ားဆီကဖြစ်ဖြစ် ချူစားမည် ...၊ တစ်ဦးတည်းမှုပိုင်လုပ်နေမည်မဟုတ်။ နောက်တစ်ခုက ...မသည် မိမိအသက်သုံးဆယ်မပြည့်သေးသူကိုပင် ဦးလေးဟု ...ပြီး အသက်ကြီး၍လက်မတွဲချင်သည့်ပုံစံမျိုးရှိနေသူသည် ဦး ...င်မော်' လိုဘူဒါးကြီးကို ရာသက်ပန်လက်တွဲဖို့စဉ်းစားပါမည် ...သား။

"'မေမြတ်မွန်' အဖြေမပေးသေးဘူးနော်"

"'မေမြတ်မွန်' အကြောင်း စေ့စေ့စပ်စပ်လေ့လာပြီးပြီ ...သား... နောက်မှအပြစ်မြင်တာတော့ လက်မခံဘူး"

www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်လှူကဲခတ် ဒီလောက်မညံ့ဘူးထင်တယ်… ဘယ်သူတွေဘာပြောပြော ဘယ်သူတွေဘယ်လို ဟန်ဆောင်ဟန်ဆောင်ကိုယ်ကတော့ ဒါဆိုဒါပဲ… မင်းမှာသူများပြောစရာအပြစ်တွေ ငါနဲ့မတွေ့ခင်ကရှိချင်ရှိပါစေ… ငါနဲ့တွေ့တဲ့အချိန်ကစပြီး လူသစ်စိတ်သစ်နဲ့ သစ္စာရှိတဲ့ အိမ်ထောင်ရှင်မကောင်းတစ်ယောက်ဖြစ်ရင်တော်ပါပြီ"

'ဧယျုလွှင်' ထိုစကားကိုကိုယ့်ပါးစပ်မှ ကိုယ်တိုင်ပြောလိုက်မိခြင်းကို အံ့ဩမိသည်။ မိမိကိုယ်မိမိ ဒီလောက်ဖြစ်နေမှန်းမသိ။ စိတ်ထဲကစွဲလမ်းမှုသည် မဖုံးနိုင်မဖိနိုင်ဖြစ်နေပြီရော။ အိုမတတ်နိုင်ပါဘူးလေ။

"မင်းအဘိုးကြီးကရော သဘောတူပါ့မလား…တော်ကြာမကျေမနပ်ဖြစ်နေဦးမယ်"

"ရပါတယ် ပိုင်ပါတယ်"

တစ်ချက်တစ်ချက် သူ့မစကားများသည် ပေါ့ပေါ့ရွှတ်ရွှတ်နိုင်လှပါသည်။ တစ်ပတ်လေးခါတော့ တွေ့ရပါသည်။ တွေ့ရတိုင်းစကားသုံးလေးခွန်းထက် ပိုမပြောလိုက်ရ။ သူ့မအကြောင်းအမျိုးမျိုးပြ၍ ပြန်သွားတတ်သည်။ 'ဧယျုလွှင်' စဉ်းစားမိသည်။ မိမိလိုလူငယ်ဆရာဝန်တစ်ယောက်ကို သူ့မ တကယ်စိတ်မဝင်စားဘူးလား။ သူ့ကိုချစ်ခွင့်ပန်ထားတာ နှစ်လကျော်ပြီဖြစ်သော်လည်း အင်းမလှုပ်အဲမလှုပ်နှင့် စဉ်းစားပါဦးလေ့လာပါဦးနှင့်အ





ချိန်ဆွဲထားသည်။ ယခုထိသူ့မနှင့် စကားအေးအေးဆေးဆေး မပြောရသေး။

ဒီနေ့တော့စိတ်တိုတိုဖြင့် စာတစ်စောင်ကောက်ရေးလိုက်လေသည်။

မေမြတ်မွန်

စဉ်းစားပါဦး… အကဲခတ်ပါဦးဆိုတဲ့ကိစ္စက ဒီတစ်သက်ရောပြီးဆုံးဦးမှာလားဗျာ… ကျွန်တော်ဟာ မိန်းမရွေးသွန်းလို့ ခုလိုတကယ်တမ်း ချစ်မိတဲ့အခါကျရင်တော့ ကိုယ့်အတ္တာကို တန်ဖိုးမထားတတ်တဲ့သူ… ကိုယ့်ကိုစိတ်မဝင်စားတဲ့သူကိုမှ ချစ်မိလေရောသလားမသိဘူး… ဘာပဲဖြစ်ဖြစ်ဗျာ ဆရာဝန်ဖြစ်တယ်ဆိုတာ ဖွဲကောင်းလို့ဆိုတာမင်းလေးသိထားစေချင်တယ်…

စွဲလမ်းမိသူ…

ဧယျုလွှင်

ကြည့်၊ ထိုစာလေးပေးပြီး လေးငါးရက်အထိ အကြောင်းပြန်စာမလာ။ ဘယ်လောက်ဒေါ်ပွဖို့ကောင်းသနည်း။ နေ့စဉ်ရက်ဆက်ဆိုသလို သူ့အဘိုးကြီးကားက လာကြိုသည်။ တစ်ခါလေလေလာပို့သည်။ သူ့မအသွားအပြန်ကို လွှတ်လွှတ်လပ်လပ်သားပြောချင်၍ စောင့်နေရှာသော 'ဧယျုလွှင်' ခမြာမခံမရပ်ချင်သာဖြစ်နေရရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားစိမ်းလေးပေါ် ကုန်းကုန်းလေးတက်နေသော သူမကိုနမြောတသစွာ ကြည့်နေမိသည်။

"ဟာ"

အဆွေးမင်းသားလုပ်နေသော 'ဇေယျလွင်' မျက်လုံးအပြူးသား ပါးစပ်အဟောင်းသားဖြစ်သွားသည်။ လုံးဝမျှော်လင့်မထားသောမြင်ကွင်းပါပဲ။ ကားစိမ်းလေးမထွက်ခင် နောက်ထပ်ကားတစ်စီးထပ်ရပ်လာပြီး အသက်လေးဆယ်ကျော်အရွယ် အသားညိုညိုကိုယ်လုံးလှလှ မိန်းမတစ်ယောက်ဆင်းလာသည်။

ထို့နောက်ကားစိမ်းလေးရှိရာလျှောက်သွားပြီး 'မေမြတ်မွန်' ကိုအတင်းဆွဲကာ လွှဲ၍လွှဲ၍ရိုက်နေခြင်းဖြစ်သည်။ ကေန္တမယားကြီးသိ၍ ပြဿနာတက်ခြင်းပင်ဖြစ်မည်။ အဘိုးကြီးအူယားဖားယားဝင်ဆွဲသည်။ သို့သော်အလွန်ဒေါသထွက်နေသောအဘွားကြီးက 'မေမြတ်မွန်' ကို နောက်ထပ်ရိုက်ဖို့ကြိုးစားသလိုအဘိုးကြီးကိုလည်းလှမ်း၍လှမ်း၍ရိုက်သေးသည်။

သူတို့ပြောသမျှ နီးနီးလေးမို့ ကြားနေရသည်။

"ကောင်မ ကိုယ့်အဖေအရွယ်လောက်ဟာကို နင်မို့သောက်ရှက်မရှိ တွဲနေသေးတယ်... နင့်မှာဒီလောက်တောင်ရှားနေပြီလား"

"ဟော့ 'ခင်ခင်ကြည်' မလုပ်နဲ့... မင်းထင်သလိုမဟုတ်ဘူး"





"ဘာ မင်းထင်သလိုမဟုတ်ဘူး ဟုတ်လား... ဟင်း ဟင်းနယ်စရာကောင်းလိုက်တာ 'ကိုမြင့်မော်' ရယ်... ရှင့်အကြောင်းကျွန်မကမသိဘူးမဟုတ်လား... ဒီကောင်မနဲ့ရှင်နဲ့တွဲနေကြတာဘယ်လောက်ကြာပြီဆိုတာ ကျွန်မသိတယ်... သေချာလက်ပူးသက်ကြပ် လက်ဆုပ်လက်ကိုင်ပြချင်လို့ စောင့်နေတာ ဟောဒီမှာကြည့်ချင်သပဆိုရင် ဓါတ်ပုံတွေလည်းရှိသေးတယ်"

'မေမြတ်မွန်' က မျက်နှာကိုလက်ဝါးနှစ်ဘက်ဖြင့် အုပ်ထားလေသည်။

"ဒါ ငါ့သမီးကွ"

"ဘာ သမီးဟုတ်လား... ဘာလဲ မွေးစားသမီးလား မွေးဦးမှစားတာလေ... အဟင်း ဟင်း"

"ကဲကွာ တော်စမ်းဦး"

'ဦးမြင့်မော်' က သူ့မိန်းမကို ရိုက်ပြန်သည်။ သိကြသည့်အတိုင်း လူကတစ်ယောက်ပြီးတစ်ယောက် အုံလာလေသည်။

"သမီး သွား အပေါ်ပြန်တက်... ဒယ်ဒီလာခဲ့မယ်"

မျက်နှာကိုဖုံး၍ အပေါ်ထပ်ပြေးတက်ဖို့ပြင်နေသော 'မေမြတ်မွန်' ကို ပိုင်စိုးပိုင်နင်းဆွဲခေါ်လာသူက 'ဇေယျလွင်'။

"လွှတ် လွှတ် 'မွန့်' ကိုမကိုင်နဲ့"

အတင်းရုန်းသော်လည်း လွှတ်မပေး။ အထဲခေါ်လာပြီး အပြင်မှသံပန်းတံခါးဆွဲစေ့ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

အဘိုးကြီးကအဘွားကြီးကို ဆွဲခေါ်လာပြန်သည်။

"မောင်ရင်တို့ဆိုင်ထဲဝင်လာရတာ အားနာတယ်ကွယ် အပြင်မှာတော့ လူတွေပိုအုံလာမှာကြောက်ရတယ်လေ"

"အာ ရပါတယ်အန်ကယ်... ကျွန်တော်တို့နားလည်ပါတယ်... ပြောကြပါ လွတ်လွတ်လပ်လပ်ပြောကြပါ"

'မြတ်သင်း' က သံတံခါး ပြီးတော့ သစ်သားတံခါးကိုပါ ပိတ်ပေးလိုက်သည်။

'ဒေါ်ခင်ခင်ကြည်' က ခါးနှစ်ဘက်ကိုထောက် အောက်နှုတ်ခမ်းကိုအပေါ်သွားဖြင့်ဖိကိုက်ထားရင်း 'မေမြတ်မွန်' ကိုစားတော့ဝါးတော့မလိုကြည့်နေသည်။

"မင်းထင်သလိုမဟုတ်ဘူး 'ခင်ခင်ကြည်' "

"ဘာမဟုတ်ရမှာလဲ... ရှင်ဘယ်နှစ်ယောက်နဲ့ဘာဖြစ်တာ ကျွန်မကမသိဘူးကိုး... ဟွန်း ဟွန်း ကျွန်မသိသလောက်လေးတင်ကို ရှင်ယူထားတဲ့မိန်းမ ဆယ်ယောက်ထက်မကတော့ဘူး... ဒါတောင်တိတ်တိတ်လေး တစ်ညတာလေအပျော်တွဲနေတာတွေမပါသေးဘူး"

ထိုစကားကြောင့် အဘိုးကြီးမျက်နှာပန်းသီးလို ရဲတက်သွားသည်။ 'ဇေယျာလွင်' တို့သုံးယောက်ကတော့ အဘိုးကြီးကို အံ့သြစွာလှမ်းကြည့်မိသည်။ မိမိတို့ခမြာ မိန်းမတစ်ယောက်ရဖို့အရေးအတော်လေး အကျပ်အတည်းနှင့်ရင်ဆိုင်နေရချိန်ဝယ် အဘိုးကြီးကတစ်ယောက်ပြီးတစ်ယောက် ဆိုပါလား။

"အေး မင်းပြောသလိုငါဟာ မြာပွေတဲ့လူလို့ပဲထားပါဦးပေမဲ့ 'မေမြတ်မွန်' ဟာ မင်းထင်သလိုမဟုတ်ဘူး... ငါ့သမီးကွ ငါ့သမီးအရင်း"

"ဟင်"

"ဟာ"

'ဇေယျာလွင်' တို့သုံးယောက်လုံး အံ့သြသွားသည်။ အံ့သြမှုနှင့်အတူ ဝမ်းသာလုံးလည်းဆို့သွားသည်။ 'မေမြတ်မွန်' သည် 'ဦးမြင့်မော်' ၏သမီးဆိုလျှင်သူမသည် မိန်းမကောင်းလေးတစ်ယောက်ပင် ဖြစ်မည်မဟုတ်လော။ တရှုံ့ရှုံ့ငိုနေသော 'မေမြတ်မွန်' ကိုလှမ်းကြည့်နေမိသည်။

"ရှင်က သမီးပြောတိုင်း ကျုပ်ယုံရမှာလား"

"မယုံလည်းမတတ်နိုင်ဘူး"

"ဘယ်ကောင်မနဲ့ရတဲ့ဟာလဲ... ရှင်ရှုပ်သမျှကျုပ်လိုက်ရှင်းရတာလည်းမနည်းတော့ဘူး... အခုဒီလောက်ကြီးလည်းသမီးအဘယ်ကထွက်လာတာတုန်း... ဖြီးရင်လည်းယုံအောင်ဖြီးပါနော်... ဟင်း ဟင်း"

"အယုံအကြည်မရှိလည်း မပေါင်းနဲ့ပေါ့ကွာ"

"မချစ်သော်လည်းအောင့်ကာနမ်းတဲ့တော်ရဲ့... ဒီအချိန်ကျမှတော့မပေါင်းလို့ဖြစ်မလား... ရှင်မိန်းမတွေ ယူချင်သမျှယူ

www.burmeseclassic.com

ပွဲချင်သမျှပွဲ သားသမီးတွေဟိုတစ်ယောက်ဒီတစ်ယောက်ရွေးချင်တိုင်းရွေးနေတာက ကိစ္စမရှိဘူး... ရှင်သေတော့အမွေကိစ္စရှုပ်ကုန်မယ်သိလား"

"အို မရှုပ်စေရဘူးစိတ်ချ... ဘယ်သူ့ကိုမှမပေးဘူး အားလုံးလှူပစ်မယ်"

"ရမလား ရှင်လုပ်ချင်တိုင်းလုပ်လို့ရမလား"

အဘွားကြီးက အသံကုန်ခြစ်၍အော်သည်။ မြတ်သင်းက တောင်းပန်သည်။

"သိပ်မအော်ပါနဲ့ အန်တီ... အပြင်မှာလူတွေချောင်းနေကြတယ်"

"ဟုတ်တယ် 'ခင်ခင်ကြည်'... မင်းနေရာမရွေးသောက်ရှုက်ကင်းတာအရေးမကြီးဘူး... ဘေးပတ်ဝန်းကျင်ကို နည်းနည်းအားနာဦး... မောင်ရင်တို့ကို အန်ကယ်တောင်းပန်ပါတယ်ကွယ်"

အဘိုးကြီးက ယှော်ကျေးစွာတောင်းပန်နေလေသည်။ထို့နောက်...

"အန်ကယ်သမီးဟာ အပျိုအရွယ်လေးမို့ ခုလိုဖြစ်ရတာ သိပ်ရှက်နေမယ် ဝမ်းနည်းနေမယ်ဆိုတာ ပြောစရာမလိုပါဘူး... တကယ်တော့ ခုလိုဖြစ်ရတာ အန်ကယ်မကောင်းလို့ပါပဲ... အန်ကယ်ပွဲခဲ့လို့ပါပဲ... ထားပါတော့လေ ဒီအကြောင်းတွေပြန်ပြောနေလို့လည်းအသစ်ဖြစ်မလာတော့ပါဘူး... သမီးလေးကိုသာငါ





တို့တွေက အထင်မသေးကြပါနဲ့... သမီးဟာဦးရဲ့သမီးအရင်းပါဦးလေးအချစ်ဆုံးမိန်းမကရထားတဲ့ သမီးလေးပါ... 'မေမြတ်မွန်'ဟာ စမွေးလာတည်းက ခုချိန်ထိကံမကောင်းရှာပါဘူး... ဦးနဲ့တွေ့တာလည်း တစ်နှစ်တောင်မပြည့်သေးပါဘူးကွယ်"

"ထွီ..."

အခြောက်တိုက်တံတွေးကို အသံမြည်မြည်အောင်ထွေးသူက 'ဒေါ်ခင်ခင်ကြည်'။

"ကဲ သမီး ပြန်ကြစို့... ဖေဖေလိုက်ပို့မယ်"

"နေ နေပါစေ ဖေဖေ... သမီးကိုယ့်ဖါသာကိုယ်ပဲ ပြန်ပါရစေ... ရှက်လွန်းလို့ပါ"

သူမကိုထိုကားစိမ်းလေးထဲအဝင်တွင် 'ဒေါ်ခင်ခင်ကြည်' အ ပါးရိုက်လိုက်သဖြင့် အရှက်ကွဲခဲ့ပြီမဟုတ်လား။ ယခုတစ်ဖန် ဆိုကားလေးထဲ ထပ်ဝင်ရမှာသူမ ရှက်ရှာမည်ပေါ့။

"ဒီလိုလုပ်ပါအန်ကယ်... ကျွန်တော်တို့ကားနဲ့လိုက်ပို့သိုတ်ပါမယ်"

"အို ရတယ် 'မွန်' ဖါသာပြန်မယ်"

'ဒေါ်ခင်ခင်ကြည်' က ဆောင့်ကြီးအောင့်ကြီးဖြင့် ထွက်သွားလေပြီ။

"သမီးတစ်ယောက်တည်းမိုးချုပ်နေပြီကွယ်... 'အောင်အေယျလွင်' ဆိုတာ ဘယ်သူလဲကွဲ့"



www.burmeseclassic.com

www.burmeseclassic.com


"ဗျာ ကျွန်တော်ပါ"

အဘိုးကြီးက ထူးထူးခြားခြားမေးသဖြင့် အံ့ဩသွား သည်။

"'မောင်ဇေယျလွင်' က သမီးကိုစကားကမ်းလှမ်းထား တယ်ဆိုတာ သမီးပြောပြလို့ဦးလေး အားလုံးသိပြီးပါပြီ… 'မောင် ဇေယျလွင်' လိုလူကို ဦးလေးဘာမှသဘောမတူစရာမရှိသလို 'မေ မြတ်မွန်' ကလည်း 'ဇေယျလွင်' ကို ငြင်းစရာမလိုပါဘူးကွယ်… သမီးနဲ့ 'ဇေယျလွင်' တို့ရှေ့ဆက်ရမယ့်ခရီးအတွက် ဖေဖေက အားလုံးတာဝန်ယူပါတယ်… သမီးဟာ သူ့ရုပ်ရည်လေးနဲ့မလိုက် အောင် ကြမ်းတမ်းတဲ့လမ်းခရီးကို ဖေဖေ့မေတ္တာရိပ်နဲ့ 'မောင်ဇေ ယျလွင်' မေတ္တာရိပ်မှာနားခိုနိုင်ပါပြီကွယ်"

အခန်း ။ ။ တဆယ့်သုံး

ကားရှေ့ခန်းတွင်သူနဲ့ယှဉ်တွဲထိုင်လိုက်ရသည်ကို စိတ် ...စ်မိသလို စောစောကအဖြစ်ကိုတွေး၍ ရှက်မိသည်။

"ကရဝိတ်ထဲ ခါဏဝင်ရအောင်လား 'မေမြတ်မွန်' "

"အချိန်တွေရှိပါသေးတယ် 'ဦးဇေယျလွင်' "

လာပြန်ပြီတစ်မျိုး။ တော်ပါသေးတယ်လေ ဦးလေးလို့ ...ါတာထက်စာလျှင်တော့။

"ကဲ ဒါဆိုနက်ဖြန်တွေ့ခွင့်ပေးမလား"

'မေမြတ်မွန်' က ခပ်တည်တည်လေးကြည့်သည်။ မျက် ...လေးနှစ်ခုကတွန့်ပြီး နှုတ်ခမ်းလွှာကိုတင်းတင်းစေ့ထားသည်။

သူမ၏နှုတ်မှ ဘာမျှဖွင့်မပြောသော်လည်း ထိုသို့ပါသာ



www.burmeseclassic.com

www.burmeseclassic.com

ကုအခံပွါယ်ဖော်တတ်ပါသည်။ မိမိကိုသနွတ်ပင်က မီးတာကျို
ဟူ၍လည်းကောင်း ရှပ်ရန်ကောဟူသည့်မျက်လုံးဖြင့်ကြည့်
ဖြစ်သည်။

"ခုထိ စိတ်မကုန်သေးဘူးလား 'ဦးဇေယျလွင်' "

"ဘာကိုစိတ်ကုန်ရမှာလဲ 'မေမြတ်မွန်' "

"ကျွန်မကိုလေ"

"အာ စိတ်မကုန်တဲ့အပြင် ခုမှရှင်းရှင်းလင်းလင်းသိ
လို့ပိုတောင် စိတ်အားထက်သန်လာပါသေးတယ်... ကိုယ်
သားပဲ 'မေမြတ်မွန်' ဟာ ဘယ်လိုနည်းနဲ့မှ ရှုပ်ထွေးမွေလီ
မိန်းမရိုးမဟုတ်နိုင်ဘူးလို့"

"သိပ်လဲ အထင်ကြီးမနေနဲ့ဦး"

"ဒါနဲ့ 'မေမြတ်မွန်' တို့အဖြစ်က ဆန်းသလိုပဲ သာ
လူတွေအဖြစ်အပျက်နဲ့မတူဘူး... ကိုယ့်ကိုပြောပြပါလား"

"စိတ်ညစ်စရာတွေပါ... ကိုယ့်ဖါသာကိုယ်တောင်
မတွေးချင်ဘူး မသိချင်ပါနဲ့"

"ကိုယ့်ယူမယ့်ဇနီးလောင်းရဲ့ သနားစရာ ပျော်စရာ
စရာအကြောင်းလေးတွေကို မသိသင့်ဘူးလား"

"သူ့ကိုဘယ်သူက ယူမယ်ပြောလို့လဲ"

"ယောကျ်ားမကြီးကတောင် သဘောတူကြောင်းဖွင့်
သွားပြီးပြီ"





"ကာယကံရှင်က သဘောတူမှဖြစ်တဲ့ကိစ္စပါ"

"ကာယကံရှင်က သူ့အဖေကိုဖွင့်ပြောကတည်းက စိတ်
င်စားလို့ဖြစ်မှာပေါ့"

"အဖေ့မပြောလို့ဖြစ်မလား"

"ကဲဝါကွာ ကိုယ့်ကိုညှဉ်းလာတာကြာပါပြီကွာ ဘာလဲ
ချစ်ဦးသူရှိလို့လား"

"'ဦးဇေယျလွင်' မှာရော ရှိလား 'မွန်' ထက်အသက်ဆယ့်
ုံးနှစ်တောင်ကြီးတယ်ဆိုတော့ မရှိဘူးဆိုရင်အနည်းဆုံးသုံး
သောက်လောက်တော့ရှိရမယ်"

"ဟား ဟား ငါ့များအခြောက်တိုက်အထင်ကြီးတဲ့လူက
သေးကွာ... ငါ့မှာအဲဒီလောက်များနေရင် မင်းလိုကတ်သီးကတ်
တ်ကောင်မလေးကို ဒုက္ခခံပြီးစောင့်မနေတော့ဘူး"

"ဒီအရွယ်မှများမိန်းမယူဖို့ စဉ်းစားနေရသေးတယ် လူမို
ကြီးပဲလုပ်ပါတော့"

"ဟာကွာ"

'ဇေယျလွင်' ကျွဲမြီးတိုပြီ။ 'မေမြတ်မွန်' စိတ်ထဲမှကျိတ်
ရယ်မိသည်။ ဒီလူကြီးသည်မိမိအပေါ် ချစ်နိုင်ရန်ကောဟုလည်း
တွေးမိသည်။ 'မောင်မောင်' နှင့် 'ဇေယျလွင်' သည် ညီအစ်ကို
ာဆိုသည် စိတ်ချင်းလုံးဝမတူကြပါလား။

'မောင်မောင်' သည်လူထက် ဂုဏ်ပကာသန တွ ထင်



www.burmeseclassic.com

www.burmeseclassic.com

ရှားမှုနှင့်ပေါ်လွင်လှဝမှုများကို မက်မောခုံမင်သူဟု မြတ်မွန်
ဘောပေါက် နားလည်လိုက်ပါပြီ။

'မောင်မောင်' ဟာ 'မွန်' ရဲ့လှပတဲ့ရုပ်ရည်ကိုသာ
မောပြီး 'မွန်' ရဲ့နွမ်းပါးမှုကိုတော့ မလိုလားဘူးနော်။ စာသင်
ထဲမိန်းမလှနှစ်ယောက်ကို တပြိုင်နက်စိတ်ဝင်စားတာလည်း
သိပါတယ်လေ။ 'မွန်' ကို 'မောင်မောင်' က အထင်သေးနေ
ကိုး။ ဖေဖေနဲ့ 'မွန်' ကို သမုတ်တယ် ပေးစားတယ်။

'မွန်' မျက်နှာ 'မွန်' အသွင်အပြင်တွေဟာ တကယ်
အပေါ်စားဆန်နေပြီလား။ ပျက်စီးနေတဲ့မိန်းမတစ်ယောက်နဲ့
နေပြီလား။ တစ်ခါမှမတွေ့ဖူးတဲ့ဖေဖေ့ကို 'မွန်' သစ်ပင်အော
ကစောင့်ပြီး ချောင်းကြည့်ခဲ့ပါတယ်။ လက်ထဲကခါတ်ပုံနဲ့
စိမ်းလေးပေါ်က 'ဦးမြင့်မော်' ဟာ တထေရာတည်းတူနေ
'မွန်' ဖြင့် ဝမ်းသာစမ်းနည်းမျက်ရည်တွေတောင် ကျရတယ်
'မွန်' ဖေဖေ ဟုတ်မဟုတ်သိချင်လွန်းလို့ 'ခင်မုန်း
မော်' ကိုကျောင်းပို့ပြီးအပြန်မှာ 'မွန်' ကာအတွင်းရပ်နိုင်းပြီး
ရတယ်မေးတယ်။

ဟုတ်နေတော့တစ်သက်မှာ ပထမဦးဆုံးတွေ့လိုက်ရ
အဖေနဲ့သမီးဟာ တစ်ယောက်ကိုတစ်ယောက် တအံ့တသြကြ
ပြီးဝမ်းသာအားရဖက်ထားမိကြတယ်။ အင်းလေ ဒါတွေဒါ
ဟာ ပတ်ဝန်းကျင်အတွက် အထင်သေးစရာ တလွဲထင်စရာ





ခဲ့ရတယ်လေ။ မှတ်မိသေးလား 'မောင်မောင်' ရယ်။

'မောင်မောင်' တစ်ယောက် 'ခင်မုန်းမြင့်မော်' ရဲ့ရင်ခွင်
ပျော်မွေ့နေရာက 'မွန်' ကိုသံယောဇဉ်မပြယ်သေးတဲ့ အ
ကြောင်းလေးကိုလေ။

ကဲ 'မွန်' အကြောင်းသိရင် 'မောင်မောင်' ဘယ်လိုနေ
ဆိုတာ သိချင်လိုက်တာကွယ်။

"ဟေ့"

စကားမပြောဘဲကတ္တရာလမ်းကို တစ်ချိန်လုံးငေးနေ
သူ 'မွန်' ကို 'ဇေယျာလွင်' က ခေါ်လိုက်ခြင်းဖြစ်သည်။

"အင် ဟင်"

"ဘာတွေစဉ်းစားနေတာလဲ"

'ဇေယျာလွင်' က 'မွန်' ကိုချစ်မျက်လုံးများဖြင့် ဖြတ်တနဲ
တနဲ လှမ်းကြည့်ရင်း...

"နက်ဖြန်ကျောင်းသွားခါနီး လာခေါ်မယ်"

"အာ မခေါ်နဲ့"

"ဟာ ဘာဖြစ်လို့တုန်း"

"ဘာမှမဖြစ်ဘူး... ခါတိုင်းလည်းတစ်ယောက်တည်း
နေကျပဲ"

"ခု ခါတိုင်းနဲ့မှမတူတော့တာ"

"ဘာလို့မတူရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အခု 'ဖေယျလွင်' ရဲ့ဇနီးလောင်းဖြစ်သွားပြီ"

"ဟာ အဲ့လိုပိုင်စိုးပိုင်နင်းစကားမျိုးတွေမပြောနဲ့"

"တစ်နေ့ကိုယ်ပိုင်ဆိုင်ရမယ့် ကိုယ့်ချစ်သူကိုယ်ခေါ်တာ
ပဲ"

"မခေါ်နဲ့မကြိုက်ဘူး"

"မင်းငါ့ကို တကယ်မကြိုက်ဘူးလား"

"မကြိုက်ဘူး"

"ဒါဆို မင်းငါ့ကိုလက်မထပ်ဘူးပေါ့"

"အင်းပေါ့"

'ဖေယျလွင်' ကားကို လမ်းဘေးထိုးရပ်ပစ်လိုက်သည်။

"အို ကားကိုဘာဖြစ်လို့ ရပ်ပစ်တာလဲ"

"မမောင်းချင်တော့ဘူး"

"ဘာဖြစ်လို့မမောင်းချင်ရတာလဲ... 'ဦးဖေယျလွင်'
ခေါင်းမူးလို့လား"

"မဟုတ်ဘူးဗျို့... သိပ်ချစ်လို့ စိတ်ညစ်လို့"

'မေမြတ်မွန်' သူ့ကိုစိတ်ညစ်သည့်ပုံစံဖြင့် ကြည့်နေ
သည်။ ညီအစ်ကိုနှစ်ယောက် စိတ်ချင်းမတူလိုက်တာမှလုံးဝမတူ။
'မောင်မောင်' ဆိုတဲ့လူကတော့ ဟန်ဆောင်ကောင်းလိုက်တာသူ့
ရင်ထဲကဆန္ဒတွေကို ဖျိုးသိပ်နိုင်လိုက်တာ။ ဒီလူကြီးကတော့ ဒီလို
မဟုတ်ပေါင်။ လုံးဝဟန်မဆောင်နိုင်လောက်အောင် ဖြစ်နေ





သည်။ ယခုလည်းကားမမောင်းဘဲ စတီယာရင်ပေါ်မှောက်အိပ်
နေသည်။

"ဒီမှာ 'ဦးဖေယျလွင်'... ဘယ်လိုဖြစ်နေတာလဲ ဒီလိုပဲ
တစ်ညလုံးအိပ်နေတော့မှာလား... 'မွန်' ကိုအိမ်ပြန်မပို့တော့ဘူး
လား"

စိတ်တိုတိုဖြင့် အော်မေးလိုက်မိသည်။

"စိတ်ညစ်ရင် ကားမောင်းလို့မရတော့ဘူး"

"စိတ်ညစ်တာထက် လူညစ်တာကခက်တယ် ဒီအသက်
အရွယ်ဒီအလုပ်အကိုင်လုပ်ပြီး သူများသားသမီးကို ခေါ်လာပြီး
ဒီလိုလုပ်နေတာကောင်းသလား"

"ဒီအသက်အရွယ်လည်း ချစ်တတ်တယ်ဗျ... နေပါဦး
ကျုပ်ကိုခင်ဗျားလေးက ဒီအသက်အရွယ် ဒီအသက်အရွယ်နဲ့
ပြောနေရအောင် ကျုပ်ကဘယ်လောက်ကြီးသေးလို့လဲ... အမိ
ကားလည်ထားဖို့က ကျုပ်ဆံပင်တစ်ချောင်းမှမဖြူသေးဘူး ငယ်
သွားတောင်မလဲသေးဘူး"

အမြင်ကတ်ကတ်ဖြင့် ပေါက်ကရလျှောက်ပြောပစ်လိုက်
မိသည်။

"ဟား ဟား ဟား ခစ် ခစ် ခစ်"

"ဘာရယ်တာလဲ ဘာရယ်တာလဲ"

ပါးစပ်ကိုလက်ကိုင်ပုဝါဖြင့်အုပ်၍ တခစ်ခစ်ရယ်နေ



www.burmeseclassic.com

www.burmeseclassic.com

သော 'မွန်' က စီးကွက်ဆိုမျက်လုံးပြူးကြီးဖြင့်ကြည့်၍ စိတ်တို စွာအော်ဟစ်မိသည်။

"ဒီအရွယ်ကြီးကျမှငယ်သွားလည်းမလဲသေးဘူးတဲ့ — အဟိး ကြီးသွားတောင်စုံသေးရဲ့လား"

"မနက်ကျတော့ကြည့် သုံးဆယ့်နှစ်ချောင်းလုံးပွဲခြင်း ခြင်းမရှိ ဆံတစ်ချောင်းမဖြူသေးဘူး... အသက်သုံးဆယ်မပြည့် သေးတဲ့လူများ သူ့လက်ထက်ကျမှအဘိုးကြီးတဲ့"

ရန်အထောင်ကောင်းသော သူ့ကို 'မြတ်မွန်' က နာမည် သစ်တစ်ခုပေးလိုက်ပြန်သည်။

"ဒီမှာ 'ဦးဖေယျလွင်' "

"ပြော"

"တကယ်တော့ 'ဦးဖေယျလွင်' ဟာ ဆရာဝန်လုပ်ဖို့မ ကောင်းဘူး... ဒီလောက်စွာနေမှတော့ ငါးစိမ်းသည်ပဲလုပ်တော့"

"စိတ်ချ မင်းကိုအငတ်မထားဘူး... ဆရာဝန်ခေတ်မစား ရင် ငါးရောင်းကျွေးမယ်"

"အ ဟား ဟား"

"မကြိုက်ပါဘူး မိန်းကလေးဒီလောက်ရယ်တာ မကြိုက် ပါဘူး"

"ဩော် ဩော် မကြိုက်ဘူးလား ရပါတယ် ရပါတယ် 'မွန်' ကလည်း မကြိုက်ပါစေနဲ့လို့ဆုတောင်းနေတာပါ"





"မကြိုက်ဘူး ကျုပ်ကကြိုက်ကြိုက် မကြိုက်ကြိုက်ယူ မယ့်အကောင်"

"အို ဘယ်လိုကြီးတုန်း"

'ဖေယျလွင်' 'မွန်' ကို ဘုကြည့်တစ်ချက်ကြည့်ပြီး ကား ကို ခပ်ကြမ်းကြမ်းမောင်းထွက်ခဲ့သည်။ တမင်မှောင်သောလမ်း ဘ ပြန်ခဲ့သည်။ ထင်သည့်အတိုင်း 'မေမြတ်မွန်' မျက်လုံးများက မှောင်ထဲတွင်ပြောင်လက်နေသည်။

"မြန်မြန်မောင်းလေ ဘာလုပ်နေတာလဲ"

"ကားစက် ဘာဖြစ်သလဲမသိဘူး"

သူမစိတ်ညစ်သွားအောင် စခြင်းဖြစ်သည်။

"အို ကားကလည်းဒီနားကျမှ ရွေးပျက်ရလားလို့"

"ဒါတော့ ကိုယ်လည်းဘယ်ပြောတတ်မလဲ... လူတောင် အားနာကျိုးပဲ့သေကြေပျက်စီးသေးတာပဲ"

"တမင်သက်သက်လုပ်တာ မဟုတ်လား... ဒီကားက အ သစ်ကြီးပဲ"

"ဟုတ်တယ် ဝယ်တာတစ်လပဲရှိသေးတယ်... အစက တော့ကားတွေဘာတွေစီးဖို့ ဝါသနာမပါပါဘူး"

"နေပါဦး ဘယ်သူကမေးလို့ဖြေတာလဲ"

"နောက်ပိုင်းကျတော့ ကောလိပ်ကျောင်းသူလေးတစ် ယောက်ကိုကြိုက်မိလို့ သူ့ကျောင်းကိုသွားဖို့ ဝယ်လိုက်တာ...


www.burmeseclassic.com

www.burmeseclassic.com

သူဘွဲ့မရမချင်းတော့ ကျောင်းနေခွင့်ပေးမှာပါ... တတိယနှစ်ပြီး လို့ ကျောင်းပိတ်ရင်လက်ထပ်မယ်... ပြီးရင်ဒီကားလေးနဲ့သူ့ကို ပို့မယ်ကြံမယ်"

ထိုစကားများကြောင့် 'မွန်' စိတ်တိုလာသည်။

"ဘယ်သူကယူမယ်ပြောလို့လဲ... သူ့ဖါသာပါးစပ်အရ သာခံပြီး ပြောချင်တိုင်းပြောလို့ရမလား ကဲ ကဲ"

'မမြတ်မွန်' သူ့ကျောပြင်ကိုပိုက်ဆံအိတ်ဖြင့် လေးငါး ခြောက်ချက် ပစ်ရိုက်မိလိုက်သည်။

"အား ကျွတ် ကျွတ်..."

ခပ်ပြင်းပြင်းရိုက်ချက်ကြောင့် အတော်လည်းအီသွားလေ သည်။ မိမိအပေါ် စိမ်းကားလွန်းသော ရက်စက်လွန်းသော ဤ ကလေးမကိုတော့ ဒဏ်ခတ်မှတော်ရော့မည်။ စတီယာရင်ပေါ် မှောက်အိပ်နေသည်မှာ ငါးမိနစ်ခန့်ရှိပြီ။ ကားအသွားအလာက လည်း ကျဲသမှတစ်စီးတလေမှရောက်မလာ။ လကလည်းမသာ။ မှောင်လိုက်တာလည်း ခြေးလို့။

'မမြတ်မွန်' တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်းထ၍ တုန်တုန်ယင်ယင်ဖြစ်သွားသည်။ ကိုယ်လေးကျုံ့၍ 'ဇေယျာလွင်' ဘာကို မသိမသာတိုးထိုင်မိသည်။

" 'ဦးဇေယျာလွင်'... 'ဦးဇေယျာလွင်' ဘာဖြစ်နေတာလဲ ဟင်"





အသံကလေးတောင် တုန်လို့ပါလား။ 'ဇေယျာလွင်' ၏ လက်မောင်းကို ခပ်တင်းတင်းဆုပ်ကိုင်လှုပ်ရမ်း၍နေသည်။

" 'ဦးဇေယျာလွင်' ဘာလုပ်နေတာလဲ... 'မွန်' ရိုက်တာ မဖြစ်စလောက်နဲ့ဘာမှမဖြစ်နိုင်ပါဘူး... သက်သက်စနေတာ မဟုတ်လား... 'မွန်' ကြောက်တယ် ဒီနားမှာကြာကြာမနေပါနဲ့ 'မွန်' ကိုမညှဉ်းဆဲပါနဲ့"

"ဘယ်သူက ဘယ်သူ့ကို ညှဉ်းဆဲနေတာလဲ"

"လောလောဆယ် 'မွန်' ကို တမင်နှိပ်စက်နေတယ်ဆို တာ 'မွန်' သိတယ်"

"စိတ်မဆိုးပါနဲ့ 'မွန်' ရယ်... ကိုယ် 'မွန်' ကိုချစ်ရတဲ့သူ ပါ... မေတ္တာဆိုတာ ငါးမြတိုက်ယူလို့ရကောင်းတဲ့အရာမျိုး မ ဟုတ်ဘူးဆိုတာ ကိုယ်သိပါတယ်လေ"

'ဇေယျာလွင်' ကားကိုသာ ဂရုတစိုက်မောင်းလာခဲ့သည်။ တန်တော်ကြီးဟိုတယ်မှစ၍ မီးအလင်းရောင်များကို ထိန်လင်း စွာတွေ့မြင်လာရသည်။ ကနေဒီလမ်းနှစ်သွယ်က ညအမှောင် တွင် သန့်ရှင်းပြန့်ပြူးနေသည်။ ကရဝိတ်မှလှပသောမီးရောင် များကိုလည်း တွေ့ရသည်။ ငြိမ်ချက်သားကောင်းနေသော 'ဇေ ယျာလွင်' ကို 'မြတ်မွန်' မသိမသာစောင်းငဲ့ကြည့်မိသည်။

ခြော် ယောကျ်ားတွေလည်း စိတ်ကောက်တတ်သည် တို။ တကယ်တော့ 'ဇေယျာလွင်' လိုလူကို 'မြတ်မွန်' မငြင်းချင်


www.burmeseclassic.com

www.burmeseclassic.com



ပါ။ မိမိကို 'ဒေးယျလွင်' အတော်ချစ်ခင်စွဲလမ်းနေမှန်း သိပါသည်။ သူ့လိုလူချော ဝညာတတ်တစ်ယောက်ကို ဘယ်မိန်းမမဆို ဘဝကြင်ဖော်အဖြစ် ရည်မှန်းလိုကြမည်သာ။

သို့သော် သူတစ်ယောက်တည်းနှင့်ပြီးမလား။ သူ့မိဘကသဘောတူမလား၊ ဒါတွေ ဒါတွေရှိသေးသည်။ ကားလေးရပ်သွားသည်။ 'မမြတ်မွန်' တို့ အိမ်ခန်းလေးမှာ သေးသေးမည်းမည်းလေး။

"ကျေးဇူးပဲနော်"

"ရပါတယ်ဗျာ"

'မွန်' ကို စူးစူးစိုက်စိုက်ကြည့်ပြီးပြောနေသော သူ့ကို 'မွန်' အမှာစကားတစ်ခုပါးလိုက်သည်။

" 'ဦးဒေးယျလွင်' ကို အကူအညီတစ်ခုတောင်းမလို့"

"ရပါတယ် ကူညီတတ်ပါတယ်"

ချက်ချင်းအမူအယာပြောင်းသွားသော သူ့ကို 'မြတ်မွန်' အံ့သြမိသည်။

"အပေါ်ထပ်က 'ဦးထွန်းမင်း' ကိုပြောပေးပါ… 'မွန်' ကျူရှင်နှစ်ရက်လောက်ပျက်မယ်လို့"

"ပြောပေးနိုင်ပါတယ် စိတ်ချပါ… ကျူရှင်လာမယ့်နေ့ လာကြိုမယ်"

ဟော ဘယ်လိုစိတ်ပြောင်းသွားပြန်ပါလိမ့်။





" 'မွန့်' အိမ်သေးသေးလေးရှေ့မှာ ဒီကားကြီးလာရပ်ရင် ကားကြီးမျက်နှာငယ်မှာပေါ့"

"ကားကြီးကတော့ သူ့ရှေ့ခန်းမှာသူ့ဆရာရဲ့အချစ်ဆုံးမိန်းမလှလေးစီးမယ်ဆိုရင် အိမ်သေးသေးရှေ့မှာဖြစ်ဖြစ် တဲပုပ်ရှေ့ပဲဖြစ်ဖြစ် နံပြားဖိုပဲဖြစ်ဖြစ် လာခေါ်မှာပဲတဲ့"

"ဒါဆိုလည်း ကားကြီးကိုပြောလိုက်ပါ… ခွင့်နှစ်ရက်ယူတာရယ် သုံးရက်အားတာရယ်ဆိုရင် နောက်ခြောက်ရက်နေမှလာပါလို့"

"ဟာကွာ တစ်ပတ်နီးပါးတောင် မတွေ့ရဘူးပေါ့"

"အင်းပေါ့"

"ဒီကြားထဲ တွေ့ချင်သေးတယ်ကွာ"

"ဖြည်းဖြည်းပေါ့ ကဲ 'မွန်' သွားတော့မယ်"

"ဂွတ်နိုက်…"

သူက ဂွတ်နိုက်နေသေးသည်။ 'မြတ်မွန်' သူ့ကိုလှည့်ကြည့်ဘဲနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ။ ။ တဆယ့်လေး

ကျောင်းကြီးပိတ်၍ 'မောင်မောင်' ရွာပြန်ပြီ။ 'ခင်မှုန်း' တို့အလွမ်းဇာတ်ခင်းနေရိန်ဝယ် 'ဇေယျလွင်' က ကြီးပွားနေသည်။ ဆေးခန်းအလာတွင် 'မေမြတ်မွန်' ကိုကားဖြင့်ဝင်ခေါ်ခွင့် ရနေသလို အပြန်တွင်ကားဖြင့်ပြန်ပို့ခွင့်ရနေပြီ။ သို့သော်ချစ် အဖြေကိုတော့ ပွင့်ပွင့်လင်းလင်းမပေးသေးပါ။ ထို့ကြောင့် 'ဇေယျလွင်' မတင်မကျဖြစ်နေမိသည်။

"ဘာဝင်လုပ်ဦးမှာလဲ"

ဆေးခန်းအလာတွင် ကန်တော်ကြီးကျွန်းဘက်သို့ကွေ့ဝင်လိုက်သဖြင့် စိတ်တိုပြီးမေးမိခြင်းဖြစ်သည်။

"စကားပြောရအောင်လေ..."





"အို စကားတလည်းပြောလို့ပဲ ကောင်းနိုင်ဘူး"

"စိတ်ချ ဘယ်တော့မှမကုန်ဘူး... မင်းနဲ့ငါနဲ့လက်ထပ်ပြီးကလေးတွေမွေး မြေးတွေရပြီး ငါသေလို့မြေကြီးထဲဝင်မှမင်းနားအေးမယ်မှတ်"

ကဲ 'ဒေါ်မေမြတ်မွန်' ဘာပြောချင်သေးလဲ။ ဘာမှပြန်မပြောချင်၍ မျက်စောင်းတစ်ချက်သာ ထိုးပစ်လိုက်မိသည်။

"ထိုင်လေ"

"ဟင့်အင်း"

"ထိုင်ပါဦး 'မြတ်မွန်' ရယ်... ဒီနားကိုရောက်လာပြီးမှတော့ ဒီခုံလေးတွေက မထိုင်ရင်ဘယ်စိတ်ကောင်းကြပါ့မလဲ"

ကြည့် သူထိုင်စေချင်တာကို သွယ်ဝိုက်နေသေးသည်။ 'မွန့်' လက်ကိုဆွဲ၍ အတင်းထိုင်ခိုင်းနေခြင်းဖြစ်၏။

"ထိုင်မယ် လက်မကိုင်နဲ့"

ကန်တော်ကြီးရေပြင်ပေါ်မှ လှိုင်းအိလေးများလို 'မွန့်' ရင်ထဲတွင် လှိုင်းလေးများပြေးနေသည်။ ကန်ရေပြင်၏အေးမြမှုနှင့်အတူ 'မွန့်' ရင်ကိုကြည်နူးသာယာစေမှုကို ပေးစွမ်းနိုင်သည်ဟုဆိုရမည်။ 'မွန်' မသိမသာမျက်နှာလွှဲလိုက်မိသည်။

'ဇေယျလွင်' က လက်ပိုက်၍မျက်တောင်မခတ်ထိုင်ကြည့်နေသောကြောင့်ဖြစ်သည်။

" 'မေမြတ်မွန်' "



www.burmeseclassic.com

မထူးဘဲချက်လုံးလေးဝင့်၍ လှမ်းကြည့်ခြင်းဖြစ်သည်။ သူမမျက်နှာပေါ်တွင် ပြုံးခြင်းမဲ့ခြင်းတို့ လုံးဝမရှိဘဲပကတိတည် ငြိမ်နေသည်။

"ခင်းဖါးသားကြီးကို ဘယ်လိုဆက်သွယ်ရင်ရမလဲ"

ထိုစကားကြောင့် 'မွန်.' ကိုယ်လုံးလေးတောင့်ကနဲဖြ ၍သွားပြီး...

"ဘာလုပ်ဖို့လဲ"

"လက်ထပ်ဖို့ကိစ္စဆွေးနွေးချင်လို့"

"အို ဘယ်သူကလက်ထပ်မယ်ပြောလို့လဲ"

" 'ဇေယျာလွင်' ပြောနေတာ"

"ကျောင်းမပြီးမချင်း ဒီကိစ္စကိုလက်မခံဘူး စဉ်းလဲမစဉ်း စားဘူး"

"ငါကတော့ နင်ကျောင်းပိတ်တုန်းလက်ထပ်ချင်တယ် ယူ ပြီးမှကျောင်းဆက်တက်လည်းရတာပဲ"

"လုံးဝသဘောမတူဘူး... ဒီလောက်လွယ်လွယ်ကူကူ ပြောဆိုဆက်ဆံနေရအောင် 'မွန်.' ကိုအပေါစားမိန်းမမှတ်နေသ လား... ဒီကိစ္စကိုသိပ်ရှေ့တန်းတင်ပြီး စကားပြောနေ မယ်ဆို ရင် 'မွန်' နဲ့ရှေ့လျှောက်မတွေ့ကြရင်ကောင်းမယ်"

"ဘာလို့ ဒီလောက်မာနကြီးနေတာလဲ 'မေမြတ်မွန်' ရယ်... ငါကမင်းကိုချစ်ရတဲ့သူပဲ... မင်းသဘောမတူဘဲ ငါစွတ်





ပ်လို့မရဘူးဆိုတာသိပါတယ်... ဒါပေမဲ့တစ်နှစ်ကြာတာနဲ့ ျ တို့အသက်ကတစ်နှစ်ကြီးသွားမယ်ဆိုတာလည်း မေ့မသွား ဦးလေ... ပြီးတော့ကိုယ်ဟာ မိန်းမတစ်ယောက်ကို ခင်ပွန်း ာင်းအရည်အချင်းတွေနဲ့ ထားနိုင်တဲ့အခြေအနေမှာ ရှိနေပြီ ို့ယူဆတယ်"

"အို 'ဦးဇေယျာလွင်' လိုပေါ့... အသက်သုံးဆယ်လောက် ိလေ"

"အောင်မယ်လေးဗျာ... အဲသလောက်သာ စောင့်ရင် ာ့လက်ထပ်တဲ့အချိန်ကျရင် တစ်ခါတည်းအခေါင်းပါတန်းမှာ ားလိုက်ပါ"

"အဟင်း ဟင်း"

စိတ်ဓါတ်ကျနေသော 'ဇေယျာလွင်' ကိုကြည့်ပြီး 'မြတ်မွန်' ိမိသည်။

"နက်ဖြန်သဘက်ခါ စနေတနင်္ဂနွေ ကျောင်းလည်းပိတ် ယ်... ကျူရှင်လည်းပိတ်တယ် ကိုယ့်ကိုတွေ့ခွင့်ပေးမလား"

"ဟင် ခုလဲတွေ့နေရတာပဲ... နက်ဖြန်ဘာ့ထပ်တွေ့နေ ာလိုသေးလဲ"

"အာ လိုတာပေါ့... တတ်နိုင်ရင်တစ်နေ့လုံးတောင်မျက် ာင်မခတ်ဘဲ ထိုင်ကြည့်နေချင်သေးတာ"

'မေမြတ်မွန်' မျက်နှာလေး တစ်ဖက်သို့လှည့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လိုလဲ တွေ့ခွင့်ပေးမှာလား"

"'မွန်' တော့ ပတ်ဝန်းကျင်ကိုရှက်လာပြီ"

"ဘာဖြစ်လို့လဲဗျ"

"သူနဲ့စတွေ့ကတည်းက 'မွန်' တော့ကံဆိုးတာပဲ"

"ဟင် ကိုယ်ကဘာလုပ်လို့လဲ"

"အို အနောက်ကလိုက်လိုလိုက်... အိမ်ရှေ့မှာယော လည်လည်လာရပ်လို့ရပ် ကားကြီးနဲ့ခဏခဏဖြတ်နဲ့ တစ် ကွက်လုံးရိပ်မိတယ်သိလား"

"ချစ်လို့ပါဗျာ... ကိုယ့်ချစ်သူမျက်နှာလှလှကိုမြင်ရ မြင်ရညား လာငမ်းတာပါ"

"သူငမ်းစားလူသိလွန်းတယ်... မသိမသာကြည့်ပေါ့"

"ဟုတ်ကဲ့ နောက်ဆိုရင်မသိမသာ ကြည့်ပါ့မယ်... ဒါ မကြိုက်ရင်လည်း မကြည့်ဘဲနေနိုင်အောင် ကြိုးစားပါ့မယ် ကျွ တော်ကြောင့် ကံဆိုးတယ်ဆိုရင်ကျွန်တော်မလာမိအောင်အတ နိုင်ဆုံးကြိုးစားပါ့မယ်"

"သူပြောလိုက်ရင် ဒီလိုပဲ... ပြီးတော့ ရောက်လာတာပဲ"

"အေးဗျ သိပ်တော့မချုပ်ချယ်နဲ့... ကျုပ်ကအိမ်ပေါ် တင်းတက်လာမှာ"

"လာကြည့်လေ ခွင့်မပြုဘဲလုပ်ကြည့်ပေါ့... နောက်ထ ဘယ်တော့မှမတွေ့ရဘဲနေမယ်မှတ်... ကဲ နောက်ကျနေပြီလေ"





...နိုတော့မယ်"

မိမိကိုလုံးဝအခွင့်အရေးမပေးသောဤကလေးမကို ဘာကြောင့်မတွေ့ရမနေနိုင်အောင် ဖြစ်နေပါလိမ့်။ ယခုလည်းချိန်းသို့မရ တွေ့ခွင့်တောင်းလို့မရအောင် ဖြစ်နေသည်။ မိမိကို တဘယ်မချစ်လို့လား၊ မုန်းနေလို့လား၊ မတွေးတတ်အောင်ဖြစ်နေပြီ။ သို့သော်တစ်ခုတော့ အခွင့်အရေးရှိသည်။ ကျူရှင်အသွားအပြန်တော့ မိမိနှင့်သူမအတူသွားလာနိုင်သေးသည်။

အိမ်အပြန်ခရီးတွင်လည်း သူမကစကားမပြော။ တောင့်တောင့်လေးထိုင်၍လိုက်ပါလာသည်။ သူမကို မိမိကစကားမပြောချင်း မိမိလည်းမပြောဟု စိတ်ကိုတင်းထားလိုက်သည်။ သူမနေထိုင်ရာအိမ်ရှေ့သို့ ရောက်လာသည်။

"ကျေးဇူးပဲ"

ထိုမျှသာပြော၍လက်ပွေ့အိတ်လေးကိုင်ကာ ထွက်သွားနေလေပြီ။ မိမိကိုအိမ်ထဲဝင်ပါဦးဟု ခေါ်ဖော်ပင်မရ။ ကားပြန်ထွက်ဖို့ပြင်ချိန်ကျမှ 'မမြတ်မွန်' ၏ဖခင်ကားကို တွေ့လိုက်ရသည်။

"'မောင်ဇေယျလွင်' အိမ်ထဲဝင်ပါဦးလား"

နှစ်ခါပင်မခေါ်လိုက်ရ၊ 'ဇေယျလွင်' က ဆယ်ပေပင်ပြည့်ချင်သော အိမ်ကျဉ်းကျဉ်းလေးထဲ ရောက်လာသည်။

'မမြတ်မွန်' သိပ်ကျေနပ်ပုံမပေါ်။ ဖခင်ဖြစ်သူကိုလွန်


www.burmeseclassic.com

www.burmeseclassic.com

ဆန်နိုင်၍သာ အောင့်နေပုံရသည်။ညှော်ခန်းထဲတွင်ဘာအဆော
အယောင်မှမရှိ။ ကုလားထိုင်ပင်မရှိ ဖျာကြမ်းတစ်ချပ်ခင်းထား
သည်။

"'မမအုံး' တို့ရော ဘာလိုသေးလဲ"

'ဦးမြင့်မော်' က မေးခြင်းဖြစ်သည်။

"မလိုပါဘူးကွယ်... မင်းသမီးကိုသာမေး သူကအဖို့
လှချင်ပချင်တဲ့အရွယ် ပြီးတော့ကောလိပ်ကျောင်းသူမဟုတ်လား"

"ဟုတ်ကဲ့ 'မမအုံး'... သမီးအတွက်ရှေ့လျှောက်ဘာ
မျက်နှာငယ်စရာမရှိတော့ဘူး... ကျွန်တော်နဲ့ပြန်တွေ့ပြီပဲ"

"ဒါနဲ့ မင်းကိုမပြောမဖြစ်လို့ ပြောရဦးမယ်... တို့အရ
ထဲကအရာရှိလေးယောက်က 'မွှန်' ကို နှစ်သက်နေတာကြာပြီ
ငါတို့လည်းခွင့်ပန်တာ ဆယ်တန်းအောင်တဲ့နှစ်လောက်ကတည်း
က ငါတို့လည်း 'မွှန်' နဲ့မင်းနဲ့တွေ့စေချင်တဲ့ဆန္ဒတွေ ပြင်း
တာရယ် အဖေအရင်းကိုယ်တိုင် ကြိုက်နှစ်သက်ရာနဲ့စီမံစေ
တဲ့ဆန္ဒတွေကြောင့် ခေါင်းမခါခေါင်းမညိတ်လုပ်ထားတယ်"

ထိုစကားကြောင့် 'ဧယျလွင်' တင်ပါးကို ကင်းကိုက်
လိုက်ရသလို တွန့်ကနဲဖြစ်သွားမိသည်။ 'မမြတ်မွှန်' ကိုလည်း
ဖြတ်ကနဲလှမ်းကြည့်မိသည်။ ထုံးစံအတိုင်း သူမကမရယ်မပြုံး
မျက်နှာဖြင့် ကြမ်းပေါ်မှဖျာကြမ်းကို စူးစိုက်ကြည့်နေသည်။

သူမက အေးစက်စက်လုပ်နေသော်လည်း မိမိရင်ထဲမှာ





ဘာ ပူနေပါပြီ။

"'မမအုံး' ပြောတာကို ကျွန်တော်လက်ခံပါတယ် ကဲ
အုံး' ကိုမေးမယ်"

"ဘာများလဲဟဲ့"

"တခြားမဟုတ်ပါဘူး... 'မမအုံး' သမီးကို ဆရာဝန်တစ်
ယောက်နဲ့သဘောတူမလား၊ စာစာကရိုးအရာရှိလေးနဲ့ သ
ဘောတူမလား"

"ဟယ် ဒါများမေးရသေးတယ်... ဆရာဝန်နဲ့သဘောတူ
တာပေါ့ဟဲ့... ဆရာဝန်ကပိုက်ဆံလည်းပေါ ဂုဏ်လည်းပိုရှိတာပဲ
ငယ့်သမီးလေး ဆရာဝန်ကတော်ပဲဖြစ်စေချင်တာပေါ့"

ပိန်ပိန်ပါးပါးခါးကိုင်းကိုင်းနှင့် ရှေ့ကိုင်းမျက်မှန်ဝိုင်းလေး
ပ်ထားသော 'ကြီးကြီးအုံး' က မင်းသမီးလေးလိုလှသော 'မွှန်'
ကြည့်ပြီးပြောခြင်းဖြစ်သည်။ 'ဧယျလွင်' ကတော့ 'မွှန်' ကို
ဆိုတိုမိသည်။ သူမကိုချစ်ခင်နှစ်သက်သူ ဆရာဝန်တစ်ယောက်
နေကြောင်း 'ကြီးကြီးအုံး' တို့ကိုပြောထားပုံမရ။

မိမိကားဖြင့်မကြာခဏလိုက်ပါစီးနင်းနေပါလျက် အိမ်
ခွင့်မပြောပြသည်ကတော့ မိမိကိုလုံးဝစိတ်မဝင်စားကြောင်း
သာလွန်းသည်။ ရင်ထဲမှမခံချင်စိတ်၊ မကျေနပ်စိတ်များက
တွေကိုဖြစ်ထွန်းစေလာသည်။ ဒီနေ့ဒီအချိန်ကစပြီး ဒီကောင်မ
အားကို သက်သက်ညှာညှာမလုပ်တော့ ဖွတ်လုပ်မဖြစ်တော့


www.burmeseclassic.com

www.burmeseclassic.com



မည်။

"ဒါ ဒေါက်တာ 'ဇေယျာလွင်' တဲ့ 'မမသိန်း... မွန့်' ကို စိတ်ဝင်စားနေတဲ့လူငယ်တစ်ယောက်ပဲ... အခု ကျွန်တော်လာ တာ သူ့ကိုလက်ထပ်ဖို့ကိစ္စလည်းတိုင်ပင်ရင်း ခရီးမသွားခင်မေ တို့တူဝရီးသုံးယောက်အတွက် ငွေပေးသွားချင်လို့ပဲ"

ယောက္ခမကြီးစကားကြောင့် 'ဇေယျာလွင်' ကြမ်းနှင့်တင် ပါးမထိတော့ဘဲ ချက်ချင်းဈာန်ရသွားသလို တစ်ကိုယ်လုံးပေါ့ပါး လွင့်မျောသွားသည်။

"ဖေဖေရယ် 'မွန့်' အိမ်ထောင်ရေးကိစ္စကို သိပ်ဦးစား ပေးစရာမလိုပါဘူး... အေးအေးဆေးဆေးမှပဲလုပ်ပါ"

"မဟုတ်ဘူး သမီး... သမီးတို့တူဝရီးသုံးယောက်ကို ဖေ ဖေချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံနဲ့နေစေချင်ပြီ... ဖေဖေကချမ်း သာလို့တိုက်တွေကားတွေဝယ်ပေးလိုက်ပါပြီ... ဒါပေမဲ့မလုံခြုံ ဘူးသမီး... မိန်းမသားတွေအနေနဲ့ ဘေးပတ်ပတ်လည်ကအချိန် မရွေးအန္တရာယ်တွေဝင်လာနိုင်တယ်... ဖေဖေတို့အသက်အရွယ် တွေက တစ်နေ့တခြား အာမခံချက်လျော့နည်းလာပြီ... ရှုတ်တ ရက်တစ်ခုခုဖြစ်ရင် ငါ့သမီးလေးခုက္ခရောက်ကျန်ရစ်ခဲ့မှာစိုးတယ် ကျန်တဲ့သားသမီးတွေက သူ့ဟာနဲ့သူရှိပြီးသားတွေ ပြီးတော့ ဖေဖေ့လုပ်ငန်းအတွက်ရော ကျန်းမာရေးအတွက်ပါ နိုင်ငံခြား သွားစရာရှိတယ်... မသွားခင်သမီးတို့မင်္ဂလာကိစ္စကို စီစဉ်သွား





င်တယ်"

"အို ရပါတယ် ဖေဖေရယ်... ဖေဖေပြန်လာမှပဲ စီစဉ် စည်းရတဲ့ဟာကို အလောမကြီးပါဘူး"

"ဖေဖေကခြောက်လအနည်းဆုံး တစ်နှစ်လည်းဖြစ်ချင် ဖြစ်မယ်"

"ဟင်"

တွေ့ရတာမှမကြာလှသေးသော ဖခင်ကို 'မွန်' မခွဲခွာ ချင်သေးပါ။ တတ်နိုင်လျှင်ဖေဖေနှင့်အတူ နေလိုပါသေးသည်။

"ဒါကြောင့် သမီးကို စိတ်ချရမယ့်သူ လက်မှာအပ် သွားချင်တယ်"

'ကြီးကြီးအုံး' က ဆေးလိပ်တိုကို ပြာခွက်ထဲပစ်ချရင်း

"မင်းပြောပုံကတစ်သက်လုံး ထိန်းကျောင်းလာတဲ့ ကျုပ် တို့ဆီမှာထားရင်ပဲ စိတ်မချရသလိုလို ဒီမယ် 'မြင့်မော်' ကျုပ် တို့ဆီမှာ ယင်ဖိုတောင်မသန်းဘူးနားလည်လား... ခုမှ မင်းက စကားတွေပြောနေလိုက်တာ... မင်းနဲ့တွေ့မှငါတူမလင်ရမှာသိ လား"

"သဘော သဘော မင်းကအဖေပဲ... မင်းသဘော"

"မရွှဲပါနဲ့ 'မမအုံး' ရာ... သမီးကိုခုချိန်ချိုင်ငဲ့မရှိတဲ့ကြား ထဲ ကောလိပ်ရောက်အောင်ပို့ပေးတဲ့ မမတို့ရဲ့စေတနာတွေကို သမီးနဲ့ထပ်တူကျေးဇူးတင်နေပါတယ်... သမီးရဲ့အစ်နဲ့အမေ



www.burmeseclassic.com

www.burmeseclassic.com

ဟာ- သမီးအတွက်သူစိမ်းပါ"

"ဒါတွေမပြောနဲ့ 'မြင့်မော်'— 'မွန်' ကိုငါတို့မျက်စိအောက်မှာ ချမ်းချမ်းသာသာနေစေချင်လို့ မင်းအကြောင်းဖွင့်ပြောပြီး မင်းခါတ်ပုံထုတ်ပြလိုက်တာ... ငါတို့ 'ခင်ဥ' ကိုသစ္စာဖေါက်လိုက်သလိုပဲ"

" 'ခင်ဥ' ကို သစ္စာဖေါက်သလိုပဲဟုတ်လား... 'မမအုံး' နဲ့ဘာတွေသစ္စာဆိုထားကြလို့လဲ"

'ဦးမြင့်မော်' အသံတွေတုန်နေသလို သိချင်စိတ်ပြင်းပြနေမှန်းသိသာပါသည်။

" 'ခင်ဥ' က မင်းကိုစိတ်နာပြီး သေတဲ့မိန်းမပဲ"

"သိပါတယ်ဗျာ... ကျွန်တော့်ဘဝကိုလည်း 'ခင်ဥ' သိစေကောင်းပါတယ်... ကိုယ့်ဘဝကိုယ်မှမပိုင်ခဲ့ပဲဗျာ"

'ကြီးကြီးသိန်း' က 'ဦးမြင့်မော်' ကိုရွံရှာသောမျက်နှာဖြင့်ရှုံ့ရှုံ့မဲ့မဲ့ကြည့်ပြီး တစ်ဘက်သို့ဆောင့်ဆောင့်အောင့်အောင့်လှည့်သွားလေတော့သည်။ ထိုပုံစံကိုကြည့်ပြီး 'ဖေချုလွင်' ပင်အခံရခက်သွားသည်။ 'ဦးမြင့်မော်' လိုလူကိုသူကများ အဖက်မတန်သလိုလုပ်ရတယ်လို့ပဲရှိသေး။

'ကြီးကြီးအုံး' ကတော့ ခနဲ့တဲ့တဲ့လေသံဖြင့်...

"ဘာရယ်တော် ကျွန်တော့်ဘဝကိုကျွန်တော်မှမပိုင်ဘဲဟုတ်လား ကျွတ် ကျွတ် ကျွတ် ကျွတ်"





စုတ်တသပ်သပ် ခေါင်းတညိတ်ညိတ်ဖြင့် လုပ်နေခြင်းဖြစ်သည်။ 'မေမြတ်မွန်' လည်း ဖခင်ဖြစ်သူကိုလှမ်းကြည့်ပြီးအားနာသလိုသနားသလိုဖြစ်နေသည်။

"ဒီမှာ မြင့်မော်... 'ခင်ဥ' က နင့်ကိုမုန်းတာသူ့ကိုအလိမ်ကျလို့တင်မဟုတ်ဘူး... နင်မျက်နှာများတာကို အံ့ဩလွန်းလို့တဲ့ အဆက်အသွယ်မလုပ်ဘူး... 'မွန်' ကိုလည်းမင်းအမျိုးတွေနဲ့ရော မင်းနဲ့ပါလုံးဝမပတ်သက်ပါစေနဲ့လို့ ကတိတောင်းသွားတယ်"

'ဦးမြင့်မော်' ခေါင်းမဖော်တော့။ အခန်းလေးတစ်ခုလုံးတိတ်ဆိတ်ငြိမ်သက်မှုက အတန်ကြာသွားလေသည်။

"သမီးနဲ့ကျွန်တော့်ကို ပြန်တွေ့ခွင့်ပေးတဲ့အတွက် 'မမအုံး' တို့ကိုကျေးဇူးတင်လို့ဆုံးမှာ မဟုတ်တော့ပါဘူးဗျာ... ပြီးခဲ့တဲ့အဖြစ်တွေအတွက် ကျွန်တော်တောင်းပန်ပါတယ်... အကြီးနှစ်ယောက်ကို သူတို့ထိန်းကျောင်းပေးထားလို့ ကျွန်တော်လှည့်ကြည့်ရှာမလိုပေမယ့် 'မွန်' အတွက်တော့ ကျွန်တော်တာဝန်ယူပါရစေ... 'မွန်' နဲ့အတူ 'မွန်' ဘဝကိုလူတစ်လုံးသူတစ်လုံးဖြစ်အောင် ပြုစုပျိုးထောင်ပေးတဲ့ 'မမအုံး' တို့ ညီအစ်မကိုလည်းကျွန်တော်စောင့်ရှောက်ပါရစေ"

"မလိုပါဘူးတော်... ငါ့ကိုယ့်သမီးကိုယ်ပေးချင်တာပေး... ကျုပ်တို့အတွက်မလိုဘူး... မကျေသေးဘူး သေခါနီးမှမင်းအ



www.burmeseclassic.com

မျိုးတွေနဲ့လည်း မပတ်သက်ပါရစေနဲ့တော့"

"ဘာပဲဖြစ်ဖြစ် မမတို့တူဝရီးသုံးယောက်ကို တိုက်တစ်လုံးဝယ်ပေးမယ်... ကားတစ်စီးပို့ပေးမယ်... ဒရိုင်ဘာထားပေးမယ်"

"အို ကျုပ်တို့ဒီမှာပဲနေမယ်...မင်းသမီးပြောင်းချင်ပြောင်းပါစေ"

"ဖြစ်မလား မမ... သူတစ်ယောက်တည်းဖြစ်မလား"

"မဖြစ်ရင်လည်း ဒီမှာနေတာအဆင်ပြေသားနဲ့မင်းက ဘာလို့ရှည်သေးလဲ"

"မဟုတ်ဘူးလေ 'မမအုံး' ရာ... ဘာပဲဖြစ်ဖြစ် 'မမအုံး' တို့ ညီအစ်မဟာ 'မွန်' ရဲ့ကျေးဇူးရှင်... ပြီးတော့ ကျွန်တော့်ရဲ့ မရီးတွေ တာဝန်မကျေခဲ့တဲ့ ကျွန်တော်လုပ်ရပ်အတွက် ပြန်ပြီး ကျေးဇူးဆပ်ချင်လို့ပေါ့ဗျာ... ဒီမှာနေလို့ဖြစ်မှန်းသိပါတယ် ဒါပေမဲ့ စိတ်ချမ်းချမ်းသာသာ လွတ်လွတ်လပ်လပ် သက်သက်သာသာနေစေချင်လို့ပါ"

"မင်းစေတနာကို ကျေးဇူးတင်ပါတယ်...ဒါပေမဲ့မင်းမိန်းမကလည်း ခပ်စွာစွာလို့ကြားတယ်... တော်ကြာ ကျုပ်တို့ကိုရန်လုပ်နေပါ့မယ်"

"ကျွန်တော့်တာဝန်ထားပါလေ... သမီးတစ်ယောက်ကို အဖေတစ်ယောက်အနေနဲ့ ဒီလောက်တော့ထောက်ပံ့ရမှာပဲ မွေး





ကတည်းက တာဝန်မကျေခဲ့တဲ့ ကျွန်တော့်ကိုဒီလောက်တော့ခွင့်ပြုပါဗျာ"

'မွန်' ၏ မွေးသဖခင်ဖြစ်သော်လည်း ကျေးမိခင်တွေထံမှ ကျေနပ်အောင်ခွင့်ပန်ရမည်မဟုတ်လော။ 'မေမြတ်မွန်' ကလည်း သူ့ကြီးဒေါ်တွေသဘောမတူလျှင် လက်ခံမည့်ပုံမပေါ်။

"ဒီလိုလုပ်ပါလား"

'ဖေချိုလွင်' က ပြဿနာကိုဖြေလည်လိုဖြေလည်ညားဝင်ဖြေရှင်းသည်။

"ဘယ်လိုလဲ 'ဖေချိုလွင်'"

"အန်ကယ်ဝယ်ပေးချင်တဲ့ တိုက်နဲ့ကားတန်ဖိုးကို 'မြတ်မွန်' အတွက်ဘဏ်မှာစုပေးထားလိုက်ပါ... 'မြတ်မွန်' တို့တူဝရီးသုံးယောက်ကို ကျွန်တော့်အိမ်မှာခေါ်ထားလိုက်မယ်"

"ဘာစကားပြောတာလဲ... လူကိုအပေါ်စီးမှတ်နေလား"

"အေးလေ ဘယ်လိုဆရာဝန်လဲ"

'ကြီးကြီးသိန်း' ကပါ ဝင်ပေါက်ခြင်းဖြစ်သည်။

"နေ နေကြပါဦးခင်ဗျ... ကျွန်တော်ပြောချင်တဲ့အဓိပ္ပါယ်ကတစ်မျိုးပါ... 'မေမြတ်မွန်' နဲ့ကျွန်တော်လက်ထပ်ပြီးရင်လုပ်မယ့်အစီအစဉ်ကိုပြောတာပါ"

"ဟွန်း..."

'ကြီးကြီးသိန်း' မျက်စောင်းကထိုးဆဲပါ။

www.burmeseclassic.com

" 'ဦးဇေယျလွင်' ကို ဖေဖေ့ရှေ့မှာမေးစရာရှိတယ်"

"အာ မေးပါဗျာ မေးပါ"

" 'မြတ်မွန်' ကို လက်ထပ်မယ့်ကိစ္စမှာ 'ဦးဇေယျလွင်' ရဲ့သဘောထားတစ်ခုတည်းနဲ့မပြီးဘူးထင်တယ်... ကိုယ့်မိသားစုကိုယ်ပြန်မေးပါဦး"

"စိတ်ချပါ 'မေမြတ်မွန်'... ဘာမှသဘောမတူစရာမရှိပါဘူး... 'မြတ်မွန်' ကျေနပ်အောင်မေးပေးပါ့မယ်"

"ဖေဖေကတော့ ခရီးမထွက်ခင်လက်ထပ်ဖို့ စီစဉ်စေချင်တယ်... 'မောင်ဇေယျလွင်' ဘက်ကတော့ဘယ်လိုလဲ"

"သိပ်ကောင်းပါတယ် အန်ကယ်"

ထိုစကားကြောင့် 'မေမြတ်မွန်' မျက်နှာနီနီလေးဖြင့်...

"ဘာကောင်းတာလဲ"

"ဟို လက်ထပ်ဖို့အစီအစဉ်ကိုပြောတာပါ"

"ဟွန်း 'မြတ်မွန်' ကတော့ ဖေဖေပြန်လာမှပဲစီစဉ်ချင်တယ်"

"ကဲ သမီးသဘောပဲ... ဖေဖေအမြန်ဆုံးတော့ ရောက်အောင်ပြန်လာခဲ့မှာပါပဲ... ကဲရော့ သမီးတို့အတွက် ငွေရယ်... သမီးအတွက် လက်ဝတ်လက်စားရယ်"

"အာ နေပါစေ ဖေဖေရယ်... ဖေဖေပေးထားတဲ့ပိုက်ဆံတွေတောင် ဒီအတိုင်းရှိသေးတာ"





"သုံးစရာရှိတာသုံးလေ သမီး... အဝတ်အစားတွေဘာတွေဝယ်ဝတ်... သမီးအဝတ်တွေက သမီးနဲ့မလိုက်ဘူး 'မောင်ဇေယျလွင်' နဲ့ သွားတဲ့လာတဲ့အခါ မျက်နှာမငယ်ရအောင်ဝယ်ဝတ်ပါ သမီး"

"ဟုတ်ကဲ့"

"အိမ်ပြောင်းဖို့ကိစ္စကရော 'မသိန်း' "

"ဟို ဆရာဝန်ပြောသလိုလက်ထပ်ပြီးမှပဲ ပြောင်းကြတာပေါ့"

" 'မသိန်း' တော့သဘောပဲ"


www.burmeseclassic.com

www.burmeseclassic.com

အခန်း ။ ။ တဆယ့်ငါး

"ဟင် မင်းကဘာလာလုပ်ပြန်တာလဲ"

အပေါက်ဝတွင်ရပ်နေသော 'ဖေယျလွင်' ကို 'ကြီးကြီး သိန်း' က ခပ်ငေါက်ငေါက်မေးခြင်းဖြစ်သည်။ နဂိုကမှမလာချင် ရသည့်အထဲ ဆီး၍အငေါက်ခံရသဖြင့် ခြေဖျားလက်ဖျားပင်အေး လာသည်။

"ပြောလေ ဘာလာလုပ်ပြန်တာလဲ"

"ဟို 'မြတ်မွန်' က သူ့တပည့်အိမ်မှာအလှူလုပ်တာလိုက် ပို့ပေးပါလို့ မနေ့ညနေကတည်းကမှာထားလို့ပါ ကြီးကြီး"

ထိုစကားကြောင့် 'မေမြတ်မွန်' ဒေါကန်သွားသည်။ သူ အတော်ဉာဏ်များသော လူကြီးပါလား။ ဒါတောင်ဒီအသက်အ





ရွယ်အထိ မိန်းမမရသေးသည်မှာ အံ့သြစရာပါပဲ။

"ဟဲ့ 'မွန်'... ညည်းသူ့ကိုခေါ်ထားတယ်ဆိုတာ ဟုတ် သလား"

"ဟုတ် ဟုတ်ကဲ့"

ကိုယ့်ပါးစပ်ကိုယ်ယောင်၍ ပိတ်ထားလိုက်မိသည်။ လုံး ဝမရည်ရွယ်ထားသောအဖြေကို အဘယ်ကြောင့်ဖြေလိုက်မိ ကြောင်း မဝေခွဲတတ်တော့ပါ။ ဖြေပြီးမှရှက်နေမိပြန်သည်။

" 'မိမွန်'..."

"ရှင်..."

"နောက်ကိုဒီလိုပုံစံမျိုးမလုပ်နဲ့... ယူကာမှယူရော မယူ ခင်တော့လူသိသိပ်မခံနဲ့... မယူဖြစ်ရင် ကိုယ်ပဲအရှက်ရမှာ"

မနေသာတော့သဖြင့် 'ဖေယျလွင်' ဝင်ရှင်းမိသည်။

"ကျွန်တော် 'မွန်' ကိုတကယ်နှစ်နှစ်ကာကာချစ်တာပါ သစ္စာရှိရှိနဲ့တစ်သက်လုံး ပေါင်းသင်းသွားမှာပါ... ကျွန်တော့်ကို တော့စိတ်ချပါ"

'မြတ်မွန်' ရှက်လည်းရှက် ဒေါသလည်းထွက်နှင့်သူ့ကို သနပ်ခါးတုံးနှင့်သာ ထုပစ်လိုက်ချင်သည်။

"ကောင်မ ညည်းအတော်ခြေသွက်နေနော် ဟွန်း"

သနပ်ခါးလူးနေသော 'မွန်' ကိုသေချာထိုင်ကြည့်ပြီး တိုးတိုးကျိတ်ကျိတ်ဆူနေခြင်းဖြစ်သည်။ ထင်လည်းထင်စရာပေပဲ


www.burmeseclassic.com

www.burmeseclassic.com

ကို။ 'မွန်' ကလည်း ဒီနေ့မှစိတ်ကူးပေါက်ပြီး နံနက်ရှစ်နာရီလောက် ရေချိုးမိခြင်းဖြစ်သည်။ သနပ်ခါးလိမ်းနေတုန်း သူရောက်လာတော့ ချိန်းထားသည်ပဲထင်မည်ပေါ့။

"'မွန်' သွားမယ် ကြီးကြီး... ဘာမှာဦးမလဲ"

"မမှာဘူးသိပ်မကြာနဲ့"

မာကျောကျောအသံနှင့် စူပုပ်ပုပ်မျက်နှာများကို နောက်တွင်ချန်ထားခဲ့ပြီး ကားပေါ်ရောက်လာကြသည်။

"ဘယ်ကိုမောင်းရမလဲ 'မေမြတ်မွန်'"

"မေးနေစရာလိုသေးသလား... အလှူရှိတဲ့အိမ်ကိုမောင်းပေါ့ ဟွန်း"

"ဟင်း ဟင်း"

"ဘာရယ်တာလဲ... ဘယ်သူချိန်းထားလို့ ခင်ဗျားလာတာလဲ"

"မသိဘူး လာဖို့လည်းမရည်ရွယ်ဘူး... ဒါပေမဲ့လူကတော့ အဲဒီကိုရောက်လာတာပဲ"

"အူကြောင်ကြောင်လုပ်မနေနဲ့"

"ခင်ဗျားလေးကတော့ ဘာကိုစတကယ်မချိန်းဘဲလိုက်လာတာလဲ"

"ခင်ဗျားကို အပြတ်ရှင်းချင်လို့"

"ဟာ ကြောက်စရာကြီးပါလား... ဘယ်လိုအပြတ်ရှင်း





လဲ... သေနတ်နဲ့ပစ်မှာလား ဓါးနဲ့ထိုးမှာလား... အဆိပ်ခတ်တ်မှာလား"

"အပိုတွေပြောမနေနဲ့... ခင်ဗျားကိုမယူဘူး"

"ဟာ ဘာဖြစ်လို့လဲ"

"ချစ်မှမချစ်တာ"

"တကယ်"

'ဇေယျလွင်' ၏အသံက တုန်တုန်ယင်ယင်နှင့်စင်သလို သွားသည်။ မျက်နှာကြီးနီပြီးရှက်သွားကြောင်း သိသာပါသည် တ်မွန်' သူ့စိတ်ကိုစမ်းခြင်းဖြစ်ပါသည်။ 'မွန်' စိတ်ထဲတွင်ဒီ ကြီးတကယ်မချစ်ဘဲ သက်သက်အပျော်လိုက်နေသည်ဟုထင်မိ ည်။ 'ဇေယျလွင်' ၏အမူအယာများမှာ စောစောကလိုသွက် က်လက်လက်မဟုတ်တော့ဘဲ ကားကိုပင်ဖြောင့်ဖြောင့်တန်း န်းမောင်းနိုင်အောင် အတော်ကြိုးစားနေပုံရသည်။

သူသည် မိမိကိုတကယ်ချစ်နေတာပါလား။ မိမိလိုမိန်းမ တွေ သူနှစ်သက်တာခေါင်းခေါက်ရွေးလျှင်ရနိုင်ပါလျှက် မိမိ မှသူကတန်းတန်းစွဲဖြစ်နေသည်မှာ အံ့သြစရာ။ မိမိနေထိုင်ရာ အခြေအနေကိုလည်း သူသိပြီ။ မိမိဘ၀အခြေအနေကိုလည်း သိပြီ။ မိမိသည်မိရယ်ဘရယ်ပြည့်ပြည့်စုံစုံ ထင်ထင်ပေါ်ပေါ် ပျော်ရွှင်ရွှင်နေနိုင်သူမဟုတ်။

"ကိုယ်နားလည်ပါတယ်ကွာ... မင်းကမှကိုယ့်ကိုမချစ်



www.burmeseclassic.com

www.burmeseclassic.com

နိုင်တာ ကိုယ်ဘာတတ်နိုင်မှာလဲ... ကုသိုလ်ကံက ကိုယ့်အတွ
ဖန်လာတော့ကျန်ရစ်အဖြစ်ပဲ စခန်းသွားရမှာပဲပေါ့"

" 'ဦးဓေယျလွင်' လူမျိုးအတွက် အိမ်ထောင်ဖက်မ
ပါဘူး... 'မွန်' ထက်သာတာတွေ ဝိုင်းနေမှာပါ"

"နာမည်ကြီးထမင်းငတ်ဆိုတဲ့စကား ကြားဖူးတယ်
ဟုတ်လား... ခက်တယ် 'မေမြတ်မွန်'... ကိုယ်ကလည်းဒါဆို
ဆိုတဲ့အကောင်ပဲ.. ကဲ အိမ်ကိုပြန်ပို့ပေးမယ်နော်"

"ဒီမှာ 'ဦးဓေယျလွင်'..."

"ပြောပါ 'မေမြတ်မွန်'"

"ခင်ဗျားကြောအဲ့သလို ခပ်တုံးတုံးလုပ်တတ်လွန်းလို့မိန်း
မရတာပဲဖြစ်မယ်... ဒီပုံအတိုင်းသာလုပ်နေ ဘယ်တော့မှမိန်း
ရမှာမဟုတ်ဘူးစိတ်ချ"

"ဟင်"

ကြောင်တောင်တောင်ဖြစ်သွားပြီးမှ သဘောပေါ
သည်။ မိမိ၏ပျော့ညံ့ချက်များကိုလည်း မြင်လာသည်။ မိန်း
လေးက မှုချင်မှုမည်၊ ဒါကို ကိုယ်ကနားလည်ရပြီ။

တားကိုလှူရှင်းသည့်ဘက်သို့ မောင်းသည်။ တဖြည်း
ဖြည်းကန်တော်ကြီးထဲဝင်လာသည်။ ကရဝိတ်ဘက်မသွားဘဲ
တားပေါ်မှဖြတ်ကာ ကျွန်းတစ်ကျွန်းထဲရောက်လာသည်။
ရပ်ပြီး 'မေမြတ်မွန်' ကို မျက်တောင်မခတ်ကြည့်နေသည်။





ယ်မျှကြာကြာ ကြည့်နေသည်မသိ။ 'မေမြတ်မွန်' ပင်အနေရ
ထိုင်ရခက်လာသည်။

"ဘာကြည့်နေတာလဲ"

"လှလို့"

"ဟွန်း"

ဆွဲဆောင်မှုရှိသောမျက်လုံးဒဏ်ကို 'ဓေယျလွင်' ခံနိုင်
ည်မရှိသလောက်ဖြစ်လာသည်။ 'မေမြတ်မွန်' ထိုင်နေရာဘက်
ို့တိုးထိုင်လိုက်သည်။ 'မေမြတ်မွန်' က ကိုယ်လုံးလေးကိုကျုံ့
၍ နေရာရှိသလောက် တစ်ဘက်သို့တိုးသွားသည်။ 'ဓေယျလွင်'
မလက်ကလေးကို တယုတယဆုပ်ကိုင်ပြီး ရှိုက်နမ်းလိုက်ရင်း

"'မွန့်' ကိုသိပ်ချစ်တယ်ကွာ"

'မွန့်' ထံမှအသက်ရှူသံပြင်းပြင်းကိုကြားနေရသလို အ
မိုအမြင့်မြန်ဆန်လွန်းသော ရွှေရင်အစုံကိုလည်း တွေ့မြင်နေရ
သည်။

'မြတ်မွန်' က သူ့လက်ကလေးကို အတင်းပြန်ဆွဲယူ
သည်။ မျက်နှာလေးလည်းနီနေသည်။ 'ဓေယျလွင်' လုံးဝပြန်မ
တ်သည့်အပြင် သူ့ပခုံးကိုကျော်၍ သိုင်းဖက်ထားသည်။ သူမ
အတင်းတွန်းထုတ်သည်။ 'ဓေယျလွင်' အလျင်ကလိုမအတော
သူမ အတင်းတွန်းထုတ်လေ သူမကိုဖက်လေ။

"မချစ်လို့လား"



www.burmeseclassic.com

www.burmeseclassic.com

မဖြေ၊ မျက်နှာကိုလည်း ဝှက်ထားသည်။

" 'မွန်.' ကိုပြန်ပို့တော့"

အသံတွေတုန်လို့ မိမိတကယ်တမ်းပညာပြတော့ သူ့မှာ ခံနိုင်ရည်မရှိ ခြေဖျားလက်ဖျားတွေအေးစက်လို့။

"ချစ်တယ် မဟုတ်လား"

"အို မသိဘူး မသိဘူး 'မွန်' အိမ်ပြန်ချင်ပြီ"

"ပြန်ချင်ရင်ပို့ပေးမယ်… မေးတာဖြေလေ"

"အဖြေပေးနေစရာမလိုတော့ဘူးလေ… ဖေဖေပြန်လာရင်လက်ထပ်မယ်လို့ ညကပဲပြောလိုက်တယ် မဟုတ်လား"

"လက်ထပ်မယ့်အကြောင်း ပြောနေတာမဟုတ်ဘူးလေ ကိုယ့်ကိုချစ်တယ် မချစ်ဘူးမေးနေတာ… မဖြေရင်မလွှတ်ဘူး"

ချောင်ပိတ်မိနေသော 'မွန်.' ကိုတင်းကျပ်စွာပွေ့ဖက်ပြီး မေးခြင်းဖြစ်သည်။

"ကဲ 'မွန်' မေးမယ်"

"အင်း မေး"

" 'မွန်.' ကိုဘာဖြစ်လို့ချစ်တာလဲ"

"အင်း မသိဘူး ချောလို့လှလို့ချစ်တယ်ထင်တာပဲ"

"တခြားချောတဲ့လှတဲ့ အမျိုးသမီးတွေကိုလည်း ချစ်တာပဲလား"

"မဟုတ်ဘူး ကိုယ့်မျက်လုံးထဲမှာ 'မွန်.' အလှကစွဲနေပြီ





တခြားဟာတွေမတိုးတော့ဘူး"

"ပိုတာပါ"

"မပိုဘူး တကယ်ပြောတာ 'မွန်.' ကိုသိပ်ချစ်တယ် 'မွန်' နဲ့နေချင်တယ်… 'မွန်.' မျက်နှာလေးကိုအမြဲတမ်းကြည့်နေချင်တယ်"

သူမနားရွက်နှင့်ပါးပြင်နား မိမိ၏နှာခေါင်းနှင့်ပါးနှင့်ကပ်၍ အချစ်ဆိုမန်းမန်းနေခြင်းဖြစ်သည်။

" 'မွန်'…"

"ဘာလဲ"

"ခုချိန်ကစပြီး 'ဦးဖေယျလွင်' လို့မခေါ်ရဘူး"

"ဘာဖြစ်လို့"

"နားထောင်လို့မကောင်းဘူး အေးလူကြားလို့မကောင်းဘူး"

"ဘယ်လိုခေါ်ရမှာလဲ"

"ချစ်သူတွေခေါ်ကြတဲ့ မောင်တို့ ဒါလင်တို့ ကိုကိုတို့ ခေါ်ပေါ့"

"အာ ရှက်ပါတယ်… အဲ့ဒါတွေမခေါ်ချင်ပါဘူး"

"ကဲ 'မွန်' လေးက ဘယ်လိုခေါ်ချင်တာလဲ"

"ကိုကြီးလို့ခေါ်မယ်… 'မွန်.' ထက် သူကအသက်အများကြီး ကြီးတဲ့လူကို ကိုကြီးလို့ခေါ်တာကောင်းတယ် မဟုတ်လား

www.burmeseclassic.com



ဟင်"

"မဆိုးပါဘူး... ဦးလေးလို့ခေါ်တာထက်စာရင် မ

ဘူး"

တစ်ယောက်ကိုတစ်ယောက် အကဲခတ်ရင်းစကားပြ

သွားကြသည်။

"အမိယ် ဘယ်သူကပြောလို့လဲ"

"ချစ်လို့သာလိုက်လာတာပေါ့... ပြီးတော့ ရှုံးထုတ်

တာမဟုတ်ဘူးလား"

"အမယ် မဟုတ်ပါဘူးနော်... အလျှင်ကလည်းဝတ်

ကြပါ"

"တူကိုမတူဘူး... အလျှင်ကဒီလောက်ရှုံးမများဘူး ရည

စားနဲ့ချိန်းတွေ့လို့အလှတွေပြင်ထားပြီးတော့ ညာမနေနဲ့ ည

မနေနဲ့"

သူမ၏လက်မောင်းကလေးကို တမင်နာအောင်ညှစ်

မိသည်။

" 'ဦးဇေယျလွင်' "

"ဟာ ဒီလိုမခေါ်နဲ့တော့လေ"

"အဲ ဟုတ်သားပဲ... ကို ကိုကြီး"

"အချစ်လေးဘာပြောမလဲ ပြော"

" 'မွန်' ကိုအထင်မသေးဘူးလား"







"မသေးပါဘူး... ဘာလို့သေးရမှာလဲ"

"ဩော် 'မွန်' ဘဝကနုံချာလွန်းလို့ပါလေ... မိဘတွေရဲ့ '

နဲ့ပစ်ထားခံရပြီး ဆင်းဆင်းရဲရဲနေရတဲ့ဘဝပါ"

"ဘယ်မှာဆင်းရဲလို့လဲ... မနေ့ညက ယောက္ခမကြီးက

ငွေတစ်သောင်းနဲ့လက်ဝတ်လက်စားတွေ လာပေးသွားတာရော

ဦးတော့ တိုက်တစ်လုံးနဲ့ကားတစ်စီးလဲ အချိန်မရွေးရှိနေပြီရော"

"ဒါတွေခုမှရှိမယ့်ကိစ္စတွေပါ... ဘာပဲဖြစ်ဖြစ် 'မွန်' ဘဝ

ာ မျက်နှာငယ်ပါတယ်လေ... မဖြစ်နိုင်ဘဲနဲ့တော့ စိတ်ကူးယဉ်

ြီး 'မွန်' ကိုဒုက္ခမပေးပါနဲ့"

"ဘာလို့မဖြစ်နိုင်ရမှာလဲ... ကိုယ့်မိဘတွေဆီစာရေး

ိုက်ပြီ... အဖေတို့အမေတို့ပြန်သွားတာ သိပ်မကြာသေးဘူး...

ါကြောင့်ခဏသည်းခံနေရတာ သူတို့လာရင်တော့ တစ်ခါ

ည်းပဲလက်ထပ်တော့မယ်"

'မေမြတ်မွန်' ကိုကြည့်ရသည်မှာ မိမိနှင့်အတူတူနေရဖို့

အတွက် မိမိဘက်မှသဘောမတူမှာ စိုးရိမ်နေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ။ ။ တဆယ့်ခြောက်

"ဒါက 'မောင်မောင့်' အခန်းလေ"

"ဩော် ဩော်"

'ဇေယျလွင်' က မိမိအိမ်ကို လိုက်လံပြသနေခြင်းဖြ သည်။ အဖြစ်သည်းတယ်ဆိုချင်ဆို 'မေမြတ်မွန်' ကို တစ်နေ့န ခေါက်တော့တွေ့အောင် ကြိုးစားသည်။ ဒီကနေ့တော့ မိမိအိ ကိုလိမ်၍ ခေါ်ခဲ့ခြင်းဖြစ်သည်။ ပထမတော့ 'မြတ်မွန်' စိတ်ဆိ သေးသည်။ ကားပေါ်မှမဆင်းဘူးဟု ငြင်းသေးသည်။'ဇေယျလွ က အတင်းခေါ်သည်။ ကြာကြာနေလျှင်ဘေးလူတွေ ရိပ်မိက မည်စိုး၍ 'မေမြတ်မွန်' အိမ်ထဲအမြန်ဝင်ခဲ့ရသည်။

"ရော့ အယ်လ်ဘမ်ထဲမှာ 'မွန်' ယောက္ခမကြီးပုံတွေ





တယ် ကြည့်"

ခန့်ညားသော်ယောက္ခမလောင်းများကိုကြည့်ပြီး 'မြတ်မွန်' စိတ်ထဲတွင် အားငယ်သလိုလိုဖြစ်မိသည်။ အယ်လ်ဘမ်ထဲတွင် 'ဇေယျလွင်' ပုံထက် 'မောင်မောင့်' ပုံကပိုများသည်။ မိမိကို အထင်မကြီးသော 'မောင်မောင်' တစ်ယောက် နောက်နောင်အတူနေကြသောအခါ အဘယ်ကဲ့သို့ဆက်ဆံမည်နည်း။

ဩော် 'မောင်မောင့်' ရယ်၊ မင်းမဆုံးဆည်းချင်ပေမယ့် ဆုံဆည်းကြရဦးမှာပါလားကွယ်။

"ကောင်မလေး ဘာတွေစဉ်းစားနေတာလဲ"

"ဩော် ဘာမှမစဉ်းစားပါဘူး... ကိုကြီး ဒါနဲ့ 'မောင်မောင်' တစ်ယောက်ရောမမြင်ပါလား"

"မမြင်ဆို ရှိမှမရှိဘဲ"

"ဟင် ဘယ်သွားလဲ"

"ရွာပြန်တယ်လေ"

"ရွာ ဟုတ်လား ဘယ်ရွာလဲ"

"သူနေတဲ့ရွာပေါ့"

"ဟင် ကိုကြီးပြောတော့ ကိုကြီးမိဘတွေက တောင်ကြီးကဆို"

"အင်းလေ"

"ဒို့ 'မောင်မောင်' က တောင်ကြီးမပြန်ဘဲ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ရှာပြန်ရတာလဲ"

"သူ့အမေကရွာမှာရှိတာပဲ... ကိုကြီးနဲ့သူက ညီအစ်ကို အရင်းမှမဟုတ်တာပဲ... 'မောင်မောင့်' ကို ကိုကြီးကညီအဖြစ်မွေးစားထားတာ"

"ဩော်"

'မောင်မောင့်' ဘဝကို ကိုကြီးပြောပြမှ စုံစုံလင်လင်သိရသည်။ ဒါကြောင့်တစ်ခါတစ်ခါ 'မောင်မောင်' ငိုင်တွေငေးမောနေတတ်သည်ကိုး။ 'ခင်ဖုန်း' တို့အမေက 'မောင်မောင်' လို နွမ်းပါးသူနှင့် သဘောတူပါ့မလား။ 'ခင်ဖုန်း' ကကော 'မောင်မောင့်' ကို တကယ်ပဲချစ်ပါ့မလား၊ ရာသက်ပန်ပေါင်းဖေါ်ပါမည်လား။ တကယ်လို့များ 'ခင်ဖုန်း' ပစ်သွားလျှင် 'မောင်မောင်' အဘယ်သို့ရှိမည်နည်း။

" 'မောင်မောင့်' မှာရည်းစားတွေဘာတွေရှိလား"

"အမယ် မယ် သူ့ညီအကြောင်းလာအစ်နေလိုက်တာ ဘယ်သိပါ့မလဲ"

"ဘာလို့မသိရမှာလဲ... တစ်တန်းတည်းနေတာပဲ"

"ဒါတော့ ကိုကြီးအထင်ကို...ဒီလောက်ကျယ်တဲ့ကျောင်းကြီးထဲအတွဲတစ်တွဲမသိအောင်တွဲရင် သိမလား"

"ပညာရှိပါပေတယ်... လိုချင်တဲ့အဖြေကို တစ်ခါတည်းရှင်းသွားအောင် ဖြေပစ်လိုက်တာပဲနော်"





" 'မောင်မောင်' ကအေးပြီး စာကြိုးစားတဲ့သူပဲ အပိုအလုပ်တွေလုပ်မယ်မထင်ပါဘူး"

"မပြည့်စုံသေးဘဲ အပိုအလုပ်တွေမလုပ်ဖို့ ပြောထားဆုံးမထားတာပဲ... သူ့မိသားစုမှာသူကအကြီးဆုံးသားလေ... အမေကြီးခမြာသနားပါတယ်... ဒါကြောင့် ကိုကြီးသူ့ကိုစောင့်ရှောက်ထားတာ"

"ဩော် ဩော်"

"အချစ်ကို ခွင့်ဝန်ထားရဦးမယ်"

"ဘာကိုလဲ"

" 'မောင်မောင်' ဘွဲ့ရပြီးလို့အလုပ်အကိုင်အဆင်မပြေရင် ကိုကြီးတို့ကားကိုပဲ မောင်းထားခိုင်းမလားလို့... သူ့ကိုတစ်လငါးရာပေးမယ်လို့ မှန်းထားတယ်"

"ဒါက ကိုကြီးရဲ့ကိစ္စပဲ"

"ဘယ်နှယ့်ကိုကြီးရဲ့ကိစ္စပဲ... 'မွန်' က ကိုကြီးရဲ့မိန်းမဖြစ်လာမယ့်သူဆိုတော့ ကြိုတင်တင်ပြထားရတာပေါ့"

"ကူညီသင့်တာကို ကူညီရမှာပေါ့"

အပြင်ထွက်မလည်ကြဘဲ ချစ်သူနှစ်ဦးအိမ်မှာပင်ချော်ပြုတ်စားသောက်ကြသည်။

"အချစ်ရေ"

"ဘာလဲ"


www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးတို့အဖြစ်က ကိုင်ဇာဆိုတဲ့ ကိုယ့်အခန်းကငြိမ်းချမ်းတယ် သီချင်းလေးလိုဖြစ်မနေဘူးလား"

"တော်ပါနော် ဒီတစ်ခါပထမဆုံးအကြိမ်နဲ့ နောက်ဆုံးပဲ... လက်မထပ်ရသေးဘဲ ဘယ်တော့မှလိုက်မလာတော့ဘူး"

"ကိုကိုနဲ့နေရတာ မပျော်ဘူးလား"

"ပျော်တာမပျော်တာထက် မသင့်တော်တာကခက်တယ် မိန်းကလေးတစ်ယောက်အနေနဲ့ မသင့်တော်ဘူး... ဘေးလူတွေသိရင် 'မွန်' ကိုပဲအထင်သေးမှာ"

" 'မွန်' ဖေဖေခရီးမထွက်ခင် ကိုယ်တို့လက်ထပ်ကြရအောင်ကွာနော်... ကိုယ်တော့အချစ်နဲ့မခွဲနိုင်တော့ဘူး"

ညှိခန်း၏တစ်ခုတည်းသောချောင်လေးတွင် ကပ်ထိုင်မိကြသည်။ တစ်နေ့အတူနေကြရမည့်သူများ ဖြစ်လင့်ကစား 'မမြတ်မွန်' က ချစ်သူအလိုကိုမလိုက်။ ညှိခန်းမှာပင် စကားပြောသည်။ ဒါတောင် 'ဓေယျလွင်' က လမ်းသွားလမ်းလာများမမြင်အောင်ချောင်တွင်ကပ် သူ့ရင်ခွင်ထဲသွင်း၍ ချစ်စကားတွေချစ်အနမ်းတွေ ဖြန့်ဝေနေသည်။

သည်အချိန်ကိုကုန်လွယ်စေတတ်သည်ကား အမှန်။နေ့ခင်းကနေ ညဦးဆီသို့တိုင်ခဲ့ပြီ။ အိမ်ကိုရောက်တော့ ခုနစ်နာရီထိုးပြီ။

"ပြန်လာသေးသကိုး... ဘာလို့လာပြန်ပို့နေသေးလဲ"





"အဟဲ မလုပ်ပါနဲ့ဗျာ... ကျွန်တော်တို့ကခုမှပူပူနွေးနွေးရှိသေးတာ"

"ဟင် ဘာပူပူနွေးနွေးလဲ"

"ဟိုလေ ချစ်ကာစကြိုက်ကာစဆိုတော့ တစ်ရက်မမြင်အသက်ငင်ရမတတ်ပါပဲ"

"သေသွားရင် ပိုတောင်ကောင်းသေးတော်"

" 'ကြီးကြီးသိန်း' က တိုယ်ချင်းမှစာသဲ... ဒါကြောင့်အပျိုကြီးဖြစ်နေတာ"

"အေး ဟုတ်တယ် နောက်နေ့ကစပြီး မင်းတွေ့ချင်ရင်အိမ်မှာလာတွေ့... မင်းနဲ့ဘယ်ကိုမှမထည့်ဘူး... ကဲ မင်းပြန်တော့"

'မြတ်မွန်' က ခန်းဆီးနောက်မှ နှုတ်ဆက်ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ။ ။ တဆယ့်ခုနစ်

တောင်ပိုင်းရှမ်းပြည်နယ် အင်းလေးကန်းထဲတွင်ဖြစ်
သည်။ ပွဲချိတ်ပေါ်တွင် လူလေးငါးဆယ်ခန့်ပါသည်။ ပွဲချိတ်အ
လယ်လောက်တွင် 'ဒေါ်ခင်ခင်ကြည်' နှင့်သမီးဖြစ်သူ 'ခင်ဖုန်း
မြင့်မော်' တို့နှစ်ယောက် ကျုံ့ကျုံ့ကလေးထိုင်နေကြပါသည်။

ဤနွေကျောင်းပိတ်ရက်တွင် 'ခင်ဖုန်း' တို့သားအမိ
တောင်ကြီးသို့ထွက်ခဲ့ကြသည်။ တောင်ကြီးဟိုတယ်တွင် တည်း
ခိုကြသည်။ ထိုပွဲချိတ်ထဲတွင် ရန်ကုန်မြို့မှ 'ဒေါက်တာဧယျာ
လွင်' ၏မိဘနှစ်ပါးလည်းအပါအဝင်ဖြစ်သည်။ သမီးမရှိသော
'ဒေါ်စိန်စိန်' က သမီးအရွယ်မိန်းကလေးလှလှလေးများကို မြ
လျှင်နှစ်ခြိုက်စွာကြည့်တတ်သည်။





ယခုလည်းဘယ်နှစ်ခေါက်တွေ့တွေ့ ကြည့်၍မငြီး၍မရိုး
သော ငွေလွှာပြင်အင်းလေးနှင့် ဆေးတစ်ဘက်တစ်ချက်ရှိတောင်
များကိုငေးလိုက် မိမိနှင့်တစ်ယောက်ခြားတွင် မျက်နှာချင်းဆိုင်
၍ထိုင်နေသော 'ခင်ဖုန်း' ကိုမဝတမ်းကြည့်မိသည်။ ဖြူဖွေးသော
အသားအရေ၊ လက်သည်းရှည်၊ ခြေသည်းရှည်များနှင့် နုနုရွရွ
ဝိုလိုဥထားခြင်းခံရသော သဌေးသမီးလေးမှန်းသိသာပါသည်။

သူမ၏မိခင်ဝတ်ထားသည်မှာလည်း အညိုရောင်အင်ဒို
နီးရှားဝမ်းဆက် စိန်ထည်တွေဝတ်လို့။ မျက်နှာတလည်းချိုလို့။
သူတို့သားအမိသည် တော်ယုံပါချည်ပါချက်ထဲကတော့ ဟုတ်
ပုံမထင်။ ထို့အတူ 'ဒေါ်ခင်ခင်ကြည်' ကလည်း မိမိနှင့်အနီး
ကပ်ဆုံးရှိနေသော ဖြူဖြူဖွေးဖွေးဝဝခန့်ခန့် 'ဒေါ်စိန်စိန်' ကို
အကဲခတ်သည်။

'ဒေါ်စိန်စိန်' တို့ဇနီးမောင်နှံအိမ်ကကားနှင့်ရောက်လာ
ပြီး ပွဲချိတ်ပေါ်တက်လာသည်ကိုလည်း သိသည်။ 'ဒေါ်စိန်စိန်'
တို့လင်မယား၏ပြောဟန်ဆိုဟန် ဝတ်ပုံစားပုံ လက်နှင့်ခြေ
ဆောက်များကိုကြည့်သည်နှင့် သဌေးသူကြွယ်တွေမှန်း 'ဒေါ်ခင်
ခင်ကြည်' သိသည်။

"ဘယ်မြို့ကလဲ ညီမ"

"ရန်ကုန်ကပါ"

"ဪ ဪ လာလည်တာလား"



www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်ပါတယ်… အင်းလေးဘုရားလည်းဖူးရအောင် ရွှေဒေါင်းဆရာတော်ဘုရားလည်း တွေ့ရအောင်ပါ"

"ဟုတ်လား မမတို့လည်း ရွှေဒေါင်းဆရာတော်ဆီသွားမလို့ကွဲ… ဒါနဲ့ဘယ်မှာတည်းကြလဲ"

"တောင်ကြီးဟိုတယ်မှာပါ"

"သြော် ဟိုတယ်မှာတည်းသလား… အသိအကျွမ်းဆွေမျိုးတွေဘာတွေမရှိဘူးလား"

"ရှိတော့ရှိပါတယ် ဒါပေမဲ့ကိုယ့်အတွက်သူတို့မှာအလုပ်ရှုပ်မှာစိုးလို့ ခြေရှုပ်မှာစိုးလို့ ဒုက္ခရောက်မှာစိုးလို့ ဟိုတယ်မှာပဲတည်းလိုက်ပါတယ်"

"သြော် သြော် ဒါနဲ့သူလေးက ညီမရဲ့သမီးလား"

ဆံပင်တွေမလွင့်အောင် ခေါင်းစည်းစကပ်လေးပြင်၍ချည်နေသော 'ခင်ဖုန်း' ကို လက်ညှိုးထိုး၍မေးခြင်းဖြစ်သည်။

"ဟုတ်ပါတယ်"

"ချစ်စရာလေးကွယ်… ဖြူဖြူသွယ်သွယ်နွဲ့နွဲ့လေး မျက်နှာလေးကလည်း နပြုံးဥနေတာပဲ… နာမည်ဘယ်လိုခေါ်သလဲ သမီး"

"'ခင်ဖုန်းမြင့်မော်' ပါ"

"ဘယ်ရယ် 'ခင်ဖုန်းမြင့်မော်' ဟုတ်လား"

"ဟုတ်ကဲ့"

"ဒါဆိုသမီးဖေဖေနာမည်က 'ဦးမြင့်မော်' ပေါ့ဟုတ်လား"

"ဟုတ်ပါတယ်"

"သမီးကျောင်းနေလား"

"နေပါတယ်"

"ဘယ်အတန်းတွေ ရောက်ပြီလဲ"

"ကောလိပ်တက်နေပါတယ်"

"သြော် ကောလိပ်ရောက်နေပြီကိုး… ကောလိပ်မှာဘယ်နှနှစ်ရှိပြီလဲ… ရန်ကုန်တက္ကသိုလ်ပဲလား"

"ဟုတ်ပါတယ် ရန်ကုန်တက္ကသိုလ်ပဲ…ဒုတိယနှစ်တက်နေပါတယ်"

"ဟုတ်လား"

အဘွားကြီး၏မျက်နှာမှာ ဝင်းထိန်သွားပြီး…

"ဝမ်းသာလိုက်တာ သမီးရယ်… မေမေကြီးတို့လည်း ကြာခင် ရန်ကုန်ဆင်းလာကြမလို့ကွဲ"

အဘွားကြီး၏အပြောစကားကြောင့် 'ခင်ဖုန်း' ရော 'ဒေါ်ခင်ခင်ကြည်' ပါ အံ့သြသွားသည်။ စောစောကတည်းက အဘွားကြီးသည် အမေးမြန်းထူလွန်းသလို မျက်လုံးအကြည့်တစူးစူးရဲရဲရှိလွန်းသဖြင့် သားအမိနှစ်ယောက်လုံးစိတ်ထဲတွင် ထူးဆန်းဖြစ်မိသည်။

www.burmeseclassic.com

ဟော ယခုတော့ထင်သည့်အတိုင်း အဘွားကြီးသ
စိတ်မနံ့သူပါကလား။ ကြည့်လေ 'ခင်' တို့သားအမိနှင့်သိလ
မသိဘဲနှင့် ဝမ်းသာအားရစကားတွေပြောပြီး 'ခင်' တို့ဆီကို
လာလည်ဦးမလို့တဲ့။

"ကေန္တသမီးတို့သားအမိလည်း မေမေကြီးတို့ဆီ
တာထင်တယ်"

ထိုကဲ့သို့ပြောရင်း 'ခင်ဖုန်း' လက်ကိုဆတ်ကနဲဆွဲယူ
သူ့ပေါင်ပေါ်တင်၍ တယုတယပွတ်သပ်နေပြန်သည်။ 'ခင်ဖု
တစ်ယောက် ကြောက်လွန်းသဖြင့် 'ဒေါ်ခင်ခင်ကြည်' လ
မောင်းကို ကျန်သောလက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ထားသည်။

'ဒေါ်ခင်ခင်ကြည်' ကလည်း သမီးအတွက်စိုးရိမ်ပူပ
သည်။ မတော်၍လည်ပင်းထညှစ်လျှင် မခက်ပါလား။ ကန်
ပြင်အလယ်တွင် ပွဲချိတ်မှောက်၍ သေဖွယ်သာရှိတော့သည်။ ထို
ကြောင့် ကြောက်ကြောက်ဖြင့်ငြိမ်၍သာ ကြည့်နေရလေတော့
သည်။

အဘွားကြီးလက်က 'ခင်ဖုန်း' လက်ကို ပွတ်နေသ
မျက်လုံးများကလည်း တဝင်းဝင်းတလက်လက်အရည်တောက်
ပြီး မျက်တောင်မခတ်တမ်း ရှူးရှူးစိုက်စိုက်ဓာတ်ကိုယ်လုံးကိုအ
ခတ်သလို ကြည့်နေခြင်းဖြစ်သည်။

"သမီး ကြီးကြီးဘယ်သူလည်းသိလား"





"ဟင့်အင်း မ မသိဘူး"

" 'မောင်ဓေယျလွင်' ရဲ့ မေမေလေကွယ်"

"ရှင် ဘယ်က 'မောင်ဓေယျလွင်' လည်း 'ခင်ဖုန်း' မသိ
"

" 'ခင်ဖုန်း' မသိဘူးဟုတ်လား... 'မောင်ဓေယျလွင်' ကို
သိဘူးဟုတ်လား... အဟင်းဟင်း ငါ့သမီးလေးကညာနေပေ
မေမေကြီးဆီကို သားကစာထဲမှာအကျိုးအကြောင်းအစုံအ
င်ထည့်ရေးပေးလို့ အားလုံးသိပြီးပြီ"

"မဟုတ်ဘူး မှားနေပြီထင်တယ်"

'ခင်ဖုန်း' က ခေါင်းတခါခါငြင်းမိသည်။ ဟုတ်မှမဟုတ်
သိလည်းမသိ၊ ထိုနာမည်ကိုကြားလည်းမကြားဘူး။

"ညည်းဘာတွေရှုပ်ထားလဲ 'ခင်ဖုန်း'... ညည်းအဆက်ရဲ့
မေမဟုတ်လား"

"အာ မေမေကလည်း မဟုတ်ပါဘူး"

"မဟုတ်ဘဲနဲ့ ဟိုကပြောမလား"

'ခင်ဖုန်း' စိတ်ညစ်နေရပြီ။

"ဟွန်း ညည်းတော်တော်လည်... ဒါကြောင့်တောင်ကြီး
သွားချင်တယ်လို့ ခဏခဏပူဆာနေတာကိုး"

ခက်တော့တာပါပဲ။

"ကဲ သမီးအဖေဘာ့အလုပ်လုပ်လဲ ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com

"...အလုပ်လုပ်တယ်... ဟုတ်တယ်မဟုတ်လား"

'ခင်ဖုန်း' အမေးကိုအဘွားကြီးက ပြုံးပြုံးလေးဖြေသည် အလုပ်အကိုင်ပါ ဟုတ်မှန်နေသဖြင့် 'ခင်ဖုန်း' ပါးစပ်အဟော သားဖြစ်သွားသည်။

"သမီးမှာ တခြားနာမည်ရောရှိသေးလား"

"ဘာတွေလာမေးနေမှန်းလည်း မသိပါဘူး မာမီရာ

စိတ်တွေရှုပ်လာသဖြင့် 'ခင်ဖုန်း' မိခင်ကိုအပူကပ်မိသ 'ဒေါ်ခင်ခင်ကြည်' ကိုယ်တိုင်လည်းစိတ်တိုလာပြီ။

"ဒီမှာအစ်မကြီး... သမီးကိုဘာတွေလျှောက်မေးနေ လဲ... အစ်မကြီးဘာသဘောနဲ့ ကျွန်မတို့သားအမိကို နှောင့်ယှ နေတာလဲ"

"နှောင့်ယှက်တာမဟုတ်ပါဘူးကွယ်... တိုက်ဆိုင်မှု တွေရှိနေလို့ ဟုတ်များဟုတ်နေမလား မေးကြည့်မိတာပါ... တော့ ဟုတ်နေမယ်ဆိုရင်လည်း ဝမ်းသာအားရည့်ဝတ်ပြု လို့ပါ"

"ဘာတွေတိုက်ဆိုင်နေလို့လဲ"

'ဒေါ်ခင်ခင်ကြည်' က မျက်မှောင်ကိုကြုတ်၍ မေးသ စိတ်ထဲမှကျိတ်၍ ဆုတောင်းမိသည်။ မိမိယောကျ်ားနှင့်မ သက်ပါစေနှင့်ဟု ကိုယ့်ယောကျ်ားအကြောင်း ကိုယ်သိပြီးအ မဟုတ်လား။





"ပါးစပ်ကရှင်းပြနေလို့တော့မရှင်းဘဲ ပိုပိုရှုပ်နေမှာပဲ... ဦး စာပါလားမသိဘူး ကြည့်လိုက်ဦးမယ်"

အဘွားကြီးကသူ့ပေါင်ပေါ်တွင်တင်ထားသော တစ် အင်လောက်ရှိသော လက်ပွေ့အိတ်ကြီးကိုဖွင့်၍ ဟိုရှာဒီရှာ ပ်သည်။

"အဲ ပါတယ် ပါတယ်"

စာအိတ်တစ်အိတ်ကိုထုတ်၍ လှမ်းပေးသည်။

"ဖတ်ကြည့်ပါ ဖတ်ကြည့်ရင်ရှင်းသွားမှာပါ"

'ဒေါ်ခင်ခင်ကြည်' ဖွင့်ဖတ်လိုက်သည်။

ချစ်သောဖေဖေနှင့်မေမေခင်ဗျား...

ကျွန်တော်ရှိသေသတိရစွာဖြင့် စာရေးလိုက် းဖြစ်ပါသည်...

ဒီစာကိုဖတ်ပြီး ဖေဖေမေမေတို့စိတ်များဆိုး မလားမသိဘူး...

ဖေဖေတို့ပြန်သွားတာ မကြာသေးဘူးဆိုတာ ါတယ်... ဒါပေမဲ့ရန်ကုန်ကိုတတ်နိုင်ရင် နောက်တစ်ခေါက် တက် ထပ်ဆင်းလာစေချင်ပါတယ်...

ဒီလိုပါမေမေ... နားနဲ့မနာဖဝါးနဲ့နာပါ...

ကျွန်တော်အိမ်ထောင်ပြုတော့မှာမို့ပါ...

ကောင်မလေးက မေမေတို့ကိုယ်တိုင်သိတော



www.burmeseclassic.com

www.burmeseclassic.com



တူကြည်ဖြူမှ ဝေးစားမှ ကျွန်တော့်ကိုလက်ထပ်နိုင်မယ်လို့
နေလို့ ခေမေတို့ကိုအကြောင်းကြားရခြင်းပါပဲ...

ကျွန်တော်တော့ တော်တော်စွဲလမ်းနေ
တယ်... သူ့ကိုလက်လွှတ်အဆုံးရှုံးမခံနိုင်ပါဘူး... သူဟာသိ
တဲ့မိန်းကလေးတစ်ယောက်ပါပဲ... ရန်ကုန်တက္ကသိုလ်မှာတ
နှစ်(...)မေဂျာကိုဖြေဆိုထားပါတယ်... သူ့နာမည်က မေမြတ်
ပါ... သူ့ဖေဖေက ဦးမြင့်မော်လို့ခေါ်ပြီး (...) အလုပ်အကိုင်
လုပ်ပါတယ်...

သူ့အဖေကသူ့သမီးအတွက် မင်္ဂလာဆောင်ဖို့ကိ
အစစတာဝန်ယူပါတယ်... ကျွန်တော်နဲ့လက်ထပ်မှာကိုသူ့အ
ကိုယ်တိုင်ကျေနပ်သဘောတူပါတယ်... လက်ထပ်ပြီးရင်တို
တစ်လုံးကားတစ်စီးနဲ့ လုပ်ငန်းတစ်ခုခွဲပေးမယ်လို့လည်းပြော
တယ်...

'ဒေါ်ခင်ခင်ကြည်' မျက်နှာက ခက်ထန်သွားသ
အောက်နှုတ်ခမ်းကိုအပေါ်သွားဖြင့် ဖိကိုက်ထားလိုက်သည်။
သထွက်နေမှန်းလည်း သိသာနေသည်။

"သားနဲ့သဘောမတူလို့လားကွယ်"

အဘွားကြီးကစိုးရိမ်တကြီး မေးရှာသည်။ သူ့သား
ချမ်းသာမှုအတွက် မင်္ဂလာကိစ္စကိုလုပ်ပေးဖို့ ဆုံးဖြတ်ပြီးသ
ဖြစ်သည်။ မိန်းကလေးဘက်ကလည်း ဘာမှငြင်းစရာမရှိ





ခဲ။ ရုပ်လည်းချောသည် ပညာလည်းမဆိုး၊ ပိုက်ဆံဆိုလည်းချမ်း
သာလိုက်တာကျိုကျိုတက်။

စာဖတ်ပြီးသားအမိနှစ်ယောက်လုံး မျက်စိမျက်နှာပျက်
နေသည်ကိုကြည့်ပြီး အဘွားကြီးစိတ်မကောင်းဖြစ်သွားသည်။

"သားနဲ့သဘောမတူလို့လား ညီမရယ်"

'ဒေါ်ခင်ခင်ကြည်' မျက်နှာကိုပြင်လိုက်ပြီး...

"အစ်မကြီးသားနဲ့ဖြစ်နေတာကို ကျွန်မလုံးဝမသိဘူး...
ါနဲ့အစ်မကြီးသားက ဘာအလုပ်လုပ်တာလဲ"

"ဆရာဝန်လေကွယ်... ဆရာဝန်ဖြစ်တာလေးငါးနှစ်
လောက်ရှိတော့မယ်"

ဆရာဝန်ဆိုတော့ သားအမိနှစ်ယောက်လုံး ပိုအံ့ဩသွား
ဩသည်။ 'မိမြတ်မွန်' သည်လည်းလှချည်လား။ ဘယ်ကိစ္စမဆို
အပိုင်လုပ်တတ်လှချည်လား။ ဤ 'ဇေယျာလွင်' ဆိုတဲ့ဆရာဝန်နဲ့
ဘယ်ကဲ့သို့ အဆက်အသွယ်ရသွားလေသနည်း။ စာထဲက
အတိုင်းဆိုလျှင် 'ဇေယျာလွင်' သည် 'မေမြတ်မွန်' ကိုအတော်စွဲ
လမ်းနှစ်သက်နေမှန်း သိသာလွန်းသည်။ ဒီကောင်မကိုတတ်နိုင်
လျှင် အစိမ်းလိုက်ဝါးစားပစ်ချင်သည်။ ဆရာဝန်တစ်ယောက်ကို
သူ့အဆင့်အတန်းဖြင့်တော့ ရမည်မဟုတ်။ အဖေ့အရှိန်ဖြင့်သာ
ရခြင်းဖြစ်မည်။

'ဒေါ်ခင်ခင်ကြည်' ရင်ဝယ် ဒေါသစိတ်များတရိပ်ရိပ်



www.burmeseclassic.com

www.burmeseclassic.com



ပြေးနေသည်။

"ဟွန်း နောက်မှပေါက်တဲ့ရွှေကြာပင်က အလျှင်ပွင့်လို့ တစ်သက်လုံးအတူနေလာတဲ့ သမီးကိုကျတော့ မျက်နှာချင်းဆိုင် လိုက်တာနဲ့နိမ်ဖို့ ဆူဖို့ငေါက်ဖို့ပဲတတ်တယ်... တိုက်တစ်လုံး ကားတစ်စီးနဲ့ လက်ဝတ်လက်စားလုပ်ငန်းတွေပါ ခွဲပေးဦးမ သိကြသေးတာပေါ့ 'ခင်ကြည်' အကြောင်းကို"

'ဒေါ်ခင်ခင်ကြည်' က 'ဇေယျာလွင်' ၏မိဘများကိုအ ခတ်သည်။ မြင့်မြင့်မားမား ဝဝခန့်ခန့်ကြီးများဖြစ်ပြီး သအော ကောင်းမည့်ပုံစံရှိကြောင်းသိရသည်။ သို့သော် ဝတ်ပုံစားပုံ ပုံထိုင်ပုံ ပြောပုံဆိုပုံကိုကြည့်သည်နှင့် အဆင့်အတန်းခွဲခြားတ မှန်းသိသာပါသည်။

" 'ဇေယျာလွင်' နဲ့သမီးနဲ့ဖြစ်နေကြတာကို 'ခင်ခင်' မ ဘဲအကြောင်းကြောင်းဖြစ်သွားတာကို စိတ်မဆိုးပါနဲ့မမရယ်"

"ရပါတယ်ကွယ် 'မေမြတ်မွန်' က ဖုံးထားတယ်ထ တယ်"

ထိုစကားများကြောင့် 'ခင်ဖုန်း' မနေတတ်မထိုင်တတ် ဖြစ်သွားသည်။ မာမီသည် 'ဇေယျာလွင်' ဆိုသူနှင့်မိမိဘာမှမဖြ ဘဲ ဘာကြောင့်ညာသနည်း။

"အဟင်း ဟင်း တကယ့်ကိုရေစက်ဆုံသူတွေပဲကွယ်... ကြည့်ပါဦး တစ်နေ့အတူနေကြရမယ့်သူတွေ ဒီပွဲချိတ်လေးပေ





မှာတစ်စုတဝေး လာတွေ့ရတယ်လို့... 'မမစိန်' တော့တကယ် အံ့ဩဝမ်းသာမိတယ်ကွယ်"

" 'ခင်ခင်' လည်း ဒီလိုပဲပေါ့ မမရယ် အဟင်းဟင်း"

"ကဲ 'ခင်ခင်' တို့သားအမိ အင်းလေးနဲ့ရွှေဥဒေါင်း တောင်ဆရာတော်ဆီကပြန်ရင် 'မမစိန်' တို့အိမ်မှာပဲလိုက်နေ တော့ ဟုတ်လား"

"အားနာစရာ မမရယ်"

"အိုကွယ် မမတို့ 'ခင်ခင်' တို့ဟာအားနာရမယ့်သူတွေ လားကွယ်... နောက်ဆို မမတို့ရန်ကုန်လာရင် 'ခင်ခင်' တို့အိမ် လာတည်းမယ်ဘယ်လိုလဲ"

အဆင်ပြေကာ 'ဒေါ်ခင်ခင်ကြည်' တို့သားအမိ ရေအေး တွင်းထဲရှိ 'ဒေါ်စိန်စိန်' တို့၏ခေတ်မီလှပသောတိုက်ပေါ်ရောက် ရှိလာကြသည်။ မြင်စက 'ဒေါ်စိန်စိန်' တို့ကို သာမန်အလတ် တန်းစားလောက်သာ ထင်ခဲ့ခြင်းဖြစ်သည်။

ယခုတော့တိုက်သစ်ကြီးထဲဝယ် ခေတ်မီလှပသော အိမ် ထောင်ပရိဘောဂများနှင့် ပြင်ဆင်မွမ်းမံထားပြီး ချမ်းအေးသော ဒေသတွင်ဖြစ်၍ မီးလင်းဖိုကိုပါ ညှိခန်းတွင် ထည့်သွင်းပြုလုပ် ထားသည်။ ခြံကျယ်ကြီးထဲတွင်သစ်တော်ပန်း၊ ဒေစီပန်း၊ နှင်းဆီပန်း နှင့်အခြားလှပသောပန်းရောင်စုံတို့ကို တွေ့ရသည်။

'ခင်ဖုန်း' စိတ်ညစ်ညစ်ဖြင့် အိပ်ယာထဲတွင်စောင်ခြုံကာ



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ချက်သားကောင်းနေမိသည်။ စဉ်းစားခန်းဖွင့်နေမိသည်။

"အင်း မာမီတော့ဘာတွေမဟုတ်ကဟုတ်က ဆက်လုပ်ဦးမယ်မသိဘူး... 'မေမြတ်မွန်' နဲ့ဖြစ်နေတဲ့ဆရာဝန်အမေနဲ့မှ လာတွေ့ရတယ်လို့ ခက်တာပဲ"

တစ်ခါတစ်ခါတော့လည်း ဒေါ်သထွက်မိသည်။ 'မေမြတ်မွန်' သည် ကြည့်တော့ဖြင့်မလှုပ်တလှုပ်ဖြင့် လည်လိုက်သည်မှ မှတ်နေပါလား။ ဒယ်ဒီနှင့်သားအဖတော်သည်ဟုပြောခြင်းကို အစကတော့မယုံ၊ အခုတော့ယုံရမလိုလို။

သားအဖမို့သာ သူ့သမီးကိုကောင်းစားစေချင်လို့ ဒီဆရာဝန်နှင့်စပ်ပေးခြင်းဖြစ်မည်ပေါ့။ ဒယ်ဒီသည် 'ခင်ဖုန်း' ကိုဆိုလျှင် ဘယ်သောအခါမျှ ကောင်းကောင်းစကားမပြော။ မျက်နှာသာမပေး၊ ဆူဆူပူပူလုပ်တတ်လွန်းသည်။ ဝတ်လျှင်တစ်မျိုး စားလျှင်တစ်မျိုး သွားလျှင်တစ်မျိုး တစ်ခုမဟုတ်တစ်ခုအပြစ်ရှာ၍ ပြောဆိုမာန်မဲနေတတ်သည်။ 'ခင်ဖုန်း' ကိုတင်လားမဟုတ်။

မာမီကိုရော 'ဇော်မြင့်မော်' ကိုပါပေါ့။ 'ဇော်မြင့်မော်' သည် 'ခင်ဖုန်း' ထက်ခြောက်နှစ်ငယ်သော 'ခင်ဖုန်း' ၏မောင်ဖြစ်သည်။ တစ်သက်လုံးအတူတူနေခဲ့ရသော သားနှင့်သမီး၏ ရေ့ရေးကိုတော့ စဉ်းစားစီစဉ်ခွဲဝေပေးခြင်းမရှိသေးဘဲ မနေ့တစ်နေ့ကမှတွေ့ရသော သမီးကိုတိုက်ကားစီးပွားရေးအပြင် အိမ်ထောင်ပင်ချပေးဖို့ စီစဉ်ပြီးနေပြီ။





ယခု ဤတောင်ကြီးမှ 'ကြီးကြီးစိန်' သည် 'မေမြတ်မွန်' ၏နဂိုမူလအာဝကိုသိလျှင် သူ့သားနှင့်သဘောတူမည်တဲ့လား။ ဝေးပါသေး။ တွေးလုံးပတ်ချာလည်နေသော ထိုအတွေးများတွင် သံသရာလည်ရင်း အချိန်ကုန်ခဲ့ရသည်။ မီးလင်းဖိုရှေ့ရှိနှစ်ယောက် ကုလားထိုင်ပေါ်တွင် အမေနှစ်ယောက်စကားကောင်းနေကြသည်။

"ပွဲချိတ်ပေါ်မှာတုန်းက ဘေးလူတွေဝါလာလို့ 'ခင်ခင်' သံယောင်လိုက်ခဲ့ရတာ 'မမစိန်'... တကယ်တော့ မမထင်သလို မဟုတ်ဘူး"

"ဟင် ဘာမဟုတ်တာလဲ 'ခင်ခင်'..."

"မမသားနဲ့ဖြစ်နေတဲ့ 'မေမြတ်မွန်' ဆိုတာ အခုဒီအိမ်မှာရှိနေတဲ့ 'ခင်ခင့်' သမီးမဟုတ်ဘူး"

"ဒါဆိုသားစာထဲမှာပါတဲ့ 'ဦးမြင့်မော်' ဆိုတာ 'ခင်ခင့်' ယောကျ်ားမဟုတ်ဘူးလား"

"'ဦးမြင့်မော်' ဟာ 'ခင်ခင့်' ယောကျ်ားပါပဲ... ဒါပေမဲ့ 'မေမြတ်မွန်' ဟာ 'ခင်ခင်' နဲ့ရတာမဟုတ်ဘူး"

"ဩော် ဒါဆို 'ဦးမြင့်မော်' ဟာ မိန်းမနှစ်ယောက်ပေါ ဟုတ်လား"

'ဒေါ်စိန်စိန်' မျက်နှာပေါ်တွင် အံ့ဩသောအရိပ်အယောင်များ ယှက်သန်းနေကြောင်းတွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အစပထမတော့ကိုယ့်ယောက်ျားအကြောင်းကို သွားပုပ်လေလွင့်ပြောဖို့ စဉ်းစားမိသေးသည်။ သို့သော် အကြံအစည်တစ်ခုကြောင့် မြူသိမ်ပြီး…

“ ‘ကိုမြင့်မေဝ်’ က ရုပ်ကလည်းချော ပိုက်ဆံကလည်းချမ်းသာ ဂုဏ်ကလည်းရှိတော့ မိန်းမတွေဝိုင်းလိုက်နေတာ ‘မမစိန်’ ရဲ့… ‘ခင်ခင်’ နဲ့ယူပြီးချိန်မှာ အိမ်ထောင်ခွဲတယ်လေ ‘ခင်’ တို့အိမ်အတွက် အိမ်ဖော်တစ်ယောက်ထည့်ပေးလိုက်တယ်… အဲဒီအိမ်ဖော်နဲ့ရတဲ့သမီးဟာ ‘မမစိန်’ ရဲ့သားနဲ့ဖြစ်နေတဲ့ ‘မေမြတ်မွန်’ ပဲပေါ့”

“အို တော်”

‘ဒေါ်စိန်စိန်’ သူ့ရင်ပတ်သူဖိထားသလို မျက်လုံးကြီးလည်းပြူးလို့။

“ ‘ခင်ခင်’ လည်းသူတို့အခြေအနေ မဟန်မှန်းသိတော့ ငွေအတော်အကုန်ခံပြီး မောင်းထုတ်လိုက်ရတယ်”

“ဘုရား ဘုရား ‘ခင်ခင်’ တို့သားအမိနဲ့ ခုလိုမမျှော်လင့်ဘဲ တွေ့ရတာကံကောင်းတာပဲကွယ်… မမတို့လည်း နောက်အပတ်လောက်ဆိုရင်ကုန်ဆင်းပြီး သားရဲ့မင်္ဂလာကိစ္စကို စီစဉ်တော့မလို့ကွဲ… ခုတော့ မဖြစ်နိုင်တော့ပါဘူး ကိုယ့်သားကိုဒီလိုအတန်းအစားမရှိတဲ့မိန်းမရဲ့သမီးနဲ့တော့ မပေးစားနိုင်ဘူးကွယ်”

“ဒါကတော့ မမတို့ရဲ့ ကိုယ်ရေးကိုယ်တာပဲကွယ်”





“ဒါနဲ့ ‘ခင်ခင့်’ သမီးလေးမှာကော အိမ်ထောင်ရေးစီစဉ်ပြီးသားရှိနေပြီလားဟင်”

“ ‘ခင့်’ သမီးကို ကလေးလိုပဲ အရိပ်ကြည့်နေတုန်းပါပဲ ‘မမစိန်’ ”

“အရွယ်ရောက်နေပြီပဲ… သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ပါစေကွယ်”

“သူ့ဘဲ့ရရင်တော့ ‘ခင်’ ကိုယ်တိုင်ရှာဖွေပေးစားမယ်လို့ပြောထားတယ်… ကျောင်းနေတုန်း ဒါတွေမစဉ်းစားရသေးဘူးလို့သတိပေးထားရတယ် မမရဲ့”

“အင်း ‘ခင့်’ ကိုပဲ အကူအညီတောင်းရတော့မှာပဲ”

“ဘာများလဲ ‘မမစိန်’ ”

“မမသားကို ‘ခင့်’ သမီးနဲ့ပဲဖြစ်စေချင်တယ်… ပွဲချိတ်ပေါ်မှာစတွေ့ကတည်းက သမီးလေးကို သဘောကျနေမိတာ အမှန်ပဲ… အမှန်အတိုင်းဖွင့်ပြောရရင် သားကိုအိမ်ထောင်ချပေးချင်တာကြာပြီ… သားစိတ်ကြိုက်မတွေ့သေးလို့ ‘မမစိန်’ စိတ်ကြိုက်လည်းမတွေ့သေးလို့ပဲ… ‘ခင်ခင်’ တို့နဲ့မတွေ့ရင်သားပြောတဲ့ ‘မေမြတ်မွန်’ ကို သဘောတူဖြစ်မယ်မတူဖြစ်ဘူး မပြောတတ်ဘူး ခုလိုသိလိုက်ရတော့ သားအတွက်စိတ်ပူမိတယ်… မဖြစ်ပါဘူး ‘ခင်ခင်’ ရယ်… ‘မမစိန်’ တော့သားကို ‘ခင်ခင့်’ သမီးနဲ့ပဲမြန်မြန်ဆုံးလက်ထပ်ပေးချင်တယ်”



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုဖြစ်လာမယ်ဆိုတာ 'ခင်ခင်ကြည်' သိပြီးသား။ ဒီ ယုန်မြင်လို့ ဒီချုံထွင်ခဲ့ခြင်းဖြစ်သည်။

" 'ခင်' တို့ပြန်ရင် မမလည်းလိုက်မယ်"

"ဖြစ်ပါ့မလား... 'ဇေယျလွင်' က ကျေနပ်ဦးမှကိုး ဒီကိစ္စ တာ ဘဝတစ်သက်တာအတွက် စဉ်းစားရမှာဆိုတော့ ကိုယ်ထင် သလိုလုပ်လို့ဖြစ်မယ် မထင်ဘူးလေ"

"အို ဖြစ်ကိုဖြစ်ရမယ်... မဖြစ်ရင်လည်း အတင်းဖြစ် အောင်လုပ်ရမှာပဲ... 'ခင်' တို့ဘယ်နေ့ပြန်မလဲ"

" 'ခင်' တို့နောက်ထပ် တစ်ပတ်လောက်ကြာဦးမယ်"

"ရတယ် ဒါဆို 'မမစိန်' ရန်ကုန်အလျှင်သွားလိုက်မယ် 'ခင်' တို့သားအမိကို ဘယ်လိုဆက်သွယ်ရမလဲ"

"ရတယ်လေ... 'ခင်' တို့ပါအတူ ရန်ကုန်ပြန်လိုက်ခဲ့ပါ့ မယ်"

"ဒါဆို ပိုကောင်းတာပေါ့ကွယ်"

'ဒေါ်ခင်ခင်ကြည်' ၏ပြောစကားကြောင့် 'ခင်ဖုန်းမြင့် မော်' ခေါင်းထဲတွင်ဆူဝေသွားသည်။

" 'ခင်ဖုန်း' နဲ့သူ့သားနဲ့ ပေးစားမယ်ဟုတ်လား မာမီ"

"ဟုတ်တယ်လေ"

"ဖြစ်ပါ့မလား မာမီရယ်... အဲ့ဒီ 'ဇေယျလွင်' ဆိုတဲ့သူက 'မေမြတ်မွန်' ကို တန်းတန်းစွဲဖြစ်နေတာ... ပြီးတော့သူတို့ဖါသာ





ပြလည်နေတဲ့ဟာ 'ခင်ဖုန်း' တို့သားအမိနဲ့တွေ့မှ သူတို့မင်္ဂလာ ကိစ္စပျက်သွားတာ ဒယ်ဒီသိရင်နားငြီးအောင်ပွမ်ဦးမယ်"

"နင်ကအရေးထဲ သူတော်ကောင်းလုပ်ချင်ပြန်ပြီလား 'မိ နန်းမြင့်မော်'... ညည်းအဖေကို ကျုပ်လုံးဝမကျေနပ်ဘူး ကျုပ်ကို သူလည်လုပ်တဲ့လူ သင်းကိုလည်းလူလည်ပြန်လုပ်ရမှကျေနပ်နိုင် မယ်... ဒီတော့ ညည်းကျုပ်သွားတဲ့နောက်ကပဲလိုက် ဘေးက ထန့်လန့်ကန့်လန့်လုပ်ဖို့တော့ မစဉ်းစားနဲ့"

နေရင်းထိုင်ရင်း ဒုက္ခရောက်ရော။ မာမီလုပ်တာက အ ရေးမကြီး။ 'ခင်ဖုန်း' မှာက 'မောင်မောင်' ရှိပြီးသား။ 'မောင်မောင်' နှင့်ချစ်ကြိုက်နေကြောင်း ဖွင့်ပြောရလျှင်ကောင်းမည်လား။ ကိုယ့် အမေအကြောင်းကိုယ်သိသည်။ တွေ့မရသေးသော 'မောင်မောင့်' ကို သဘောတူမယ်တဲ့လား။ မာမီ့လောက် ဂုဏ်မက်သူမရှိ၊ ဖွင့် ပြောလိုက်မှ ပိုဆိုးတော့မည်။

"အဝတ်အစားတွေဘာတွေ သိမ်းစရာရှိတာသိမ်းထား တော့"


www.burmeseclassic.com

www.burmeseclassic.com

အခန်း ။ ။ တဆယ့်ရှစ်

မောင်မောင်

ခင် စာရေးလိုက်ပါတယ်... အရမ်းသတိရပြီ မ်းလွမ်းတယ်ကွာ... ခင်နဲ့မောင် ချစ်လို့မှမဝသေး ခွဲကြ အရေးအခင်းတွေတော့ ဖန်လာပြီ မောင်မောင်ရယ်... ပြဿ တော့ မေမြတ်မွန် ကြောင့်ပဲပေါ့...

မောင့်ကိုမပြောပြရသေးဘူးထင်တယ်... မြတ်မွန် ဟာ ခင်နဲ့အဖေတူအမေကွဲလေ... မေမြတ်မွန်နဲ့ ဖေ လွင်ဆိုတဲ့လူ ယူကြမယ့်ကိစ္စကို တောင်ကြီးက ဖေယျလွင်ရဲ့ မေက သဘောမတူဘူးမောင်ရဲ့... ဖေယျလွင်ရဲ့အမေက မေမြ မွန်ကို အိမ်ဖော်ရဲ့သမီးမို့ သဘောမတူတာတဲ့...





အဲ ခင်နဲ့တော့ သဘောတူတယ်ဆိုပြီး မဆီမဆိုင်ခင် ပေးစားချင်သတဲ့လေ... ငယ်ရာကကြီးလာတဲ့လူတွေဖြစ်ပြီး ချစ်ရဲ့သဘောကို မသိကြဘူးလား မသိပါဘူးကွာ... ရှင်းရှင်း ပြောမယ်မောင်... ဖေယျလွင်ဆိုတဲ့ ဆရာဝန်ကို ခင်ချစ်နိုင်မှာ နိုင်မတဲ့လား... အိုကွာ မောင်မောင် ရန်ကုန်ကိုအမြန်ဆုံးပြန် ခဲ့ပါ... ခင် မောင့်နောက်ကိုလိုက်ခဲ့တော့မယ်...

အချစ်များစွာဖြင့်

ခင်ဖုန်း

ထိုစာကိုအလျင်စလိုရေးပြီး တောင်ကြီးစာတိုက်မှပင် ည့်လိုက်သည်။ ကြိုတင်အကြောင်းကြားထားသဖြင့် ရန်ကုန် တာကြီးတွင် 'ဖေယျလွင်' လာကြိုနေပါသည်။ မိခင်ဖြင့်အတူ ယ်ရယ်မောမော စကားပြောလာသော အမျိုးသမီးကိုမြင်ရသော ခါ 'ဖေယျလွင်' အံ့သြသွားသည်။ တစ်ခါတည်းသာ မြင်ဖူး သော်လည်း တစ်သက်လုံးမှတ်မိနေမည်သာ။ မိမိတို့ဆေးခန်း တွင် ချစ်သော 'မွန်' ကိုရိုက်သွားသော 'မွန်' မိထွေးမှန်း ချက်ချင်းသိလိုက်ပါသည်။

“ဟိုမှာလေ 'မမစိန်' ရဲ့သား 'ဖေယျလွင်' ဆိုတာ”

“ဟုတ်လား မမသားကလူချောပဲ... အဖေလိုပဲအရုပ်မြင့် ငြင်းနဲ့မဆိုးဘူးပဲ”

ဒေါ်ခင်ခင်ကြည် 'ဖေယျလွင်' ၏ဖြူစင်သန့်ရှင်း၍



www.burmeseclassic.com

www.burmeseclassic.com



သားသားနားနားရှိသော ရုပ်ရည်ကိုကြည့်ပြီး မိမိနှင့်ယှဉ်ရ
သတို့သားကိုတွေ့ရသလို ရင်တွေဘာတွေတုန်ပြီး အကြီး
ကျယ်ကျေနပ်သဘောကျနေသည်။

ဤမိန်းမကြီးနှင့် မိမိအမေ ဘယ်လိုလုပ်ပြီးသိသနည်း
ဘယ်တုန်းကသိသနည်း။

"သားနဲ့မိတ်ဆက်ပေးရဦးမယ်... ဒါ 'ဒေါ်ခင်ခင်ကြ
တဲ့... ဒါက 'ခင်ခင်ကြည်' သမီး 'ခင်ဖုန်းမြင့်မော်' တဲ့"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်"

"သားရေ မေမေ သားအိမ်မှာမအိပ်တော့ဘူး ဟော
'ခင်ခင်' တို့အိမ်မှာ လိုက်အိပ်မယ်ကွယ်"

"ဗျာ ဘာဖြစ်လို့လဲ"

"ကိစ္စလေးတွေရှိလို့ပေါ့ကွယ်... ဟင်း ဟင်း ဟင်း"

မေမေ ပြုံးရယ်ပျော်ရွှင်နေသော်လည်း 'ဖေယျာလွင်' တ
ယောက် ဘဝင်မကျသလိုဖြစ်နေသည်။ မိမိတစ်သက်နှင့်တ
ကိုယ် သိတတ်သည့်အရွယ်မှစ၍ မေမေတို့အသိထဲတွင် 'ဒေါ်ခ
ခင်ကြည်' နဲ့တူတာ တစ်ခါမှမကြားဘူးပါ၊ မတွေ့ဘူးပါ။

ယခုမှဘယ်ကဘယ်လို ရင်းရင်းနှီးနှီးကြီး ခင်မင်ပြီးတော
အိမ်မှာပင် မအိပ်တော့ဘဲ ဟိုမှာလိုက်အိပ်သနည်း။ ပြီးတော
'ခင်ဖုန်းမြင့်မော်' ဆိုသည့်ခပ်လှလှကောင်မလေးမျက်လုံးအကြ
က တစ်မျိုးပဲ။ မိမိကိုဝေဖန်အကဲခတ်နေသလို ရှက်နေသလို





လိုလိုနှင့်တစ်မျိုးပါပဲ။

"အိမ်မှာပဲအိပ်ပါ မေမေရ... ဘယ်နှယ့်သူများအိမ်မှာ
က်အိပ်ရမယ်လို့ မဟုတ်သေးပါဘူး"

"ဟုတ်တယ်သားရဲ့... 'ခင်ခင်ကြည်' တို့မေမေတို့သား
ဟာ တစ်နေ့ဆွေမျိုးအရင်းခေါက်ခေါက်ကြီးတွေ ဖြစ်မယ့်
ာ အားနာစရာမလိုဘူးလေ... ကဲ ပစ္စည်းတွေသယ်ကွယ် သွား
ရအောင်"

ပြောမရလို့သာထွက်ခဲ့ရသည်။ ဘယ်လိုမှဆက်စပ်
ားတောလို့မရ။

တိုက်ဆိုင်မှုကိုလည်း အံ့သြရသည်။

'မွန်' ဖခင် 'ဦးမြင့်မော်' နှင့်မကြာခဏ တွေ့ဆုံနေကြ
သော်လည်းဘယ်မှာနေသည်ကိုမသိခဲ့။

ယခုတော့ 'ဦးမြင့်မော်' ၏ခေတ်မီလှပသော နှစ်ထပ်
ိုက်ကြီးရှေ့သို့ ရောက်လေပြီ။

"သား... အောက်ဆင်းဦးလေ"

"မဆင်းတော့ဘူးမေမေ... လူနာအိမ်သွားစရာရှိ
သေးတယ်"

"ဒါဆို ညဘက်လာခဲ့ဦး"

"မေမေက ကျွန်တော့်အိမ်ကို မလာတော့ဘူးလား... လာ
းမအိပ်တော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"သားသာ ညဘက်လာခဲ့ဦး… ဟုတ်လား"

"ဟုတ်တဲ့"

မကျေနပ်သော်လည်း ခေါင်းညိတ်ခဲ့ရသည်။ မမေ
တွေလုပ်နေသနည်း။ မိမိပဲရူးသွားလေပြီလား။ 'ဦးမြင့်မော်'
မတွေ့ခဲ့ရသဖြင့် မေမေနှင့်မိတ်မဆက်ပေးလိုက်ရပါ။ မေမေ
တွေ့ချင်သော်လည်း ညဘက်တမင်မသွားဘဲနေလိုက်သည်။

စိတ်ကောက်ပစ်လိုက်သည်။ အရေးထဲ 'မေမြတ်မွန်'
လည်း ကျူရှင်လာပြသည့်နေ့မဟုတ်၍ မတွေ့ရ။ ပျင်းခြော
ခြောက်နှင့်စိတ်သာ အလကားတိုနေမိသည်။ 'မွန့်' အိမ်သို့လို
သွားလျှင်ရသော်လည်း မသွားတော့။

"တီ တီ တီ"

တတီတီမြည်နေသော လူခေါ်ခေါင်းလောင်းသံကြော
'ဇေယျာလွင်' အိပ်ရေးမဝသေးဘဲနိုးလာခဲ့သည်။ နာရီလှမ်းကြ
တော့ နံနက်ခြောက်နာရီသာ ရှိသေးသည်။

"ဧည့်သည်ကလည်း စောစောစီးစီးကွာ"

မွန်ကုပ်ကုပ်မျက်နှာဖြင့်ထွက်လာသော 'ဇေယျာလွ
တစ်ယောက် အိမ်ရှေ့မှမြင်ကွင်းကြောင့် သွားကြီးဖြီသွားပြီး
သာအားရဖြင့်…

"ဟာ မောင့်အချစ်ပါလား… စောစောစီးစီး မင်္ဂလာ
ကျက်သရေကိုရှိသွားတာပဲ"





"မြန်မြန်ဖွင့်ပေးပါ ကိုကိုရာ… စကားကလည်းများရန်
တာ မျက်နှာမသစ်သွားမတိုက်ရသေးဘဲနဲ့များ"

"ရှိတယ်ပေါ့လေ ဟုတ်လား… တစ်ခါတည်းဖက်နမ်း
လိုက်မယ်"

"အခွင့်အရေးယူဖို့မစဉ်းစားနဲ့… 'မွန်' ကျောင်းသွားမလို့
ဆားရုံမသွားခင် လိုက်ပို့ပေးရမယ်"

"ဟာ ပို့မှာပေါ့ ဘယ်လိုပြောလိုက်တာလဲ… ကဲ အချစ်
ာင့်အတွက် တစ်ခုခုဖျော်ပေးကွာ… ချစ်ကောသောက်ခဲ့ပြီးပြီ
ား"

"အင်း…"

"ထပ်သောက် ထပ်သောက်"

တံခါးပြန်ပိတ်ပြီး 'ဇေယျာလွင်' မျက်နှာသစ်သည်။ သွား
ိုက်သည်။ အိမ်သာတက်ရေချိုးပြီး မီးဖိုခန်းရောက်လာလေ
ည်။ မီးဖိုထဲတွင် 'ဇေယျာလွင်' ၏ အိမ်ရှင်မအလောင်းအလျာ
သူက လှပသပ်ရပ်စွာ လက်ဖက်ရည်ဖျော်ခြင်း၊ ထမင်းကြော်
င်းတို့ကို အရန်သင့်လုပ်ပြီးသလောက်ဖြစ်နေပြီ။

"ဝေး ဟေး"

'ဇေယျာလွင်' နောက်ဘက်မှတိတ်တိတ်လေး ရောက်လာ
း 'မြတ်မွန်' ခါးနေရာမှ လက်နှစ်ဘက်လျှိုကာ အထက်ကိုမွှေ့
နဲ့ပွေ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အာ ရေတွေစိုကုန်ပြီ ကိုကိုရာ... အကျီတွေတွန့်ကု
မယ်... ပြင်ဆင်လာတာတွေ ပျက်ကုန်မယ်ကွာ"

ရေစင်အောင်မသုတ်သေးဘဲ ဖက်ပွေ့ထားခြင်းဖြစ်
မြတ်မွန်' ၏ကိုယ်နှင့် 'ဖေယျလွင်' ၏အသားတို့ထိသမျှနေရာ
မှန်သမျှ အေးစက်စက်စိုစိစိဖြစ်ကုန်သည်။ နောက်မှနေရာ
ထားသဖြင့် 'မွန့်' ကျောသားနှင့်ကုပ်သားဖွေးဖွေး လည်တိုင်
ပါးပြင်ကိုမိမိမျက်နှာဖြင့် လိုက်ကပ်မိသလို ရှိုက်နမ်းမိသည်။

"အဲဒါကြောင့်သူ့ဆီမလာရဲတာ... တွေ့လိုက်တာနဲ့
ခွင့်အရေးယူတာပဲ"

"ချစ်လို့ဖက်နမ်းတာပဲကွာ... အခွင့်အရေးယူတယ်လို့
တော့မပြောပါနဲ့... ကိုယ်မချစ်တဲ့မိန်းကလေးတွေက လာပါဖ
ပါ နမ်းပါဆိုရင်တောင် လှည့်ကြည့်တဲ့ကောင်မဟုတ်ဘူး... သိ
လား"

"ယုံစရာကြီးပါပဲ"

"မယုံဘူးလား... ဘာလဲ လူကိုအထင်သေးတာလား
ကဲကွာ ဒီလောက်အထင်သေးနေမှတော့ မထူးဘူး"

'ဖေယျလွင်' က အသံခပ်မာမာမျက်နှာတည်တည်ဖြ
ပြောရင်း စောစောက ပွေ့လက်စအတိုင်းပွေ့ချီကာ မီးဖိုခန်း
ထွက်ခဲ့သည်။

"လွှတ် လွှတ် 'မွန့်' ကိုအဲ့လိုလုပ်တာ မကြိုက်ဘူး"





'မြတ်မွန်' က ခြေကားရားလက်ကားရားဖြင့် ထုသည်၊
ကိုက်သည်။

"အို မဝင်နဲ့ မဝင်နဲ့"

အိပ်ခန်းထဲဆွဲခေါ်သဖြင့် 'မြတ်မွန်' အတင်းရုန်းကန်
ကြည့်သည်။ သို့သော် 'ဖေယျလွင်' လက်နှစ်ဘက်ကြားမှလည်း
ကောင်း ရင်ခွင်ထဲမှလည်းကောင်း ရုန်းမထွက်နိုင်ဘဲပါလာ
သည်။

"'မွန့်' ကိုအထင်သေးလို့ ဒီအချိုးမျိုးချိုးတာလား"

"ဘာမှမဆိုင်ဘူး... မနက်ဖြန်သဘက်ခါ ယူတော့မယ့်
သူအချင်းချင်း ဒီလောက်တော့မနေသင့်ဘူးလား"

"အို ယူတာမယူတာနဲ့ ဘာမှမဆိုင်ဘူး... ငါ့အိမ်ထဲ
ရောက်ရင် ငါ့သဘောဆိုပြီး အတင့်ရဲတာဆိုရင်တော့ တံခါးဖွင့်
ပေး 'မွန်' ခုပြန်မယ်"

"တွေ့လိုက်ရင် ရန်သူလိုပဲဆက်ဆံနော် ကြားလား"

"မသင့်တော်လို့ပြောနေတာ... ယောကျ်ားလေးတစ်
ယောက်တည်းနေတဲ့အိမ်ကို မိန်းကလေးတစ်ယောက်တည်းလာ
တာတောင် လွန်လှပြီသိရဲ့လား"

"ကဲ ဘာလို့လာလဲ ပြော..."

"အပြင်မှာပြောလည်းရတယ်... လွှတ်စမ်းပါ ကိုကိုရာ
ကြာယ်စိတ်ညစ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ငိုသံပါအောင်တောင်းပန်နေလေ 'ဖေယျှလွင်' စိတ်
လေပါပဲ။ ကိုယ့်ချစ်သူနှင့်အတူနေရခြင်းသည် ပျော်ရွှင်စရာကြ
နူးစရာချည်းပဲ မဟုတ်ပါလား။ 'မြတ်မွန်' ကတော့ ဒီလိုမဟုတ်
သူများအထင်သေးမှာ ကြောက်တာနှင့်၊ လက်မထပ်ခင်ဒီလိုမ
နဲ့၊ ဟိုလိုမနေနဲ့နှင့် စည်းကမ်းချက်တွေကများလှသည်။

'ဖေယျှလွင်' လည်းလူငယ်တစ်ယောက်။ မျိုးသိပ်ရှင်
များလာတော့ ပေါက်ကွဲထွက်လာသည်။ ပြီးတော့ နှစ်ယော
တည်းဆိုသည့် အသိစိတ်၊ လွတ်လပ်ခြင်းဆိုသည့်အခွင့်အ
ချစ်သူချင်းဆိုသည့် အသိတရားဖြင့် ရင်ထဲမှဆန္ဒကို အလိုလို
ချင်စိတ်က တားဆီး၍မရ။ 'မေမြတ်မွန်' တစ်ယောက် ရှန်းရင်း
ကန်ရင်း ထုရင်းရိုက်ရင်း 'ဖေယျှလွင်' ကုတင်ပေါ်တွင်လုံးထွေ
နေသည်။

"ကိုကိုနော် 'မွန်' စိတ်ကိုအောင်မလုပ်နဲ့... 'မွန်' အထင်
ကြီးသမျှအလကားပဲ"

"ချစ်သူချင်းပဲ 'မွန်' ရာ"

"ဟင့်အင်း ဟင့်အင်း 'မွန်' ပြန်မယ်"

"မပြန်ရသေးဘူး... အစကဘာလို့လာသေးလဲ"

"ဒီလိုစိတ်ယုတ်မာရှိမှန်း မသိလို့လာတာ... အရေးအ
ကြောင်းဆို အကူအညီတောင်းရမယ့်သူ ဒီတစ်ယောက်တည်းရှိ
လို့လာတာ... ကိုယ့်ဖါသာကိုယ်တစ်ယောက်တည်း သွားရမှာ





ကြောက်လို့လာခါတာ... ခုတော့ သူကပိုဆိုးနေပြီ"

"ချစ်လို့ပါကွာ... ကဲ အချစ် ဘယ်သွားမလို့လဲ မောင်
ဘယ်လိုက်ပို့ရမလဲ"

"ရတယ် ပို့စရာမလိုတော့ဘူး... ကိုယ့်ဖါသာကိုယ်သွား
တော့မယ်"

"ကောင်းကောင်းမေးရင် ကောင်းကောင်းဖြေနော် တစ်
နေ့လုံးဘယ်မှမသွားတော့ဘဲ အခန်းထဲမှာနေပစ်လိုက်မယ်"

ပြောပြောဆိုဆို 'မြတ်မွန်' ကိုတွန်းလှဲပြီး ဖိထားလိုက်
သည်။ သူမ အဖြစ်သည်းပုံကိုပြုံးမိသည်။ ချွေးပြန်လို့ ခြေတွေ
လက်တွေအေးစက်လို့။ တစ်ကိုယ်လုံးလည်း နတ်ပူးသလိုတုန်
နေသည်။ မျက်လွှာချထားသော သူမမျက်ခွံမို့မို့နှင့် မျက်တောင်
ကော့ကော့လေးများကို ရှိုက်နမ်းမိသည်။ ထို့နောက်ပါးမို့မို့၊
တင်းတင်းစေ့ထားသော နှုတ်ခမ်း လည်တိုင်ရင်ညွန့်။

စောစောကရုန်းကန်နေသော 'မြတ်မွန်' တစ်ယောက်
'ဖေယျှလွင်' ခေါင်းမှဆံပင်များကို အတင်းဆွဲဆုပ်ပြီး မိမိရင်ခွင်
ထဲမှ လွတ်ထွက်အောင်ကြိုးစားနေသည်။ သို့သော်အချစ်ဝဲဂ
ယက်တွင် ရုန်းရင်းကန်ရင်း စုံးစုံးမြုပ်မတတ်ရှိနေသည်။

"အချစ် ဘယ်သွားချင်လဲ"

"ကိုယ်သွားချင်တဲ့နေရာ ကားလေးနဲ့သက်သက်သာသာ
သွားဖို့အရေး ဒီလိုပုံစံမျိုး မိန်းမပျက်တစ်ယောက်လိုယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ရဲ့အခန်းထဲမှာ ဖြစ်ချင်တိုင်းဖြစ်ပြီးမှ ရောက်မယ်ဆိုတာကြိုသိရင် ကိုယ့်ဖါသာကိုယ် ဘတ်စ်ကားပေါ်မှာ လူတိုးခံပြီးပဲလိုက်တယ် သိလား"

"သူစိမ်းယောက်ျားတွေရဲ့ ရင်ခွင်ထဲဝင်တာထက် ချစ်သူရင်ခွင်ထဲဝင်တာက ပိုမကောင်းဘူးလား"

"တော်ပါပြီကိုကိုရာ... တစ်ခါတည်းနဲ့လန့်သွားပါပြီ"

"ချစ်သူနှင့်အတူနေရတာကို လန့်တဲ့သူဆိုလို့ မင်းလေးတစ်ယောက်ပဲရှိသေးတယ်"

"မိန်းကလေးပါ ကိုကိုရာ... ဒီလိုဟိုလိုတွေဖြစ်ပြီးမှမယူရင် ဘယ်သူနစ်နာမှာလဲ"

"ဘာမှမယူဖြစ်စရာ အကြောင်းမရှိဘူး... ခင်ဗျားလေးနေ့ရွှေ့ညရွှေ့လုပ်တာနဲ့အချိန်ကုန်နေတာ... ဒါပေမဲ့ ဒီနေ့မနက်ဖြန် ဒီကောင်နဲ့အတူလာနေဖို့ပြင်တော့"

"ဘာဖြစ်လို့လဲ"

"မောင့်မေမေ ရောက်နေပြီ"

"ဟင် ဘယ်မှာရောက်တာလဲ... ဒီအိမ်မှာလား"

'မြတ်မွန်' မလုံမလဲဖြစ်နေသော သူ့ခန္ဓာကိုယ်ကိုတခြားလူမြင်မှာစိုး၍ စိုးရိမ်စွာမေးမိသည်။

"မနေ့ကနေ့လည်ကရောက်တယ်... အမျိုးအိမ်မှာအိပ်တယ်"



"တော်ပါသေးရဲ့"

ယခုမှစိတ်အေးသွားပါသည်။

"ကဲ သွားကြစို့ကိုကိုရာ... ကျောင်းမှာအောင်စာရင်းထွက်တယ်ပြောတယ်... အဲ့ဒါသွားကြည့်ချင်လို့လာခေါ်တာ"

"ပို့ပေးမှာပေါ့... ကားနဲ့သွားတာပဲ... ခဏလေးပါ"

'မြတ်မွန်' ကိုယ်တိုင် တစ်ချက်တစ်ချက် စိတ်လွတ်ကိုယ်လွတ်ဖြစ်ပြီး 'ဇေယျလွင်' ကိုပြန်ဖက်တွယ်ထားမိသည်။ အတွေ့အထိအပွေ့အဖက်များကို သာယာမိသည်။ တုံ့ပြန်မိသည်။

သည်လူသည်အချစ်ဦး၊ အချစ်ဆုံးဖြစ်သလို ဘယ်ယောကျ်ားလေး၏ ရင်ခွင်မှဝင်မခိုဘူးပါ။ ဘယ်သူ၏အယုအယအချော့အမြှူကိုမျှ မခံရဖူးပါ။ အစိမ်းသက်သက်ပါ။ သာယာကြည်နူးမှုကြားမှ ရုန်းမထွက်နိုင်လင့်ကစား အဆိုးရွားဆုံးအခြေအနေမရောက်အောင်တော့ မိန်းကလေးဖြစ်သူက ထိန်းသိမ်းရပါမည်။ ယောကျ်ားဆိုတာကတော့ ကြီးကြီးငယ်ငယ်နေရာမရွေး ဆင်ခြင်မည့်သူများမဟုတ်။

"ကိုကို ကိုကို အိမ်ရှေ့မှာကားရပ်သံကြားတယ်"

'မြတ်မွန်' အထိတ်တလန့်အော်မိသည်။ 'ဇေယျလွင်' ကိုလည်း တွန်းထုတ်ပစ်လိုက်သည်။

"သားရေ သားရေ မနိုးသေးဘူးလားဟဲ့"

"ဟော မေမေပါလား"

www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်သား ဝုန်းကနဲထမိကြသည်။ 'ဇေယျလွင်' က ဘာမျှသိပ်မဖြစ်သော်လည်း 'မြတ်မွန်' ခမြာ ပျာယာခတ်သွားလေသည်။ ဖရိုဖရဲဖြစ်နေသော သူ့အဝတ်အစားများကို ပျာယီးပျာယာလိုက်လုပ်နေသလို ပွနေသောခေါင်းကိုဖြီးဖို့ ဘီးလိုက်ရှာမိသည်။

"ကိုကိုရေ ဘီးကော"

"အံဆွဲထဲမှာရှိတယ်... အတော်ပဲ မေမေလာတုန်းမိတ်ဆက်ပေးလိုက်မယ်"

"အိုဘယ်ဖြစ်မှာလဲ... 'မွန်' ကိုအထင်သေးသွားမှာပေ့ါ"

"ဒါဆို 'မွန်' အထဲက ချက်ချထားလိုက်... မောင်အပြင်က သော့ခတ်ထားလိုက်မယ်"

"အင်း အိမ်ရှေ့က 'မွန်' ဖိနပ်ကို တံခါးဖွင့်ရင်းဖွက်ပေးဦးနော်"

"အိုကေ အိုကေ"





"သားက အိပ်လှချည်လား"

မိခင်ဖြစ်သူကို ဘာမျှပြန်မပြောနိုင်။အကြောင်းကတော့ အိမ်ရှေ့တွင်ကားစိမ်းလေးကို ကိုယ်တိုင်မောင်း၍လာသော 'ဒေါ်ခင်ခင်ကြည်' ကို မြင်လိုက်ရသောကြောင့်ဖြစ်သည်။

"'ခင်ခင်' ရေ အိမ်ပေါ်တက်ဦးလေကွယ်"

"မတက်တော့ဘူး မမ... ဈေးသွားဝယ်ရဦးမယ်"

"အေး အေး"

နှုတ်ဆက်ရကောင်းမလား အိမ်ပါတက်ပါဦးလို့ခေါ်ရကောင်းမလား စဉ်းစားနေစဉ်မှာပင် ကားစိမ်းလေးထွက်သွားပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"သား ဘာစားပြီးပြီလဲ"

"လက်ဖက်ရည်နဲ့ ထမင်းကြော်တော့ အရန်သင့်ပဲ... စားတော့မစား ရသေးဘူး"

နောက်ဘက်မီးဖိုထဲ တန်းဝင်သွားသဖြင့် အိမ်ခန်းထဲရှိ 'မေမြတ်မွန်' ကိုယ့်ရင်ပတ်ကိုယ် ဖိထားမိသည်။ ယခုမှမီးဖိုထဲတွင် ကျန်ရစ်ခဲ့သော ပိုက်ဆံအိတ်ကိုသတိရသည်။ 'ဇေယျလွင်' မြင်ပြီး သိမ်းလိုက်ရင် သိပ်ကောင်းမှာပဲဟု တွေးမိသည်။

"အံမယ် ထမင်းကြော်ကလည်း အပျံစားပါလား... ပန်းဂေါ်ဖီတွေ တရုတ်နံနံပင်တွေနဲ့ ကြက်သွန်ချဉ်လည်းပါသေးတာကိုး"

'ဒေါ်စိန်စိန်' က ပါးစပ်ထဲကိုဟိုဟာနည်းနည်း ဒီဟာနည်းနည်းမြည်းရင်း ပြောခြင်းဖြစ်သည်။

"မေမေလည်း စားဦး သောက်ဦး"

"တော်ပြီ မေမေစားခဲ့သောက်ခဲ့ပြီးပြီ... ဒါနဲ့ ညကဘာလို့မလာတာလဲ... မေမေစောင့်နေမယ်ဆိုတာ သိလျက်သားနဲ့"

"စိတ်ကောက်နေတာ ကိုယ့်မှာအိမ်ရှိလျက်နဲ့ အခိပ္ပါယ်မရှိဘူး"

"သားက စိတ်ကောက်မနေနဲ့... သားအတွက် သားအတွက်"

"ကျွန်တော့်အတွက် ဟုတ်လား ဘာကိုပြောတာလဲ"





"သားကို မိန်းမပေးစားဖို့အတွက်လေကွယ်"

"ဗျာ ဗျာ ဘာပြောတယ်... မိန်းမပေးစားဖို့ဟုတ်လား"

မိခင်ဖြစ်သူ၏စကားကြောင့် 'ဇေယျလွင်' အကြီးအကျယ်ထိတ်လန့်သွားသလို အိပ်ခန်းတွင်းမှ 'မေမြတ်မွန်' ခမြာသည်း ကိုယ့်ရင်ပတ်ကိုယ် ဖိထားမိသည်။

"ဪ သိပြီသိပြီ... သားစာထဲကအတိုင်း မင်္ဂလာကိစ္စအတွက် 'ဦးမြင့်မော်' နဲ့သွားဆွေးနွေးတာထင်တယ်"

"မဟုတ်ဘူးသားရဲ့...'ဦးမြင့်မော်' နဲ့ဆွေးနွေးတာမဟုတ်ဘူး... 'ဦးမြင့်မော်' ရဲ့မိန်းမနဲ့ဆွေးနွေးတာ... ငါ့သားဟာပညာတွေတတ်ပြီး တစ်ခါတစ်ခါကျတော့ သတိလက်လွတ်တယ်ဖြစ်တာကိုးကွယ့်... အေးလေ ပညာရှိသတိဖြစ်ခဲဆိုတဲ့ စကားလည်းရှိသားပဲ အဟင်း ဟင်း ဟင်း"

ဘာကိုရည်ရွယ်ပြီး ပြောနေပါလိမ့်။ ဘာမျှမသိရသေးသော 'မေမြတ်မွန်' အတွက်တော့ ပို၍ခေါင်းရှုပ်နေရှာမည်။

"ဟဲ့ မိန်းမကိုင် ပိုက်ဆံအိတ်လေးပါလား"

'ဒေါ်စိန်စိန်' လက်ထဲမှပိုက်ဆံအိတ်လေးကိုကြည့်ပြီး 'ဇေယျလွင်' မျက်လုံးပြူးလာသည်။ 'မေမြတ်မွန်' လည်း မြွေဆိပ်ခံရသလို တွန့်ကနဲဖြစ်သွားသည်။

"ဒါ ဘယ်သူ့အိတ်လဲ"

"'မွန့်' အိတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းကြောင့် 'မွန်' မျက်နှာကိုလက်ဝါးနှစ်ဘက်ဖြင့် အုပ်ထားမိသည်။ ရှက်လိုက်သည်ဖြစ်ခြင်း။

"'မွန်' ဆိုတာ သွားစာထဲမှာပါတဲ့ 'မေမြတ်မွန်' ဆိုတာ လား"

"ဟုတ်တယ် မေမေ"

"သားကောင်မလေးက အိမ်ထဲတောင်ဝင်နေပြီလား... အတင့်ရဲလှချည်လား"

မကြားဝံ့သဖြင့် နားကိုပိတ်ထားမိသည်။

"သူနဲ့ကျွန်တော်တွဲနေတာကြာပြီပဲ မနေ့ကလက်ထ[...] ကြတော့မှာမို့ အိမ်ကိုခေါ်လာပြီးဆွေးနွေးကြတယ်... ချက်ပြု[...] စားသောက်ပြီးသူ့ကို အိမ်လိုက်ပို့တယ်... ကျွန်တော့်ကားနဲ့အ[...] လျင်စလိုလိုက်ပို့မိလို့ ပိုက်ဆံအိတ်လေးမေ့ကျန်သွားတာဖြ[...] မယ်... မေမေ့ချွေးမချောကိုမြင်ရင် မေမေ သိပ်သဘောကျသွား[...] မှာသေချာတယ်"

"ပိုက်ဆံအိတ်တောင် မေ့ကျန်ခဲ့လောက်အောင် နမော်န[...] မဲ့နိုင်တဲ့မိန်းကလေးမျိုးကို မေမေတော့ချွေးမမတော်ချင်ပေါင်"

'မြတ်မွန်' မျက်ရည်တွေဝဲလာသလို အံကိုကြိတ်ထား[...] သည်။ အဘွားကြီး၏လေသံသည် မိမိနှင့်မောင့်ကို သိပ်သဘော[...] တူပုံမပေါ်ပါလား။ အိပ်ခန်းထဲတွင်မိမိရှိကြောင်းသိလျှင် အဘယ်[...] သို့ရှိမည်နည်း။ မဆင်မခြင်လာခဲ့မိသော မိမိကိုယ်မိမိအပြစ်တင်[...]





အဲ ခင်နဲ့တော့ သဘောတူတယ်ဆိုပြီး မဆီမဆိုင်ခင် [...]ပေးစားချင်သတဲ့လေ... ငယ်ရာကကြီးလာတဲ့လူတွေဖြစ်ပြီး [...]ချစ်ရဲ့သဘောကို မသိကြဘူးလား မသိပါဘူးကွာ... ရှင်းရှင်း [...]ပြောမယ်မောင်... ဇေယျာလွင်ဆိုတဲ့ ဆရာဝန်ကို ခင်ချစ်နိုင်မှာ [...]နိုင်မတဲ့လား... အိုကွာ မောင်မောင် ရန်ကုန်တိုအမြန်ဆုံးပြန် [...]ာခဲ့ပါ... ခင် မောင့်နောက်ကိုလိုက်ခဲ့တော့မယ်...

အချစ်များစွာဖြင့်

ခင်ဇုန်း

ထိုစာကိုအလျင်စလိုရေးပြီး တောင်ကြီးစာတိုက်မှပင် [...]ည့်လိုက်သည်။ ကြိုတင်အကြောင်းကြားထားသဖြင့် ရန်ကုန် [...]တာကြီးတွင် 'ဇေယျာလွင်' လာကြိုနေပါသည်။ မိခင်ဖြင့်အတူ [...]ယ်ရယ်မောမော စကားပြောလာသော အမျိုးသမီးကိုမြင်ရသော [...]ခါ 'ဇေယျာလွင်' အံ့ဩသွားသည်။ တစ်ခါတည်းသာ မြင်ဖူး [...]သော်လည်း တစ်သက်လုံးမှတ်မိနေမည်သာ။ မိမိတို့ဆေးခန်း [...]ရှေ့တွင် ချစ်သော 'မွန်' ကိုရိုက်သွားသော 'မွန်' မိထွေးမှန်း [...]ျက်ချင်းသိလိုက်ပါသည်။

"ဟိုမှာလေ 'မမစိန်' ရဲ့သား 'ဇေယျာလွင်' ဆိုတာ"

"ဟုတ်လား မမသားကလှချောပဲ... အဖေလိုပဲအရုပ်မြင့် [...]ြင့်နဲ့မဆိုးဘူးပဲ"

'ဒေါ်ခင်ခင်ကြည်' 'ဇေယျာလွင်' ၏ဖြူစင်သန့်ရှင်း၍



www.burmeseclassic.com

www.burmeseclassic.com



သားသားနားနားရှိသော ရုပ်ရည်ကိုကြည့်ပြီး မိမိနှင့်ယှူရ
သတို့သားကိုတွေ့ရသလို ရင်တွေဘာတွေတုန်ပြီး အကြီး
ကျယ်တျေနပ်သဘောကျနေသည်။

ဤမိန်းမကြီးနှင့် မိမိအမေ ဘယ်လိုလုပ်ပြီးသိသနည်း
ဘယ်တုန်းကသိသနည်း။

"သားနဲ့မိတ်ဆက်ပေးရဦးမယ်... ဒါ 'ဒေါ်ခင်ခင်ကြည်
တဲ့... ဒါက 'ခင်ခင်ကြည်' သမီး 'ခင်ဖုန်းမြင့်မော်' တဲ့"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်"

"သားရေ မေမေ သားအိမ်မှာမအိပ်တော့ဘူး ဟော
'ခင်ခင်' တို့အိမ်မှာ လိုက်အိပ်မယ်ကွယ်"

"ဗျာ ဘာဖြစ်လို့လဲ"

"ကိစ္စလေးတွေရှိလို့ပေါ့ကွယ်... ဟင်း ဟင်း ဟင်း"

မေမေ ပြုံးရယ်ပျော်ရွှင်နေသော်လည်း 'ဖေယျလွင်' တ
ယောက် ဘဝင်မကျသလိုဖြစ်နေသည်။ မိမိတစ်သက်နှင့်တ
ကိုယ် သိတတ်သည့်အရွယ်မှစ၍ မေမေတို့အသိထဲတွင် 'ဒေါ်
ခင်ကြည်' နဲ့တူတာ တစ်ခါမျှမကြားဘူးပါ၊ မတွေ့ဘူးပါ။

ယခုမှဘယ်ကဘယ်လို ရင်းရင်းနှီးနှီးကြီး ခင်မင်ပြီးတော
အိမ်မှာပင် မအိပ်တော့ဘဲ ဟိုမှာလိုက်အိပ်သနည်း။ ပြီးတော
'ခင်ဖုန်းမြင့်မော်' ဆိုသည့်ခပ်လှလှကောင်မလေးမျက်လုံးအကြ
က တစ်မျိုးပဲ။ မိမိကိုဝေဖန်အကဲခတ်နေသလို ရှက်နေသလို





ဘလိုလိုနှင့်တစ်မျိုးပါပဲ။

"အိမ်မှာပဲအိပ်ပါ မေမေရ... ဘယ်နှယ့်သူများအိမ်မှာ
ကိုက်အိပ်ရမယ်လို့ မဟုတ်သေးပါဘူး"

"ဟုတ်တယ်သားရဲ့... 'ခင်ခင်ကြည်' တို့မေမေတို့သား
တို့ဟာ တစ်နေ့ဆွေမျိုးအရင်းခေါက်ခေါက်ကြီးတွေ ဖြစ်မယ့်
တ အားနာစရာမလိုဘူးလေ... ကဲ ပစ္စည်းတွေသယ်ကွယ် သွား
ကြရအောင်"

ပြောမရလို့သာထွက်ခဲ့ရသည်။ ဘယ်လိုမှဆက်စပ်
ွးတောလို့မရ။

တိုက်ဆိုင်မှုကိုလည်း အံ့ဩရသည်။

'မွန်' ဖခင် 'ဦးမြင့်မော်' နှင့်မကြာခဏ တွေ့ဆုံနေကြ
သော်လည်းဘယ်မှာနေသည်ကိုမသိခဲ့။

ယခုတော့ 'ဦးမြင့်မော်' ၏ခေတ်မီလှပသော နှစ်ထပ်
ိုက်ကြီးရှေ့သို့ ရောက်လေပြီ။

"သား... အောက်ဆင်းဦးလေ"

"မဆင်းတော့ဘူးမေမေ... လူနာအိမ်သွားစရာရှိ
သေးတယ်"

"ဒါဆို ညဘက်လာခဲ့ဦး"

"မေမေက ကျွန်တော့်အိမ်ကို မလာတော့ဘူးလား... ဟ
ဦးမအိပ်တော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"သာသော ညဘက်လာခဲ့ဦး... ဟုတ်လား"

"ဟုတ်ကဲ့"

မကျေနပ်သော်လည်း ခေါင်းညိတ်ခဲ့ရသည်။ မမေ တွေလှုပ်နေသနည်း။ မိမိပဲရူးသွားလေပြီလား။ 'ဦးမြင့်မော်' မတွေ့ခဲ့ရသဖြင့် မမေနှင့်မိတ်မဆက်ပေးလိုက်ရပါ။ မမေ တွေ့ချင်သော်လည်း ညဘက်တမင်မသွားဘဲနေလိုက်သည်။

စိတ်ကောက်ပစ်လိုက်သည်။ အရေးထဲ 'မေမြှတ်မွန်' လည်း ကျူရှင်လာပြသည့်နေ့မဟုတ်၍ မတွေ့ရ။ ပျင်းခြော ခြောက်နှင့်စိတ်သာ အလကားတိုနေမိသည်။ 'မွန်' အိမ်သို့လို သွားလျှင်ရသော်လည်း မသွားတော့။

"တီ တီ တီ"

တတီတီမြည်နေသော လူခေါ်ခေါင်းလောင်းသံကြော 'ဇေယျာလွင်' အိပ်ရေးမဝသေးဘဲနိုးလာခဲ့သည်။ နာရီလှမ်းကြ တော့ နံနက်ခြောက်နာရီသာ ရှိသေးသည်။

"ညှိသည်ကလည်း စောစောစီးစီးကွာ"

မှုန်ကုပ်ကုပ်မျက်နှာဖြင့်ထွက်လာသော 'ဇေယျာလွ တစ်ယောက် အိမ်ရှေ့မှမြင်ကွင်းကြောင့် သွားကြီးဖြဲသွားပြီး သာအားရဖြင့်...

"ဟာ မောင့်အချစ်ပါလား... စောစောစီးစီး မင်္ဂလာ ကျက်သရေကိုရှိသွားတာပဲ"





"မြန်မြန်ဖွင့်ပေးပါ ကိုကိုရာ... စကားကလည်းများရန် သာ မျက်နှာမသစ်သွားမတိုက်ရသေးဘဲနဲ့များ"

"ရှိတယ်ပေါ့လေ ဟုတ်လား... တစ်ခါတည်းဖက်နမ်း ခဲလိုက်မယ်"

"အခွင့်အရေးယူဖို့မစဉ်းစားနဲ့... 'မွန်' ကျောင်းသွားမလို့ ားရုံမသွားခင် လိုက်ပို့ပေးရမယ်"

"ဟာ ပို့မှာပေ့ါ ဘယ်လိုပြောလိုက်တာလဲ... ကဲ အချစ် ောင့်အတွက် တစ်ခုခုဖျော်ပေးကွာ... ချစ်ကောသောက်ခဲ့ပြီးပြီ ား"

"အင်း..."

"ထပ်သောက် ထပ်သောက်"

တံခါးပြန်ပိတ်ပြီး 'ဇေယျာလွင်' မျက်နှာသစ်သည်။ သွား ိုက်သည်။ အိမ်သာတက်ရေချိုးပြီး မီးဖိုခန်းရောက်လာလေ ည်း မီးဖိုထဲတွင် 'ဇေယျာလွင်' ၏ အိမ်ရှင်မအလောင်းအလျာ ားက လှပသပ်ရပ်စွာ လက်ဖက်ရည်ဖျော်ခြင်း၊ ထမင်းကြော် ်င်းတို့ကို အရန်သင့်လုပ်ပြီးသလောက်ဖြစ်နေပြီ။

"ဝေး ဟေး"

'ဇေယျာလွင်' နောက်ဘက်မှတိတ်တိတ်လေး ရောက်လာ ီး 'မြတ်မွန်' ခါးနေရာမှ လက်နှစ်ဘက်လျှိုကာ အထက်ကိုဖွ နဲ့ပွေ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အာ ရေတွေစိုကုန်ပြီ ကိုကိုရာ... အကျီတွေတွန့်ကုန်
မယ်... ပြင်ဆင်လာတာတွေ ပျက်ကုန်မယ်ကွာ"

ရေစင်အောင်မသုတ်သေးဘဲ ဖက်ပွေ့ထားခြင်းဖြစ်၍
'မြတ်မွန်' ၏ကိုယ်နှင့် 'ဇေယျလွင်' ၏အသားတို့ထိသျှနေ
မှန်သမျှ အေးစက်စက်စိုစိစိဖြစ်ကုန်သည်။ နောက်မှနေရာ
ထားသဖြင့် 'မွန်' ကျောသားနှင့်ကုပ်သားဝင်းဝင်း လည်တိုင်နှ
ပါးပြင်ကိုမိမိမျက်နှာဖြင့် လိုက်ကပ်မိသလို ရှိုက်နမ်းမိသည်။

"အဲ့ဒါကြောင့်သူ့ဆီမလာရဲတာ... တွေ့လိုက်တာနဲ့ အ
ခွင့်အရေးယူတာပဲ"

"ချစ်လို့ဖက်နမ်းတာပဲကွာ... အခွင့်အရေးယူတယ်လို့
တော့မပြောပါနဲ့... ကိုယ်မချစ်တဲ့မိန်းကလေးတွေက လာပါဖ
ပါ နမ်းပါဆိုရင်တောင် လှည့်ကြည့်တဲ့ကောင်မဟုတ်ဘူး... သိရဲ့
လား"

"ယုံစရာကြီးပါပဲ"

"မယုံဘူးလား... ဘာလဲ လူကိုအထင်သေးတာလား
ကဲကွာ ဒီလောက်အထင်သေးနေမှတော့ မထူးဘူး"

'ဇေယျလွင်' က အသံခပ်မာမာမျက်နှာတည်တည်ဖြင့်
ပြောရင်း စောစောက ပွေ့လက်စအတိုင်းပွေ့ချီကာ မီးဖိုခန်းမှ
ထွက်ခဲ့သည်။

"လွှတ် လွှတ် 'မွန်' ကိုအဲ့လိုလုပ်တာ မကြိုက်ဘူး"





'မြတ်မွန်' က ခြေတားရားလက်ကားရားဖြင့် ထုသည်၊
တ်သည်။

"အို မဝင်နဲ့ မဝင်နဲ့"

အိပ်ခန်းထဲဆွဲခေါ်သဖြင့် 'မြတ်မွန်' အတင်းရုန်းကန်
ထွက်သည်။ သို့သော် 'ဇေယျလွင်' လက်နှစ်ဘက်ကြားမှလည်း
ကောင်း ရင်ခွင်ထဲမှလည်းကောင်း ရုန်းမထွက်နိုင်ဘဲပါလာ
သည်။

" 'မွန်' ကိုအထင်သေးလို့ ဒီအချိုးမျိုးမျိုးတာလား"

"ဘာမှမဆိုင်ဘူး... မနက်ဖြန်သဘက်ခါ ယူတော့မယ့်
သူအချင်းချင်း ဒီလောက်တော့မနေသင့်ဘူးလား"

"အို ယူတာမယူတာနဲ့ ဘာမှမဆိုင်ဘူး... ငါ့အိမ်ထဲ
ရောက်ရင် ငါသဘောဆိုပြီး အတင့်ရဲတာဆိုရင်တော့ တံခါးဖွင့်
ပေး 'မွန်' ခုပြန်မယ်"

"တွေ့လိုက်ရင် ရန်သူလိုပဲဆက်ဆံနေဘော် ကြားလား"

"မသင့်တော်လို့ပြောနေတာ... ယောကျ်ားလေးတစ်
ယောက်တည်းနေတဲ့အိမ်ကို မိန်းကလေးတစ်ယောက်တည်းလာ
တာတောင် လွန်လှပြီသိရဲ့လား"

"ကဲ ဘာလို့လာလဲ ပြော..."

"အပြင်မှာပြောလည်းရတယ်... လွှတ်စမ်းပါ ကိုကိုရာ
အကယ်စိတ်ညစ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ငိုသံပါအောင်တောင်းပန်နေလေ 'ဖေယျလွင်' စိတ် လေပါပဲ။ ကိုယ့်ချစ်သူနှင့်အတူနေရခြင်းသည် ပျော်ရွှင်စရာကြ နုးစရာချည်းပဲ မဟုတ်ပါလား။ 'မြတ်မွန်' ကတော့ ဒီလိုမဟုတ် သူများအထင်သေးမှာ ကြောက်တာနှင့် လက်မထပ်ခင်ဒီလိုမ နဲ့၊ ဟိုလိုမနေနဲ့နှင့် စည်းကမ်းချက်တွေကများလှသည်။

'ဖေယျလွင်' လည်းလူငယ်တစ်ယောက်။ မျိုးသိပ်ရ များလာတော့ ပေါက်ကွဲထွက်လာသည်။ ပြီးတော့ နှစ်ယော တည်းဆိုသည့် အသိစိတ်၊ လွတ်လပ်ခြင်းဆိုသည့်အခွင့်အ ချစ်သူချင်းဆိုသည့် အသိတရားဖြင့် ရင်ထဲမှဆန္ဒကို အလိုလို ချင်စိတ်က တားဆီး၍မရ။ 'မေမြတ်မွန်' တစ်ယောက် ရုန်းရင်း ကန်ရင်း ထုရင်းရိုက်ရင်း 'ဖေယျလွင်' ကုတင်ပေါ်တွင်လုံးထွေး နေသည်။

"ကိုကိုနော် 'မွန်' စိတ်တိုအောင်မလုပ်နဲ့... 'မွန်' အထ ကြီးသမျှအလကားပဲ"

"ချစ်သူချင်းပဲ 'မွန်' ရာ"

"ဟင့်အင်း ဟင့်အင်း 'မွန်' ပြန်မယ်"

"မပြန်ရသေးဘူး... အစကဘာလို့လာသေးလဲ"

"ဒီလိုစိတ်ယုတ်မာရှိမှန်း မသိလို့လာတာ... အိမ်ရေးအ ကြောင်းဆို အကူအညီတောင်းရမယ့်သူ ဒီတစ်ယောက်တည်း လို့လာတာ... ကိုယ့်ဖါသာကိုယ်တစ်ယောက်တည်း သွားရမှာ





ကြောက်လို့လာခေါ်တာ... ခုတော့ သူကပိုဆိုးနေပြီ"

"ချစ်လို့ပါကွာ... ကဲ အချစ် ဘယ်သွားမလို့လဲ မောင် ဘယ်လိုက်ပို့ရမလဲ"

"ရတယ် ပို့စရာမလိုတော့ဘူး... ကိုယ့်ဖါသာကိုယ်သွား တော့မယ်"

"ကောင်းကောင်းမေးရင် တောင်းတောင်းဖြနော် တစ် နေ့လုံးဘယ်မှမသွားတော့ဘဲ အခန်းထဲမှာနေပစ်လိုက်မယ်"

ပြောပြောဆိုဆို 'မြတ်မွန်' ကိုတွန်းလှဲပြီး ဖိထားလိုက် သည်။ သူမ အဖြစ်သည်းပုံကိုပြုံးမိသည်။ ချွေးပြန်လို့ ခြေတွေ လက်တွေအေးစက်လို့။ တစ်ကိုယ်လုံးလည်း နတ်ပူးသလိုတုန် နေသည်။ မျက်လွှာချထားသော သူမမျက်ခွံမို့မို့နှင့် မျက်တောင် ကော့ကော့လေးများကို ရှိုက်နမ်းမိသည်။ ထို့နောက်ပါးမို့မို့၊ တင်းတင်းစေ့ထားသော နှုတ်ခမ်း လည်တိုင်ရင်ညွှန့်။

စောစောကရုန်းကန်နေသော 'မြတ်မွန်' တစ်ယောက် 'ဖေယျလွင်' ခေါင်းမှဆံပင်များကို အတင်းဆွဲဆုပ်ပြီး မိမိရင်ခွင် ထဲမှ လွတ်ထွက်အောင်ကြိုးစားနေသည်။ သို့သော်အချစ်ဝဲဂ ဆက်တွင် ရုန်းရင်းကန်ရင်း စုံးစုံးမြုပ်မတတ်ရှိနေသည်။

"အချစ် ဘယ်သွားချင်လဲ"

"ကိုယ်သွားချင်တဲ့နေရာ ကားလေးနဲ့သက်သက်သာသာ သွားဖို့အရေး ဒီလိုပုံစံမျိုး မိန်းမပျက်တစ်ယောက်လိုယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရဲ့အခန်းထဲမှာ ဖြစ်ချင်တိုင်းဖြစ်ပြီးမှ ရောက်မယ်ဆိုတာကြိုသိရင် ကိုယ့်ဖါသာကိုယ် ဘတ်စ်ကားပေါ်မှာ လူတိုးခံပြီးပဲလိုက်တယ် သိလား"

"သူစိမ်းယောကျာ်းတွေရဲ့ ရင်ခွင်ထဲဝင်တာထက် ချစ်သူရင်ခွင်ထဲဝင်တာက ပိုမကောင်းဘူးလား"

"တော်ပါပြီကိုကိုရာ... တစ်ခါတည်းနဲ့လန့်သွားပါပြီ"

"ချစ်သူနှင့်အတူနေရတာကို လန့်တဲ့သူဆိုလို့ မင်းလေးတစ်ယောက်ပဲရှိသေးတယ်"

"မိန်းကလေးပါ ကိုကိုရာ... ဒီလိုဟိုလိုတွေဖြစ်ပြီးမှမယူရင် ဘယ်သူနစ်နာမှာလဲ"

"ဘာမှမယူဖြစ်စရာ အကြောင်းမရှိဘူး... ခင်ဗျားလေးနေ့ရွှေ့ညရွှေ့လုပ်တာနဲ့အချိန်ကုန်နေတာ... ဒါပေမဲ့ ဒီနေ့မနက်ဖြန် ဒီကောင်နဲ့အတူလာနေဖို့ပြင်တော့"

"ဘာဖြစ်လို့လဲ"

"မောင့်မေမေ ရောက်နေပြီ"

"ဟင် ဘယ်မှာရောက်တာလဲ... ဒီအိမ်မှာလား"

'မြတ်မွန်' မလုံမလဲဖြစ်နေသော သူ့ခန္ဓာကိုယ်ကိုတခြားလူမြင်မှာစိုး၍ စိုးရိမ်စွာမေးမိသည်။

"မနေ့ကနေ့လည်ကရောက်တယ်... အမျိုးအိမ်မှာအိပ်တယ်"





"တော်ပါသေးရဲ့"

ယခုမှစိတ်အေးသွားပါသည်။

"ကဲ သွားကြစို့ကိုကိုရာ... ကျောင်းမှာအောင်စာရင်းထွက်တယ်ပြောတယ်... အဲဒါသွားကြည့်ချင်လို့လာခေါ်တာ"

"ပို့ပေးမှာပေါ့... ကားနဲ့သွားတာပဲ... ခဏလေးပါ"

'မြတ်မွန်' ကိုယ်တိုင် တစ်ချက်တစ်ချက် စိတ်လွတ်ကိုယ်လွတ်ဖြစ်ပြီး 'ဇေယျလွင်' ကိုပြန်ဖက်တွယ်ထားမိသည်။ အတွေ့အထိအပွေ့အဖက်များကို သာယာမိသည်။ တုံ့ပြန်မိသည်။

သည်လူသည်အချစ်ဦး၊ အချစ်ဆုံးဖြစ်သလို ဘယ်ယောကျာ်းလေး၏ ရင်ခွင်မှဝင်မခိုဘူးပါ။ဘယ်သူ၏အယုအယအချော့အမြှူကိုမျှ မခံရဖူးပါ။ အစိမ်းသက်သက်ပါ။ သာယာကြည်နူးမှုကြားမှ ရုန်းမထွက်နိုင်လင့်ကစား အဆိုးရွားဆုံးအခြေအနေမရောက်အောင်တော့ မိန်းကလေးဖြစ်သူက ထိန်းသိမ်းရပါမည်။ ယောကျာ်းဆိုတာကတော့ ကြီးကြီးငယ်ငယ်နေရာမရွေး ဆင်ခြင်မည့်သူများမဟုတ်။

"ကိုကို ကိုကို အိမ်ရှေ့မှာကားရပ်သံကြားတယ်"

'မြတ်မွန်' အထိတ်တလန့်အော်မိသည်။ 'ဇေယျလွင်' ဆိုလည်း တွန်းထုတ်ပစ်လိုက်သည်။

"သားရေ သားရေ မနိုးသေးဘူးလားဟဲ့"

"ဟော မေမေပါလား"



www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်သား ဝုန်းကနဲထမိကြသည်။ 'ဇေယျာလွင်'က ဘာမျှသိပ်မဖြစ်သော်လည်း 'မြတ်မွန်' ခမြာ ပျာယာခတ်သွားလေသည်။ ဖရိုဖရဲဖြစ်နေသော သူ့အဝတ်အစားများကို ပျာယီးပျာယာလိုက်လုပ်နေသလို ပွနေသောခေါင်းကိုဖြီးဖို့ ဘီးလိုက်ရှာမိသည်။

"ကိုကိုရေ ဘီးကော"

"အံဆွဲထဲမှာရှိတယ်... အတော်ပဲ မေမေလာတုန်းမိတ်ဆက်ပေးလိုက်မယ်"

"အိုဘယ်ဖြစ်မှာလဲ... 'မွန်' ကိုအထင်သေးသွားမှာပေါ့"

"ဒါဆို 'မွန်' အထဲက ချက်ချထားလိုက်... မောင်အပြင်က သော့ခတ်ထားလိုက်မယ်"

"အင်း အိမ်ရှေ့က 'မွန်' ဖိနပ်ကို တံခါးဖွင့်ရင်းဖွက်ပေးဦးနော်"

"အိုကေ အိုကေ"



အခန်း ။ ။ တဆယ့်ကိုး

"သားက အိပ်လုချည်လား"

မိခင်ဖြစ်သူကို ဘာမျှပြန်မပြောနိုင်။အကြောင်းကတော့ အိမ်ရှေ့တွင်ကားစိမ်းလေးကို ကိုယ်တိုင်မောင်း၍လာသော 'ဒေါ်ခင်ခင်ကြည်' ကို မြင်လိုက်ရသောကြောင့်ဖြစ်သည်။

" 'ခင်ခင်' ရေ အိမ်ပေါ်တက်ဦးလေကွယ်"

"မတက်တော့ဘူး မမ... ဈေးသွားဝယ်ရဦးမယ်"

"အေး အေး"

နှုတ်ဆက်ရကောင်းမလား အိမ်ပေါ်တက်ပါဦးလို့ခေါ်ရကောင်းမလား စဉ်းစားနေစဉ်မှာပင် ကားစိမ်းလေးထွက်သွားပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"သား ဘာစားပြီးပြီလဲ"

"လတ်ဖက်ရည်နဲ့ ထမင်းကြော်တော့ အရန်သင့်ပဲ… စားတော့မစား ရသေးဘူး"

နေ့ခင်းဘက်မီးဖိုထဲတန်းဝင်သွားသဖြင့် အိမ်ခန်းထဲရှိ 'မေမြတ်မွန်' ကိုယ့်ရင်ပတ်ကိုယ် ဖိထားမိသည်။ ယခုမှမီးဖိုထဲတွင် ကျန်ရစ်ခဲ့သော ပိုက်ဆံအိတ်ကိုသတိရသည်။ 'ဧယျလွင်' မြင်ပြီး သိမ်းလိုက်ရင် သိပ်ကောင်းမှာပဲဟု တွေးမိသည်။

"အံမယ် ထမင်းကြော်ကလည်း အပျံစားပါလား… ပန်းဂေါ်ဖီတွေ တရုတ်နံ့နံပင်တွေနဲ့ ကြက်သွန်ချဉ်လည်းပါသေးတာကိုး"

'ဒေါ်စိန်စိန်' က ပါးစပ်ထဲကိုဟိုဟာနည်းနည်း ဒီဟာနည်းနည်းမြည်းရင်း ပြောခြင်းဖြစ်သည်။

"မေမေလည်း စားဦး သောက်ဦး"

"တော်ပြီ မေမေစားခဲ့သောက်ခဲ့ပြီးပြီ… ဒါနဲ့ ညကဘာလို့မလာတာလဲ… မေမေစောင့်နေမယ်ဆိုတာ သိလျက်သားနဲ့"

"စိတ်ကောက်နေတာ ကိုယ့်မှာအိမ်ရှိလျက်နဲ့ အခိုပွါယ်မရှိဘူး"

"သားက စိတ်ကောက်မနေနဲ့… သားအတွက် သားအတွက်"

"ကျွန်တော့်အတွက် ဟုတ်လား ဘာကိုပြောတာလဲ"





"သားကို မိန်းမပေးစားဖို့အတွက်လေကွယ်"

"ဗျာ ဗျာ ဘာပြောတယ်… မိန်းမပေးစားဖို့ဟုတ်လား"

မိခင်ဖြစ်သူ၏စကားကြောင့် 'ဧယျလွင်' အကြီးအကျယ်ထိတ်လန့်သွားသလို အိပ်ခန်းတွင်းမှ 'မေမြတ်မွန်' ခမြာလည်း ကိုယ့်ရင်ပတ်ကိုယ် ဖိထားမိသည်။

"ဪ သိပြီသိပြီ… သားစာထဲကအတိုင်း မင်္ဂလာကိစ္စအတွက် 'ဦးမြင့်မော်' နဲ့သွားဆွေးနွေးတာထင်တယ်"

"မဟုတ်ဘူးသားရဲ့… 'ဦးမြင့်မော်' နဲ့ဆွေးနွေးတာမဟုတ်ဘူး… 'ဦးမြင့်မော်' ရဲ့မိန်းမနဲ့ဆွေးနွေးတာ… ငါ့သားဟာပညာတွေတတ်ပြီး တစ်ခါတစ်ခါကျတော့ သတိလက်လွတ်တယ်ဖြစ်တာကိုးကွယ့်… အေးလေ ပညာရှိသတိဖြစ်ခဲဆိုတဲ့ စကားလည်းရှိသားပဲ အဟင်း ဟင်း ဟင်း"

ဘာကိုရည်ရွယ်ပြီး ပြောနေပါလိမ့်။ ဘာမျှမသိရသေးသော 'မေမြတ်မွန်' အတွက်တော့ ပို၍ခေါင်းရှုပ်နေရှာမည်။

"ဟဲ့ မိန်းမကိုင် ပိုက်ဆံအိတ်လေးပါလား"

'ဒေါ်စိန်စိန်' လက်ထဲမှပိုက်ဆံအိတ်လေးကိုကြည့်ပြီး 'ဧယျလွင်' မျက်လုံးပြူးလာသည်။ 'မေမြတ်မွန်' လည်း မြွေပါက်ခံရသလို တွန့်ကနဲဖြစ်သွားသည်။

"ဒါ ဘယ်သူ့အိတ်လဲ"

"'မွန်' အိတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေကြောင့် 'မွန်' မျက်နှာကိုလက်ဝါးနှစ်ဘက်ဖြင့် အုပ်ထားမိသည်။ ရှက်လိုက်သည်ဖြစ်ခြင်း။

"'မွန်' ဆိုတာ သားစာထဲမှာပါတဲ့ 'မေမြတ်မွန်' ဆိုတာလား"

"ဟုတ်တယ် မေမေ"

"သားကောင်မလေးက အိမ်ထဲတောင်ဝင်နေပြီလား— အတင့်ရဲလှချည်လား"

မကြားဝံ့သဖြင့် နားကိုပိတ်ထားမိသည်။

"သူနဲ့ကျွန်တော်တွဲနေတာကြာပြီပဲ မနေ့ကလက်ထ ကြတော့မှာမို့ အိမ်ကိုခေါ်လာပြီးဆွေးနွေးကြတယ်... ချက်ပြု စားသောက်ပြီးသူ့ကို အိမ်လိုက်ပို့တယ်... ကျွန်တော့်ကားနဲ့ လျင်စလိုလိုက်ပို့မိလို့ ပိုက်ဆံအိတ်လေးမေ့ကျန်သွားတာဖြ မယ်... မေမေ့ချွေးမချောကိုမြင်ရင် မေမေ သိပ်သဘောကျသွ မှာသေချာတယ်"

"ပိုက်ဆံအိတ်တောင် မေ့ကျန်ခဲ့လောက်အောင် နမော မဲ့နိုင်တဲ့မိန်းကလေးမျိုးကို မေမေတော့ချွေးမမတော်ချင်ပေါင်"

'မြတ်မွန်' မျက်ရည်တွေဝဲလာသလို အံကိုကြိတ်ထား သည်။ အဘွားကြီး၏လေသံသည် မိမိနှင့်မောင့်ကို သိပ်သဘော တူပုံမပေါ်ပါလား။ အိပ်ခန်းထဲတွင်မိမိရှိကြောင်းသိလျှင် အဘ သို့ရှိမည်နည်း။ မဆင်မခြင်လာခဲ့မိသော မိမိကိုယ်မိမိအပြစ်တ





"ကျွန်တော် ကျောင်းဆက်မတက်တော့ဘူး... ရွာမှာဖြစ် ကျောက်ဆည်မှာဖြစ်ဖြစ် အလုပ်တစ်ခုဝင်လုပ်တော့မယ်။

"ဟဲ့... ဘာဖြစ်လို့လဲ ဒီအတန်းရောက်နေမှ သားရယ် ကတ်တစ်နှစ်ထပ်သင်ရင် ဘွဲ့ရပြီမဟုတ်လား လူတိုင်းမက်မော လားတဲ့ ဒီဘွဲ့ကိုရအောင်ယူပါသားရယ် ဘွဲ့ရမှလူတွေက ဆင်ကြီးတာမဟုတ်လား"

"မဖြစ်တော့ဘူးမေမေ... မဖြစ်တော့ဘူး... ကျွန်တော် ဧယျ' ကိုအားနာလှပြီ သူ့ခမြာ ကျွန်တော့်တာဝန်ကို ယူထား ာနည်းတာမှမဟုတ်ဘဲ... အခုသူမိန်းမယူတော့မယ် ာကျေနပ်လို့ ကျောင်းဆက်ထားတယ်ထားဦး အိမ်မှာခေါ် းတယ်ထားဦး သူ့မိန်းမက ကျေနပ်ချင်မှကျေနပ်မှာ နှစ်သက် မှနှစ်သက်မှာ ကျွန်တော့်အတွက်နဲ့ ပတ်သက်ပြီး 'ကိုဧယျ' စိတ်မညစ်စေဘူး... 'ကိုဧယျ' တို့ အိမ်ထောင်ရေးကို မထိ ်စေချင်ဘူး"

"အေးလေ... သားသဘောပဲ သားသဘောပဲ"

မိမိသဘောအတိုင်း ရွာမှာပင်သောင်တင်နေသည်။ မိမိ ယ်မိမိ သတိထားမိသည်။ 'ခင်ဖုန်း' တောင်ကြီးမှ ရေးလိုက် ာ စာကိုဖတ်ပြီးကတည်းက မိမိအစားအသောက်ပျက်ခဲ့ ည်။ ဘယ်ဟာစားစား ခံတွင်းမတွေ့။ ထမင်းကိုစားချင်စိတ်မရှိ



www.burmeseclassic.com

www.burmeseclassic.com

ပဲ **အမေခိုတ်မကောင်း**ဖြစ်မည်ဆိုး၍ ဟန်ဆောင်စားနေ

**သဏ်သဏ်သာ**ဖြစ်သည်။

**တခါတလေ**ဘာမျှမစားပဲ ရေသောက်ရင်းတစ်နေ

**သွားသော**နေ့လည်းရှိသည်။ လုံးဝအိပ်မပျော်သွားပဲ မိုး

**သွားသော** ညတွေရှိသည်။

"ဟော့ကောင် မင်း ဘာလုပ်နေတာလဲ"

ညနေစောင်းတွင် ဖြစ်သည်။

'မောင်မောင်' မန်းကျည်းပင်ကိုမှီ၍ တောင်တွေကို

ချိန်တွင် မမျှော်လင့်ဘဲ အော်လိုက်သောအသံကြောင့် လန့်၍

သွားမိသည်။

"ဟာ... အစ်ကိုကြီး 'ဖေယျ' "

"ဟုတ်တယ်... မင်း ငါသံကြိုးရိုက်တာမရဘူးလား"

"ရ... ရပါတယ်"

"ဘာ... ရတယ် ဟုတ်လား"

"ဟုတ်ကဲ့"

"ရလျက်နဲ့ ဘာလို့ မင်းမလာတာလဲ"

'**မောင်**မောင်' မဖြေပဲခပ်ပြုံးပြုံးမျက်နှာဖြင့် **ခေါင်**

**ထားလေသည်**။

"ဟော့ကောင် မင်းဘာပြုံးနေတာလဲ... စိတ်ညစ်နေ

အထဲ မင်းကဘာဖြစ်နေတာလဲ... လုပ်ကွာ အဝတ်အစား





မအားတဲ့ကြားက အချိန်လုပြီး မင်းကိုလာခေါ်ရတာ"

"ကျွန်တော့်ကို လာခေါ်တာ ဟုတ်လား... ဘာကိစ္စရှိလို့

လဲ"

"ဘာကိစ္စရှိလိုလည်းဆိုတာ ငါပြောပြမှ မင်းသိတော့မှာ

လား... ငါစိတ်ညစ်နေတယ်ကွ... မင်းကပါ**အူအူ** ကြောင်ကြောင်

လုပ်မနေနဲ့... အောင်စာရင်းထွက်တာ **တစ်ဝတ်နှစ်ပတ်လောက်**

ပြီ ကျောင်းကိစ္စတွေ လုပ်စရာရှိတာမလုပ်တော့ဘူးလားကွ"

"ကျွန်တော် ကျောင်းမနေတော့ဘူး '**ကိုဖေယျ**' "

"ဘာကွ..."

'ကိုဖေယျ' စိတ်တိုနေပြီ 'မောင်မောင့်' ကို မီးဝင်းဝင်း

တောက်သော မျက်လုံးများဖြင့်ကြည့်ပြီး။

"မင်းဘာလူ့ပါးဝတာလဲ... ဘာစကားပြောတာလဲ... ဘွဲ့

တစ်နှစ်လိုမှ ဘာကျောင်းမနေချင်ဘူးလဲ... မနေချင်ရင် ဟိုအ

ချင်စကတည်းက မနေပါနဲ့လား မင်းကိုပညာတတ်ဖြစ်စေချင်

လွန်းလို့ လူတော်လူကောင်းဖြစ်စေချင် လွန်းလို့ ငါကျောင်းထား

ပေးခဲ့တာကွ မင်းပဲ မင်းအဖေဆုံးပြီးကတည်းက ကျောင်းဆက်နေ

ချင်တယ် ဘွဲ့ယူချင်တယ်ဆို ယခု မင်းကဘာအချိုးချိုးတာလဲ

ဘာလည်း ငါ့ကိုမကျေနပ်တာရှိလို့လား ပြောင်းဖွင့်ပြောလေကွာ"

"ဟာ... 'ကိုဖေယျ' ကိုဘာမျှမကျေနပ်စရာ မရှိပါဘူး

ကျွန်တော့်အပေါ်မှာ ညီအစ်ကိုအရင်းလို အနေအထိုင် အစားအ



www.burmeseclassic.com

www.burmeseclassic.com

သောတ် အစအဆရာရာ ဘာမှပြီပြင်ခဲ့တာမှမဟုတ်ဘဲ ဒီကျေ
တွေကို ကျွန်တော့်တစ်သက်တယ်လုပ် ဆပ်ရမှန်းတောင်
တော့ဘူး"

"မင်းကျေးဇူးကို မျှော်ကိုးပြီး ငါ ကူညီခဲ့တာမဟုတ်
တိုယ့်လူ... ဖြစ်သင့်ဖြစ်ထိုက်တာကို ငါလုပ်တယ် အဲသလိုလူ
တဲ့နေရာမှာ တခြားဘယ်သူအကူအညီမှမလိုဘဲ ငါချွေးနည်း
နဲ့ တတ်နိုင်သလောက်ကူညီတယ်... အေး ငါကမကူညီချင်
လည်းနေရော... အေး ကူညီပြီဆိုရင်လည်း ရေမြေဆုံးစေတော
အပြီးသတ်အထိပဲ ကိုယ့်လူ... အေး မင်းငါ့ကိုကျေးဇူးတင်
ကျေးဇူးဆပ်ချင်ရင် ပညာကိုဆုံးခန်းတိုင်အောင်သင်ပါ... မင်း
ရတဲ့နေ့ဟာ ငါ့ကိုကျေးဇူးဆပ်တဲ့နေ့ပဲ... နှစ်ဦးနှစ်ဘက် အကျိုး
မရှိတဲ့အလုပ် မလုပ်စမ်းပါနဲ့ကွာ ဆင်ပြောင်ကြီးအမြီးကျမှ
တစ်စမ်းပါနဲ့ကွာ"

'မောင်မောင်' ပခုံးကို ပုတ်၍ပုတ်၍ပြောနေခြင်းဖြ
သည်။ 'မောင်မောင်' ဘာပြောနိုင်ဦးမည်နည်း။

" 'ကိုဖေယျ' စေတနာကို ကျွန်တော်လက်ခံပါတယ်
ဒါပေမဲ့ 'ကိုဖေယျ' ယူမယ့်မိန်းမက ကျေနပ်ဦးမှကို"

"နေပါဦး မင်းကငါမိန်းမယူမှာကို ဘယ်လိုလုပ်သိတာ
လဲ"

မျက်လုံးပြူးကြီးဖြင့် တအံ့တသြမေးမိသည်။





"မင်းကိုဘယ်သူ ပြောပြလဲ"

မိမိနှင့် 'ခင်ဖုန်းမြင့်မော်' ယူမည်ကို သိသူဆို၍ 'မေမြတ်
နှ' တစ်ယောက်သာသိသည်။

"မင်းကို ဘယ်သူပြောတာလဲ... 'မေမြတ်မွန်' လား"

"ဟာ မဟုတ်ကဟုတ်က... 'မေမြတ်မွန်' နဲ့ ကျွန်တော်
ဆက်အသွယ်မှမရှိတာ 'ကိုဖေယျ' သိသားနဲ့... သူ့အိမ်လည်း
ကျွန်တော်မသိ ကျွန်တော့်နေရာလည်းသူမသိ"

"ဒါဆို 'ခင်ဖုန်းမြင့်မော်' လား"

"ဟာ ပေါက်ကရဗျာ... ဘယ်က 'ခင်ဖုန်းမြင့်မော်' လဲ...
ကိုဖေယျ' ကလည်း ပေါက်ပေါက်ရှာရှာတွေ"

"မင်းတကယ်မသိဘူးလား... မင်းတို့ စာသင်ခန်းထဲမှာ
ခင်ဖုန်းမြင့်မော်' ဆိုတာ ရှိတယ်မဟုတ်လား"

"ဟာ ဟုတ်တယ် ဟုတ်တယ် ရှိတယ်... အဲ့ဒါနဲ့ဘာဆိုင်
လို့လဲ"

"အဲ့ဒီကောင်မလေးနဲ့ ငါနဲ့ယူရမယ်ဆိုတာ မင်းသိနေ
တည်းက မင်းသူနဲ့အဆက်အသွယ်ရှိနေလို့ပဲ ဖြစ်မှာပေါ့ကွာ"

ဟာ သွေးထွက်အောင် မှန်လိုက်သည်ဖြစ်ခြင်း။ ပညာရှိ
တို့အတွေး ပြေးကြည့်တာထက်မှန်သည် ဆိုသလိုပါပဲ။

'မောင်မောင်' ရင်ထဲမှအပူလုံးကို တန်ဆောင်ဖုံးပြီး မျက်
ကိုရှုမဲ့၍...


www.burmeseclassic.com

"ကြကြီးဖန်ဖန်ဗျာ 'ခင်ဖုန်းမြင့်' နဲ့ ကျွန်တော် အဆက်အ
သွယ်ရှိရအောင်လို့ ဟား... ဟား... သူလို့ သူဌေးသမီးက ကျွန်တော်
လို သဘောသဘောကိုခင်ပါလိမ့်မယ် အဖက်တောင်လုပ်တာမဟုတ်ဘူး
ကျွန်တော်က 'ကိုဇေယျ' မိန်းမယူမှာကိုသိလို့ ပြောနေတာမဟုတ်
ပါဘူး တကယ်လို့ယူခဲ့ရင် 'ကိုဇေယျ' မိန်းမက ကျွန်တော်
စောင့်ရှောက်ကျွေးမွေးထားတာ ကျေနပ်ပါ့မလားလို့မေးတာပါ"

"ဒါက ငါ့ကိစ္စပါကွာ... ငါ့ကိုယူရင် ငါပြောတဲ့စကားကို
နားထောင်ရမှာပေါ့ မင်းကဘာမှပူမနေနဲ့ ခပ်ကောင်းကောင်းနေစရာ
တာနေစမ်းပါ... အဲ... ဒီကောင်မလေးနဲ့ ယူဖြစ်ရင်လည်း ငါ့အိမ်
မှာလိုက်နေမှာမဟုတ်ဘူး သူတို့အိမ်ကအကြီးကြီး... ငါတို့အိမ်
ခန်းလေးထက်ဆယ်ဆမကကြီးတယ်... သူတို့အိမ်လိုက်နေရမှာ
သေချာတယ်... ဒါဆို ဒီအိမ်ခန်းလေးကပိုနေတာပဲ မင်းကိုဒီမှာ
ပဲထားမယ် စိတ်ချနေ"

'ကိုဇေယျ' စေတနာတွေကတော့ ဝမ်းသာအားရရှိစရာ
ပါပဲ။ သို့သော် 'မောင်မောင်' မပျော်။ စိတ်တွေလေမှာလွင့်မျော
နေသဲည်။

"'ကိုဇေယျ' နဲ့ 'ခင်ဖုန်းမြင့်မော်' တို့က ဘယ်လိုကနေ
ဘယ်လိုဖြစ်ကြတာလဲ"

"ငါနဲ့ မဆိုင်ပါဘူးကွာ...ငါ့မိဘတွေနဲ့ 'ခင်ဖုန်းမြင့်မော်'
အမေ အင်းလေးမှာတွေ့ပြီး စီစဉ်ကြတာ"





"အေးဗျာ 'ကိုဇေယျ' ကုသိုလ်ကံကလည်းအဆန်းသား
...တွေအမေကွဲ သမီးနှစ်ယောက်နဲ့မှ ဖူးစာဆက်ရတယ်လို့...
...နိုတော်ကတော့ 'မေမြတ်မွန်' ထက် 'ခင်ဖုန်းမြင့်မော်' နဲ့
...ပြီးသဘောတူတယ်"

မိမိကိုတစ်မျိုးထင်မည်စိုးသောကြောင့် 'ခင်ဖုန်း' နှင့်ဘာ
...တ်သက်သလို ပြောလိုက်သည်။ ရင်ထဲမှာငိုနေတာကိုတော့
...သာခံစားရသူမို့ မိမိသာသိပါသည်။

"တော်ကွာ ငါစိတ်ညစ်တယ်... အခု 'မေမြတ်မွန်' တ
...ည်း ငါ့ကိုအတွေ့မခံတော့ဘူး"

"ဘာဖြစ်လို့လဲ"

"'ခင်ဖုန်း' နဲ့ပေးစားမှာကိုသိသွားလို့"

"ဘယ်လိုလုပ်သိသွားတာလဲ"

"မေမေလာတုန်းက သူငါ့အိပ်ခန်းထဲမှာ"

ထိုနေ့ကအဖြစ်အပျက်ကို ပြောပြလိုက်သည်။

'မေမြတ်မွန်' နှင့် 'ကိုဇေယျ' အိပ်ခန်းထဲတွင်စကား
...ကြတုန်း ကြီးကြီးရောက်လာသည်ဆိုသောစကား
...ာင်မောင့်' ရင်ထဲတစ်မျိုးကြီးဖြစ်သွားသည်။ 'မေမြင
...လွန်လှပသူလေးအား 'ကိုဇေယျ' က ဘာအလွတ်
...ည်။ သူတို့ဘယ်အခြေအနေ ရောက်လိမ့်မည်နည်း။
...မိမိဘာကြောင့် အူတိုနေသနည်း။ မိမိနှင့်ဘာမှမဆို



www.burmeseclassic.com

www.burmeseclassic.com

"ငါစိတ်ညစ်တယ်ကွာ"

ကျွန်တော်လည်းစိတ်ညစ်တာပဲဗျာ ဟု စိတ်ထဲမှပြ
ပြောမိသည်။

"ငါ ဘာလုပ်ရမှာလဲ"

"ကျွန်တော်လည်း ဘာလုပ်ရမလဲမသိဘူး"

"ငါ 'မေမြတ်မွန်' ကိုသိပ်ချစ်တယ်... 'မေမြတ်မွန်' နဲ့
လက်ထပ်ခါနီးတျမှ ဒီပြဿနာကဝင်ရှုပ်ရသေးတယ်"

" 'ခင်ဖုန်းမြင့်မော်' လည်း လှတာပဲဗျာ... ပြီးတော့ 'မေ
မြတ်မွန်' ထက် အများကြီးသာပါတယ်"

"ဘယ်လောက်သာသာကွာ... ငါမကြိုက်ဘူး မင်းဘာ
လုပ်ချင်သလဲ မယူဘူး ဘာလုပ်ချင်သလဲ"

သိပ်ကောင်းတာပေါ့ဗျာ။ ကျွန်တော်လည်း 'ခင်ဖုန်း' ကို
ယူမှာပဲစိုးရိမ်နေတာပါဟု စိတ်ထဲမှပြောမိပြန်သည်။ 'ဖေယျ' ဖုံ
ကြည့်ပြီး စိတ်ညစ်နေသော 'မောင်မောင်' ပင်လျှင်ရယ်ချင်
ပါပဲ။ သူ့ မျက်နှာကြီးရှုံ့မဲ့ပုပ်သိုးပြီး ခေါင်းစုတ်ဖွားဖြင့် မြေပြင်ကို
နေသည်။ ကြည့်နေသည်။

" ဩော် မိမိလိုပင် သူလည်းခံစားနေရသည်ပဲ။
ဘယ်လိုဖြစ်မိတို့နှစ်ယောက်ရဲ့အဖြစ်ကို ဝေဖန်သုံးသပ်မိသော

"ချစ်မနှစ်သက်သူနှင့် အတူနေရခြင်းသည် ဒုက္ခ၊ ချစ်သော
အမေ အင်္ဂနှင့် အတူမနေရခြင်း၊ ကွေကွင်းရခြင်းသည်လည်း





ဒုက္ခ၊ မချစ်မနှစ်သက်သူနှင့် အတူနေရခြင်း ကွေကွင်းရခြင်းသည်
လည်း ဒုက္ခ။

မချစ်မနှစ်သက်သူနှင့် အတူနေရခြင်း၊ ပေါင်းသင်းဆက်
ဆံရခြင်းသည် ဒုက္ခမည်သလို၊

ချစ်ခင်နှစ်သက်သူနှင့်အတူမနေရခြင်း၊ ကွေကွင်းရခြင်း
သည်လည်း ဒုက္ခပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ။ နှစ်ဆယ့်တစ်

"ကျွန်တော်မလိုက်တော့ဘူး 'ကိုဇေယျ'..."

"လိုက်ခဲ့ဆို ဘာမလိုက်ဘူးလဲ"

ကားပေါ်တက်ခါနီးမှ ပြဿနာဖြစ်နေသော ညီအစ်ကိုကိုကြည့်ပြီး 'ဒေါ်စိန်စိန်' စိတ်တိုလာသည်။

"တစ်ယောက်ကလည်း အတင်းခေါ်နေတာကို မလိုက်ဘူး... ဟိုတစ်ယောက်ကလည်း မလိုက်တာကို အတင်းအဓမ္မခေါ်နေတယ်... ဘယ်လိုဖြစ်နေကြတာတုန်းဟဲ့... ဟိုမှာစောင့်နေရှာတဲ့လူတွေကိုလည်း အားနာဦး"

ဒီနေ့ 'ဇေယျာလွင်' တို့သားအမိကို ထမင်းစားဖိတ်ထားသည်။ 'ခင်ဖုန်းမြင့်မော်' တို့အိမ်ကဖြစ်သည်။ ထိုထမင်းစားပွဲ





ကို 'မောင်မောင်' ပါလိုက်ရန် မနက်မိုးလင်းကတည်းက တဂျီဂျီခေါ်နေခြင်းဖြစ်သည်။ 'မောင်မောင်' လည်း အကြောင်းအမျိုးမျိုးပြ၍ ငြင်းသည်။ 'ကိုဇေယျ' ဘက်ကကြည့်တော့လည်း ထိုထမင်းစားပွဲကို လုံးဝမသွားချင်ဘဲ သွားရခြင်းဖြစ်သည်။

သူတကယ်နှစ်သက်စွဲလန်းသည့် မိန်းကလေးထံသွားရမည်ဆိုလျှင် စိတ်လက်ပေါ့ပါးစွာနှင့် လိုလိုချင်ချင်သွားမည်ပေါ့။ ခုတော့ မိမိဆန္ဒကို မလွန်ဆန်နိုင်၍သာ သွားခြင်းဖြစ်မည်။ 'ခင်ဖုန်း' သည် မိမိဘယ်မှာနေသည်ကိုမသိဘဲ ချစ်ခင်ခဲ့သည်။ အကယ်၍ 'မောင်မောင်' သည် 'ကိုဇေယျ' အိမ်တွင်ကပ်နေသော ကပ်စားသောအစေခံသာသာ လူတစ်ယောက်အဖြစ်မြင်တွေ့သွားလျှင် မိခင်ကိုချစ်ခင်စွဲလန်းပါဦးမည်လား။ ဆက်ချစ်နိုင်ဦးမည်လား။

'ခင်ဖုန်း' က ဖွတ်တရွတ်၊ မိုက်မိုက်ကန်းကန်းဆက်ချစ်နေမည်ထားဦး၊ 'ခင်ဖုန်း' မိဘတွေက လုံးဝသဘောတူမည် မဟုတ်၊ လက်ခံကြမည်မဟုတ်။ ပြတ်ပြတ်သားသား တစ်ခုခုလုပ်မှုဖြစ်မည်။

ညဘက်တွင် 'ခင်ဖုန်း' ထံ ဖုန်းဆက်ဖို့ဆုံးဖြတ်မိသည်။

" 'ခင်ဖုန်း' နဲ့တွေ့ချင်လို့ပါ"

" 'ခင်ဖုန်း' ပါဝဲ 'မောင်မောင်' လားဟင်"

တယ်လီဖုန်းလာကိုင်သူမှာ 'ခင်ဖုန်း' ဖြစ်နေ၍ သွယ်ကူ



www.burmeseclassic.com

www.burmeseclassic.com

သွားသည်။ သူမ ဝမ်းသာအားရဖြင့် ပြန်ပြောသလိုနာမည်မပြောဘဲနှင့်ဝင် အသံတိုမှတ်မိနေပြီ။

'မောင်မောင်' ရင်တွေခုန်နေသဖြင့် ဘာစကားမှဆက်မပြောနိုင်သေးပါ။

"မောင်"

'ခင်ဖုန်း' က ချစ်ငွေ့မကုန်သေးသောလေသံဖြင့် ခပ်တိုးတိုးနွဲ့နွဲ့လေးခေါ်ပါသည်။

"ဟော့ မောင် ဘာလို့စကားမပြောတာလဲ… မောင် ဟုတ်တယ်မဟုတ်လားဟင်"

တခြားလူတစ်ယောက်များ ဖြစ်နေမလားလို့ယနုမှတွေးပူပုံပေါ်သည်။

" 'မောင်မောင်' မဟုတ်လားလို့"

"ဟုတ်ပါတယ်"

"ဟာကွာ မောင်သိပ်နောက်တာပဲ… 'ခင်' ဖြင့်တခြားလူများလားလို့ လန့်သွားတာပဲ"

"တခြားသူ ဟုတ်လား… 'ခင်ဖုန်း' မှာ တခြားလူဆိုတာရှိနေလို့လား"

"ဘာလဲမောင်ရဲ့… တခြားလူဆိုတာ 'ခင်' တို့အိမ်ကိုဖုန်းဆက်တတ်တဲ့ တခြားလူတွေကိုပြောတာလေ"

"သြော် သြော်"





"ဟာကွာ မောင်နဲ့စကားပြောရတာ အားမရဘူး…မောင့်ဆီလာခဲ့မယ်… ဘယ်ကဆက်တာလဲ ပြော"

"ညမိုးချုပ်နေမှ ဘယ်လိုလုပ်လာမလဲ"

"ကားယူခဲ့မှာပေါ့… 'ခင်' ကားမောင်းတတ်တာပဲ ကဲပြောကွာ ဘယ်ကဆက်တာလဲ"

"မန္တလေးက"

"ဘာ မန္တလေးကဟုတ်လား… မညာနဲ့ ဖုန်းသံကဖြင့်ကြည်လင်ပြီး အကျယ်ကြီးကြားနေရတာပဲ"

"အော်တိုဖုန်းပဲ ကြည်တာပေါ့… ကျယ်တာပေါ့"

"ရန်ကုန်ပြန်မလာသေးဘူးလား. လို့"

သူမအသံကတုန်ပြီး ငိုသံပေါက်နေသည်။ စိတ်မရှည်သလိုအသံဖြစ်သည်။ ခပ်ဆောင့်ဆောင့်လေးပြောခြင်းဖြစ်သည်။

"ရန်ကုန်ပြန်မလာတော့ဘူး"

"ဘာရယ် ရန်ကုန်ပြန်မလာတော့ဘူး ဟုတ်လား"

"အင်း"

"မနောက်နဲ့ကွာ… 'ခင်' သံကြိုးရိုက်တာ စာရေးတာမရဘူးလား"

"ရတယ်"

"ဟင် ရလျက်သားနဲ့ရန်ကုန်ဘာလို့မလာတာလဲ… 'ခင့်' မှာဖြင့် စိတ်ညစ်လို့သေတော့မယ်"


www.burmeseclassic.com

www.burmeseclassic.com

"စိတ်ညစ်လို့တော့ မသေနိုင်ပါဘူး"

"မောင်နော် 'ခင့်'ကိုစမနေနဲ့... 'ခင့်' စာထဲမှာအိမ်က တခြားလူနဲ့သေးစားတော့မယ်လို့ ရေးထားတာဖတ်ရလျက်နဲ့ 'ခင့်' ဆီမလာတာ 'ခင်' တော့သိပ်အံ့သြတယ်"

"'ခင်ဖုန်း' ကလည်းကွာ... ဆရာဝန်နဲ့ယူရမှာများ ငြင်းနေရတယ်လို့ သက်သက်ညာတာပါ"

"ဘာကိုညာတာလဲ"

"ဆရာဝန်နဲ့အိုကေနေပြီ မဟုတ်လား... တို့ထက်ချော လား"

"'မောင်မောင်' ဘာတွေလျှောက်ပြောနေတာလဲ... 'ခင့်' ကိုလာတွေ့ဖို့ အမြန်ဆုံးကြိုးစားဦး"

ထိုစကားကြောင့် 'ခင်ဖုန်း' ကိုသနားသွားသည်။ တင်းထားသော 'မောင်မောင့်' စိတ်တွေအရည်ပျော်မတတ် ဖြစ်သွားသည်။

"ကိုယ် ရန်ကုန်ပြန်လာဖို့မလွယ်ဘူး"

"ဟင် ဘာဖြစ်လို့လဲ... ကျောင်းလာမတက်တော့ဘူးလား"

"ဟင့်အင်း"

"ဟာကွာ ဘာလို့ကျောင်းမတက်တော့တာလဲ မနောက်နဲ့ကွာ 'ခင်' ငိုပစ်လိုက်မယ်သိလား"





"သိလားဆိုတာ 'ခိုင်ထူး' သီချင်းကိုပြောတာလား"

"ဟုတ်တယ် 'ခင့်' အဖြစ်က အဲဒီသီချင်းလေးအတိုင်း ဖြစ်နေပြီ"

စကားစပြတ်သွားကြပြန်သည်။

"မောင်... မောင်"

သူမအသံကို ဇပ်တိုးတိုးလေးကြားနေရသည်။

"မောင် ဖုန်းချသွားပြီလား"

"ဟင့်အင်း"

"မောင်ရယ် မနောက်ပါနဲ့ဟယ်... မောင်ရန်ကုန်က ဆက်နေတာမဟုတ်လား... 'ခင်' တို့မနက်ဖြန်တွေ့ကြရအောင် နော်... မောင့်ကိုအရမ်းလွမ်းတာပဲကွာ"

ကိုယ်လည်းလွမ်းတာပါပဲလေ။ သမီးရည်းစားဆိုတာ တစ်ယောက်တည်းချစ်လို့ ဖြစ်တဲ့ကိစ္စမှမဟုတ်ဘဲ။ လက်ခုပ်တီးသလို နှစ်ဘက်တီးမှမြည်တဲ့သဘောပါ။ တကယ်လွမ်းတကယ် ဆွေးရမယ့်ကောင်က ဒီကောင်ရယ်ပါ။

"မောင်ရော 'ခင့်' ကိုမလွမ်းဘူးလား"

လွမ်းတာပေါ့ဗျာ ဟုဖြေချင်သော်လည်း...

"မလွမ်းပါဘူးဗျာ"

ပြောင်ချော်ချော် ဖြေလိုက်မိသည်။

"ဘာ မလွမ်းဘူးဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်"

"မောင် တောင်းကောင်းပြောကွာ... နောက်စရာမဟုတ်ဘူး"

"မနောက်ဘူး အကောင်းပြောနေတာပဲ"

"ဘယ်ချစ်သူတွေမဆို ကျောင်းပိတ်လို့အိမ်ပြန်ရင် တစ်ယောက်ကိုတစ်ယောက် လွမ်းကြတာချည်းပဲ မောင့်ကျမှ"

"ဟုတ်တယ်လေ ကိုယ်မှာလွမ်းချိန်မှမရဘဲ"

"ဘာဖြစ်လို့..."

"ရွာကိုပြန်ရောက်ပြီးနောက်တစ်ပတ်လောက်မှာပဲ ရွာကကွမ်းတောင်ကိုင် 'နွဲ့ယဉ်' နဲ့ပေးစားဖို့စေ့စပ်ကြတယ်လေ"

"ဟင်"

'ခင်ဖုန်း' ပါးစပ်မှအံ့ဩသံက ကျယ်လောင်စွာထွက်ပေါ်လာသည်။ ပါးစပ်ထဲမှအဆင်ပြေသလိုလျှောက်ပြောရင်း ရွာမှကွမ်းတောင်ကိုင် 'နွဲ့ယဉ်' နာမည်ကို မဆီမဆိုင်ယူသုံးလိုက်မိသည်။

"မောင် စနေနောက်နေတာမဟုတ်လား... မနိုပ်စက်နဲ့ကွာ... တွေ့ရင်တော့မောင့်အသားတွေ ပဲ့ကုန်အောင်ဆိတ်ပစ်လိုက်မှာသိလား"

"အံမယ်လေး မလုပ်ပါနဲ့ဗျာ... 'ခင်ဖုန်း' တို့မိန်းမတွေဟာ တစ်ခုခုဖြစ်ရင် ကုတ်ဖို့ဆိတ်ဖို့ကိုက်ဖို့ပဲ စဉ်းစားနေကြသလားမသိဘူး... ရွာကထွက်လာခါနီးတုန်းကလည်း 'နွဲ့ယဉ်' ဆိတ်လိုက်ကုတ်လိုက်ထုလိုက်တဲ့ ဒဏ်ရာတွေခုထိနာနေတုန်းဗျ"

"မောင်"

"ဟင်"

"မောင် တကယ်ပြောနေတာလား"

"တကယ်ပေါ့"

"ဒါဆို 'ခင့်' ကိုလာမတွေ့တော့ဘူးပေါ့ ဟုတ်လား"

"ဟုတ်တယ် လာနိုင်မယ်မထင်ဘူး... ရှေ့လထဲမှာ 'နွဲ့ယဉ်' နဲ့လက်ထပ်ရတော့မယ်"

"မယုံဘူး... တမင် 'ခင့်' ကိုနောက်နေတာမဟုတ်လား"

"မနောက်ပါဘူး"

"'ခင့်' ကိုမချစ်ဘူးလား"

သိပ်ချစ်ပါတယ် 'ခင်ဖုန်း' ရယ်။ သို့သော်ရင်နာနာနှင့်...

"မချစ်ပါဘူးဗျာ"

"မောင်နော် မောင်... မနောက်နဲ့တော့ 'ခင်' ငိုချင်နေပြီ"

ငိုနေပြီလားတော့မသိ၊ အသံကတိမ်ပြီး တုန်နေသည်။

"'ခင့်' ကိုသူများလက်ထဲရောက်တာ မောင်ကျေနပ်သလား"







www.burmeseclassic.com

www.burmeseclassic.com

"ကိုယ့်ထက်သာတဲ့လူနဲ့ရတာပဲ ကျေနပ်ပါတယ်"

"တကယ်"

မယုံသလိုမေးသည်။

"တစ်ကယ် နှစ်ကယ် ဆယ်ကယ်"

" 'ခင့်' ဆီလုံးဝမလာတော့ဘူးလား"

"ဟင့်အင်း မလာတော့ဘူး"

"ပြတ်နိုင်တယ်ပေါ့လေ ဟုတ်လား"

ငိုနေပြီထင်သည်။

"သိပ်ပြတ်နိုင်တာပေါ့"

" 'ခင်' ဟိုလူနဲ့ယူမှာကိုမနာမြော်ဘူးလား... 'ခင့်' ကိုတစ် သက်လုံးစွန့်လွှတ်နိုင်လို့လား"

"ကိုယ်လည်းတခြားတစ်ယောက်နဲ့ လက်ထပ်မှာပဲ အ ပြန်အလှန်ပေါ့ မဟုတ်ဘူးလား... ကဲ ပြောနေတာလည်းကြာပြီ 'ခင်ဖုန်း' အိမ်ကလူကြီးတွေက တစ်မျိုးထင်နေဦးမယ် ဒါပဲနော်"

"နေဦး မချလိုက်နဲ့နော်"

"ကဲ ဘာပြောချင်သေးလဲပြော"

"မောင်နဲ့တွေ့ချင်တယ်"

"ရှိတယ် အများကြီးရှိတယ်"

"ကဲ ပြော"

"ဟင့်အင်း တွေ့မှပြောမယ်... မောင်အမြန်ဆုံးပြန်ခဲ့ပါ"





"အဲ့ဒါတော့မဖြစ်နိုင်ဘူး မလာဖြစ်တော့ဘူးထင်တယ်"

"မောင်ဘာဖြစ်နေတာလဲ... စိမ်းကားရက်စက်လှချည် သား... အသည်းနှလုံးကောရှိရဲ့လားဟင်"

'ခင်ဖုန်း' ၏ငိုသံကြားမှ အံကြိတ်၍ပြောနေသော စကား သံများသည် 'မောင်မောင့်' အသည်းကိုဖွဲ့ချွေနေသလို နာကျင်လှ ပါသည်။ မိမိကိုယ်တိုင်လည်း မငြိတ်သားပါ။ တတယ်ဆိုလျှင် မိတယ်လီဖုန်းချပစ်လိုက်လျှင် ကိစ္စကပြီးပြီ။ သို့သော်သူမ၏ အသံလေးကိုဆက်၍ ကြားချင်သေးသည်။ မိမိကမပြောမဆိုဖုန်း ချပစ်လိုက်လျှင် 'ခင်ဖုန်း' ရှက်သွားမည်။ ဝမ်းနည်းသွားမှာကိုစိုး ရိမ်မိသည်။

"မောင်..."

"နားထောင်နေပါတယ် 'ခင်ဖုန်း' "

" 'ခင့်' ကိုမောင်လာခေါ်ပါတော့... မောင့်နောက်ကို 'ခင်' လိုက်ခဲ့မယ်နော်"

"ဘယ်ဖြစ်မှာလဲ 'ခင်ဖုန်း' ရယ်... ကိုယ့်မှာယူရမယ့်မိန်း မရှိနေပြီပဲ"

"အို သူ့ကိုမယူနဲ့... 'ခင်' နဲ့မောင်ကချစ်သူပဲ"

"မဖြစ်ဘူး"

"ဟင် မဖြစ်ဘူးဟုတ်လား... 'ခင့်' ကိုမောင်မချစ်တော့ ဘူးလား"


www.burmeseclassic.com

www.burmeseclassic.com

"ခင်ယုံတင်ခင်တာ အကောင်းဆုံးပါလေ"

"အိုချစ်ပြီးမှ ခင်ခိုင်းလို့ရမလား... ရှင်းရှင်းပြောစမ်း
'ခင့်' ကိုဖြတ်မလား သူ့ကိုဖြတ်မလား"

"ဖြေစရာလိုသေးလို့လား"

"ဟင် 'ခင့်' ထက်များတောသူကို ပိုမက်နေသလားလို

"မကြားဖူးဘူးလား မယားတောသူဆိုတာလေ"

"အို မကြားချင်ဘူး မကြားချင်ဘူး"

"မကြားချင်ရင်လည်း ဖုန်းချလိုက်တော့မယ်"

"မချနဲ့ဦး မချနဲ့ဦးနော်"

ဖုန်းချသွားမှာ အတော်ကလေးစိုးရိမ်နေပုံရသည်။

"မောင့်ကိုနောက်ဆုံးပြောမယ်... တစ်ပတ်တိတိစော
မယ်.. တစ်ပတ်တိတိပြည့်တဲ့နေ့မှာ 'ခင်ဖုန်း' နီလာမှာဆံပင်ဖြ
ရင်းစောင့်မယ်... နေ့လည်တစ်နာရီက ညနေငါးနာရီထိစော
နေမယ်"

"မလာနိုင်ဘူးထင်တယ်"

"အဲဒီနေ့ကျမှ မောင့်ကို 'ခင်ဖုန်း' မုန်းနိုင်အောင်ကြိုး
မယ် ကဲ ဖုန်းသိပ်ချချင်ရင်လည်း ချလိုက်တော့"

"'ခင်ဖုန်း' အလျှင်ချပါ"

"အဲဒီက အလျှင်ချပါ"

ဆင်ပြောင်ကြီးအမြီးကျမှတစ်ဆိုသလို တစ်ချိန်လုံး
ဘာဇော်မရှိသလိုပြောဆိုလာပြီး ယခုတယ်လီဖုန်းစကားပြော
ခြင်းအဆုံးသတ်ခါနီးကျမှ မချရက်သလိုဖြစ်နေသည်။

"ကဲ ကိုယ်အလျှင်ချမယ် ကိုယ့်ကိုခွင့်လွှတ်နော်"

တယ်လီဖုန်းခွက်လေးမြန်တင်ပြီးချိန်တွင် ရင်ထဲတွင်
ခင်းကျပ်ခြင်းဝေဒနာတစ်ရပ်ကို ခံစားရသလိုအသက်ရှူရလည်း
ကြပ်လာသည်။ သူမတော့ မိမိကိုမုန်းသွားလောက်ပြီဟုသော
သိစိတ်ကြောင့်၊ မိမိ၏ရက်စက်သော စကားများကြောင့် 'ခင်
ဖုန်း' ဘယ်လိုများခံစားနေရလေမည်နည်း။ ရှက်နေမည်နည်း။

မိမိကိုလည်း အမုန်းကြီးမုန်းတော့မည်။ အိပ်ယာထက်
တွင်ကျိတ်၍ ရှိုက်ငိုနေမည်လား။ 'ခင်ဖုန်း' ငိုသည်မငိုသည်ကို
တော့ 'မောင်မောင်' မသိ။

'မောင်မောင့်' မျက်လုံးအိမ်တွင် မျက်ရည်များပြည့်လျှံ
နေသည်။ မိမိခန္ဓာကိုယ်ထဲမှ အသည်းနှလုံးကလီစာတွေအားလုံး
ဆုပ်ယူဆွဲနှုတ်ခြင်းခံလိုက်ရသလို ရင်မှာဟာလာဟင်းလင်းကြီး
ဖြစ်သွားပြီ။ လေထဲတွင်လမ်းလျှောက်ရသလို လေဟာနယ်ထဲ
တွင်လွင့်မျောသလို ခံစားနေရသည်။ 'ခင်ဖုန်း' ကို မိမိတကယ်
ချစ်မုန်း၊ မဖြတ်နိုင်မှန်း ယခုမှသိရလေသည်။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ။ နှစ်ဆယ့်ရှ

"ဒါ မင်းလက်ချက်ပဲဖြစ်မယ်"

ညကြီးမိုးချုပ်မှ အသံကုန်ဟစ်လိုက်သော ဖခင်ဖြစ်သူ၏အသံကိုကြားလိုက်ရသဖြင့် အိပ်ယာထဲတွင် အလွမ်းမင်းသမီးလေးဖြစ်နေသော 'ခင်ဖုန်း' လန့်၍ထထိုင်မိသည်။ ပါးပေါ်မှမျက်ရည်စများကိုလည်း သုတ်ပစ်လိုက်သည်။

"မင်းဟာ သားသမီးချင်းကိုယ်ချင်းမစာတတ်တဲ့မိန်းမ... မိန်းမယုတ် မိန်းမလည်... 'မြတ်မွန်' ကို မင်းဘာတွေသွားနှိပ်စက်ပြန်ပြီလဲ"

"ဘာနှိပ်စက်နေလို့လဲ... အနေသာကြီး စိတ်မဝင်စားဘူး"





"ဘာ အနေသာကြီးလဲ... အခု မင်းလက်ချက်ကြောင့် ငါ့သမီးနဲ့ငါနဲ့မတွေ့ရတော့ဘူး"

"ဘာလွမ်းနေစရာလိုလဲတော်... ခုမှတွေ့ပြီးအဖြစ်သည်းနေကြစမ်းပါနဲ့...အမေကျော်ဒွေးတော်လွမ်းနေမယ့်အစားကိုယ့်အိမ်ကသားသမီးပဲ ကိုယ်ဂရုစိုက်ပါဦး... ချစ်ပါဦးတော်"

"ဟ သားနဲ့သမီးနဲ့မိဘပေမယ့် ချစ်သင့်ရင်ချစ်မယ် ချစ်အောင်နေရင်ချစ်မယ်... မင်းသားသမီးတွေက မင်းအတိုင်းဘယ်သူများ သောက်သုံးကျလို့လဲ"

"ရှင်စကားပြောတာ ကြည့်ပြော... ရှင်နဲ့ရထားတာတွေပါ ဒီလောက်လည်းစိမ်းကားမနေပါနဲ့"

"ငါနဲ့ရထားပေမယ့် ငါ့သွေးမပါဘူးကွ... သောက်ကျင့်ဆိုးအမူအယာပါ မင်းနဲ့တထေရာတည်း"

"ရှင်နော် ရှင်နော်"

'ဒေါ်ခင်ခင်ကြည်' က အံကိုတဂျစ်ဂျစ်ကြိတ်နေသည်။

"မင်းတို့မှာ လင်ယူစရာဒီလောက်ရှားနေပြီလား... 'မြတ်မွန်' နဲ့ကြိုက်နေတဲ့ 'ဇေယျာလွင်' ကိုမှ ရွေးယူရတယ်လို့... သိတ်သက်မဲ့ သူ့ဘာသာ သူနေတဲ့ 'မြတ်မွန်' ကိုမနာလိုဖြစ်နေတယ်"

"မနာလိုဖြစ်ရအောင် ရှင့်သမီးက ဘယ်လောက်တော်နေသိနေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ထက်တော့ အားလုံးသာတယ်"

"ဟား ဟား ဟား... ရယ်လိုက်ချင်တာ ဘာသာတာ လည်း အစေခံမသမီးမို့လို့သာတာလား ဟွန်း"

"အေး ဟုတ်တယ် အစေခံသမီးလည်းလှပဲ ကောလိပ် ကျောင်းသူပဲ မင်းတို့လိုပဲထမင်းစားပြီးစကားပြောတတ်တယ်—သွားတတ်လာတတ်တယ်"

"ဟုတ်ပါတော် ဟုတ်ပါ... ဒါပေမဲ့ 'ခင်ကြည်' သမီးက အစေခံသမီးနဲ့ တစ်တန်းတစ်စားတည်းထားတာမပြောပါနဲ့ 'ခင် ကြည်' တို့ကတိုက်ကြီးပေါ်မှာနေပြီး ကားလှလှစီးနေတဲ့ ကောင်မ တွေသိလား"

"တိုက်ပေါ်နေ ကားစီးပြီးနေတဲ့ မိန်းမတွေထဲမှာ မင်း လောက်သောက်သုံးမကျမိန်းမ မရှိသေးဘူး... စေတနာယုတ်တဲ့ မိန်းမ မရှိသေးဘူး... ကိုယ့်စေတနာ ကိုယ့်အကျိုးပေတာပဲ မင်း မျက်နှာတစ်နေ့တစ်ခြား ညိုမည်းညစ်ပုတ်လာပြီ ရှုံ့တွလာပြီ မိန်း တွေဝတ်ထားပေမယ့် စိန်တစ်ခြား မင်းရုပ်တစ်ခြားပဲ ကျက်သရေ ကိုမရှိဘူး"

"ဟင်... ရှင်... ရှင်... ဘာစကားပြောတာလဲ... ဒါပေါ့ လေ ရှင်ကကျုပ်ကိုမချစ်ပဲယူထားပြီး ကောင်းကောင်းနှိပ်စက်နေ တယ်ပေါ့လေ ဟုတ်လား"

"ဟုတ်တယ်... သိပ်ဟုတ်တယ်... အိမ်ထောင်ရေးတစ်ခု





မှာ မချစ်ဘဲပေါင်းသင်းနေရတာလောက် စိတ်ညစ်စရာ ရွံစရာ ကောင်းတာမရှိဘူး... မချစ်ရင်မယူတာအကောင်းဆုံးပဲ မိဘကို ညာပြီး မိဘစိတ်ချမ်းသာအောင်ဆိုပြီး ယူလိုက်ရင် မိဘပဲစိတ် ချမ်းသာမယ် ကိုယ်တော့စိတ်ချမ်းသာမှာမဟုတ်ဘူး... မင်းနဲ့ ငါလည်း အတူတူပဲ အထူးသဖြင့် ငါ့ဘဝဟာ ငါ့ပျော်ရွှင်မှုဟာ မင်းကြောင့်ပျက်စီးခဲ့တယ်–မင်းကိုမချစ်ဘဲယူခဲ့ရလို့ ငါ့ဘဝဟာ ပျော်ရွှင်ကြည်နူးမှုတွေဆိတ်သုဉ်းခဲ့တယ် အချစ်တွေကွယ်ပျောက် ခဲ့တယ်"

"ဟွန်း ဟွန်း... အချစ်စိတ်ကွယ်ပျောက်မေလို့ပဲ တော် တော့တယ်နော်... မြန်မာပြည်မှာရှိတဲ့ မိန်းမတစ်ဝက်ဟာ သူ့နဲ့မ ဖြစ်ဖူးတဲ့လူမရှိဘူး... ထွီ ဒီလိုလူမျိုး လင်လုပ်ထားရတာရင်နာ တယ်"

"ရင်နာပေလို့ပေါ့ကွာ... ငါသာ မင်းနေရာမှာဆို ကွာပစ် လိုက်တာကြာပြီ"

"မချစ်သော်လည်း အောင့်ကာနမ်းတဲ့ 'ကိုမြင့်မော်' ရဲ့... ရှင့်ကို ကျွန်မအချစ်ကုန်ခဲ့တာလည်းကြာပါပြီ... ဒါပေမဲ့ မိန်းမဆို တာတစ်လင်ကတစ်လင်ပြောင်းတိုင်း ကောင်းတယ်မှတ်နေသ လား"

"ဟ မင်းကို နောက်လင်ယူခိုင်းနေတာမှ မဟုတ်ဘဲ... ငါနဲ့မပေါင်းချင်ရင်ကွာလိုက်လို့ပြောနေတာ"

www.burmeseclassic.com

"ကွာချင်ပါတယ်နော်... ကိုယ့်ကိုမကြင်နာတဲ့လူ ကိုယ့်ကိုရှေ့မှာ ငုတ်တုတ်ထားပြီးတစ်ခြားမိန်းမတွေနဲ့ ပျော်မြူးနေတဲ့လူကိုကွာချင်ပါတယ် ဒါပေမဲ့"

"ဘာဖြစ်လဲ... ဒါပေမဲ့"

"ကျုပ်သားသမီးတွေ မျက်နှာငယ်မှာဆိုးတယ်... ရှင်က သားသမီးချင်းအတူတူတောင် ကျုပ်နဲ့ရတဲ့သားသမီးကိုစေတနာမရှိဘူး... အကြင်နာမရှိဘူး"

'ခင်ဖုန်း' နံရံတွင်ကပ်ပြီး နားထောင်နေသည်။

ပါးပြင်ပေါ်သို့ကျလာသောမျက်ရည်များကို မသုတ်နိုင်တော့။ အံကိုသာကြိတ်ထားသည်။

"အခုလည်း မင်း ဓာတ်ထုပ်ရှုပ်ပြန်ပြီ"

"ဘာဓာတ်ထုပ်ရှုပ်တာလဲ"

"သူများတွေ ချစ်တာကြိုက်တာကို မင်းကောင်းကောင်းလိုက်နှောင့်ယှက်နော်... 'မေမြတ်မွန်' နဲ့ 'ဖေယျလွင်' သူတို့ဘာသာချစ်ကြိုက်မြတ်နိုးလို့ လက်ထပ်ဖို့စီစဉ်နေချိန်မှာ မင်းကအတင်း 'ခင်ဖုန်း' နဲ့ပေးစားဖို့ဝင်ရှုပ်ပြန်ပြီလား"

"'ခင်ဖုန်း' လည်း ရှင့်သမီးပါပဲ"

"အေး... 'ခင်ဖုန်း' လည်း ငါ့သမီး 'မေမြတ်မွန်' လည်းငါ့သမီးပဲကွ...သူတို့ချင်းချစ်ကြိုက်တာကို မင်းဘာလို့ဝင်ရှုပ်တာလဲ"

"ကျုပ်ဘာရှုပ်လို့လဲ"





"မင်းရှုပ်လို့ကို ခုလိုဖြစ်ကုန်တာပေါ့... မင်းဟာအမှတ်မရှိတဲ့မိန်းမ ဉာဏ်မရှိတဲ့မိန်းမ 'ခင်ဖုန်း' ကို မင်းလိုအဖြစ်မျိုးဖြစ်အောင်လုပ်ချင်လို့လား"

"ရှင်ပြောတာ ကျုပ်နားမလည်ဘူး"

"'မေမြတ်မွန်' နဲ့ 'ဖေယျလွင်' တို့ကိစ္စမှာ မင်းနဲ့ 'ခင်ဖုန်း' က ဘာလို့ဝင်ပါရတာလဲ... အချစ်မပါတဲ့အိမ်ထောင်ရေးဟာ ဘယ်တော့မှ မသာယာဘူးဆိုတာ မင်းကိုယ်တိုင်ခံစားနေရလျှက်နဲ့ ခုထိနားမလည်သေးဘူးလား ချစ်သူချင်းကိုမင်းခွဲတာ ဒါပါဆိုနှစ်ခါရှိပြီ... အေး မင်းသမီးကို မင်းလိုမျက်ရည်နဲ့မျက်ခွက် ဖြစ်ချင်ရင် 'ဖေယျလွင်' နဲ့ပေးစား..."

"အိုး ဘာမှမဆိုင်ဘူး... လူတိုင်းအထူးသဖြင့် ယောကျ်ားလေးတိုင်းဟာ ရှင်လိုယုတ်မာတဲ့စိတ်မရှိဘူးဆိုတာ 'ဖေယျလွင်' ကသက်သေပြလိမ့်မယ်"

"'ဖေယျလွင်' နဲ့ 'ခင်ဖုန်း' မင်္ဂလာကိစ္စကို ငါသဘောမတူဘူး... မင်းသက်သက်ဝင်ရှုပ်တာ..."

"အလိုတော် သူ့အစေခံသမီး ဆရာဝန်နဲ့မရမှာစိုးလို့အဖြစ်သည်းနေလိုက်တာ... ဒီမင်္ဂလာကိစ္စကို 'ခင်ကြည်' စီစဉ်တာမဟုတ်ဘူး... 'ဖေယျလွင်' အမေကိုယ်တိုင်က အင်းလေးမှာ 'ခင်ဖုန်း' ကိုတွေ့ပြီး သူ့သားနဲ့ပေးစားပါရစေဆိုပြီး အတင်းအပူကပ်ပြီးချက်ချင်းစီစဉ်တော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"မင်းပယောဂမပါဘဲ ဖြစ်ကိုမဖြစ်ဘူး... မင်းမပြောဘဲ 'မေမြတ်မွန်' ကို အစေခံမသမီးလို့သိမလား"

"ဒါတော့ ဟုတ်တာပြောတာပဲရှင်... ရှင်ကဘာလို့ဒီ နလောက်အဖြစ်သည်းနေရတာလဲ"

"သည်းတယ်ကွာ သည်းတယ်ကွာ... ကဲဟာ ကဲဟာ..."

"အာ့..."

"ဒုန်း ဒေါက် ဂလောက်"

ဟော ရန်ဖြစ်ကုန်ကြပြီ... ပစ္စည်းတွေနှင့်ပေါက်ကုန်ကြပြီ။

"ဟွန်း သူ့သမီးလင်မရမှာဆိုလို့ ဖြစ်နေလိုက်တာ ကိုယ်မွေးတဲ့သမီးချင်းအတူတူ ဟိုဟာမရဲ့သမီးကိုတော့ လင်ရှာပေးတယ်... ပိုက်ဆံတွေပေးပြီး မင်္ဂလာဆောင်ပေးဦးမယ်တဲ့ ဒီသမီးကတော့ ပိုက်ဆံနည်းနည်းတောင်းရင် အသုံးအဖြုန်းကြီးသလေးဘာလေးညာလေးနဲ့ စေတနာကိုမရှိဘူး... အကြင်နာကိုမရှိဘူး... 'ခင်ဖုန်း' လည်းရှင်နဲ့ကျုပ်နဲ့က ရထားတာပဲရှင်ရဲ့"

"သူတို့ယူမယ့်ကိစ္စမှာ ငါနဲ့ဘာမှမဆိုင်ဘူး... သူတို့ဘာသာတွေ့ကြ ချစ်ကြ ကြိုက်ကြပြီးယူကြတာ မင်းသမီးလည်း ဘယ်သူနဲ့ကြိုက်လဲပြော မင်းသဘောတူသလား ပေးစားလိုက်မင်းတို့စိတ်ကြိုက်လုပ်ကြ အေး သူများချစ်ခြင်းတော့ မခွဲကြနဲ့ ကိုယ့်အသည်းပါကွဲရလိမ့်မယ်... မင်းဟာ မင်းအဖြစ်မျိုးရောက်





အောင် မင်းသမီးကိုပါဆွဲခေါ်နေတာကို..."

'ခင်ဖုန်း' ဆုံးဖြတ်လိုက်ပြီ။

'ဇေယျာလွင်' ကိုယူမည်။

'ခင်ဖုန်း' သူ့ကို 'မောင်မောင့်' ကိုစိတ်နာသည်။

မိမိလိုမိန်းမကို သူကအဖက်မတန်သလို မဆက်ဆံချင်သလိုလုပ်နေသနည်း။

မိမိထက်သာတဲ့မိန်မများ သူတွေ့နိုင်ဦးမည်းလော။ ရက်ရက်စက်စက်ပစ်ခွာရက်သူကို 'ခင်ဖုန်း' မေ့ချင်သည်။ မုန်းချင်သည်။

မေ့ဖို့မုန်းဖို့ကမလွယ် ရင်ထဲဝယ်ဝမ်းနည်းအားငယ်စိတ်များသာလွှမ်းမိုးနေသည်။

ဒယ်ဒီ ကိုလည်းစိတ်နာသည်။

ဒယ်ဒီသည်မိမိတို့မိသားစုအား ဘယ်တော့မှ မကြင်နာ။ ချိုသာစွာမဆက်ဆံ။ မာမီကိုဆိုလျှင် အချိန်ရှိတိုင်း မျက်နှာချင်းဆိုင်သည်နှင့် ရန်စကားစပြောတတ်သည်။ မချစ်ဘူးဟုတွင်တွင်ပြောပြီး မာမီစိတ်ဆင်းရဲအောင် လုပ်တတ်သည်။

ပြီးတော့ မာမီနှင့်ရသည့် သမီးဆိုပြီး 'ခင်ဖုန်း' ကိုလည်း အရမ်းနှိမ်သည်။ သူ့သမီးကျတော့ 'မေမြတ်မွန်' ကျတော့ ချစ်လိုက်တာတုန်လို့။ မသိလျှင်ခက်မည်။ 'ဇေယျာလွင်' နှင့် 'မေမြတ်မွန်' ကိစ္စသည် ဒယ်ဒီ အကြံအစည်ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ပေမည်။

ဒယ်ဒီသည် မာမိကိုစိတ်ဆင်းရဲအောင်လုပ်ခဲ့သည်။

ထာခု ဒယ်ဒီစိတ်ညစ်အောင် 'ခင်ဖုန်း' လုပ်မည်။

မာမိအတွက် 'ခင်ဖုန်း' လက်စားချေမည်။

'ဧယျလွင်' သည် 'မောင်မောင့်' ထက်တော့သာသည်။ တော်သည်။ ပိုက်ဆံရှိသည်။ 'ခင်ဖုန်း' 'ဧယျလွင်' ကိုလက်ထပ်မည်။

## အခန်း ။ ။ နှစ်ဆယ့်သုံး

"ဟော့ကောင် ငါစိတ်ညစ်တယ်ကွာ... ငါ သိပ်စိတ်ညစ်တယ်ကွာ"

ညှိခန်းထောင့်ရှိ ပက်လက်ကုလားထိုင်တွင် ခြေပစ်လက်ပစ်ထိုင်နေရာမှ ကျုံး၍အော်လိုက်သော 'ဧယျလွင်' ၏ အသံကြောင့် အတွေးလွန်နေသော 'မောင်မောင်' ပင်လျှင်လန့်နိုးသွားသည်။ 'ဧယျလွင်' ၏ခေါင်းမှာ ကုပ်ထားလွန်းသဖြင့် သယောင်းနေသည်။

"ဟော့ကောင်"

"ဗျာ"

"စိတ်ညစ်တာကို အရက်သောက်ရင် ပျောက်မယ့်ထင်


www.burmeseclassic.com

www.burmeseclassic.com

သလား"

"မကောင်းပါဘူး အစ်ကို ဇေယျ' ရာ... မသောက်ပါနဲ့ ဗျာ"

"ဟော့ကောင် မင်းငါ့ကိုဆရာမလုပ်နဲ့... ငါမေးတာသာ ဖြေ"

"ကျွန်တော်ထင်တာပြောရရင်တော့ 'စိတ်ညစ်လို့ အရက်သောက်ရင် အရက်သမားပဲဖြစ်မယ်... အရက်သောက်လို့ မူးတဲ့ အချိန်ပဲဝေဒနာကိုမေ့ပျောက်မယ်... အမူးပြေတာနဲ့ စိတ်ညစ်တာ ကပြန်ပေါ်လာမှာပဲ... စိတ်ညစ်တာအမြဲပျောက်အောင် အရက်ကို အမြဲသောက်ရမယ်ဆိုရင်တော့ သူများကအမူးသမား ယင်ထုတ်ကြီးလို့ ဝိုင်းကဲ့ရဲ့တာကို ခံရမှာပဲ... ကျွန်တော်တော့အရက်သမားလို့ အခေါ်ခံရမှာကိုရှက်တယ်"

"အင်း ဟုတ်တယ်... မင်းမဆိုးဘူး... လူတော်လူကောင်းဖြစ်ဦးမယ်... ငါသိချင်တာက စိတ်ညစ်ပျောက်အောင် ဘာလုပ်ရမလဲဆိုတာပဲ"

'မောင်မောင်' ဒုက္ခတွေ့နေပြီ။

ကိုယ့်ဖါသာကိုယ်စိတ်ညစ်လို့ ဘာလုပ်ရမှန်းမသိဖြစ်နေသည်။ ဆရာဝန်ကြီးတစ်ယောက်ဖြစ်ပြီး ကိုယ့်ရင်ထဲကဝေဒနာကို ကိုယ်မကုသနိုင်ပါလား။

"ဖြေလေကွာ"





"ကျွန်တော်ဖတ်ဖူးတဲ့ ဝတ္ထုတွေထဲမှာတော့ စိတ်ညစ်ရင် ဘုရားသွားကြတယ်... အေးချမ်းသာယာကြည်နူးစရာကောင်းတဲ့ နေရာမှာထိုင်ငေးကြတယ်... ပြီးတော့ ရုပ်ရှင်ကြည့်ကြတယ်"

"အင်း လက်တွေ့လုပ်ကြည့်ကြရအောင်...ဒီကနေ့တော့ အချိန်မရှိတော့ဘူး... မနက်စောစောဘုရားတက်မယ်... နေ့ခင်း အလုပ်ချိန်အလုပ်လုပ်မယ်... အလုပ်ပြီးရင် ရုပ်ရှင်ကြည့်မယ်... နေ့တိုင်းဒီပုံစံအတိုင်းလုပ်မယ်... မင်းလိုက်ခဲ့ရမယ်... ဒါ ငါ့အမိန့်ပဲ"

"ဟုတ်ကဲ့"

ချော်လဲတုန်းရောထိုင်မိခြင်းသာ ဖြစ်ပါသည်။

'မောင်မောင်' တို့ညီအစ်ကို မနက်ဘုရားသွား၊ ဘုရားအပြန်ဈေးဝင်ချက်ပြုတ်၊ 'ကိုဇေယျ' ဆေးရုံနှင့်ဆေးခန်းသွား ညနေစာစားသောက်ပြီး ရုပ်ရှင်သွားနှင့် သုံးရက်မြောက်ခဲ့သည်။

"မဆိုးဘူး မင်းပေးတဲ့အကြံအစည်က ငုတ်တုတ်ကြီးထိုင် လွမ်းနေဆွေးနေရတာထက်စာရင် စိတ်ထဲပြေပျောက်သလိုပဲ"

သူက စိတ်သက်သာရာ ရမည်ပေါ့လေ။ 'မောင်မောင့်' အဘ တစ်နေ့ခင်းလုံးပိန်လိန်ပြီး ပျင်းရိလွမ်းဆွတ်နေမိသည်။ ချစ်စိတ်သည်လူကို အတော်ဒုက္ခပေးတတ်မှန်း ကိုယ်တိုင်ခံစားကြည့်မှသိရပါတော့သည်။ တနင်္ဂနွေ 'ကိုဇေယျ' အလုပ်အားသည့်နေ့။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ဘုရားကဆင်းရင် အပြင်မှာထမင်းဝယ်စားပြီး
တစ်နေကုန် ရုပ်ရှင်ကြည့်မယ်ကွာ"

နေ့တိုင်းရုပ်ရှင်ကြည့်ရလွန်းသဖြင့် ကြည့်စရာကား
တောင်သိပ်မကျန်တော့။ အလျင်ကအင်္ဂလိပ်ကားသာကြည့်တတ်
သော 'ကိုဇေယျ' သည် ယခု ကုလားကား၊ ဂျပန်ကား၊ တရုတ်
သိုင်းကား၊ မြန်မာကားပါ ကြည့်တတ်လာသည်။

" 'ကိုဇေယျ' ကျွန်တော်တို့နောက်ရက်ဆို ရုပ်ရှင်ကြည့်
စရာဘာကားမှ မကျန်တော့ဘူး"

"မပူနဲ့ ဟိုဘက်ခန်းမှာတီဗွီကြည့်မယ်… ဗွီဒီယိုကြည့်
မယ်"

သူတော့မသိ။ 'မောင်မောင်' တော့မျက်လုံးတွေအား
နည်းပြီး ခေါင်းကြောတွေတက်ချင်နေပြီ။ တနင်္ဂနွေနေ့မို့ထင်
သည်။ ဘုရားပေါ်တွင် လူစည်ကားနေသည်။

"ဟင် 'မွန်'…"

ဟုတ်ပါသည်။ 'မေမြတ်မွန်' နှင့် 'ကြီးကြီးသိန်း' တို့နှ
ယောက်ကို လမ်းကြားလေးတစ်ခုတွင် ပက်ပင်းတိုးမိခြင်းဖြ
သည်။ 'ဇေယျလွင်' ပါးစပ်မှလွှတ်ကနဲခေါ်လိုက်မိသလို မျက်နှ
မှာလည်း ဝင်းထိန်၍သွားသည်။ ရင်တွေခုန် တစ်ကိုယ်လုံးကျ
စက်နှင့်အတို့ခံရသလို နှလုံးခုန်နှုန်းတွေလည်းမမှန်တော့။

'မွန်' လည်း ထိုကဲ့သို့ခံစားနေရမည်ဟု ထင်ပါသည်





ထမ်တော့ 'မြတ်မွန်' မျက်နှာလေးပျက်သွားသည်။ ထန်သွား
ည်။ သို့သော်တဖြည်းဖြည်း ပန်းနုရောင်ရဲလာပြီး အလှဆုံး
းထားသည်ကိုတွေ့ရသည်။

အလားတူပါပဲ၊ 'ကြီးကြီးအုံး' တို့မျက်နှာတွေပထမ
တော့ မည်းတက်သွားသလို တဖြည်းဖြည်းပြုံးလိုက်သည်ကို
မောင်မောင်' အကဲခတ်မိသည်။ မတွေ့ရသည်မှာ တစ်လနီးပါး
င်ရှိပြီ။

'မြတ်မွန်' သိသိသာသာပိန်သွားသည်။ မျက်တွင်းဝင်ညို
းမျက်နှာလေးချောင်သွားသည်။ ဒါကိုကြည့်လျှင်မိမိအတွက်
မလည်းမည်မျှခံစားနေရသည်ကို သိနိုင်ပါသည်။ 'မြတ်မွန်'
'မောင်မောင့်' ကိုလည်း ရယ်မလိုလိုတည်သလိုလိုမျက်နှာ
သးဖြင့် လှမ်းကြည့်သေးသည်။ 'မောင်မောင်' ကတော့ အစ်ကို
ယျ' မျက်နှာကိုတစ်လှည့်၊ 'မြတ်မွန်' မျက်နှာကိုတစ်လှည့်
ကဲခတ်နေသည်။

" 'ကြီးကြီးအုံး' တို့ နေကောင်းကြတယ်နော်"

"ကောင်းပါတယ်ကွယ်"

"ကျွန်တော် 'ကြီးကြီးအုံး' တို့အိမ်ဘက် ခဏခဏလာ
… အိမ်သော့ခတ်ထားတာနဲ့ ပြန်ခဲ့ရတယ်"

"အေးကွယ် ကြီးကြီးတို့အဲဒီအိမ်လေးရောင်းလိုက်ပြီ…
ွေမျိုးတွေနဲ့ သွားစုနေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်လိပ်စာကို ပြောမပြတော့ပါ။

"ဦးဇေယျလွင်' တို့ မင်္ဂလာကိစ္စကော စီစဉ်ပြီးပြီလား"

မထင်မှတ်ဘဲ အသံချိုအေးအေး ပြုံးရွှင်သောမျက်နှာလေးဖြင့်မေးလိုက်သော 'မေမြတ်မွန်' ၏စကားကြောင့် 'ဇေယျလွင်' ရော 'မောင်မောင်' ပါ အံ့အားသင့်ရပါသည်။ သူမနှင့် 'ဇေယျလွင်' သည် ဘာမျှမပတ်သက်ခဲ့ဖူးသောမျက်နှာ လေးသ တို့ဖြင့်ခံစားမှုမရှိသလိုမေးခြင်းဖြစ်သည်။

"ဟိုလေ ကိုယ် 'မြတ်မွန်' ကို အေးအေးဆေးဆေးစကားပြောချင်ပါတယ်"

လူကြီးတွေရှေ့မှာမို့ မျက်နှာပူပူနှင့်ပင်ပြောရသည်။

'ကြီးကြီးသိန်း' က...

"ဘာပြောစရာရှိသေးလို့လဲ 'မောင်ဇေယျလွင်' ရယ်... ကြီးကြီးတို့အားလုံး သိပြီးသားတွေပဲ... ငါ့တူဘက်ကကြည့်တော့လည်းအပြစ်မရှိလို့ ကြီးကြီးတို့က ခွင့်လွှတ်ပြီးသားပါ... 'မိမွန်' တို့ညီမလေးတစ်ယောက်လို ရှေ့လျှောက်သဘောထားသွားမယ်ဆိုရင် ကြီးကြီးတို့ကျေနပ်ပါပြီ... မင်းတို့ 'မွန်' တို့ဟာမဒေါ် ချင်ရင်သာနေလို့ရမယ် မတော်ချင်လို့မရတော့ဘူးလေ"

"ဟုတ်ပါတယ် ဦးဇေယျလွင်... 'မြတ်မွန်' ကျေနပ်ဝမ်းသာနေပါတယ်... 'ခင်ဖုန်း' ဟာ 'မြတ်မွန်' နဲ့ဖအေတူအမေကွဲအစ်မပါ...ကိုယ့်အစ်မအဆရာဝန်တစ်ယောက်နဲ့ရတာကို 'မြတ်မွန်'





းသာရမှာပေါ့... ဦးမြင့်မော် ရဲ့သမီးအချင်းချင်းအတူတူ 'မြတ်' က အခိုင်းအစေရဲ့သမီးပါ... 'မြတ်မွန်' နဲ့ 'ဦးဇေယျလွင်' တန်ပါဘူး... မမ 'ခင်ဖုန်း' ပဲယူပါ"

"မ မဟုတ်သေးဘူးလေ"

"ဟုတ်ပါတယ် 'ဦးဇေယျလွင်'... 'မြတ်မွန်' ဖေဖေ့ကိုအောင်ပြောပြီးပြီ...'မခင်ဖုန်း' နဲ့ 'ဦးဇေယျလွင်' တို့ယူမယ့်ကိစ္စကျေနပ်တဲ့အကြောင်း အစကတည်းက 'ခင်ဖုန်း' အတန်တန်ငြင်းဆန်ခဲ့ပါသေးတယ်... 'ဘယ်မိဘမဆို ကိုယ့်သားသမီးကိုကောင်းသထက်ကောင်းတာကို စီစဉ်မပေါ့... 'ဦးဇေယျလွင်' မေလည်းဒီလိုသဘောမျိုးရှိမပေါ့... 'မြတ်မွန်' အတွက်တော့စိတ်မကောင်းဖြစ်မနေပါနဲ့... သဘောထားကြီးပါတယ် ဒို့လူတွေထာဝရဝေးကွာသွားကြတာမှမဟုတ်ဘဲ ပြန်တွေ့ကြရဦးမှာပါ အဟင်းဟင်း"

သူမက ခြောက်ကပ်ကပ်ရယ်သည်။ မရယ်မပြုံးနှင့် တံတွေးအတင်းမျိုချနေသူ 'ကိုဇေယျ' 'မေမြတ်မွန်' ၏စိတ်ဓာတ်ကိုသဘောကျမိသည်။ ရင်ထဲကခံစားမှုကို ဂရုမစိုက်ဘဲ ဘာမှမခံစားသလို အပြုံးမပျက်ပြောနေသော သူမ၏ဟန်ကိုချီးကျူးမိသည်။

"သဘောထားကြီးပါတယ်" တဲ့...။

ဘယ်သူမဆို မုန့်ကိုသာဝေစားနိုင်မည်၊ အချစ်ကိုတော့ ခွဲယူချစ်ကြည်ဖြူနိုင်ခဲ့မထင်ပါ။ ဟုတ်ပါသည်။ စွန့်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ရမည့်အတူတူ သဘောထားကြီးကြီး ကြည်ကြည်ဖြူဖြူ[illegible] လွှတ်လိုက်သည်က ကောင်းသေးသည်။ သူမလိုနုနယ်သောမိန်း ကလေးပင်လျှင် ဟန်ဆောင်ကောင်းထားလျှင် မိမိလိုယောကျ်ား လေးက ဘာအမှုအယာပျက်နေစရာလိုသနည်း။

" 'ကြီးကြီးသိန်း' ရယ်… ကျွန်တော် ဟိုမလှမ်းမကမ်းမှာ တင်စကားပြောခွင့် တောင်းတာပါဗျာ ခေါ်မသွားပါဘူး"

" 'မှုန်' က မိန်းကလေးပါကွယ်… သူစိမ်းယောကျ်ားတ[illegible] ယောက်နဲ့အတွဲများပြီးမယူဖြစ်ရင် မိန်းကလေးမှာ ဂုဏ်ရွှေပျက်ပြီး သိက္ခာကျရတယ်ကွယ့်… ပတ်ဝန်းကျင်က တစ်စိတ်ကိုတစ်အိတ[illegible] လုပ်ပြောချင်နေကြတာကလား"

"ကဲပါ ကြီးကြီးရယ်… 'မှုန်' သူပြောတဲ့စကားကိုသွ[illegible] နားထောင်လိုက်ပါ့မယ်"

'မြတ်မှုန်' ကိုယ်တိုင်လည်း ချစ်သူကိုနှစ်ယောက်တည်း စကားပြောချင်သေးပုံရသည်။ ခေါင်းလောင်းကြီး၏ သည်ဘက[illegible] တွင် 'မောင်မောင်' နှင့်အဘွားကြီးနှစ်ယောက်၊ ဟိုဘက်တွင်ထား[illegible] ရစ်ခဲ့ရတော့မည့်ချစ်သူနှစ်ယောက်။

" 'မှုန်'…"

'မြတ်မှုန်' ကို အသနားခံသည့်အသံ၊ မျက်လုံးဖြင့်ခေ[illegible] မိခြင်းဖြစ်သည်။ မျက်လွှာချထားရာမှ 'မှုန်'မော့ကြည့်လိုက်သည်။ ချစ်သူ၏မျက်နှာကိုမြင်တော့ 'မှုန်' ရင်ခွင်ထဲပြေးဝင်ပြီးအားရ[illegible]





ရှိုက်ငိုလိုက်ချင်သည်။ ငိုမလိုဖြစ်သွားသော မျက်နှာနှင့်မဲ့မဲ့လေး ဖြစ်သွားသော နှုတ်ခမ်းလေးကိုကြည့်ပြီး 'ဇေယျာလွင်' လက်က 'မြတ်မှုန်' ကိုလှမ်းဆုပ်ကိုင်ထားပြီးသား ဖြစ်သွားသည်။ 'မြတ်မှုန်' အတင်းဆွဲထုပ်သော်လည်း လွှတ်မပေးမိ။

ထိုမြင်ကွင်းကို ခေါင်းလောင်းနောက်မှ မြင်နေရသည့်အဘွားကြီးနှစ်ယောက်လုံး မျက်နှာချင်းဆိုင်ပြီးသိဝ်မတျေနပ်ကြ။

"မောင်တို့ ထွက်ပြေးကြရအောင်လား 'မှုန်' "

"မဖြစ်နိုင်တာပဲ"

"ဘာလို့မဖြစ်နိုင်ရမှာလဲ… ချစ်သူချင်းထွက်ပြေးကြတာပဲ… 'မှုန်' ကလွဲရင် မောင်ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး… ဟိုကောင်မလေးကို မောင်စိတ်လည်းမဝင်စားဘူး… ချစ်လည်းမချစ်ဘူး… ယူလည်းမယူနိုင်ဘူး… လက်ဖျားနဲ့လည်းမတို့ဘူး… မျက်နှချင်းဆိုင်မိအောင်လည်းမကြိုးစားဘူး"

ချစ်သူကို 'မှုန်' သနားမိသည်။ ထိုသို့သနားခြင်းသည် မိမိကိုယ်တိုင်က သူ့ကိုမမုန်းနိုင်သေးခြင်းဖြစ်သည်။ ထိုခဏဝယ် 'မှုန့်' နားတွင်းသို့ 'ဇေယျာလွင်' ၏မိခင်မျက်နှာနှင့် အသံတို့က တွေးမြင်ကြားယောင်လိုက်သဖြင့် ကိုယ်လုံးလေးမတ်ကနဲ ဖြစ်သွားလောက်အောင် သတိပေးလိုက်သလိုဖြစ်သွားလေသည်။ မျက် နှာလေး ပြန်တင်းသွားသည်။

"အချစ် မောင်နဲ့လိုက်ခဲ့ပါကွာ… လာပါ မောင်တို့ ဒီနေ



www.burmeseclassic.com

www.burmeseclassic.com

ရာကနေပဲထွက်ပြေးကြရအောင်"

"မဖြစ်နိုင်ပါဘူးဆို"

"ချစ်ရင်ဖြစ်နိုင်တယ်"

"မချစ်ဘူး"

"မင်း ငါ့ကိုညာတာ... မင်း မာနကြီးနေတာ"

"ထင်ချင်သလိုထင်ပါ 'ဦးဖေယျလွင်' ဒါရုပ်ရှင်ရိုက်နေတာဟုတ်ဘူးလေ... ပြီးတော့ ထွက်ပြေးကြရအောင်လဲ... ငယ်တဲ့ရွယ်ရွယ်တွေမဟုတ်တော့ဘူး"

"အချစ်မှာငယ်တယ်ကြီးတယ် ရှိသလား 'မွန်' ရုပ်ရှင်ရိုက်နေတာမဟုတ်သလို အခွင့်အရေးရှိတုန်း အချိန်အခါရှိတုန်း ထွက်ပြေးကြအောင်လို့ မင်းကိုသတိပေးနေ

တာပေါ့"

"'မွန်' 'ဦးဖေယျလွင်' ကို အလျင်ကလည်းမချစ်ဘူး ခုလည်းမချစ်နိုင်ဘူး"

"ဒါကတော့ ချစ်မှလက်ထပ်ရမတဲ့လား... ဘဝအတွက်အာမခံချက်ရှိတဲ့လူမို့ လက်ထပ်ဖို့အထိ လက်ခံလိုက်တာပါ... အခုတော့ 'မွန်' ထက်သာတာကိုရှာပေးနေကြပြီမဟုတ်လား"

"မင်းကလွဲရင် ဘယ်သူ့မှမယူနိုင်ဘူး"

"အဲဒါတော့ ဆရာဝန်ကြီးသဘောပါပဲ... 'မွန်' ကတော့ဆုံးဖြတ်ပြီးရင်ပြန်မပြင်တတ်ဘူး"





"မင်း ငါ့ကိုမချစ်ဘူးလား"

"ဟင့်အင်း..."

"မသနားဘူးလား"

"အို... ဘာလို့သနားရမှာလဲ... ဒီလောကအဘက်ဘက်ကတောင့်တင်းပြည့်စုံနေတဲ့ ယောကျ်ားကြီးတစ်ယောက်ကို..."

"ဘာတွေပြည့်စုံပြည့်စုံ... ငါ့ဘဝမှာ မင်းမပါရင်ပြည့်စုံမှာမဟုတ်ဘူး... မင်းကိုမတွေ့ရတာလေးနဲ့တောင် ငါဘယ်လိုခံစားနေရတယ်ထင်သလဲ... တစ်သက်လုံးဝေးရမယ့်အဖြစ်ဆိုရင်တော့ ငါဘယ်လိုနေမယ်မသိဘူး"

ထိုစကားကြောင့် 'မွန်' မျက်နှာလေးညှိုးသွားသည်။ မောင်ရယ် 'မွန်' လည်းမောင့်လိုပါပဲ အသည်းနှလုံးတွေကြေမတတ်ခံစားနေရပါတယ်... ဒါပေမဲ့ မောင်ရယ် မောင့်နောက်ကိုလိုက်ခဲ့ရင် 'မွန်' ကြောင့် မောင့် ကိုငြိုငြင်ကြမယ်... ပြီးတော့ 'မွန်' ကိုနှိမ်ကြမယ်... နောက်ပြီး 'မွန်' မေမေလိုအဖြစ်မျိုးမရောက်ပါရစေနဲ့မောင်ရယ်။

"'မွန်' ဘာတွေစဉ်းစားနေတာလဲ... အချိန်ရှိတုန်းပြေးကြရအောင်ပါ"

"အချိန်ရှိပါသေးတယ်... ခုတော့ချက်ချင်းမလိုက်ချင်သေးဘူး... ကြီးကြီးတို့ရှေ့မှာဆိုတော့ စော်ကားရာကျမယ်"

"အင်း ဒါဆို ဘယ်တော့လိုက်မှာလဲ"


www.burmeseclassic.com

www.burmeseclassic.com

'ဇေယျလွင်' ဝမ်းသာအယ်လဲမေးမိသည်။

"ဖြည်းဖြည်းပေါ့"

"မဖြည်းနဲ့ တော်ကြာသူတို့က လက်ထပ်ဖို့ကိစ္စတွေဘာ တွေစီစဉ်နေရင်ခက်မယ်"

"အချိန်ဆွဲထားပေါ့"

"သူတို့ကဆွဲဦးမှကိုး... 'မွန်' ကလည်းကွာ အခွင့်အရေး ဆိုတာနစ်ကြိမ်ဘယ်တော့မှမရဘူး... ဘယ်သူတွေဘာပြောပြော ကွာ မောင့်ကိုချစ်ရင် ဂရုစိုက်မနေနဲ့... 'မွန့်' ဘဝကို မောင်တာဝန် ယူမှာပါကွာ... သူတို့ပြောလည်းခဏပေါ့... ချိုးမွန်းခုနစ်ရက် ကဲ့ ရဲ့ခုနစ်ရက်ဆိုတာ အချစ်လေးကြားဖူးသားပဲ... မောင့်ကိုချစ်ရင် လိုက်ခဲ့ပါတော့ကွာ... မောင်အချစ်လေးနဲ့ခဏဝေးရင်တောင် ဘယ်လောက်ခံစားရတယ်ဆိုတာသိချင်ရင် 'မွန့်' သူငယ်ချင်း 'မောင်မောင့်' ကိုသာမေးကြည့်ပေတော့"

'မြတ်မွန်' ဝေခွဲဆုံးဖြတ်ရခက်နေသည်။ အမှန်တိုင်းပြော ရလျှင် 'မြတ်မွန်' လည်းအချစ်နဲ့ခွဲခွာရခြင်းဝေဒနာကို လူးလိမ့်နေ အောင်ခံစားရပါသည်။ နောက်ထပ် မခံစားလိုတော့ပါ။ ထို ကြောင့် ချစ်သူနောက်လိုက်ရန် ဆုံးဖြတ်လိုက်သည်။ ကြီးကြီးတို့ရှိ ရာ လှမ်းကြည့်လိုက်မိသည်။ စကားကောင်းနေကြသည်။ အခွင့် အရေးကို လက်လွှတ်ခံ၍မဖြစ်။ 'မွန်' အပေါ်မှအောက်သို့ လျှော ကနဲ့ဆင်းလိုက်သည်။





"လာလေ... သွားမယ်"

'မောင့် နောက်ကိုလိုက်မှာလား"

"အင်းပါဆို"

"ဟာ..."

'ဇေယျလွင်' 'မမြတ်မွန်' လက်ကို ဆွဲ၍ဆွဲ၍ပြေးသည်။ ခြေကုန်သုတ်၍ပြေးသည်။ ထိုသို့ပြေးသည်ကို 'မောင်မောင်' မြင် သည်။ သို့သော် မမြင်ဟန်ဆောင်၍ စကားဆက်ပြောနေသည်။

"ဟဲ့ ဟိုနှစ်ယောက် ဘယ်ရောက်ကုန်ပြီလဲ"

အဘွားကြီးနှစ်ယောက် ပြူးတူးပြဲတဲဖြင့် ကုန်းထပြီး လိုက်ရှာနေကြသည်။

"လစ်ပြေးပြီထင်တယ်အေ့"

"မဖြစ်ဘူး လိုက်မှ လိုက်မှ"

အဘွားကြီးနှစ်ယောက်နောက်မှ အူယားဖားယားလိုက် ကြသည်။ ဓာတ်လှေကားရှိရာ ချစ်သူနှစ်ယောက်ပြေးကြသည်။

"မောင်ရေ ကြီးကြီးတို့လိုက်လာကုန်ပြီ"

ခပ်ဝေးဝေးတွင် ကြီးကြီးတို့နှစ်ယောက်ကို တွေ့ရသည်။

အရေးထဲ ဓာတ်လှေကားတစ်ဖက်ကိုပိတ်ထားသဖြင့် အောက်ဘုရားဖူးများကို တင်ဆောင်လာမည့် ဓာတ်လှေကားတစ် ခုကိုသာစောင့်နေရသည်။ 'မမြတ်မွန်' ကကြီးကြီးတို့ပါလာ မည်ကြောက်၍ နောက်ဘက်သို့လှည့်၍ကြည့်နေသည်။ ဓာတ်


www.burmeseclassic.com

www.burmeseclassic.com



အခန်း ။ ။ တဆယ့်ခြောက်

"ဒါက 'မောင်မောင့်' အခန်းလေ"

"ဩော် ဩော်"

'ဇေယျလွင်' က မိမိအိမ်ကို လိုက်လံပြသနေခြင်းဖြ
သည်။ အဖြစ်သည်းတယ်ဆိုချင်ဆို 'မေမြတ်မွန်' ကို တစ်နေ့နေ့
ခေါက်တော့တွေ့အောင် ကြိုးစားသည်။ ဒီကနေ့တော့ မိမိအိမ်
ကိုလိမ်၍ ခေါ်ခဲ့ခြင်းဖြစ်သည်။ ပထမတော့ 'မြတ်မွန်' စိတ်ဆိုး
သေးသည်။ ကားပေါ်မှမဆင်းဘူးဟု ငြင်းသေးသည်။'ဇေယျလွ
က အတင်းခေါ်သည်။ ကြာကြာနေလျှင်ဘေးလူတွေ ရိပ်မိက
မည်စိုး၍ 'မေမြတ်မွန်' အိမ်ထဲအမြန်ဝင်ခဲ့ရသည်။

"ရော့ အယ်လ်ဘမ်ထဲမှာ 'မွန်' ယောက္ခမကြီးပုံတွေ





တယ် ကြည့်"

ခန့်ညားသောယောက္ခမလောင်းများကိုကြည့်ပြီး 'မြတ်
မွန်' စိတ်ထဲတွင် အားငယ်သလိုလိုဖြစ်မိသည်။ အယ်လ်ဘမ်ထဲ
တွင် 'ဇေယျလွင်' ပုံထက် 'မောင်မောင့်' ပုံကပိုများသည်။ မိမိကို
အထင်မကြီးသော 'မောင်မောင်' တစ်ယောက် နောက်နောင်အတူ
နေကြသောအခါ အဘယ်ကဲ့သို့ဆက်ဆံမည်နည်း။

ဩော် 'မောင်မောင့်' ရယ်၊ မင်းမဆုံးဆည်းချင်ပေမယ့်
ဆုံဆည်းကြရဦးမှာပါလားကွယ်။

"ကောင်မလေး ဘာတွေစဉ်းစားနေတာလဲ"

"ဩော် ဘာမှမစဉ်းစားပါဘူး... ကိုကြီး ဒါနဲ့ 'မောင်
မောင်' တစ်ယောက်ရောမမြင်ပါလား"

"မမြင်ဆို ရှိမှမရှိဘဲ"

"ဟင် ဘယ်သွားလဲ"

"ရွာပြန်တယ်လေ"

"ရွာ ဟုတ်လား ဘယ်ရွာလဲ"

"သူနေတဲ့ရွာပေါ့"

"ဟင် ကိုကြီးပြောတော့ ကိုကြီးမိဘတွေက တောင်ကြီး
ကဆို"

"အင်းလေ"

"နို့ 'မောင်မောင်' က တောင်ကြီးမပြန်ဘဲ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရှာပြန်ရတာလဲ"

"သူ့အမေကရွာမှာရှိတာပဲ... ကိုကြီးနဲ့သူက ညီအစ်ကို အရင်းမှမဟုတ်တာပဲ... 'မောင်မောင့်' ကို ကိုကြီးကညီအဖြစ်မွေးစားထားတာ"

"ဩော်"

'မောင်မောင့်' ဘဝကို ကိုကြီးပြောပြမှ စုံစုံလင်လင်သိရသည်။ ဒါကြောင့်တစ်ခါတစ်ခါ 'မောင်မောင်' ငိုင်တွေငေးမောနေတတ်သည်ကိုး။ 'ခင်ဖုန်း' တို့အမေက 'မောင်မောင်' လိုနွမ်းပါးသူနှင့် သဘောတူပါ့မလား။ 'ခင်ဖုန်း' ကကော 'မောင်မောင့်' ကို တကယ်ပဲချစ်ပါ့မလား၊ ရာသက်ပန်ပေါင်းဖော်ပါမည်လား။ တကယ်လို့များ 'ခင်ဖုန်း' ပစ်သွားလျှင် 'မောင်မောင်' အဘယ်သို့ရှိမည်နည်း။

" 'မောင်မောင့်' မှာရည်းစားတွေဘာတွေရှိလား"

"အမယ် မယ် သူ့ညီအကြောင်းလာအစ်နေလိုက်တာ ဘယ်သိပါ့မလဲ"

"ဘာလို့မသိရမှာလဲ... တစ်တန်းတည်းနေတာပဲ"

"ဒါတော့ ကိုကြီးအထင်ကို...ဒီလောက်ကျယ်တဲ့ကျောင်းကြီးထဲအတွဲတစ်တွဲမသိအောင်တွဲရင် သိမလား"

"ပညာရှိပါပေတယ်... လိုချင်တဲ့အဖြေကို တစ်ခါတည်းရှင်းသွားအောင် ဖြေပစ်လိုက်တာပဲနော်"





" 'မောင်မောင်' ကအေးပြီး စာကြိုးစားတဲ့သူပဲ အပိုအလုပ်တွေလုပ်မယ်မထင်ပါဘူး"

"မပြည့်စုံသေးဘဲ အပိုအလုပ်တွေမလုပ်ဖို့ ပြောထားဆုံးမထားတာပဲ... သူ့မိသားစုမှာသူကအကြီးဆုံးသားလေ... အမေကြီးခမြာသနားပါတယ်... ဒါကြောင့် ကိုကြီးသူ့ကိုစောင့်ရှောက်ထားတာ"

"ဩော် ဩော်"

"အချစ်ကို ခွင့်ပန်ထားရဦးမယ်"

"ဘာကိုလဲ"

" 'မောင်မောင်' ဘွဲ့ရပြီးလို့အလုပ်အကိုင်အဆင်မပြေရင် ကိုကြီးတို့ကားကိုပဲ မောင်းထားခိုင်းမလားလို့... သူ့ကိုတစ်လငါးရာပေးမယ်လို့ မှန်းထားတယ်"

"ဒါက ကိုကြီးရဲ့ကိစ္စပဲ"

"ဘယ်နှယ့်ကိုကြီးရဲ့ကိစ္စပဲ... 'မွန်' က ကိုကြီးရဲ့မိန်းမဖြစ်လာမယ့်သူဆိုတော့ ကြိုတင်တင်ပြထားရတာပေါ့"

"ကူညီသင့်တာကို ကူညီရမှာပေါ့"

အပြင်ထွက်မလည်ကြဘဲ ချစ်သူနှစ်ဦးအိမ်မှာပင်ချက်ပြုတ်စားသောက်ကြသည်။

"အချစ်ရေ"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီးတို့အဖြစ်က ကိုင်ဇာဆိုတဲ့ ကိုယ့်အခန်းကပြေမ်းချမ်းတယ် သီချင်းလေးလိုဖြစ်မနေဘူးလား"

"တော်ပါနော် ဒီတစ်ခါပထမဆုံးအကြိမ်နဲ့ နောက်ဆုံးပဲ... လက်မထပ်ရသေးဘဲ ဘယ်တော့မှလိုက်မလာတော့ဘူး"

"ကိုကိုနဲ့နေရတာ မပျော်ဘူးလား"

"ပျော်တာမပျော်တာထက် မသင့်တော်တာကခက်တယ် မိန်းကလေးတစ်ယောက်အနေနဲ့ မသင့်တော်ဘူး... ဘေးလူတွေသိရင် 'မွန့်' ကိုပဲအထင်သေးမှာ"

" 'မွန့်' ဖေဖေခရီးမထွက်ခင် ကိုယ်တို့လက်ထပ်ကြရအောင်ကွာနော်... ကိုယ်တော့အချစ်နဲ့မခွဲနိုင်တော့ဘူး"

ညှိုခန်း၏တစ်ခုတည်းသောချောင်လေးတွင် ကပ်ထိုင်မိကြသည်။ တစ်နေ့အတူနေကြရမည့်သူများ ဖြစ်လင့်ကစား 'မမြတ်မွန်' က ချစ်သူအလိုကိုမလိုက်။ ညှိုခန်းမှာပင် စကားပြောသည်။ ဒါတောင် 'ဖေယျလွင်' က လမ်းသွားလမ်းလာများ မမြင်အောင်ချောင်တွင်ကပ် သူ့ရင်ခွင်ထဲသွင်း၍ ချစ်စကားတွေ ချစ်အနမ်းတွေ ဖြန့်ဝေနေသည်။

သည်အချိန်ကိုကုန်လွယ်စေတတ်သည်ကား အမှန်။နေ့ခင်းကနေ ညဦးဆီသို့တိုင်ခဲ့ပြီ။ အိမ်ကိုရောက်တော့ ခုနစ်နာရီထိုးပြီ။

"ပြန်လာသေးသကိုး... ဘာလို့လာပြန်ပို့နေသေးလဲ"





"အဟဲ မလုပ်ပါနဲ့ဗျာ... ကျွန်တော်တို့ကခုမှပူပူနွေးနွေး ရှိသေးတာ"

"ဟင် ဘာပူပူနွေးနွေးလဲ"

"ဟိုလေ ချစ်ကာစကြိုက်ကာစဆိုတော့ တစ်ရက်မမြင် အသက်ငင်ရမတတ်ပါပဲ"

"သေသွားရင် ပိုတောင်ကောင်းသေးတော်"

" 'ကြီးကြီးသိန်း' က တိုယ်ချင်းမှမစာဘဲ... ဒါကြောင့် အပျိုကြီးဖြစ်နေတာ"

"အေး ဟုတ်တယ် နောက်နေ့ကစပြီး မင်းတွေ့ချင်ရင် အိမ်မှာလာတွေ့... 'မင်းနဲ့ဘယ်ကိုမှမထည့်ဘူး... ကဲ မင်းပြန်တော့"

'မြတ်မွန်' က ခန်းဆီးနောက်မှ နှုတ်ဆက်ရာသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ။ တဆယ့်ခုနှစ်

တောင်ပိုင်းရှမ်းပြည်နယ် အင်းလေးကန်းထဲတွင်ဖြစ်သည်။ ပွဲချိုတ်ပေါ်တွင် လူလေးငါးဆယ်ခန့်ပါသည်။ ပွဲချိုတ်အလယ်လောက်တွင် 'ဒေါ်ခင်ခင်ကြည်' နှင့်သမီးဖြစ်သူ 'ခင်ဖုန်းမြင့်မော်' တို့နှစ်ယောက် ကျုံ့ကျုံ့ကလေးထိုင်နေကြပါသည်။

ညနေကျောင်းပိတ်ရက်တွင် 'ခင်ဖုန်း' တို့သားအမိ တောင်ကြီးသို့ထွက်ခဲ့ကြသည်။ တောင်ကြီးဟိုတယ်တွင် တည်းခိုကြသည်။ ထိုပွဲချိုတ်ထဲတွင် ရန်ကုန်မြို့မှ 'ဒေါက်တာဧယျာလွင်' ၏မိဘနှစ်ပါးလည်းအပါအဝင်ဖြစ်သည်။ သမီးမရှိသော 'ဒေါ်စိန်စိန်' က သမီးအရွယ်မိန်းကလေးလှလှလေးများကို ခြင်လျှင်နှစ်ခြိုက်စွာကြည့်တတ်သည်။





ယခုလည်းဘယ်နှစ်ခေါက်တွေ့တွေ့ ကြည့်၍မြင်၍မရိုးသော ငွေလွှာပြင်အင်းလေးနှင့် ဆေးတစ်ဘက်တစ်ချက်ရှိတောင်များကိုငေးလိုက် မိမိနှင့်တစ်ယောက်ခြားတွင် မျက်နှာချင်းဆိုင်၍ထိုင်နေသော 'ခင်ဖုန်း' ကိုမဝ့တမ်းကြည့်မိသည်။ ဖြူဖွေးသောအသားအရေ၊ လက်သည်းရှည်၊ ခြေသည်းရှည်များနှင့် နုနုရွရွ ဝိုလိုဥထားခြင်းခံရသော သဌေးသမီးလေးမှန်းသိသာပါသည်။

သူမ၏မိခင်ဝတ်ထားသည်မှာလည်း အညိုရောင်အင်ဒိုနီးရှားဝမ်းဆက် စိန်ထည်တွေဝတ်လို့၊ မျက်နှာတလည်းချိုလို့၊ သူတို့သားအမိသည် တော်ယုံပါချည်ပါချက်ထဲကတော့ ဟုတ်ဟည်မထင်။ ထို့အတူ 'ဒေါ်ခင်ခင်ကြည်' ကလည်း မိမိနှင့်အနီးကပ်ဆုံးရှိနေသော ဖြူဖြူဖွေးဖွေးဝဝခန့်ခန့် 'ဒေါ်စိန်စိန်' ကို အကဲခတ်သည်။

'ဒေါ်စိန်စိန်' တို့ဇနီးမောင်နှံအိမ်ကကားနှင့်ရောက်လာပြီး ပွဲချိုတ်ပေါ်တက်လာသည်ကိုလည်း သိသည်။ 'ဒေါ်စိန်စိန်' တို့လင်မယား၏ပြောဟန်ဆိုဟန် ဝတ်ပုံစားပုံ လက်နှင့်ခြေထောက်များကိုကြည့်သည်နှင့် သဌေးသူကြွယ်တွေမှန်း 'ဒေါ်ခင်ခင်ကြည်' သိသည်။

"ဘယ်မြို့ကလဲ ညီမ"

"ရန်ကုန်ကပါ"

"ဩော် ဩော် လာလည်တာလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်... အင်းလေးဘုရားလည်းဖူးရအောင် ရွှေဒေါင်းဆရာတော်ဘုရားလည်း တွေ့ရအောင်ပါ"

"ဟုတ်လား မမတို့လည်း ရွှေဒေါင်းဆရာတော်ဆီသွားမလို့ကွဲ... ဒါနဲ့ဘယ်မှာတည်းကြလဲ"

"တောင်ကြီးဟိုတယ်မှာပါ"

"သြော် ဟိုတယ်မှာတည်းသလား... အသိအကျွမ်းဆွေမျိုးတွေဘာတွေမရှိဘူးလား"

"ရှိတော့ရှိပါတယ် ဒါပေမဲ့ကိုယ့်အတွက်သူတို့မှာအလုပ်ရှုပ်မှာစိုးလို့ ခြေရှုပ်မှာစိုးလို့ ဒုက္ခရောက်မှာစိုးလို့ ဟိုတယ်မှာပဲတည်းလိုက်ပါတယ်"

"သြော် သြော် ဒါနဲ့သူလေးက ညီမရဲ့သမီးလား"

ဆံပင်တွေမလွင့်အောင် ခေါင်းစည်းစကပ်လေးပြင်၍ ချည်နေသော 'ခင်ဖုန်း' ကို လက်ညှိုးထိုး၍မေးခြင်းဖြစ်သည်။

"ဟုတ်ပါတယ်"

"ချစ်စရာလေးကွယ်... ဖြူဖြူသွယ်သွယ်နွဲ့နွဲ့လေး မျက်နှာလေးကလည်း နုပြီးဥနေတာပဲ... နာမည်ဘယ်လိုခေါ်သလဲ သမီး"

"'ခင်ဖုန်းမြင့်မော်' ပါ"

"ဘယ်ရယ် 'ခင်ဖုန်းမြင့်မော်' ဟုတ်လား"

"ဟုတ်ကဲ့"





"ဒါဆိုသမီးဖေဖေနာမည်က 'ဦးမြင့်မော်' ပေါ့ဟုတ်လား"

"ဟုတ်ပါတယ်"

"သမီးကျောင်းနေလား"

"နေပါတယ်"

"ဘယ်အတန်းတွေ ရောက်ပြီလဲ"

"ကောလိပ်တက်နေပါတယ်"

"သြော် ကောလိပ်ရောက်နေပြီကိုး... ကောလိပ်မှာဘယ်နှနှစ်ရှိပြီလဲ... ရန်ကုန်တက္ကသိုလ်ပဲလား"

"ဟုတ်ပါတယ် ရန်ကုန်တက္ကသိုလ်ပဲ...ဒုတိယနှစ်တက်နေပါတယ်"

"ဟုတ်လား"

အဘွားကြီး၏မျက်နှာမှာ ဝင်းထိန်သွားပြီး...

"ဝမ်းသာလိုက်တာ သမီးရယ်... မေမေကြီးတို့လည်း ကြာခင် ရန်ကုန်ဆင်းလာကြမလို့ကွဲ"

အဘွားကြီး၏အပြောစကားကြောင့် 'ခင်ဖုန်း' ရော 'ဒေါ်ခင်ခင်ကြည်' ပါ အံ့ဩသွားသည်။ စောစောကတည်းက အဘွားကြီးသည် အမေးမြန်းထူလွန်းသလို မျက်လုံးအကြည့်တွေးရဲရဲရှိလွန်းသဖြင့် သားအမိနှစ်ယောက်လုံးစိတ်ထဲတွင် ရိုးသန့်ဖြစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

ဟော ယခုတော့ထင်သည့်အတိုင်း အဘွားကြီးသည် စိတ်မနှံ့သူပါကလား။ ကြည့်လေ 'ခင်' တို့သားအမိနှင့်သိလည်း မသိဘဲနှင့် ဗမ်းသာအားရစကားတွေပြောပြီး 'ခင်' တို့ဆီကို လာလည်ဦးမလို့တဲ့။

"ကေန္တသမီးတို့သားအမိလည်း မေမေကြီးတို့ဆီ[illegible] တာထင်တယ်"

ထိုကဲ့သို့ပြောရင်း 'ခင်ဖုန်း' လက်ကိုဆတ်ကနဲဆွဲယူ[illegible] သူ့ပေါင်ပေါ်တင်၍ တယုတယပွတ်သပ်နေပြန်သည်။ 'ခင်ဖုန်း' တစ်ယောက် ကြောက်လွန်းသဖြင့် 'ဒေါ်ခင်ခင်ကြည်' လ[illegible] မောင်းကို ကျန်သောလက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ထားသည်။

'ဒေါ်ခင်ခင်ကြည်' ကလည်း သမီးအတွက်စိုးရိမ်ပူပ[illegible] သည်။ မတော်၍လည်ပင်းထညှစ်လျှင် မခက်ပါလား။ ကန်[illegible] ပြင်အလယ်တွင် ပွဲချိတ်မှောက်၍ သေဖွယ်သာရှိတော့သည်။ ထို[illegible] ကြောင့် ကြောက်ကြောက်ဖြင့်ငြိမ်၍သာ ကြည့်နေရလေတော့ သည်။

အဘွားကြီးလက်က 'ခင်ဖုန်း' လက်ကို ပွတ်နေသည်[illegible] မျက်လုံးများကလည်း တဝင်းဝင်းတလက်လက်အရည်တောက်[illegible] ပြီး မျက်တောင်မခတ်တမ်း ရွှန်းရွှန်းစိုက်စိုက်ဓာစ်ကိုယ်လုံးကိုအ[illegible] ခတ်သလို ကြည့်နေခြင်းဖြစ်သည်။

"သမီး ကြီးကြီးဘယ်သူလည်းသိလား"





"ဟင့်အင်း မ မသိဘူး"

" 'မောင်ဇေယျလွင်' ရဲ့ မေမေလေကွယ်"

"ရှင် ဘယ်က 'မောင်ဇေယျလွင်' လည်း 'ခင်ဖုန်း' မသိ [illegible]"

" 'ခင်ဖုန်း' မသိဘူးဟုတ်လား… 'မောင်ဇေယျလွင်' ကို [illegible]သိဘူးဟုတ်လား… အဟင်းဟင်း ငါ့သမီးလေးကညာနေပေ[illegible] မေမေကြီးဆီကို သားကစာထဲမှာအကျိုးအကြောင်းအစုံအ[illegible]င်ထည့်ရေးပေးလို့ အားလုံးသိပြီးပြီ"

"မဟုတ်ဘူး မှားနေပြီထင်တယ်"

'ခင်ဖုန်း' က ခေါင်းတခါခါငြင်းမိသည်။ ဟုတ်မှမဟုတ် [illegible] သိလည်းမသိ၊ ထိုနာမည်ကိုကြားလည်းမကြားဘူး။

"ညည်းဘာတွေရှုပ်ထားလဲ 'ခင်ဖုန်း'… ညည်းအဆက်ရဲ့ [illegible]မေမဟုတ်လား"

"အာ မေမေကလည်း မဟုတ်ပါဘူး"

"မဟုတ်ဘဲနဲ့ ဟိုကပြောမလား"

'ခင်ဖုန်း' စိတ်ညစ်နေရပြီ။

"ဟွန်း ညည်းတော်တော်လည်… ဒါကြောင့်တောင်ကြီး [illegible]သွားချင်တယ်လို့ ခဏခဏပူဆာနေတာကိုး"

ခက်တော့တာပါပဲ။

"ကဲ သမီးအဖေဘာအလုပ်လုပ်လဲ ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com

"...အလုပ်လုပ်တယ်... ဟုတ်တယ်မဟုတ်လား"

'ခင်ဖုန်း' အမေးကိုအဘွားကြီးက ပြုံးပြုံးလေးဖြေသ
အလုပ်အကိုင်ပါ ဟုတ်မှန်နေသဖြင့် 'ခင်ဖုန်း' ပါးစပ်အဟော
သားဖြစ်သွားသည်။

"သမီးမှာ တခြားနာမည်ရောရှိသေးလား"

"ဘာတွေလာမေးနေမှန်းလည်း မသိပါဘူး မာမီရာ

စိတ်တွေရှုပ်လာသဖြင့် 'ခင်ဖုန်း' မိခင်ကိုအပူကပ်မိသ
'ဒေါ်ခင်ခင်ကြည်' ကိုယ်တိုင်လည်းစိတ်တိုလာပြီ။

"ဒီမှာအစ်မကြီး... သမီးကိုဘာတွေလျှောက်မေးနေ
လဲ... အစ်မကြီးဘာသဘောနဲ့ ကျွန်မတို့သားအမိကို နှောင့်ယှ
နေတာလဲ"

"နှောင့်ယှက်တာမဟုတ်ပါဘူးကွယ်... တိုက်ဆိုင်မှု
တွေရှိနေလို့ ဟုတ်များဟုတ်နေမလား မေးကြည့်မိတာပါ...
တော့ ဟုတ်နေမယ်ဆိုရင်လည်း ဝမ်းသာအားရညွှဲဝတ်ပြ
လို့ပါ"

"ဘာတွေတိုက်ဆိုင်နေလို့လဲ"

'ဒေါ်ခင်ခင်ကြည်' က မျက်မှောင်ကိုကြုတ်၍ မေးသ
စိတ်ထဲမှကျိတ်၍ ဆုတောင်းမိသည်။ မိမိယောက်ျားနှင့်မ
သက်ပါစေနှင့်ဟု ကိုယ့်ယောက်ျားအကြောင်း ကိုယ်သိပြီးသ
မဟုတ်လား။





"ပါးစပ်ကရှင်းပြနေလို့တော့မရှင်းဘဲ ပိုပိုရှုပ်နေမှာပဲ...
ဦး စာပါလားမသိဘူး ကြည့်လိုက်ဦးမယ်"

အဘွားကြီးကသူ့ပေါင်ပေါ်တွင်တင်ထားသော တစ်
ဘင်လောက်ရှိသော လက်ပွေ့အိတ်ကြီးကိုဖွင့်၍ ဟိုရှာဒီရှာ
ဝ်သည်။

"အဲ ပါတယ် ပါတယ်"

စာအိတ်တစ်အိတ်ကိုထုတ်၍ လှမ်းပေးသည်။

"ဖတ်ကြည့်ပါ ဖတ်ကြည့်ရင်ရှင်းသွားမှာပါ"

'ဒေါ်ခင်ခင်ကြည်' ဖွင့်ဖတ်လိုက်သည်။

ချစ်သောဖေဖေနှင့်မေမေခင်ဗျား...

ကျွန်တော်ရှိသေသတိရစွာဖြင့် စာရေးလိုက်
းဖြစ်ပါသည်...

ဒီစာကိုဖတ်ပြီး ဖေဖေမေမေတို့စိတ်များဆိုး
းမလားမသိဘူး...

ဖေဖေတို့ပြန်သွားတာ မကြာသေးဘူးဆိုတာ
ါတယ်... ဒါပေမဲ့ရန်ကုန်ကိုတတ်နိုင်ရင် နောက်တစ်ခေါက်
ာတ် ထပ်ဆင်းလာစေချင်ပါတယ်...

ဒီလိုပါမေမေ... နားနဲ့မနာဖဝါးနဲ့နာပါ...

ကျွန်တော်အိမ်ထောင်ပြုတော့မှာမို့ပါ...

ကောင်မလေးက မေမေတို့ကိုယ်တိုင်သိသော



www.burmeseclassic.com

www.burmeseclassic.com



တူကြည်ဖြူမှ ဝေးစားမှ ကျွန်တော့်ကိုလက်ထပ်နိုင်မယ်လို့ နေလို့ မေမေတို့ကိုအကြောင်းကြားရခြင်းပါပဲ…

ကျွန်တော်တော့ တော်တော်စွဲလမ်းနေ တယ်… သူ့ကိုလက်လွှတ်အဆုံးရှုံးမခံနိုင်ပါဘူး… သူဟာသိ တဲ့မိန်းကလေးတစ်ယောက်ပါပဲ… ရန်ကုန်တက္ကသိုလ်မှာတ နှစ်(…)မေဂျာကိုဖြေဆိုထားပါတယ်… သူ့နာမည်က မေမြတ် ပါ… သူ့ဖေဖေက ဦးမြင့်မော်လို့ခေါ်ပြီး (…) အလုပ်အကိုင် လုပ်ပါတယ်…

သူ့အဖေကသူ့သမီးအတွက် မင်္ဂလာဆောင်ဖို့ကို အစစတာဝန်ယူပါတယ်… ကျွန်တော်နဲ့လက်ထပ်မှာကိုသူ့အ ကိုယ်တိုင်ကျေနပ်သဘောတူပါတယ်… လက်ထပ်ပြီးရင်တို တစ်လုံးကားတစ်စီးနဲ့ လုပ်ငန်းတစ်ခုခွဲပေးမယ်လို့လည်းပြော တယ်…

'ဒေါ်ခင်ခင်ကြည်' မျက်နှာက ခက်ထန်သွားသ အောက်နှုတ်ခမ်းကိုအပေါ်သွားဖြင့် ဖိကိုက်ထားလိုက်သည်။ သထွက်နေမှန်းလည်း သိသာနေသည်။

"သားနဲ့သဘောမတူလို့လားကွယ်"

အဘွားကြီးကစိုးရိမ်တကြီး မေးရှာသည်။ သူ့သား ချမ်းသာမှုအတွက် မင်္ဂလာကိစ္စကိုလုပ်ပေးဖို့ ဆုံးဖြတ်ပြီးသ ဖြစ်သည်။ မိန်းကလေးဘက်ကလည်း ဘာမှငြင်းစရာမရှိ





ဲ။ ရုပ်လည်းချောသည် ပညာလည်းမဆိုး၊ မိုက်ဆံဆိုလည်းချမ်း သာလိုက်တာကျိုကျိုတက်။

စာဖတ်ပြီးသားအမိနှစ်ယောက်လုံး မျက်စိမျက်နှာပျက် နသည်ကိုကြည့်ပြီး အဘွားကြီးစိတ်မကောင်းဖြစ်သွားသည်။

"သားနဲ့သဘောမတူလို့လား ညီမရယ်"

'ဒေါ်ခင်ခင်ကြည်' မျက်နှာကိုပြင်လိုက်ပြီး…

"အစ်မကြီးသားနဲ့ဖြစ်နေတာကို ကျွန်မလုံးဝမသိဘူး… ါနဲ့အစ်မကြီးသားက ဘာအလုပ်လုပ်တာလဲ"

"ဆရာဝန်လေကွယ်… ဆရာဝန်ဖြစ်တာလေးငါးနှစ် လောက်ရှိတော့မယ်"

ဆရာဝန်ဆိုတော့ သားအမိနှစ်ယောက်လုံး ပိုအံ့ဩသွား ဩသည်။ 'မိမြတ်မွန်' သည်လည်လှချည်လား။ ဘယ်ကိစ္စမဆို အပိုင်လုပ်တတ်လှချည်လား။ ဤ 'ဇေယျလွင်' ဆိုတဲ့ဆရာဝန်နဲ့ ဘယ်ကဲ့သို့ အဆက်အသွယ်ရသွားလေသနည်း။ စာထဲက အတိုင်းဆိုလျှင် 'ဇေယျလွင်' သည် 'မေမြတ်မွန်' ကိုအတော်စွဲ မ်းနှစ်သက်နေမှန်း သိသာလွန်းသည်။ ဒီကောင်မကိုတတ်နိုင် လျှင် အစိမ်းလိုက်ဝါးစားပစ်ချင်သည်။ ဆရာဝန်တစ်ယောက်ကို သူ့အဆင့်အတန်းဖြင့်တော့ ရမည်မဟုတ်။ အဖေ့အရှိန်ဖြင့်သာ ခြင်းဖြစ်မည်။

'ဒေါ်ခင်ခင်ကြည်' ရင်ဝယ် ဒေါသစိတ်များတရိပ်ရိပ်



www.burmeseclassic.com

www.burmeseclassic.com



ပြေးနေသည်။

"ဟွန်း နောက်မှပေါက်တဲ့ရွှေကြာပင်က အလျှင်ပွင့်ထို တစ်သက်လုံးအတူနေလာတဲ့ သမီးကိုကျတော့ မျက်နှာချင်းဆိုင် လိုက်တာနဲ့ နှိမ်ဖို့ ဆူဖို့ ငေါက်ဖို့ပဲတတ်တယ်... တိုက်တစ်လုံး ကားတစ်စီးနဲ့ လက်ဝတ်လက်စားလုပ်ငန်းတွေပါ ခွဲပေးဦးမယ် သိကြသေးတာပေါ့ 'ခင်ကြည်' အကြောင်းကို"

'ဒေါ်ခင်ခင်ကြည်' က 'ဇေယျာလွင်' ၏မိဘများကိုအထ ခတ်သည်။ မြင့်မြင့်မားမား ဝဝခန့်ခန့်ကြီးများဖြစ်ပြီး သဘော ကောင်းမည့်ပုံစံရှိကြောင်းသိရသည်။ သို့သော် ဝတ်ပုံစားပုံ ပုံထိုင်ပုံ ပြောပုံဆိုပုံကိုကြည့်သည်နှင့် အဆင့်အတန်းခွဲခြားတတ မှန်းသိသာပါသည်။

"'ဇေယျာလွင်' နဲ့သမီးနဲ့ဖြစ်နေကြတာကို 'ခင်ခင်' မသ ဘဲအကြောင်ကြောင်ဖြစ်သွားတာကို စိတ်မဆိုးပါနဲ့မမရယ်"

"ရပါတယ်ကွယ် 'မေမြတ်မွန်' က ဖုံးထားတယ်ထင တယ်"

"ဟင် မဖြစ်ဘူးဟုတ်လား... 'ခင့်' ကိုမောင်မချစ်တော့ ူးလား"



www.burmeseclassic.com

www.burmeseclassic.com

"ခင်ယုံတင်ခင်တာ အကောင်းဆုံးပါလေ"

"အိုချစ်ပြီးမှ ခင်ခိုင်းလို့ရမလား... ရှင်းရှင်းပြောစမ်း... 'ခင့်' ကိုဖြတ်မလား သူ့ကိုဖြတ်မလား"

"ဖြေစရာလိုသေးလို့လား"

"ဟင် 'ခင့်' ထက်များတောသူကို ပိုမက်နေသလားလို..."

"မကြားဖူးဘူးလား မယားတောသူဆိုတာလေ"

"အို မကြားချင်ဘူး မကြားချင်ဘူး"

"မကြားချင်ရင်လည်း ဖုန်းချလိုက်တော့မယ်"

"မချနဲ့ဦး မချနဲ့ဦးနော်"

ဖုန်းချသွားမှာ အတော်ကလေးစိုးရိမ်နေပုံရသည်။

"မောင့်ကိုနောက်ဆုံးပြောမယ်... တစ်ပတ်တိတိစော... မယ်.. တစ်ပတ်တိတိပြည့်တဲ့နေ့မှာ 'ခင်ဖုန်း' နီလာမှာဆံပင်... ရင်းစောင့်မယ်... နေ့လည်တစ်နာရီက ညနေငါးနာရီထိစော... နေမယ်"

"မလာနိုင်ဘူးထင်တယ်"

"အဲဒီနေ့ကျမှ မောင့်ကို 'ခင်ဖုန်း' မုန်းနိုင်အောင်ကြိုး... မယ် ကဲ ဖုန်းသိပ်ချချင်ရင်လည်း ချလိုက်တော့"

"'ခင်ဖုန်း' အလျှင်ချပါ"

"အဲဒီက အလျှင်ချပါ"

ဆင်ပြောင်ကြီးအမြီးကျမှတစ်ဆိုသလို တစ်ချိန်လုံး...





...သာဓဉ်မရှိသလိုပြောဆိုလာပြီး ယခုတယ်လီဖုန်းစကားပြော...င်းအဆုံးသတ်ခါနီးကျမှ မချရက်သလိုဖြစ်နေသည်။

"ကဲ ကိုယ်အလျှင်ချမယ် ကိုယ့်ကိုခွင့်လွှတ်နော်"

တယ်လီဖုန်းခွက်လေးမြန်တင်ပြီးချိန်တွင် ရင်ထဲတွင်...င်းကျပ်ခြင်းဝေဒနာတစ်ရပ်ကို ခံစားရသလိုအသက်ရှူရလည်း...ပြိပ်လာသည်။ သူမတော့ မိမိကိုမုန်းသွားလောက်ပြီဟုသော...သိစိတ်ကြောင့်၊ မိမိ၏ရက်စက်သော စကားများကြောင့် 'ခင်...န်း' ဘယ်လိုများခံစားနေရလေမည်နည်း။ ရှက်နေမည်နည်း။

မိမိကိုလည်း အမုန်းကြီးမုန်းတော့မည်။ အိပ်ယာထက်...တွင်ကျိတ်၍ ရှိုက်ငိုနေမည်လား။ 'ခင်ဖုန်း' ငိုသည်မငိုသည်ကို...တော့ 'မောင်မောင်' မသိ။

'မောင်မောင့်' မျက်လုံးအိမ်တွင် မျက်ရည်များပြည့်လျှံ...နေသည်။ မိမိခန္ဓာကိုယ်ထဲမှ အသည်းနှလုံးကလီစာတွေအားလုံး...ဆုပ်ယူဆွဲနှုတ်ခြင်းခံလိုက်ရသလို ရင်မှာဟာလာဟင်းလင်းကြီး...ဖြစ်သွားပြီ။ လေထဲတွင်လမ်းလျှောက်ရသလို လေဟာနယ်ထဲ...တွင်လွင့်မျောသလို ခံစားနေရသည်။ 'ခင်ဖုန်း' ကို မိမိတကယ်...ချစ်မုန်း၊ မဖြတ်နိုင်မှန်း ယခုမှသိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ။ ။ နှစ်ဆယ့်နှ

"ဒါ မင်းလက်ချက်ပဲဖြစ်မယ်"

ညကြီးမိုးချုပ်မှ အသံကုန်ဟစ်လိုက်သော ဖခင်ဖြစ်သူ၏အသံကိုကြားလိုက်ရသဖြင့် အိပ်ယာထဲတွင် အလွမ်းမင်းသမီးလေးဖြစ်နေသော 'ခင်ဖုန်း' လန့်၍ထထိုင်မိသည်။ ပါးပေါ်မှမျက်ရည်စများကိုလည်း သုတ်ပစ်လိုက်သည်။

"မင်းဟာ သားသမီးချင်းကိုယ်ချင်းမစာတတ်တဲ့မိန်းမ... မိန်းမယုတ် မိန်းမလည်... 'မြတ်မွန်' ကို မင်းဘာတွေသွားနှိပ်စက်ပြန်ပြီလဲ"

"ဘာနှိပ်စက်နေလို့လဲ... အနေသာကြီး စိတ်မဝင်စားဘူး"





"ဘာ အနေသာကြီးလဲ... အခု မင်းလက်ချက်ကြောင့် ငါ့သမီးနဲ့ ငါနဲ့ မတွေ့ရတော့ဘူး"

"ဘာလွမ်းနေစရာလိုလဲတော်... ခုမှတွေ့ပြီးအဖြစ်သည်းနေကြစမ်းပါနဲ့...အမေကျော်ဒွေးတော်လွမ်းနေမယ့်အစားကိုယ့်အိမ်ကသားသမီးပဲ ကိုယ်ဂရုစိုက်ပါဦး... ချစ်ပါဦးတော်"

"ဟ သားနဲ့သမီးနဲ့မိဘပေမယ့် ချစ်သင့်ရင်ချစ်မယ် ချစ်အောင်နေရင်ချစ်မယ်... မင်းသားသမီးတွေက မင်းအတိုင်းဘယ်သူများ သောက်သုံးကျလို့လဲ"

"ရှင်စကားပြောတာ ကြည့်ပြော... ရှင်နဲ့ရထားတာတွေ ဒါ ဒီလောက်လည်းစိမ်းကားမနေပါနဲ့"

"ငါနဲ့ရထားပေမယ့် ငါ့သွေးမပါဘူးကွ... သောက်ကျင့်တာအမူအယာပါ မင်းနဲ့တထေရာတည်း"

"ရှင်နော် ရှင်နော်"

'ဒေါ်ခင်ခင်ကြည်' က အံကိုတဂျစ်ဂျစ်ကြိတ်နေသည်။

"မင်းတို့မှာ လင်ယူစရာဒီလောက်ရှားနေပြီလား... 'မြတ်မွန်' နဲ့ကြိုက်နေတဲ့ 'ဇေယျာလွင်' ကိုမှ ရွေးယူရတယ်လို့... ခုတ်သက်မဲ့ သူ့ဘာသာ သူနေတဲ့ 'မြတ်မွန်' ကိုမနာလိုဖြစ်နေတယ်"

"မနာလိုဖြစ်ရအောင် ရှင့်သမီးက ဘယ်လောက်တော်နေသိနေလို့လဲ"


www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ထက်တော့ အားလုံးသာတယ်"

"ဟား ဟား ဟား... ရယ်လိုက်ချင်တာ ဘာသာတာ လည်း အစေခံမသမီးမို့လို့သာတာလား ဟွန်း"

"အေး ဟုတ်တယ် အစေခံသမီးလည်းလှပဲ ကောလိပ် ကျောင်းသူပဲ မင်းတို့လိုပဲထမင်းစားပြီးစကားပြောတတ်တယ်—သွားတတ်လာတတ်တယ်"

"ဟုတ်ပါတော် ဟုတ်ပါ... ဒါပေမဲ့ 'ခင်ကြည်' သမီးဟို အစေခံသမီးနဲ့ တစ်တန်းတစ်စားတည်းထားတာမပြောပါနဲ့ 'ခင် ကြည်' တို့ကတိုက်ကြီးပေါ်မှာနေပြီး ကားလှလှစီးနေတဲ့ ကောင်မ တွေသိလား"

"တိုက်ပေါ်နေ ကားစီးပြီးနေတဲ့ မိန်းမတွေထဲမှာ မင်း လောက်သောက်သုံးမကျမိန်းမ မရှိသေးဘူး... စေတနာယုတ်တဲ့ မိန်းမ မရှိသေးဘူး... ကိုယ့်စေတနာ ကိုယ့်အကျိုးပေတာပဲ မင်း မျက်နှာတစ်နေ့တစ်ခြား ညိုမည်းညစ်ပုတ်လာပြီ ရှုံ့တွလာပြီ မိန်း တွေဝတ်ထားပေမယ့် စိန်တစ်ခြား မင်းရုပ်တစ်ခြားပဲ ကျက်သရေ ကိုမရှိဘူး"

"ဟင်... ရှင်... ရှင်... ဘာစကားပြောတာလဲ... ဒါပေ လေ ရှင်ကကျုပ်ကိုမချစ်ပဲယူထားပြီး ကောင်းကောင်းနှိပ်စက်နေ တယ်ပေါ့လေ ဟုတ်လား"

"ဟုတ်တယ်... သိပ်ဟုတ်တယ်... အိမ်ထောင်ရေးတစ်ခု





မှာ မချစ်ဘဲပေါင်းသင်းနေရတာလောက် စိတ်ညစ်စရာ ရှုံ့စရာ ကောင်းတာမရှိဘူး... မချစ်ရင်မယူတာအကောင်းဆုံးပဲ မိဘကို ညာပြီး မိဘစိတ်ချမ်းသာအောင်ဆိုပြီး ယူလိုက်ရင် မိဘပဲစိတ် ချမ်းသာမယ် ကိုယ်တော့စိတ်ချမ်းသာမှာမဟုတ်ဘူး... မင်းနဲ့ ငါလည်း အတူတူပဲ အထူးသဖြင့် ငါ့ဘဝဟာ ငါ့ပျော်ရွှင်မှုဟာ မင်းကြောင့်ပျက်စီးခဲ့တယ်–မင်းကိုမချစ်ဘဲယူခဲ့ရလို့ ငါ့ဘဝဟာ ပျော်ရွှင်ကြည်နူးမှုတွေဆိတ်သုဉ်းခဲ့တယ် အချစ်တွေကွယ်ပျောက် ခဲ့တယ်"

"ဟွန်း ဟွန်း... အချစ်စိတ်ကွယ်ပျောက်ပေလို့ပဲ တော် တော့တယ်နော်... မြန်မာပြည်မှာရှိတဲ့ မိန်းမတစ်ဝက်ဟာ သူနဲ့မ ဖြစ်ဖူးတဲ့လူမရှိဘူး... ထွီ ဒီလိုလူမျိုး လင်လုပ်ထားရတာရှင်နာ တယ်"

"ရှင်နာပေလို့ပေါ့ကွာ... ငါသာ မင်းနေရာမှာဆို ကွာပစ် လိုက်တာကြာပြီ"

"မချစ်သော်လည်း အောင့်ကာနမ်းတဲ့ 'ကိုမြင့်မော်' ရဲ့... ရှင့်ကို ကျွန်မအချစ်ကုန်ခဲ့တာလည်းကြာပါပြီ... ဒါပေမဲ့ မိန်းမဆို တာတစ်လင်ကတစ်လင်ပြောင်းတိုင်း ကောင်းတယ်မှတ်နေသ လား"

"ဟ မင်းကို နောက်လင်ယူခိုင်းနေတာမှ မဟုတ်ဘဲ... ငါနဲ့မပေါင်းချင်ရင်ကွာလိုက်လို့ပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com

"ကွာချင်ပါတယ်နော်... ကိုယ့်ကိုမကြင်နာတဲ့လူ ကိုယ့်ကိုရှေ့မှာ ငုတ်တုတ်ထားပြီးတစ်ခြားမိန်းမတွေနဲ့ ပျော်မြူးနေတဲ့ လူကိုကွာချင်ပါတယ် ဒါပေမဲ့"

"ဘာဖြစ်လဲ... ဒါပေမဲ့"

"ကျုပ်သားသမီးတွေ မျက်နှာငယ်မှာဆိုးတယ်... ရှင်က သားသမီးချင်းအတူတူတောင် ကျုပ်နဲ့ရတဲ့သားသမီးကိုစေတနာမရှိဘူး... အကြင်နာမရှိဘူး"

'ခင်ဖုန်း' နံရံတွင်ကပ်ပြီး နားထောင်နေသည်။

ပါးပြင်ပေါ်သို့ကျလာသောမျက်ရည်များကို မသုတ်နိုင်တော့။ အံကိုသာကြိတ်ထားသည်။

"အခုလည်း မင်း ဓာတ်ထုပ်ရှုပ်ပြန်ပြီ"

"ဘာဓာတ်ထုပ်ရှုပ်တာလဲ"

"သူများတွေ ချစ်တာကြိုက်တာကို မင်းကောင်းကောင်းလိုက်နှောင့်ယှက်နော်... 'မေမြတ်မွန်' နဲ့ 'ဇေယျာလွင်' သူတို့ဘာသာချစ်ကြိုက်မြတ်နိုးလို့ လက်ထပ်ဖို့စီစဉ်နေချိန်မှာ မင်းကအတင်း 'ခင်ဖုန်း' နဲ့ပေးစားဖို့ဝင်ရှုပ်ပြန်ပြီလား"

"'ခင်ဖုန်း' လည်း ရှင့်သမီးပါပဲ"

"အေး... 'ခင်ဖုန်း' လည်း ငါ့သမီး 'မေမြတ်မွန်' လည်းငါ့သမီးပဲကွ...သူတို့ချင်းချစ်ကြိုက်တာကို မင်းဘာလို့ဝင်ရှုပ်တာလဲ"

"ကျုပ်ဘာရှုပ်လို့လဲ"





"မင်းရှုပ်လို့ကို ခုလိုဖြစ်ကုန်တာပေါ့... မင်းဟာအမှတ်မရှိတဲ့မိန်းမ ဉာဏ်မရှိတဲ့မိန်းမ 'ခင်ဖုန်း' ကို မင်းလိုအဖြစ်မျိုးဖြစ်အောင်လုပ်ချင်လို့လား"

"ရှင်ပြောတာ ကျုပ်နားမလည်ဘူး"

"'မေမြတ်မွန်' နဲ့ 'ဇေယျာလွင်' တို့ကိစ္စမှာ မင်းနဲ့ 'ခင်ဖုန်း' က ဘာလို့ဝင်ပါရတာလဲ... အချစ်မပါတဲ့အိမ်ထောင်ရေးဟာ ဘယ်တော့မှ မသာယာဘူးဆိုတာ မင်းကိုယ်တိုင်ခံစားနေရလျက်နဲ့ ခုထိနားမလည်သေးဘူးလား ချစ်သူချင်းကိုမင်းခွဲတာ ဒါပါဆို နှစ်ခါရှိပြီ... အေး မင်းသမီးကို မင်းလိုမျက်ရည်နဲ့မျက်ခွက် ဖြစ်ချင်ရင် 'ဇေယျာလွင်' နဲ့ပေးစား..."

"အိုး ဘာမှမဆိုင်ဘူး... လူတိုင်းအထူးသဖြင့် ယောကျ်ားလေးတိုင်းဟာ ရှင်လိုယုတ်မာတဲ့စိတ်မရှိဘူးဆိုတာ 'ဇေယျာလွင်' ကသက်သေပြလိမ့်မယ်"

"'ဇေယျာလွင်' နဲ့ 'ခင်ဖုန်း' မင်္ဂလာကိစ္စကို ငါသဘောမတူဘူး... မင်းသက်သက်ဝင်ရှုပ်တာ..."

"အလိုတော် သူ့အမေခံသမီး ဆရာဝန်နဲ့မရမှာစိုးလို့အဖြစ်သည်းနေလိုက်တာ... ဒီမင်္ဂလာကိစ္စကို 'ခင်ကြည်' စီစဉ်တာမဟုတ်ဘူး... 'ဇေယျာလွင်' အမေကိုယ်တိုင်က အင်းလေးမှာ 'ခင်ဖုန်း' ကိုတွေ့ပြီး သူ့သားနဲ့ပေးစားပါရစေဆိုပြီး အတင်းအပူကပ်ပြီးချက်ချင်းစီစဉ်တော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"မင်းပယောဂမပါဘဲ ဖြစ်ကိုမဖြစ်ဘူး... မင်းမပြောဘဲ 'မေမြတ်မွန်' ကို အစေခံမသမီးလို့သိမလား"

"ဒါတော့ ဟုတ်တာပြောတာပဲရှင်... ရှင်ကဘာလို့ဒီ နလောတ်အဖြစ်သည်းနေရတာလဲ"

"သည်းတယ်ကွာ သည်းတယ်ကွာ... ကဲဟာ ကဲဟာ..."

"အာ့..."

"ဒုန်း ဒေါက် ဂလောက်"

ဟော ရန်ဖြစ်ကုန်ကြပြီ... ပစ္စည်းတွေနှင့်ပေါက်ကုန်ကြပြီ။

"ဟွန်း သူ့သမီးလင်မရမှာဆိုလို့ ဖြစ်နေလိုက်တာ ကိုယ်မွေးတဲ့သမီးချင်းအတူတူ ဟိုဟာမရဲ့သမီးကိုတော့ လင်ရှာပေးတယ်... ပိုက်ဆံတွေပေးပြီး မင်္ဂလာဆောင်ပေးဦးမယ်တဲ့ ဒီသမီးကတော့ ပိုက်ဆံနည်းနည်းတောင်းရင် အသုံးအဖြုန်းကြီးသလေဘာလေးညာလေးနဲ့ စေတနာကိုမရှိဘူး... အကြင်နာကိုမရှိဘူး... 'ခင်ဖုန်း' လည်းရှင်နဲ့ကျုပ်နဲ့က ရထားတာပဲရှင်ရဲ့"

"သူတို့ယူမယ့်ကိစ္စမှာ ငါနဲ့ဘာမှမဆိုင်ဘူး... သူတို့ဘာသာတွေ့ကြ ချစ်ကြ ကြိုက်ကြပြီးယူကြတာ မင်းသမီးလည်းဘယ်သူနဲ့ကြိုက်လဲပြော မင်းသဘောတူသလား ပေးစားလိုက်မင်းတို့စိတ်ကြိုက်လုပ်ကြ အေး သူများချစ်ခြင်းတော့ မခွဲကြနဲ့ ကိုယ့်အသည်းပါကွဲရလိမ့်မယ်... မင်းဟာ မင်းအဖြစ်မျိုးရောက်





အောင် မင်းသမီးကိုပါဆွဲခေါ်နေတာကို..."

'ခင်ဖုန်း' ဆုံးဖြတ်လိုက်ပြီ။

'ဇေယျလွင်' ကိုယူမည်။

'ခင်ဖုန်း' သူ့ကို 'မောင်မောင့်' ကိုစိတ်နာသည်။

မိမိလိုမိန်းမကို သူကအဖက်မတန်သလို မဆက်ဆံချင်သလိုလုပ်နေသနည်း။

မိမိထက်သာတဲ့မိန်းမများ သူတွေ့နိုင်ဦးမည်းလော။ ရက်ရက်စက်စက်ပစ်ခွာရက်သူကို 'ခင်ဖုန်း' မေ့ချင်သည်။ မုန်းချင်သည်။

မေ့ဖို့မုန်းဖို့ကမလွယ် ရင်ထဲဝယ်ဝမ်းနည်းအားငယ်စိတ်များသာလွှမ်းမိုးနေသည်။

ဒယ်ဒီ ကိုလည်းစိတ်နာသည်။

ဒယ်ဒီသည်မိမိတို့မိသားစုအား ဘယ်တော့မျှ မကြင်နာ။ ချိုသာစွာမဆက်ဆံ။ မာမီကိုဆိုလျှင် အချိန်ရှိတိုင်း မျက်နှာချင်းဆိုင်သည်နှင့် ရန်စကားစပြောတတ်သည်။ မချစ်ဘူးဟုတွင်တွင်ပြောပြီး မာမီစိတ်ဆင်းရဲအောင် လုပ်တတ်သည်။

ပြီးတော့ မာမီနှင့်ရသည့် သမီးဆိုပြီး 'ခင်ဖုန်း' ကိုလည်း အရမ်းနှိမ်သည်။ သူ့သမီးကျတော့ 'မေမြတ်မွန်' ကျတော့ ချစ်လိုက်တာတုန်လို့။ မသိလျှင်ခက်မည်။ 'ဇေယျလွင်' နှင့် 'မေမြတ်မွန်' ကိစ္စသည် ဒယ်ဒီ အကြံအစည်ကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ပေမည်။

ဒယ်ဒီသည် မာမီ့ကိုစိတ်ဆင်းရဲအောင်လုပ်ခဲ့သည်။

ထနစ် ဒယ်ဒီစိတ်ညစ်အောင် 'ခင်ဖုန်း' လုပ်မည်။

မာမီအတွက် 'ခင်ဖုန်း' လက်စားချေမည်။

'ဇေယျာလွင်' သည် 'မောင်မောင့်' ထက်တော့သာသည်။ တော်သည်။ ပိုက်ဆံရှိသည်။ 'ခင်ဖုန်း' 'ဇေယျာလွင်' ကိုလက်ထပ်မည်။

အခန်း ။ ။ နှစ်ဆယ့်သုံး

"ဟော့ကောင် ငါစိတ်ညစ်တယ်ကွာ… ငါ သိပ်စိတ်ညစ်တယ်ကွာ"

ညွှန်ခန်းထောင့်ရှိ ပက်လက်ကုလားထိုင်တွင် ခြေပစ်လက်ပစ်ထိုင်နေရာမှ ကျုံး၍အော်လိုက်သော 'ဇေယျာလွင်' ၏ အသံကြောင့် အတွေးလွန်နေသော 'မောင်မောင်' ပင်လျှင်လန့်နိုးသွားသည်။ 'ဇေယျာလွင်' ၏ခေါင်းမှာ ကုပ်ထားလွန်းသဖြင့် ယောင်းနေသည်။

"ဟော့ကောင်"

"ဗျာ"

"စိတ်ညစ်တာကို အရက်သောက်ရင် ပျောက်မယ့်ထင်


www.burmeseclassic.com

www.burmeseclassic.com

သလား"

"မကောင်းပါဘူး အစ်ကို ဇေယျ' ရာ... မသောက်ပါနဲ့ ဗျာ"

"ဟော့ကောင် မင်းငါ့ကိုဆရာမလုပ်နဲ့... ငါမေးတာသာ ဖြေ"

"ကျွန်တော်ထင်တာပြောရရင်တော့ စိတ်ညစ်လို့အရက် သောက်ရင် အရက်သမားပဲဖြစ်မယ်... အရက်သောက်လို့မူးတဲ့ အချိန်ပဲဝေဒနာကိုမေ့ပျောက်မယ်... အမူးပြေတာနဲ့ စိတ်ညစ်တာ ကပြန်ပေါ်လာမှာပဲ... စိတ်ညစ်တာအမြဲပျောက်အောင် အရက် ကို အမြဲသောက်ရမယ်ဆိုရင်တော့ သူများကအမူးသမား ယစ် ထုတ်ကြီးလို့ ဝိုင်းကဲ့ရဲ့တာကို ခံရမှာပဲ... ကျွန်တော်တော့အရက် သမားလို့ အခေါ်ခံရမှာကိုရှက်တယ်"

"အင်း ဟုတ်တယ်... မင်းမဆိုးဘူး... လူတော်လူကောင်း ဖြစ်ဦးမယ်... ငါသိချင်တာက စိတ်ညစ်ပျောက်အောင် ဘာလုပ် ရမလဲဆိုတာပဲ"

'မောင်မောင်' ဒုက္ခတွေ့နေပြီ။

ကိုယ့်ဖါသာကိုယ်စိတ်ညစ်လို့ ဘာလုပ်ရမှန်းမသိဖြစ် နေသည်။ ဆရာဝန်ကြီးတစ်ယောက်ဖြစ်ပြီး ကိုယ့်ရင်ထဲကဝေဒ နာကို ကိုယ်မကုသနိုင်ပါလား။

"ဖြေလေကွာ"





"ကျွန်တော်ဖတ်ဖူးတဲ့ ဝတ္ထုတွေထဲမှာတော့ စိတ်ညစ်ရင် ဘုရားသွားကြတယ်... အေးချမ်းသာယာကြည်နူးစရာကောင်းတဲ့ နေရာမှာထိုင်ငေးကြတယ်... ပြီးတော့ ရုပ်ရှင်ကြည့်ကြတယ်"

"အင်း လက်တွေ့လုပ်ကြည့်ကြရအောင်...ဒီကနေ့တော့ အချိန်မရှိတော့ဘူး... မနက်စောစောဘုရားတက်မယ်... နေ့ခင်း အလုပ်ချိန်အလုပ်လုပ်မယ်... အလုပ်ပြီးရင် ရုပ်ရှင်ကြည့်မယ်... နေ့တိုင်းဒီပုံစံအတိုင်းလုပ်မယ်... မင်းလိုက်ခဲ့ရမယ်... ဒါ ငါ့အ နေနဲ့ပဲ"

"ဟုတ်ကဲ့"

ချော်လဲတုန်းရောထိုင်မိခြင်းသာ ဖြစ်ပါသည်။

'မောင်မောင်' တို့ညီအစ်ကို မနက်ဘုရားသွား၊ ဘုရား အပြန်ဈေးဝင်ချက်ပြုတ်၊ 'ကိုဇေယျ' ဆေးရုံနှင့်ဆေးခန်းသွား ညနေစာစားသောက်ပြီး ရုပ်ရှင်သွားနှင့် သုံးရက်မြောက်ခဲ့သည်။

"မဆိုးဘူး မင်းပေးတဲ့အကြံအစည်က ငုတ်တုတ်ကြီးထိုင် ငြီးလွှမ်းနေဆွေးနေရတာထက်စာရင် စိတ်ထဲပြေပျောက်သလိုပဲ"

သူက စိတ်သက်သာရာ ရမည်ပေါ့လေ။ 'မောင်မောင့်' အဖို့မှာ တစ်နေ့ခင်းလုံးပိန်လိန်ပြီး ပျင်းရိလွှမ်းဆွတ်နေမိသည်။ ချစ်စိတ်သည့်လူကို အတော်ဒုက္ခပေးတတ်မှန်း ကိုယ်တိုင်ခံစား ကြည့်မှသိရပါတော့သည်။ တနင်္ဂနွေ 'ကိုဇေယျ' အလုပ်အား သည့်နေ့။

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ဘုရားကဆင်းရင် အပြင်မှာထမင်းဝယ်စားပြီး
တစ်နေကုန် ရုပ်ရှင်ကြည့်မယ်ကွာ"

နေ့တိုင်းရုပ်ရှင်ကြည့်ရလွန်းသဖြင့် ကြည့်စရာကား
တောင်သိပ်မကျန်တော့။ အလျင်ကအင်္ဂလိပ်ကားသာကြည့်တတ်
သော 'ကိုဇေယျ' သည် ယခု ကုလားကား၊ ဂျပန်ကား၊ တရုတ်
သိုင်းကား၊ မြန်မာကားပါ ကြည့်တတ်လာသည်။

" 'ကိုဇေယျ' ကျွန်တော်တို့နောက်ရက်ဆို ရုပ်ရှင်ကြည့်
စရာဘာကားမှ မကျန်တော့ဘူး"

"မပူနဲ့ ဟိုဘက်ခန်းမှာတီဗွီကြည့်မယ်… ဗွီဒီယိုကြည့်
မယ်"

သူတော့မသိ။ 'မောင်မောင်' တော့မျက်လုံးတွေအား
နည်းပြီး ဇက်ကြောတွေတက်ချင်နေပြီ။ တနင်္ဂနွေနေ့မို့ထင်
သည်။ ဘုရားပေါ်တွင် လူစည်ကားနေသည်။

"ဟင် 'မွန်'…"

ဟုတ်ပါသည်။ 'မေမြတ်မွန်' နှင့် 'ကြီးကြီးသိန်း' တို့နှ
ယောက်ကို လမ်းကြားလေးတစ်ခုတွင် ပက်ပင်းတိုးမိခြင်းဖြ
သည်။ 'ဇေယျလွင်' ပါးစပ်မှလွှတ်ကနဲခေါ်လိုက်မိသလို မျက်နှ
မှာလည်း ဝင်းထိန်၍သွားသည်။ ရင်တွေခုန် တစ်ကိုယ်လုံးကျ
စက်နှင့်အတို့ခံရသလို နှလုံးခုန်နှုန်းတွေလည်းမမှန်တော့။

'မွန်' လည်း ထိုကဲ့သို့ခံစားနေရမည်ဟု ထင်ပါသည်။





ထမ်တော့ 'မြတ်မွန်' မျက်နှာလေးပျက်သွားသည်။ ဆန်သွား
ည်။ သို့သော်တဖြည်းဖြည်း ပန်းနုရောင်ရဲလာပြီး အလှဆုံး
းထားသည်ကိုတွေ့ရသည်။

အလားတူပါပဲ၊ 'ကြီးကြီးအုံး' တို့မျက်နှာတွေပထမ
ာ့ မည်းတက်သွားသလို တဖြည်းဖြည်းပြုံးလိုက်သည်ကို
ောင်မောင်' အကဲခတ်မိသည်။ မတွေ့ရသည်မှာ တစ်လနီးပါး
င်ရှိပြီ။

'မြတ်မွန်' သိသိသာသာပိန်သွားသည်။ မျက်တွင်းဝင်ညို
းမျက်နှာလေးချောင်သွားသည်။ ဒါကိုကြည့်လျှင်မိမိအတွက်
ှုမလည်းမည်မျှခံစားနေရသည်ကို သိနိုင်ပါသည်။ 'မြတ်မွန်'
 'မောင်မောင့်' ကိုလည်း ရယ်မလိုလိုတည်သလိုလိုမျက်နှာ
သးဖြင့် လှမ်းကြည့်သေးသည်။ 'မောင်မောင်' ကတော့ အစ်ကို
ေယျ' မျက်နှာကိုတစ်လှည့်၊ 'မြတ်မွန်' မျက်နှာကိုတစ်လှည့်
ကဲခတ်နေသည်။

" 'ကြီးကြီးအုံး' တို့ နေကောင်းကြတယ်နော်"

"ကောင်းပါတယ်ကွယ်"

"ကျွန်တော် 'ကြီးကြီးအုံး' တို့အိမ်ဘက် ခဏခဏလာ
ာ… အိမ်သော့ခတ်ထားတာနဲ့ ပြန်ခဲ့ရတယ်"

"အေးကွယ် ကြီးကြီးတို့အဲဒီအိမ်လေးရောင်းလိုက်ပြီ…
ဆွေမျိုးတွေနဲ့ သွားစုနေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်လိပ်စာကို ပြောမပြတော့ပါ။

"'ဦးဇေယျလွင်' တို့ မင်္ဂလာကိစ္စကော စီစဉ်ပြီးပြီလား

မထင်မှတ်ဘဲ အသံချိုအေးအေး ပြုံးရွှင်သောမျက်နှာ
လေးဖြင့်မေးလိုက်သော 'မေမြတ်မွန်' ၏စကားကြောင့် 'ဇေယျ
လွင်' ရော 'မောင်မောင်' ပါ အံ့အားသင့်ရပါသည်။ သူမနှင့်
'ဇေယျလွင်' သည် ဘာမျှမပတ်သက်ခဲ့ဖူးသောမျက်နှာ လေသံ
တို့ဖြင့်ခံစားမှုမရှိသလိုမေးခြင်းဖြစ်သည်။

"ဟိုလေ ကိုယ် 'မြတ်မွန်' ကို အေးအေးဆေးဆေးစကား
ပြောချင်ပါတယ်"

လူကြီးတွေရှေ့မှာမို့ မျက်နှာပူပူနှင့်ပင်ပြောရသည်။

'ကြီးကြီးသိန်း' က...

"ဘာပြောစရာရှိသေးလို့လဲ 'မောင်ဇေယျလွင်' ရယ်...
ကြီးကြီးတို့အားလုံး သိပြီးသားတွေပဲ... ငါတူဘက်ကကြည့်တော့
လည်းအပြစ်မရှိလို့ ကြီးကြီးတို့က ခွင့်လွှတ်ပြီးသားပါ... 'မိမွန်'
တို့ညီမလေးတစ်ယောက်လို ရှေ့လျှောက်သဘောထားသွားမယ်
ဆိုရင် ကြီးကြီးတို့ကျေနပ်ပါပြီ... မင်းတို့ 'မွန်' တို့ဟာမခေါ်
ချင်ရင်သာနေလို့ရမယ် မတော်ချင်လို့မရတော့ဘူးလေ"

"ဟုတ်ပါတယ် 'ဦးဇေယျလွင်'... 'မြတ်မွန်' ကျေနပ်ဝမ်း
သာနေပါတယ်... 'ခင်ဖုန်း' ဟာ 'မြတ်မွန်' နဲ့ဖအေတူအမေကွဲ
အစ်မပါ...ကိုယ့်အစ်မဆရာဝန်တစ်ယောက်နဲ့ရတာကို 'မြတ်မွန်'





်းသာရမှာပေါ့... 'ဦးမြင့်မော်' ရဲ့သမီးအချင်းချင်းအတူတူ 'မြတ်
်' က အခိုင်းအစေရဲ့သမီးပါ... 'မြတ်မွန်' နဲ့ 'ဦးဇေယျလွင်'
တန်ပါဘူး... မမ 'ခင်ဖုန်း' ပဲယူပါ"

"မ မဟုတ်သေးဘူးလေ"

"ဟုတ်ပါတယ် 'ဦးဇေယျလွင်'... 'မြတ်မွန်' ဖေဖေ့ကို
ာင်ပြောပြီးပြီ...'မခင်ဖုန်း' နဲ့ 'ဦးဇေယျလွင်' တို့ယူမယ့်ကိစ္စ
်ကျေနပ်တဲ့အကြောင်း အစကတည်းက 'ခင်ဖုန်း' အတန်တန်
်းဆန်ခဲ့ပါသေးတယ်... ဘယ်မိဘမဆို ကိုယ့်သားသမီးကို
ာင်းသထက်ကောင်းတာကို စီစဉ်မပေါ့... 'ဦးဇေယျလွင်' မေ
လည်းဒီလိုသဘောမျိုးရှိမပေါ့... 'မြတ်မွန်' အတွက်တော့စိတ်မ
ာင်းဖြစ်မနေပါနဲ့... သဘောထားကြီးပါတယ် ဒီလူတွေထာဝ
ဆးကွာသွားကြတာမှမဟုတ်ဘဲ ပြန်တွေ့ကြရဦးမှာပါ အပေါင်း
င်း"

သူမက ခြောက်ကပ်ကပ်ရယ်သည်။ မရယ်မပြုံးနှင့် တံ
ွားအတင်းမျိုချနေသူ 'ကိုဇေယျ' 'မေမြတ်မွန်' ၏စိတ်ခတ်ကို
ဘောကျမိသည်။ ရင်ထဲကခံစားမှုကို ဂရုမစိုက်ဘဲ ဘာမှမခံစား
သလို အပြုံးမပျက်ပြောနေသော သူမ၏ဟန်ကိုချီးကျူးမိသည်။

"သဘောထားကြီးပါတယ်" တဲ့...။

ဘယ်သူမဆို မုန့်ကိုသာဝေစားနိုင်မည်၊ အချစ်ကိုတော့
ျွဲခွဲယူချစ်ကြည်ဖြူနိုင်ခြည်မထင်ပါ။ ဟုတ်ပါသည်။ စွန့်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ရမည့်အတူတူ သဘောထားကြီးကြီး ကြည်ကြည်ဖြူဖြူ လွှတ်လိုက်သည်က ကောင်းသေးသည်။ သူမလိုနူနယ်သောမိန်းကလေးပင်လျှင် ဟန်ဆောင်ကောင်းထားလျှင် မိမိလိုယောကျ်ားလေးက ဘာအမူအယာပျက်နေစရာလိုသနည်း။

"'ကြီးကြီးသိန်း' ရယ်… ကျွန်တော် ဟိုမလှမ်းမကမ်းမှာ တင်စကားပြောခွင့် တောင်းတာပါဗျာ ခေါ်မသွားပါဘူး"

"'မွန်' က မိန်းကလေးပါကွယ်… သူစိမ်းယောကျ်ားတစ်ယောက်နဲ့ အတွဲများပြီးမယူဖြစ်ရင် မိန်းကလေးမှာ ဣန္ဒြေပျက်ပြီး သိက္ခာကျရတယ်ကွယ့်… ပတ်ဝန်းကျင်က တစ်စိတ်ကိုတစ်အိတ် လုပ်ပြောချင်နေကြတာကလား"

"ကဲပါ ကြီးကြီးရယ်… 'မွန်' သူပြောတဲ့စကားကိုသွား နားထောင်လိုက်ပါ့မယ်"

'မြတ်မွန်' ကိုယ်တိုင်လည်း ချစ်သူကိုနှစ်ယောက်တည်း စကားပြောချင်သေးပုံရသည်။ ခေါင်းလောင်းကြီး၏ သည်ဘက်တွင် 'မောင်မောင်' နှင့်အဘွားကြီးနှစ်ယောက်၊ ဟိုဘက်တွင်ထား ရစ်ခွဲခွာရတော့မည့်ချစ်သူနှစ်ယောက်။

"'မွန်'…"

'မြတ်မွန်' ကို အသနားခံသည့်အသံ၊ မျက်လုံးဖြင့် မိခြင်းဖြစ်သည်။ မျက်လွှာချထားရာမှ 'မွန်' မော့ကြည့်လိုက်သည် ချစ်သူ၏မျက်နှာကိုမြင်တော့ 'မွန်' ရင်ခွင်ထဲပြေးဝင်ပြီးအားရ





ရှိုက်ငိုလိုက်ချင်သည်။ ငိုမလိုဖြစ်သွားသော မျက်နှာနှင့်မဲ့မဲ့လေး ဖြစ်သွားသော နှုတ်ခမ်းလေးကိုကြည့်ပြီး 'ဇေယျလွင်' လက်က 'မြတ်မွန်' ကိုလှမ်းဆုပ်ကိုင်ထားပြီးသား ဖြစ်သွားသည်။ 'မြတ်မွန်' အတင်းဆွဲထုပ်သော်လည်း လွှတ်မပေးမိ။

ထိုမြင်ကွင်းကို ခေါင်းလောင်းနောက်မှ မြင်နေရသည့်အဘွားကြီးနှစ်ယောက်လုံး မျက်နှာချင်းဆိုင်ပြီးသိပ်မကျေနပ်ကြ။

"မောင်တို့ ထွက်ပြေးကြရအောင်လား 'မွန်'"

"မဖြစ်နိုင်တာပဲ"

"ဘာလို့မဖြစ်နိုင်ရမှာလဲ… ချစ်သူချင်းထွက်ပြေးကြတာပဲ… 'မွန်' ကလွဲရင် မောင်ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး… ဟိုကောင်မလေးကို မောင်စိတ်လည်းမဝင်စားဘူး… ချစ်လည်းမချစ်ဘူး… ယူလည်းမယူနိုင်ဘူး… လက်ဖျားနဲ့လည်းမတို့ဘူး… မျက်နှာချင်းဆိုင်မိအောင်လည်းမကြိုးစားဘူး"

ချစ်သူကို 'မွန်' သနားမိသည်။ ထိုသို့သနားခြင်းသည် မိမိကိုယ်တိုင်က သူ့ကိုမမုန်းနိုင်သေးခြင်းဖြစ်သည်။ ထိုခဏဝယ် 'မွန်' နားတွင်းသို့ 'ဇေယျလွင်' ၏မိခင်မျက်နှာနှင့် အသံတို့က တွေးမြင်ကြားယောင်လိုက်သဖြင့် ကိုယ်လုံးလေးမတ်ကနဲ ဖြစ်သွားလောက်အောင် သတိပေးလိုက်သလိုဖြစ်သွားလေသည်။ မျက် နှာလေး ပြန်တင်းသွားသည်။

"အချစ် မောင်နဲ့လိုက်ခဲ့ပါကွာ… လာပါ မောင်တို့ ဒီနေ

www.burmeseclassic.com



ရာကနေပဲထွက်ပြေးကြရအောင်”

“မဖြစ်နိုင်ပါဘူးဆို”

“ချစ်ရင်ဖြစ်နိုင်တယ်”

“မချစ်ဘူး”

“မင်း ငါ့ကိုညာတာ... မင်း မာနကြီးနေတာ”

“ထင်ချင်သလိုထင်ပါ ‘ဦးဖေယျလွင်’ ဒါရုပ်ရှင်ရိုက်နေတာဟုတ်ဘူးလေ... ပြီးတော့ ထွက်ပြေးကြရအောင်လဲ... ငယ်တဲ့ရွယ်ရွယ်တွေမဟုတ်တော့ဘူး”

“အချစ်မှာငယ်တယ်ကြီးတယ် ရှိသလား ‘မွန်’ ရုပ်ရှင်ရိုက်နေတာမဟုတ်သလို အခွင့်အရေးရှိတုန်း အချိန်အခါရှိတုန်းထွက်ပြေးကြအောင်လို့ မင်းကိုသတိပေးနေ
တာပေါ့”

“ ‘မွန်’ ‘ဦးဖေယျလွင်’ ကို အလျှင်ကလည်းမချစ်ဘူး ခုလည်းမချစ်နိုင်ဘူး”

“ဒါကတော့ ချစ်မှလက်ထပ်ရမတဲ့လား... ဘဝအတွက်အာမခံချက်ရှိတဲ့လူမို့ လက်ထပ်ဖို့အထိ လက်ခံလိုက်တာပါ... အခုတော့ ‘မွန်’ ထက်သာတာကိုရှာပေးနေကြပြီမဟုတ်လား”

“မင်းကလွဲရင် ဘယ်သူ့မှမယူနိုင်ဘူး”

“အဲဒါတော့ ဆရာဝန်ကြီးသဘောပါပဲ... ‘မွန်’ ကတော့ဆုံးဖြတ်ပြီးရင်ပြန်မပြင်တတ်ဘူး”





“မင်း ငါ့ကိုမချစ်ဘူးလား”

“ဟင့်အင်း...”

“မသနားဘူးလား”

“အို... ဘာလို့သနားရမှာလဲ... ဒီလောကအံ့ဘက်ဘက်ကတောင့်တင်းပြည့်စုံနေတဲ့ ယောကျ်ားကြီးတစ်ယောက်ကို...”

“ဘာတွေပြည့်စုံပြည့်စုံ... ငါ့ဘဝမှာ မင်းမပါရင်ပြည့်စုံမှာမဟုတ်ဘူး... မင်းကိုမတွေ့ရတာလေးနဲ့တောင် ငါဘယ်လိုခံစားနေရတယ်ထင်သလဲ... တစ်သက်လုံးဝေးရမယ့်အဖြစ်ဆိုရင်တော့ ငါဘယ်လိုနေမယ်မသိဘူး”

ထိုစကားကြောင့် ‘မွန့်’ မျက်နှာလေးညှိုးသွားသည်။ မောင်ရယ် ‘မွန်’ လည်းမောင့်လိုပါပဲ အသည်းနှလုံးတွေကြွေမတတ်ခံစားနေရပါတယ်... ဒါပေမဲ့ မောင်ရယ် မောင့်နောက်ကိုလိုက်ခဲ့ရင် ‘မွန့်’ ကြောင့် မောင့် ကိုငြိုငြင်ကြမယ်... ပြီးတော့ ‘မွန့်’ ကိုနှိမ်ကြမယ်... နောက်ပြီး ‘မွန်’ မေမေလိုအဖြစ်မျိုးမရောက်ပါရစေနဲ့မောင်ရယ်။

“ ‘မွန်’ ဘာတွေစဉ်းစားနေတာလဲ... အချိန်ရှိတုန်းပြေးကြရအောင်ပါ”

“အချိန်ရှိပါသေးတယ်... ခုတော့ချက်ချင်းမလိုက်ချင်သေးဘူး... ကြီးကြီးတို့ရှေ့မှာဆိုတော့ စော်ကားရာကျမယ်”

“အင်း ဒါဆို ဘယ်တော့လိုက်မှာလဲ”



www.burmeseclassic.com

www.burmeseclassic.com

'ဇေယျလွှင်' ဝမ်းသာအယ်လဲမေးမိသည်။

"ဖြည်းဖြည်းပေါ့"

"မဖြည်းနဲ့ တော်ကြာသူတို့က လက်ထပ်ဖို့ကိစ္စတွေဘာတွေစီစဉ်နေရင်ခက်မယ်"

"အချိန်ဆွဲထားပေါ့"

"သူတို့ကဆွဲဦးမှကိုး... 'မွန်' ကလည်းကွာ အခွင့်အရေးဆိုတာနစ်ကြိမ်ဘယ်တော့မှမရဘူး... ဘယ်သူတွေဘာပြောပြောကွာ မောင့်ကိုချစ်ရင် ဂရုစိုက်မနေနဲ့... 'မွန့်' ဘဝကို မောင်တာဝန်ယူမှာပါကွာ... သူတို့ပြောလည်းခဏပေါ့... ချီးမွန်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်ဆိုတာ အချစ်လေးကြားဖူးသားပဲ... မောင့်ကိုချစ်ရင်လိုက်ခဲ့ပါတော့ကွာ... မောင်အချစ်လေးနဲ့ခဏဝေးရင်တောင် ဘယ်လောက်ခံစားရတယ်ဆိုတာသိချင်ရင် 'မွန့်' သူငယ်ချင်း 'မောင်မောင့်' ကိုသာမေးကြည့်ပေတော့"

'မြတ်မွန်' ဝေခွဲဆုံးဖြတ်ရခက်နေသည်။ အမှန်တိုင်းပြောရလျှင် 'မြတ်မွန်' လည်းအချစ်နဲ့ခွဲခွာရခြင်းဝေဒနာကို လူးလိမ့်နေအောင်ခံစားရပါသည်။ နောက်ထပ် မခံစားလိုတော့ပါ။ ထို့ကြောင့် ချစ်သူနောက်လိုက်ရန် ဆုံးဖြတ်လိုက်သည်။ ကြီးကြီးတို့ရှိရာ လှမ်းကြည့်လိုက်မိသည်။ စကားကောင်းနေကြသည်။ အခွင့်အရေးကို လက်လွှတ်ခံ၍မဖြစ်။ 'မွန်' အပေါ်မှအောက်သို့ လျှောကာနဲ့ဆင်းလိုက်သည်။





"လာလေ... သွားမယ်"

'မောင့် နောက်ကိုလိုက်မှာလား"

"အင်းပါဆို"

"ဟာ..."

'ဇေယျလွှင်' 'မမြတ်မွန်' လက်ကို ဆွဲ၍ဆွဲ၍ပြေးသည်။ ခြေကုန်သုတ်၍ပြေးသည်။ ထိုသို့ပြေးသည်ကို 'မောင်မောင်' မြင်သည်။ သို့သော် မမြင်ဟန်ဆောင်၍ စကားဆက်ပြောနေသည်။

"ဟဲ့ ဟိုနစ်ယောက် ဘယ်ရောက်ကုန်ပြီလဲ"

အဘွားကြီးနစ်ယောက် ပြူးတူးပြဲတဲဖြင့် ကုန်းထပြီး လိုက်ရှာနေကြသည်။

"လစ်ပြေးပြီထင်တယ်အေ့"

"မဖြစ်ဘူး လိုက်မှ လိုက်မှ"

အဘွားကြီးနစ်ယောက်နောက်မှ အူယားဖားယားလိုက်ကြသည်။ ဓာတ်လှေကားရှိရာ ချစ်သူနစ်ယောက်ပြေးကြသည်။

"မောင်ရေ ကြီးကြီးတို့လိုက်လာကုန်ပြီ"

ခပ်ဝေးဝေးတွင် ကြီးကြီးတို့နစ်ယောက်ကို တွေ့ရသည်။

အရေးထဲ ဓာတ်လှေကားတစ်ဖက်ကိုပိတ်ထားသဖြင့် အောက်ဘုရားဖူးများကို တင်ဆောင်လာမည့် ဓာတ်လှေကားတစ်ခုကိုသာစောင့်နေရသည်။ 'မမြတ်မွန်' ကကြီးကြီးတို့မီလာမည်ကြောက်၍ နောက်ဘက်သို့လှည့်၍ကြည့်နေသည်။ ဓာတ်



www.burmeseclassic.com

www.burmeseclassic.com



လှေကားအပေါ်တက်လာပြီဖြစ်၍ အောက်အမြန်ပြန်ဆင်းဖို့စိတ်စောနေသည်။ အတ်လှေကားအတွင်းမှ ဘုရားဖူးများထွက်လာကြပြီ။

"ဟင်..."

ဟုတ်ပါသည်။ 'ဇေယျလွင်' ၏မိခင်နှင့် 'ဒေါ်ခင်ကြည်' သူတို့နှစ်ယောက်ကလည်း ပထမ အံ့သြသောမျက်လုံးဖြင့် ကြည့်နေကြသလို နောက်တော့သဘောပေါက်သွားပုံရသည်။ မျက်နှာများခက်ထန်သွားကြသည်။

'ဇေယျလွင်' တို့နှစ်ယောက် နောက်ဘက်သို့လှည့်ပြေးဖို့ကြသည်။ သို့သော် ကြီးကြီး 'သိန်း' တို့နှစ်ယောက်က အနီးအနားသို့ရောက်လာပြီ။ တဖြည်းဖြည်း ပြန်ဆုတ်ရင်းဆုတ်ရင်း တံတားအလယ်လောက်တွင် ချောင်ပိတ်မိသွားသည်။

"မေမေ တို့လဲ ဘုရားလာတာကိုး"

"အေး မင်္ဂလာကိစ္စအတွက် ဖိတ်စာဝေဖို့မင်းအိမ်ကိုသွားတာ... ဘုရားသွားတယ်ဆိုလို့လိုက်ခဲ့တာ"

ထိုစကားကြောင့် 'မေမြတ်မွန်' ချစ်သူကို လှမ်းကြည့်သည်။ 'ဒေါ်ခင်ကြည်' က 'မေမြတ်မွန်' ကို စားတော့ဝါးတော့မလို စိုက်ကြည့်သည်။ ထိုနောက် 'ဒေါ်ခင်ခင်ကြည်'က 'ကြီးကြီးသိန်း' တို့ကိုပမာမခန့်မျက်နှာဖြင့်ကြည့်သည်။

"ကျွန်တော် 'မေမြတ်မွန်' ကိုပဲယူမယ်မေမေ"





"မေမေ ကလည်း 'မေမြတ်မွန်' နဲ့လုံးဝသဘောမတူနိုင်ဘူးသား... မေမေ့ အစီအစဉ်ကို မင်းဖျက်ရင် မင်းနဲ့အမေ ဒီတစ်သက်ဘာမှမဆိုင်တော့ဘူးမှတ်လိုက်ပါ... မေမေသေတာတောင် လာစရာမလိုတော့ဘူးမှတ်လိုက်ပါ... မေမေသေတာတောင်လာစရာမလိုဘူး"

'ဒေါ်ခင်ခင်ကြည်' က ခါးကိုထောက်လျှက်...

"ဘယ်လိုလဲ 'ဒေါ်သိန်း' နဲ့ 'ဒေါ်အုံး'—ရှင်တို့နှစ်ယောက်ဟာ မသေမချင်းလင်ဖမ်းတဲ့ကိစ္စကို ခွဲရှိရှိနဲ့ဆောင်ရွက်နေကြဦးမှာလား... အံ့ပါ့ရှင် ညီမပြီးတော့တူမကိုပါ ရှင် ဖမ်းပေးနေကြပြန်ပြီလား"

"ကောင်မ စကားပြောတာကြည့်ပြော... လင်ဖမ်းတာ ငါတို့မဟုတ်ဘူး ညည်း"

'ကြီးကြီးအုံး' က ထဘီကိုမ၍ ပြန်အော်သည်။ 'ဒေါ်စိန်စိန်' က 'မေမြတ်မွန်' ကို ခပ်ပြုံးပြုံးမျက်နှာဖြင့် အေးဆေးစွာပြောသည်။

"သား စာရေးပြောထားလို့ 'မေမြတ်မွန်' ဆိုတဲ့နာမည်ကို ကြားဖူးနေတာကြာပါပြီကွယ်... ငါ့တူမ်ကအချောသားပဲ... ဒါပေမဲ့ မေမေကြီးတို့မှာက ပြောပြီးဆိုပြီးသားတွေဖြစ်နေပြီ... တခြားမဟုတ်ဘူးလေကွယ်... သမီးနဲ့ဆိုအဖေတူအမေကွဲညီအစ်မပဲ... ကိုယ့်ညီမအချင်းချင်းပဲ ကျေနပ်လိုက်ပါကွယ်... သမီးအ



www.burmeseclassic.com

www.burmeseclassic.com



တွက် မေမေကြီးမုန့်ဖိုးပေးမှာပါ"

"မလိုပါဘူး"

'မြတ်မွန်' က ခပ်မာမာခပ်ပြတ်ပြတ်ပြောလိုက်သည်။ 'ကြီးကြီးသိန်း' က 'မေမြတ်မွန်' ကို ဆုပ်ကိုင်ဆောင့်ဆွဲရင်း…

"နင့်ကိုဒီလိုဖြစ်မှာ အရှက်ကွဲမှာစိုးလို့ အပြင်မထွက်ချင်ပါနဲ့… ဒီအကောင်နဲ့အဆက်အသွယ်မလုပ်ပါနဲ့ ပြတ်လက်စနဲ့ ပြတ်နေပါစေလို့ အတန်တန်သတိပေးထားလျှက်နဲ့ ငါတို့စကားကို နားမထောင်လို့ခုလိုဖြစ်တာနားလည်လား"

'ကြီးကြီးနီနီ' ကလည်း…

"နင်အနေအထိုင်မတတ်လို့ ခုလိုဖြစ်တာ… နင်လည်း နင့်အမေနဲ့အတူတူပဲ… အပြောကောင်းတာနဲ့ ခွတ်အထင်ကြီး တော့တာပဲ… နင့်အမေတုန်းကလည်း ဒီအမျိုးမျိုးအလုပ်ခံရတာပဲ… ဒီမှာ 'မိခင်ကြည်' ကျုပ်တို့ညီအစ်မကတစ်သက်လုံး ငါးပိရည်နဲ့စားပြီးအငတ်ခံချင်ခံလိုက်မယ်… လင်တော့ဘယ်တော့မှ မဖမ်းဘူး… ငမ်းငမ်းမတက်ဘူး… ကျုပ်တို့ရုပ်တွေကိုကြည့်ပါ… သေခါနီးတောင် ညည်းထက်လှတယ်…ဒါပေမဲ့လင်ယူဖို့တစ်နေ့ မှမစဉ်းစားဘူး… ညည်းနဲ့လင်လုဖူးတဲ့ 'မြတ်မွန်' အမေကိုရော 'မြတ်မွန်' ကိုပါ တစ်ခါဖူးမှလင်ယူပါလို့ မတိုက်တွန်းဖူးဘူး… လင်မရလို့ထမင်းမငတ်ပါဘူးအေ… တစ်နေ့နှစ်နပ်တော့မှန်မှန် စားရပါတယ်… ညည်းသာ လင်တစ်ယောက်အလုအယက်ယူပြီး





တစ်သက်လုံးမျက်ရည်နဲ့မျက်ခွက်ဖြစ်နေတာ မဟုတ်လား"

"ဟင် ဘာလူပါးဝစကားပြောတာလဲ ကဲ ကဲ"

'ဒေါ်ခင်ကြည်' သည် သည်းခံ၍နားမထောင်နိုင်တော့ သဖြင့် ခေါသထွက်ကာရိုက်ပစ်လိုက်သည်။

"အောင်မာ နင်ကများငါ့ညီမကိုရိုက်လို့နက်လို့ ကဲ ဟယ် ကဲဟယ်"

'ကြီးကြီးသိန်း' က မခံမရပ်နိုင်ဖြစ်ကာ'ဒေါ်ခင်ခင်ကြည်' ဆံပင်ကိုဆွဲဆောင့်ပစ်လိုက်သဖြင့် ပက်လက်လန်လဲကျမလိုဖြစ် သွားသည်။ ဤအခြေအနေကိုကြည့်ကာ အလွန်အမင်းစိတ်ပျက် မိသူက 'မေမြတ်မွန်'။

"တော်ကြပါတော့ တော်ကြပါတော့ 'မြတ်မွန်' တောင်း ပန်ပါတယ်… ရှိခိုးပါတယ် ဘုရားပေါ်မှာသိပ်ရှက်စရာကောင်းပါ တယ်… 'ကြီးကြီးသိန်း' တို့စကားကို နားမထောင်မိလို့ ခုလိုဖြစ် ရတာပါ… 'မွန်' ကိုခွင့်လွှတ်ပါ ကြီးကြီးတို့ရယ်… နောက်ကို ကြီးကြီးတို့စကားကိုနားထောင်ပါ့မယ်… လာပါ ကြီးကြီးတို့ရယ် ပြန်ကြရအောင်ပါ… နောက်ကိုဖေဖေနဲ့ ပတ်သက်တာဆို သမီး ဘာမှမလုပ်တော့ဘူးလို့ ဆုံးဖြတ်ပြီးပါပြီ"

'မြတ်မွန်' က အဒေါ်နှစ်ယောက်၏လက်ကိုဆွဲ၍ ဘုရား ဘက်သို့ပြန်ပြေးသည်။

"မွန်'…"



www.burmeseclassic.com

www.burmeseclassic.com

'ဇေယျလွင်' ၏အသံကို ကြားလိုက်ပါသည်။ သို့သော် 'မွန်' လှည့်မကြည့်တော့။ သူမနောက်သို့လိုက်မည်ပြင်သော်လည်း အခွင့်မသာ။ 'ဇေယျလွင်' လက်ကိုမိခင်ဖြစ်သူက လှမ်းဆွဲ၍ ဓါတ်လှေကားမှပြန်ဆင်းခဲ့ကြသည်။ ထိုအဖြစ်အပျက်တို့ကို 'မောင်မောင်' မှာ ကြောင်၍ကြည့်နေမိလေသည်။



## အခန်း ။ ။ နှစ်ဆယ့်လေး

"တီ တီ တီ"

"သွားဖွင့်ပေးလိုက်စမ်းကွာ"

အိမ်ရှေ့မှကားဟွန်းသံကြားလိုက်သည်နှင့် 'ဇေယျလွင်' တ်ညစ်သွားသည်။ 'မောင်မောင့်' ကိုစိတ်မပါသလို ဖွင့်ခိုင်းလိုက်ည်။ တံခါးဖွင့်ပေးနေသော 'မောင်မောင်' ၏လက်နှင့်ဒူးနှစ်ာက်ခါရမ်းနေသည်။

အိမ်ရှေ့ရှိကားစိမ်းလေးအတွင်းမှ 'ဒေါ်ခင်ခင်ကြည်' င်ဖုန်းမြင့်မော်' နှင့် 'ဒေါ်စိန်စိန်' တို့ဆင်းလာကြသည်။ စတော်ယ်ရီရောင်ဝတ်စုံဖြင့် လှချင်တိုင်းလှနေသော 'ခင်ဖုန်း' ာက် စတိုင်လ်ကျကျလျှောက်လာနေသည်။ မျက်နှာကိုလည်း


www.burmeseclassic.com

www.burmeseclassic.com



အလျင်ကထက် ပိုလှအောင်ခြယ်သထားသည်။

" 'ဖိုးမောင်' နှင့်အစ်ကိုရှိလား"

"ရှိပါတယ် ကြီးကြီး"

'မောင်မောင်' ခါးလေးကိုညွှတ်၍ အရိုအသေပြုရင်းပြော သည်။ ကြားဖူးသောအသံဖြစ်၍ 'ခင်ဖုန်း' ခေါင်းကလေးဆတ် ကနဲထောင်လာသည်။ 'မောင်မောင့်' ကိုမြင်တော့ အံ့အားသင့် သွားသည်။ တအံ့တသြကြည့်သည်။ နှုတ်ခမ်းဖျားမှ 'မောင်မောင်' ဟုအသံမထွက်ဘဲ ခေါ်နေကြောင်းသိရသည်။ 'မောင်မောင်' က ဘာမျှမပတ်သက်ခဲ့ဖူးသလို 'ခင်ဖုန်း' ကို တစ်ချက်ကြည့်၍ မျက် နှာလွှဲလိုက်သည်။ ကိုယ်လုပ်စရာရှိတာလုပ်ပြီး ခေါင်းငုံ့ခါးကုန်း ကာ လူကြီးများရှေ့မှဖြတ်၍ အိမ်ထဲဝင်ခဲ့သည်။

ဟန်သာလုပ်နေရသည်။ ရင်ထဲဝယ်တလှပ်လှပ်ဖြင့် ဘာ အလုပ်ကိုမျှ ထိထိမိမိမလုပ်နိုင်သလိုဖြစ်နေသည်။ 'ခင်ဖုန်း' စိတ် ထဲတွင် 'မောင်မောင်' မှဟုတ်ရဲ့လားဟု ထင်ရလောက်အောင် ပြောင်းလဲနေသည်ဟုတွေးမိသည်။

ဟော...။

'မောင်မောင်' က ကာဖီပန်းကန်များကို လင်ဗန်းထဲထည့် မုန့်ပန်းကန်ကို တစ်ဖက်ကကိုင်၍ ထွက်လာသည်။

"ဒီချာတိတ်က ဘယ်သူတုန်း 'မမစိန်' ရဲ့... ဟိုတစ်နေ့ တည်းက သူ့ကိုတွေ့လိုက်တယ်"





ဘုရားပေါ်တုန်းကဖြစ်သည်။

" 'မောင်မောင်' လေ... 'ကိုဇေယျ' မွေးစားထားတာ... အဖေမရှိတော့ကသီလင်တဖြစ်သွားတယ်လေ... ဒါနဲ့ပညာတစ် ပိုင်းတစ်စအဖြစ်မခံနိုင်တာနဲ့ 'ကိုဇေယျ' က တာဝန်ယူထားတာ ကွယ့်"

"အဟင်း ဟင်း 'မောင်ဇေယျ' တစ်ယောက်တကော့ ကွယ်... တကယ်စေတနာ သဒ္ဓါတရားထက်သန်တာတိုး... ဘယ် အချိန်အထိ တာဝန်ယူထားမှာလဲကွယ့်"

'ဒေါ်ခင်ခင်ကြည်' စကားကြောင့် 'မောင်မောင်' ခံပြင်း သွားသည်။ ထို့အတူ 'ဇေယျလွင်' လည်းဒေါပွသွားသည်။ ၎င်း ၏သမီးနှင့်ပင်မယူရသေး၊ ချုပ်ချယ်ချင်နေပြီမဟုတ်လော။ ထို့ ကြောင့်...

" 'မောင်မောင်' တစ်ဘဝလုံးကို ကျွန်တော်အတတ်နိုင် ဆုံးအခြေအနေအထိ ကြည့်ရှုစောင့်ရှောက်သွားမယ်လို့ ဆုံးဖြတ် ထားပါတယ်... ဘွဲ့ရပြီးရင်တောင် အလုပ်မလွယ်ရင် ကျွန်တော့် ဘားကိုဆွဲစားဖို့ စီစဉ်ပေးထားပါတယ်"

"ဩော် ဩော် 'ဇေယျလွင်' က ဒီလောက်တောင်ရည် ရွယ်ထားပြီကိုး... ကိုယ့်သွေးသားရင်းခြာ ဖြင့် မဟုတ်ဘဲနဲ့တွင် တော်ကြာဝညာလည်းစုံရော ကြင်ယာပါစုံလာမှာ မြင်ယောင် သေးတယ်... ကျေးဇူးရှိမှကျေးဇူးစွပ်တာကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘာမျှော်လင့်ချက်မှမရှိဘဲ ကူညီတာပါ"

ညီအစ်ကိုနှစ်ယောက်လုံး 'ဒေါ်ခင်ခင်ကြည်' ကိုမှန်းတီးမိသည်။ 'ခင်ဖုန်း' ယခုမှသဘောပေါက်သည်။ 'မောင်မောင်' သည် 'ဇေယျာလွင်' ၏ အကူအညီဖြင့် ကျောင်းတက်နေရသူ။ ထို့ကြောင့် 'မောင်မောင်' သည် သူ့ကိုယ်သူအားငယ်နေသူ။ မိမိနှင့်ချစ်ကြိုက်ကြသည့်အခါပင်လျှင် မိမိကအခွင့်အရေးပေးလွန်း၍သာ ချစ်သူအဖြစ် ရောက်ခဲ့ခြင်းဖြစ်သည်။

ဟိုတလောကဖုန်းထဲတွင် နောက်ဆုံးစကားပြောကြစဉ် 'ခင်ဖုန်း' က မိမိအပေါ် စိမ်းကားရက်စက်လွန်းလှချည်လားဟု ထင်ခဲ့သည်။ ယခုတော့ 'မောင်မောင့်' လုပ်ရပ်တွေမှန်မှန်းသိလာသည်။

မိမိကိုစိတ်ဆင်းရဲအောင်လုပ်တဲ့သင်းကို မိမိအကြောင်းပြရသေးတာပေါ့။

"သားစေ့စပ်တဲ့နေ့မှာ ဘာဝတ်ချင်လဲ"

"မေမေတို့သဘော"

'ဇေယျာလွင်' စိတ်မပါသဖြင့် ပြီးစလွယ်ဖြေသည်။

"ဘယ်ဟုတ်မလဲ... သားစိတ်ကြိုက်ဖြစ်တော့ ပိုကောင်းတာပေါ့"

'ဇေယျာလွင်' ပြုံးသည်။ သားစိတ်ကြိုက်ဖြစ်ရင်ပိုကောင်းတာပေါ့ မေမေရယ်။ သားစိတ်ကြိုက်ကတော့ 'မေမြတ်မွန်' ပါဗျာ။ 'မေမြတ်မွန်' နဲ့ဆိုရင် ပုဆိုးကြမ်းပဲဝတ်ရဝတ်ရ ဘယ်လိုနေနေရပါဗျာ။ ခုတော့ ကျွန်တော်မကြိုက်တဲ့လူနဲ့ယူရမယ့်ကိစ္စမှာ ဘယ်လောက်ပဲရှိုးထုတ်ရှိုးထုတ် စိတ်ထဲကမှမပါတော့ ပျော်စရာမှမဟုတ်တာ။ လုပ်ချင်တာလုပ်ကြပါဗျာဟု စိတ်ထဲမှပြောမိသည်။ နှုတ်မှမူ...





"မေမေတို့ကြိုက်သလိုသာလုပ်ပါ"

"ကဲ သမီး 'ခင်ဖုန်း' ကကော... ဘာလုပ်ချင်သလဲပြော"

" 'ခင်ဖုန်း' ကတော့ ဘိုဆန်ဆန်ပဲကြိုက်တယ်"

"သမီးကြိုက်သလိုသာလုပ်တော့... သမီးအစ်ကိုကိုမေးနေနဲ့တော့"

"မမေးလို့တော့မဖြစ်သေးဘူး ကြီးကြီးရဲ့... ဆုံ့တ်တွေသာတွေချုပ်ဖို့ကျတော့ရော"

'ခင်ဖုန်း' က 'ဇေယျာလွင်' ဘက်ဖြတ်ကနဲကြည့်ရင်း မေးခြင်းဖြစ်သည်။ 'ဇေယျာလွင်' က လုံးဝလှည့်မကြည့်။

"ရပါတယ် ကိုယ့်ကိစ္စကိုယ်လုပ်ပါ့မယ်"

"ဒါဆိုလည်း ပြီးတာပဲ"

ကဲ ဘယ်လောက်ပျော်စရာကောင်းသော စိတ်ပါဝင်စားစရာကောင်းသော စေ့စပ်ပွဲဖြစ်ပါသနည်း။

"စေ့စပ်ပြီးရင်တော့ ဟိုအိမ်ပဲလိုက်နေရမှာမို့ ဒီတိုက်ခန်းရှင်းပစ်လိုက်မယ်"



www.burmeseclassic.com

မိခင်ဖြစ်သူ၏စကားကို 'ဇေယျလွင်' လက်မခံ။

"ဘာလို့ရှောင်းမှာလဲ မေမေ... ပြီးတော့ ဒီအိမ်မှာလာနေရင်ရတာပဲ"

ထိုစကားကို 'ဒေါ်ခင်ခင်ကြည်' ရော 'ခင်ဖုန်း' ကပါ ကန့်ကွက်ကြသည်။

"အို 'ခင်ဖုန်း' တော့ ဒီလိုအိမ်ကျဉ်းကျဉ်းလေးထဲမှာ မနေတတ်ဘူး"

"ဟုတ်သားပဲ 'မောင်ဇေယျလွင်' ရယ်... အန်ကီတို့အိမ်ကြီးက အကျယ်ကြီးမှအကျယ်ကြီး... ငါတူလည်းရောက်ဖူးသားပဲ... အိမ်မှာလူများလာမှာဆိုပြီး ဝမ်းသာနေရတာပါကွယ်... စေ့စပ်ပြီးမကြာခင်လက်ထပ်တော့မှာမို့ အိမ်မှာပဲလိုက်နေဖို့ အန်တီက အနူးအညွတ်တောင်းပန်ပါတယ်"

"ဟုတ်တယ် သား... ဟိုအိမ်အကျယ်ကြီးကိုပစ်ပြီး ဒီမှာကျဉ်းကျဉ်းကျပ်ကျပ်နေရတာ ဘယ်အဓိပ္ပါယ်ရှိပါ့မလဲ... ဒီအိမ်ခန်းကိုရောင်းလိုက်တဲ့ငွေ ဘဏ်မှာထားလိုက်ပေါ့သားရဲ့"

"မေမေကလွယ်လွယ်ပြောတာကိုး... 'မောင်မောင့်' အတွက် ထည့်စဉ်းစားကြဦးမှပေါ့ဗျ"

"ရပါတယ်ကွယ်... ငါတူကသူ့အတွက် နောက်ဆံတင်းတာကိုး... အန်တီတို့အိမ်မှာ အခန်းပိုတွေအပြင် ကားဂိုဒေါင်က ထပ်ခိုးပါတယ်... နောက်အိမ်ဖော်တွေနေဖို့ တန်းလျားရှိ





ယ်... ခေါ်ခဲ့ပါ ခေါ်ခဲ့ပါ... ဟိုဟာဒီဟာလည်း ခိုင်းရတာပေါ့"

"ကျွန်တော်သူ့ကိုခိုင်းဖို့ ခေါ်ထားတာ မဟုတ်ပါဘူး"

ခုရှုပ်မှနောင်ရှင်း ပြောထားတာကောင်းသည်။

"ကဲပါကွယ်... ငါတူစိတ်ချမ်းသာသလိုထားပါ... ဒီအိမ်န်းကိုတော့ရောင်းပစ်လိုက်ပါ... နော်ဆို 'မမစိန်' တို့လည်း ချွေးမမိတည်းတော့မှာပဲဟာ... ဟုတ်ဘူးလား မမရဲ့"

"ဒါပေါ့ ဒါပေါ့"

ပြောချင်တာပြောကြ၊ သူတို့ဘာပြောပြော 'ဇေယျလွင်' စိတ်တိုနေကများသည်၊ စေ့စပ်ပွဲဖိတ်စာကိုဖတ်ပြီး ဆေးခန်း 'မြတ်သင်း' 'ကြည်ဝင်း' တို့ အံ့အားသင့်သွားကြသည်၊

"ဘယ်လိုဖြစ်တာလဲ... 'မေမြတ်မွန်' နဲ့ မဟုတ်ဘူးလား"

"မဟုတ်ဘူး"

"ဟာကွာ... ကောင်မလေးသနားပါတယ်... သူ့ဘာသာသူနေတာ မင်းပဲအတင်းလိုက်ကြိုက်ပြီး ခုတော့သူ့ကိုပစ်ထားတာတောင်းသလားကွ"

"ငါက သူ့ကို ပစ်ထားတာမဟုတ်ပါဘူး"

ဘုရားပေါ်မှကိစ္စကို ပြန်ပြောမိသည်။

"မင်းကိုကတုံးတာပါကွာ... ကဲဘုရားပေါ်တုံးအဆင်မပြေရင် အခုသွားခိုးကွာ... လက်မှမထပ်ကြသေးတာ... ငါတို့ကိုက်ခိုးပေးရမလား... မင်းပုံစံကြည့်ရတာ မိန်းမယူချင်တာထုန်



www.burmeseclassic.com

www.burmeseclassic.com



တယ်ကွာတကယ်ပဲ"

"အဖြစ်ချင်းမှ မတူဘဲကိုကွ... ငါ့ရင်ထဲမှာဘယ်လိုခံစား နေရတယ်ဆိုတာ ငါပဲသိပါတယ်ကွာ"

"အဖြစ်ချင်မတူပေမယ့် မင်းမျက်ခွက်ကြီးကြည့်ပြီးကိုယ် ချင်းစာပါတယ်ကွာ... ငါတို့ခံစားနေရသလိုပါပဲ... ကဲမင်းသတ္တိ ရှိဘူးလား... ငါတို့လိုက်ခိုးပေးမယ်"

"မဖြစ်ပါဘူးကွာ သူသိပ်ရှက်သွားတယ်... စိတ်နာသွား တယ်... ပိုဆိုးသွားတာက သူ့အမေလည်းဒီလိုအဖြစ်မျိုးနဲ့ ကြုံ ထားရတာပိုပြီးစိတ်နာသွားကြတယ်... ပြီတော့ဘယ်ကိုပြောင်း သွားမှန်းမသိဘူး... ဘယ်လောက်အထိစိတ်နာသွားသလဲဆိုရင် သူ့အဖေကိုတောင်အတွေ့မခံတော့ဘူး"

"ဒါဆို မင်းက ဟိုဆပ်ဆလူးကိုယူတော့မယ်ပေါ့"

"ဘယ်ယူချင်ပါ့မလည်းကွာ... ဒါပေမဲ့ အမေနှစ်ယောက် လုံးကအားတက်သရော မအိပ်မနေ မင်္ဂလာကိစ္စကို လုံးပမ်းခဲ့လို့ မင်းတို့ဆီ စေဆပ်မည့်ဖိတ်စာ ရောက်လာပြီရော"

"ဟာ မင်္ဂလာဆောင်ဖို့တစ်လကြီးတောင်လိုသေးတာ ကြိုးစားကြည့်ပါဦးလား... ငါတို့လည်း ဝိုင်းကူညီပါ့မယ်... ဒါနဲ့ မင်းနဲ့ယူရမယ့် ကောင်မလေးကကော မင်းကိုကြိုက်လား သ ဘောကျလား"

"မသိပါဘူးကွာ ကြိုက်တယ်လည်းမပြောဘူး... မကြိုက်





ဘူးလည်းမပြောဘူး... လက်ထပ်ဖို့ကိစ္စကို သူ့အမေပြောတဲ့အ တိုင်းနားထောင်နေပုံပဲ"

"သူ့မှာကော ရည်းစားတွေဘာတွေ မရှိဘူးလား"

"ဘယ်သိမှာလည်းကွ သူလည်းလှတာပဲ ရှိချင်ရှိမှာပေါ့"

"အမယ် .မယ် သူလည်း လှတာပဲတဲ့ ကောင် မလေး က 'မေမြတ်မွန်' ထက်လှပြီး အရမ်းချမ်းသာလို့များ..."

"ဟေကောင်တွေ မင်းတို့စကားတို ဒီတင်ရပ်လိုက်စမ်း... ငါ့ကိုဘယ်လိုကောင်မှတ်လို့လဲ... ဒီလောကမှာ 'မေမြတ်မွန်' လောက် ဘယ်မိန်းကလေးကိုမှမချစ်ဘူး... 'မေမြတ်မွန်' လောက် ဘယ်ကောင်မမှမလှဘူး... စိတ်လည်းမဝင်စားဘူး"

"တော်ပါကွာ... မင်းကလည်းဒေါသကြီးပဲကိုး"

"သွားမယ်ကွာ သွားမယ်... တာဝန်ရှိလို့ရယ် အခင်ဆုံး သူငယ်ချင်းတွေဖြစ်လို့ရယ်မို့ စေ့စပ်ပွဲဖိတ်စာကို လာပေးတာ ကိုယ့်လူတို့... အေး မင်းတို့လာချင်မှလာ မလာချင်လည်းနေ"

"မင်းစိတ်ညစ်ရတဲ့ စေ့စပ်ပွဲကို ငါတို့မလာချင်ပါဘူး... ဒါပေမဲ့ ငါတို့လာခဲ့ပါ့မယ်"

"အေး လာခဲ့... ဒါပေမဲ့ မင်းတို့သိထားဖို့က အဲ့ဒီနေ့က ငါ့ဘဝအတွက် မဆုံးနိုင်တဲ့စိတ်ဆင်းရဲမှု လိုဏ်ဂူထဲကိုစတင်ဝင် တဲ့နေ့ပဲ... ပြန်မတက်နိုင်တဲ့ ဒုက္ခချောက်ထဲကိုခုန်ဆင်းမယ့်နေ့ ဆိုတာ မင်းတို့သိထားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်လည်း စိတ်ဆင်းရဲမနေပါနဲ့ကွာ... နောက်တော့ လည်းနေသားကျပြီး သံယောဇဉ်ဖြစ်ချင်ဖြစ်လာမှာပေါ့... သား တွေသမီးတွေရပြီး "

"သွားစမ်းပါ သူ့ကိုမှမချစ်ဘဲ... ငါဘယ်လိုလုပ်သားသ မီးရမှာလဲ"

"ဟား ဟား ဟား... မင်းဟာပညာတတ်တစ်ယောက်ဖြစ် ပြီး ဆရာဝန်ဟစ်ယောက်ဖြစ်ပြီး တော်တော်ညံ့တဲ့အကောင်ပဲ... ချစ်တာကတခြား လက်ထပ်တာကတခြားဆိုတာ မင်းမကြားဖူး ဘူးလား... ချစ်ပြီးယူယူ မချစ်ဘဲယူယူ အချိန်တန်ကတော့ဒါက တော့ပူလာတာပဲ"

'ကြည်ဝင်း' က ဗိုက်ကြီးသည်ဟန်လုပ်ပြသဖြင့်...

"တော်စမ်းကွာ စိတ်ညစ်ရတဲ့အထဲ ပြန်မယ်ပြန်မယ်"

"လောင်းကြေးစားကြေးလေကွာ... "

ဒါဘောင်လှမ်းအော်နေသေးသည်။

"ဟား ဟား ဟား"





## အခန်း [illegible] နှစ်ဆယ့်ငါး

သားမက်နှင့်ယောက္ခမ တစ်ယောက်နှင့်တစ်ယောက် မတွေ့အောင်ရှောင်နေခဲ့ကြသော်လည်း စေ့စပ်သည့်အခမ်းအနား နေ့တွင် ရှောင်မရတော့။ မျက်နှာချင်းဆိုင်တွေ့လေတိုင်း အလျင် ဦးသူက မျက်နှာလွှဲရသည့်အဖြစ်မျိုး။ စဉ်းစားကြည့်ပါ။

'ဇေယျာလွင်' အနေနှင့် အနေရအထိုင်ရခက်လှပါသည်။ သူ့သမီးတစ်ယောက်ကို သူ့ရှေ့မှာပင်လက်ထပ်မည်ဟုပြောခဲ့ သည်။ သူကလည်းသဘောတူခဲ့သည်။ သူ့သမီးကလည်းကျေနပ် ခဲ့သည်။ အပျော်ကြီးပျော် အတွဲကြီးတွဲခဲ့သည်။ သို့သော်ယခုတော့ အကွဲကြီးကွဲခဲ့သည်။ နောက်ထပ်သူ့သမီးတစ်ယောက်ကို သူက လည်းသဘောမတူ မိမိကလည်းမချစ် သို့သော် မိမိနှင့်သူ့သမီး



www.burmeseclassic.com

www.burmeseclassic.com



စေ့စပ်ပြီးကြပြီ၊ စေ့စပ်ပြီးသော်လည်း တစ်ယောက်ပြီးတစ်ယောက် ရှောင်နေမိကြသည်။

သူမက မိမိကို မသိမသာ လှမ်းကြည့်နေသည်၊ တကယ်ချစ်လို့ စေ့စပ်ကြသူတွေဆိုလျှင် ယခုအချိန်သည် အလွန်ပျော်စရွှင်စရာကောင်းပေမည်။ အကယ်၍ 'ခင်ဖုန်း' နေရာတွင် 'မေမြတ်မွန်' သာဖြစ်ခဲ့ပါလျှင် သူမလှလှပပပြင်ထားသည်ကို အကုန်ဆွဲဖြတ်ပြီး စမည် နောက်မည်။ နောက်မျက်တောင်တုကိုဆွဲဖြုတ်မည်။ လှပသောဖဲအိပ်ယာပေါ်သို့ ဆွဲလှဲပြီးတဝကြီးနမ်းပစ်မည်။ အင်း ခုတော့ အစိမ်းသက်သက်ကလည်းဖြစ်၊ ချစ်ကလည်းမချစ်သဖြင့် သူမ၏အလှအပများသည် မိမိကိုမှန်ဗီရိုထဲမှအရုပ်လို အလှကြည့်ရုံသက်သက်ပါပဲ။ ဟန်လုပ်၍ပင် မချော့မြူချင်ပါ၊ သူကလည်း မိမိထံမှမေတ္တာကို သိပ်မျှော်လင့်နေပုံမပေါ်၊

"ထမင်းစားတော့မလား"

"တို့မဆာသေးဘူးကွာ"

"ဒါဆို 'ခင်ဖုန်း' သွားစားတော့မယ်"

"စားပါ စားပါ စိတ်ချမ်းသာသလိုပဲနေပါ"

ထိုစကားကြောင့် သူမက မျက်ခုံးကိုအတွန့်ချိုး၍ စူးစူးစိုက်စိုက်ကြည့်နေသည်၊ ထိုနောက် ညဝတ်ဖို့ချုပ်ထားဟန်တူသော ပိုးပျော့အဖြူရောင် အင်္ကျီဝတ်၍ထွက်သွားသည်၊ အင်္ကျီတစ်ထည်လုံးအရှက်ကို မလုံ့မခြုံဖုံးထားသည့် အင်္ကျီ လက်နိုက်





ကျောဟိုက် လယ်ဟိုက်၊

လှပသည်၊ သို့သော် အိပ်ယာထက်တွင် နဖူးပေါ်လက်တင်၍ စဉ်းစားခန်းဖွင့်ခြင်းလောက် အရသာမရှိဟုထင်သည်၊ ထမင်းစားခန်းတွင် ထမင်းစားနေသော 'မောင်မောင့်' ကိုတွေ့လိုက်သဖြင့် 'ခင်ဖုန်း' ခြေလှမ်းများ ရပ်တန့်သွားသည်၊ 'ဒေါ်ခင်ခင်ကြည်' 'ဒေါ်စိန်စိန်' တို့အတင်းခေါ်သဖြင့် 'မောင်မောင်'ထမင်းဝင်စားခြင်းဖြစ်သည်၊

သို့သော်လုံးဝမစားချင်၊ မိမိအတွက်ပေးထားသော ကားဂိုဒေါင် အဲပေါ်ထပ်လေးတွင်သာ အနားယူမှေးစက်ချင်နေသည်၊ တွေးတောစဉ်းစားနေချင်သည်။ မိမိချစ်သော 'ခင်ဖုန်း' တစ်ယောက်နှင့်တစ်ခြံတည်းအတူနေကြသော်လည်း ဘဝချင်းက အဝေးဆုံးဆီသို့ကွာခြားခဲ့လေပြီ၊ နဂိုကမှမစားချင်ရသည့်အထဲ ထမင်းစားခန်းဆီသို့ တလွင့်လွင့်လျှောက်လာသော 'ခင်ဖုန်း' ကိုမြင်ရသောအခါလည်းချောင်းတွင်းဝယ် ကြက်ဥအလုံးလိုက် မျိုချမိသလို တစ်ဆို့ဆို့ကြီးဖြစ်သွားသည်၊ ဟန်လုပ်၍ပင် ဆက်မထိုင်နိုင်တော့ဘဲ ထမင်းပန်းကန်ကိုမ၍ထလိုက်သည်၊

"ဟဲ့ 'မောင်မောင်' ပြီးပြီလား"

"ကျွန်တော် မဆာလို့ပါကြီးကြီး"

"အေးလေ ပင်ပန်းလို့နေမှာပေါ့... ညကျမှ ကာဖီသောက်လှည့်ကြားလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

'မောင်မောင့်' ပုံစံကြည့်ပြီး 'ခင်ဖုန်း' ရင်ဝယ်နာကျင်ရသည်။ 'မောင်မောင်' ဘယ်လိုခံစားနေရမည်ဆိုသည်ကို 'ခင်ဖုန်း' သိသည်။ သို့သော် သူသည်မိမိကို တကယ်မချစ်၍ တစ်ပါးလက်ထဲဝကွက်အပ်ခြင်းသာ ဖြစ်မည်ပေါ့။ မိမိထက်ချစ်ရမည်သူရှိသည်ဟုလည်း ပြောခဲ့သည်မဟုတ်လော။ မိမိကခိုးယူလျက်ပါဆိုတာတောင် ခြောင်ငြင်းခဲ့သူ။

"သမီးက 'မောင်မောင့်' ကိုစကားလေးဘာလေးပြောဦးတော်ကြာမာနကြီးတယ်ထင်ပြီး မပြောရဲမဆိုရဲ ဖြစ်နေပါမယ်လေ"

"ဟုတ်ကဲ့"

"ဒါနဲ့ သမီး ကိုကိုရော"

"သူမစားတော့ဘူးတဲ့"

"ဒါဆိုလဲ ညစားဖို့တစ်ခုခုယူသွား"

"ဟုတ်ကဲ့"

အခန်းထဲတွင်မနေချင်၍ ထမင်းစားခန်းထဲ ထွက်လာခဲ့ကာ ရင်တွင်းမှ ခံစားမှုကပို၍ပြင်းထန်လာခဲ့သည်။ ထမင်းကိုဟုတ်တိပတ်တိမစားဘဲ အလစ်ချောင်းနေမိသည်။ မေမေတို့ကိုအိမ်ပေါ်တက်သည့် ဟန်ပြ၍ 'မောင်မောင်' ရှိရာမှောင်ရိပ်ခိုကာထွက်ခဲ့သည်။ 'မောင်မောင့်' ကိုအိပ်ယာထက်တွင်မှောက်





လျက်တွေ့ရသည်။

"မောင်မောင်"

"ဟင်"

ရုတ်တရက် လှည့်မိလိုက်သဖြင့် စီးကျနေသော်မျက်ရည်ကိုမသုတ်လိုက်နိုင်ပါ။

"ဟင် မင်း မင်း ဘာလာလုပ်တာလဲ"

မိမိနေထိုင်ရာအထပ်ခိုးလေးအထိ သူမရဲတင်းစွာ တက်ခဲ့ပါပကော။ ဒီလိုဖြစ်လာမှာစိုးလို့ မြို့ထဲတိုက်ခန်းတွင် နေတ္တနေခဲ့ပါရစေ တောင်းပန်သည်ကို 'ကိုဖေယျ' ကလက်မခံဘဲ မိမိနေထိုင်ရန် ဤအပေါ်ထပ်လေးကို သပ်ရပ်စွာကြိုတင်၍ ပြင်ဆင်ပေးခဲ့ပေသည်။

မိမိအပေါ်တွင်အစ်ကိုလို အဖေလို သဘောကောင်းသော သိတတ်သော 'ကိုဖေယျ' လိုလူကို မိမိသစ္စာရှိရမည်။ သွားရေပေါ်အိပ်သားရေနားကို မစားလိုပါ။ အရိပ်နေနေ အခက်ချိုးချိုး မလုပ်ရဲပါ။

ထိုကြောင့်...

"မင်းဘာလို့ ဒီအပေါ်တက်လာတာလဲ"

"စကားပြောချင်လို့ပေါ့"

"ပြောချင်ရင်မနက်မှပြော... သင့်တော်လားမတော်လားစဉ်းစားပါဦး"



www.burmeseclassic.com

www.burmeseclassic.com

မောက်မာစွာပြောနေရသော်လည်း စိတ်ထဲကမကောင်း သူမသည်မိမိကို အံ့ဩလောက်အောင် ချစ်ခင်စွဲလန်းနေရှာပါသလား။ အစကမိမိကိုအပျော်ကြံသည်ဟုပင်ထင်ခဲ့သည်။ ခုမှတော့ မိမိဘာ့မှမကြံတတ်တော့။ လောလောဆယ်တော့ 'ခင်ဖုန်း' ကိုဤထပ်ခိုးလေးပေါ်မှ အမြန်ဆုံးပြန်ဆင်းသွားစေချင်နေသည်။

"မသင့်တော်ဘူး 'ခင်ဖုန်း'... ဒီကမြန်မြန်ပြန်သွားပါ"

"အို မသွားနိုင်ဘူး... မေးစရာတွေရှိသေးတယ်"

"မနက်မှမေးပါဟာ... 'ကိုဇေယျ'တွေ့သွားရင်မကောင်းလို့ပါ... ပြီးတော့ ကြီးကြီးတို့မြင်သွားရင်လည်းမကောင်းလို့ပါဟာ ငါရှိခိုးဆိုရင် ထိုင်ရှိခိုးပါ့မယ်"

"နင်ယောက်ျားမဟုတ်သလိုပဲ... သိပ်သူရဲဘောနည်းတယ်... သတ္တိကိုမရှိဘူး"

"နင်ပြောချင်သလိုပြော... ထင်ချင်သလိုထင်ဟာ အခုတော့ မတော်ငလွန်းလို့ပြောနေတာ... နင်ပြောချင်တာငါမနက်ကျရင် နားထောင်ပါ့မယ်"

"ကောင်းပြီ မနက်ကိုးနာရီလောက်ကျရင် ကမ္ဘာအေးစေတီကစောင့်နေ"

"ကောင်းပြီ"

"စောင့်နေနော်... မစောင့်ရင်ငါ့အကြောင်းသိသွားမယ်"

"အေးပါ"





သူမကိုအောက်ထပ်ကားဂိုဒေါင်ပေါက်ဝအထိ လိုက်ပို့ပြီး...

"နေဦး အရမ်းမသွားနဲ့ဦး... တစ်ယောက်ယောက်မြင်သွားရင်မကောင်းဘူး'

"ဓောင်ရယ်"

မထင်မှတ်ဘဲ 'ခင်ဖုန်း' က မိမိရင်ခွင်တွင်းတိုးဝင်ဖက်တွယ်ပြီး တသိမ့်သိမ့်ရှိုက်ငိုလိုက်သဖြင့် 'မောင်မောင်' ယောင်ပြီး ဖက်ထားမိသည်။ နောက်မှသူမကိုအတင်းပြန်ခွာထုတ်မိသည်။ ပြန်တွန်းထုတ်၍မရသဖြင့်...

"မသင့်တော်ဘူး 'ခင်ဖုန်း'... 'ခင်ဖုန်း' ဟာ လွတ်လွတ်လပ်လပ်မဟုတ်တော့ဘူး... ပိုင်ဆိုင်သူရှိနေပြီ"

"အို မသိဘူး မသိဘူး... သူနဲ့ 'ခင်' ဘာမှဖြစ်သေးတာမဟုတ်ဘူး... မောင်နဲ့ 'ခင်' ထွက်ပြေးကြရအောင်ပါ"

"ဟာ ဘယ်ဖြစ်မလဲ...လူသိရှင်ကြားစေ့စပ်ထားပြီးသားဟာပဲ"

"ဘာလဲ သူများနဲ့စေ့စပ်ပြီးသားကို မောင်ကမယူချင်ဘူးပေါ့လေ"

"မဟုတ်ဘူး... အဲဒါတွေတစ်ခုမှမဟုတ်ဘူး... ကဲပါ မနက်တွေ့ကြရအောင်ပါ"

"ဟင့်အင်း 'ခင်ဖုန်း' သူနဲ့မနေချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဟာကွာ"

'ခင်ဖုန်း' စကားကြောင့် 'မောင်မောင်' မျက်နှာပျက်သွားသည်။ ဘာဆက်ပြောရမှန်းပင်မသိ။ ရင်ထဲတွင်ဘယ်လိုကြီးဖြစ်သွားမှန်းမသိ။

"သွားပါ 'ခင်ဖုန်း' ရယ်... မောင်တောင်းပန်ပါတယ်... မေခင့်ဘဝကိုနားလည်ပါကွာ"

"မောင်က 'ခင့်' ကိုသိပ်အထင်သေးတာကိုး... 'ခင်ဖုန်း' မောင်နဲ့လိုက်ခဲ့မယ်လို့ပြောနေတယ်မဟုတ်လား... သူတို့တွေ သိသွားရင်မလွယ်ဘူး... လာပါ သွားကြရအောင်"

'မောင်မောင်' အကြံဉာဏ်ထုတ်နေပြီ။

"ဒါဆိုလည်း အင်္ကျီလေးဘာလေးသွားလဲဦးလေ"

"တကယ်လား"

"အင်းပေါ့"

'ခင်ဖုန်း' ၏ပါးပြင်ကို ယုယစွာရှိုက်နမ်းရင်း အယုံသွင်းရသည်။ 'ခင်ဖုန်း' မျက်နှာလေးဝင်းထိန်သွားသည်။ 'မောင်မောင်' ကိုလည်း ပြန်၍တုံ့ပြန်သည်။ 'ခင်ဖုန်း' ထွက်သွားသည်နှင့် 'မောင်မောင်' အဝတ်အစားတွေသိမ်းကျုံးထည့်ပြီး ထိုခြံထဲမှအမြန်ဆုံးပြေးထွက်ခဲ့မိပါတော့သည်။

အချစ်စက်ကွင်းမှလွတ်အောင်ပြေးနိုင်လျှင် ပြေးပေတော့။





## အခန်း ။ ။ နှစ်ဆယ့်ခြောက်

တစ်ယောက်ကိုတစ်ယောက် ကျောခိုင်းအိပ်စက်ရင်း မနက်မိုးလင်းခဲ့သည်။ အိပ်ခန်းနှင့်တွဲလျက်တွင် ရေချိုးခန်း အိမ်သာတို့ပါရှိသောကြောင့် အခန်းအပြင်သို့မထွက်ဖြစ်။

ရေမိုးချိုးပြီးချိန်တွင် 'ခင်ဖုန်း' က လက်ဖက်ရည်သောက်လာခေါ်ရင်း...

" 'ဦးဝေယျလွင်'..."

"ဟင်"

"ခင်ဗျားကြီး သိပ်တုံးတယ်ဗျာ"

"ဟင် ဘာ ဘာပြောတာလဲ"

" 'ခင်ဖုန်း' ကိုမချစ်ဘဲနဲ့ ဘာလို့ယူတာလဲ"

www.burmeseclassic.com

www.burmeseclassic.com

'ဇေယျလွင်' ပခုံးနှစ်ဘက်ကို ဟန်ပါပါတွန့်လျက်-

"ခင်းကော..."

"အင်း ဒုက္ခပဲနော်... မချစ်ဘဲယူထားရတာလောက် စိတ်ဆင်းရဲစရာကောင်းတာမရှိဘူး"

"မင်းမှာချစ်သူရှိလို့လား"

"ရှိတာပေါ့"

"မင်းချစ်သူနဲ့ ဘာလို့မယူလဲ"

"ယူချင်တာပေါ့... ဒါပေမဲ့အခြေအနေမှမပေးတာ... ခင်ဗျားဆိုတဲ့လူက ဘယ်လိုကဘယ်လိုပေါ်လာမှန်းမသိဘူး... လက်မထပ်ခင်တုန်းက ခင်ဗျားကားတိုက်ပြီးသေပါစေလို့ ခဏခဏဆုတောင်းမိတယ်"

"အေး ဟုတ်တယ်... ငါလည်းဒီလိုပဲနံပြီစုတ်နဲ့တူတဲ့နှင်းကိုတစ်ခါတည်း အမြဲဘက်နဲ့သာပစ်သတ်လိုက်ချင်တယ်"

"ဟား ဟား တကယ်ရယ်စရာကောင်းတာပဲ"

ခါးထောက်၍မခိုးမခန့်ရယ်မောနေသော သူမ၏အနောက်တိုင်းဆန်ဆန်ဟန်ပန်ကို အထူးအဆန်းလိုကြည့်နေမိသည်။ တစ်ခေါင်းလုံးလည်းဆံပင်တွေက တွန့်လိမ်ကောက်ကွေးနေသည်။ မျက်ခုံးကိုလည်း နှုတ်ထားသည်မှာ ခပ်မှျင်မှျင်သာကျန်တော့သည်။ နှုတ်ခမ်းနီကလည်း ဆိုးထားတာရဲတွတ်လို့။

အဝတ်အစားကလည်း စပို့ရှပ်အကျီအစင်းကို တစ်ထည်းဝတ်ထားသလားမသိ။





"လက်ဖက်ရည်သောက်ချင်ရင် အောက်ကိုသွားနော်"

"နေပါဦး ဒီအိမ်မှာခင်းဘာမှ တူမလုပ်ဘူးလား"

"ဘာကူစရာလိုလဲ... အိမ်ဖော်တွေလုပ်နေတာပဲ"

"အိမ်မှာကဟုတ်တယ်လေ... တကယ်လို့ငါနယ်ပြောင်းရင် မင်းကငါ့နောက်လိုက်ခဲ့ရမှာ... တိုင်းနယ်ဗြည့်နယ်တွေက အိမ်လေးတွေကျရင် မင်းကငါ့ကို ကိုယ်တိုင်ချက်ပြုတ်ကျွေးမွေးရမှာကွ... မင်းအချက်အပြုတ်တော်ရဲ့လား"

"ဟင့်အင်း မီးဖိုချောင်ထဲတစ်ခါမှတောင် မဝင်ဖူးသေးဘူး"

"အချုပ်အလုပ်ကော"

"ဆိုင်မှာအပ်တယ်လေ... အကျီလုံချည်တွေကို တစ်ခါမှ ကိုယ်ဟာကိုယ် ဘယ်အောင်စုတ်အောင် မဝတ်ဖူးသေးလို့ အစုတ်အပြဲမချုပ်ဖူးသေးဘူး"

"ကြယ်သီးတွေ ဘာတွေပြုတ်ရင်ကော"

"မပြုတ်ဖူးဘူး... 'ခင်' တို့ချုပ်တဲ့အကျီဆိုင်တွေက သေချာတယ် သပ်ရပ်တယ်"

လက်ဖက်ရည်သောက်ဖို့အောက်ဆင်းလာချိန်ဝယ် ညည့်ရှေ့၌ 'ဦးမြင့်မော်' နှင့်သွားဆုံသည်။ 'ဦးမြင့်မော်' ရပ်စောင့်နေမြင့် 'ဇေယျလွင်' လျှောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



" 'မွန်.' လိပ်စာသိလား 'မောင်ဧယျလွင်' "

"ဘယ်ကိုထပ်ပြောင်းသွားသလဲ မသိဘူး အန်ကယ်"

"ဟုတ်လား တွေ့ရင်ပြောကွာ"

"ဟုတ်ကဲ့"

'ဦးမြင့်မော်' ကိုကြည့်ရသည်မှာ စိတ်ဆင်းရဲနေပုံရသည်။

"ကျွန်တော်လည်း မပျော်ပါဘူးအန်ကယ်"

"မင်းမှာအပြစ်မရှိပါဘူးကွာ... မင်းဘယ်လိုခံစားရမယ်ဆိုတာ ငါသိပါတယ်... ဒါပေမဲ့သမီးလေးကို ပိုသနားတယ်ကွာ စိတ်လဲဆင်းရဲ လူလဲဆင်းရဲနေရှာမှာပဲ"

'ဒေါ်ခင်ခင်ကြည်' အနားသို့ရောက်လာပြီး...

" 'မောင်မောင်' စာတစ်စောင်ပေးသွားတယ် 'မောင်ဧယျ' "

ကိုကြီးဧယျ

ဂိုသေစွာစာရေးခဲ့ပါတယ်...

ကိုကြီးဗက်လာဆောင်ပြီးတဲ့အထိနေချင်လို့ ကျွန်တော်စောင့်နေခဲ့ပါတယ်... ကိုကြီး စိတ်ကျေနပ်အောင် ကျွန် တော်ကျောင်းတက်ပါ့မယ်... ဒါပေမဲ့အဆောင်ကပဲတက်ပါရစေ ဒါမှမဟုတ် စာပေးစာယူပဲတက်ပါရစေ... ကိုကြီးရဲ့အားလုံးကို ကျေးဇူးတင်သတိရနေပါမည်...

ရှင်လန်းချမ်းမြေ့ပါစေ





မောင်မောင်

အပေါ်ထပ်မှဆင်းလိုက်လာသော 'ခင်ဖုန်းမြင့်မော်' က စာကိုယူဖတ်ပြီး နှုတ်ခမ်းလေးတင်းတင်းစေ့သွားသည်။ မျက်နှာလေးပျက်သွားသည်။ သူမကိုမသိမသာ အကဲခတ်နေသော 'ဧယျလွင်' စိတ်ထဲတွင်သံသယဝင်လာသည်။ ညတသူမတော်ကြာကြာ ပျောက်သွားသည်။ နောက်မှပြန်ရောက်ပြီး အဝတ်ဗီရိုဖွင့်ကာအဝတ်လေးငါးဆုံအဝတ်အိတ်ထဲထည့်သည်။ ပိုက်ဆံထည့်သည်။

မိမိအလစ်ခိုး၍ကြည့်သည်။ မိမိဟောက်သံပေး၍ အိပ်သောအချိန်တွင် သူမအိတ်လေးလွယ်၍ အခန်းတွင်းမှထွက်သွားခဲ့သည်။ မိမိစိတ်ထဲတွင် သူ့ချစ်သူနှင့် လိုက်ပြေးမည်ဟုထင်ပြီး မိမိက မသိဟန်ဆောင်ကာဖိုးကျိုင်းတုတ်ဖြစ်နေသည်။ သို့သော် သိပ်မကြာ။ သူမပြန်တက်လာပြီး မိမိနှင့်ကျောခိုင်းကာ ဝင်အိပ်နေကြောင်းသိရသည်။ ယခု သူမ၏မျက်နှာကိုအကဲခတ်သည်နှင့် သူမနှင့် 'မောင်မောင်' သည် ဆက်သွယ်နေမှန်းသိသာပါသည်။ သူမကိုယ်သူမ ရိုပ်မိချင်မှရိပ်မိမည်ဖြစ်သည်။ အင်း ဟုတ်ပါပြီ 'မောင်မောင်' ပြန်ပြေးတာက အဖြေ။ ဟုတ်ပြီ။ ကျောက်ဆည်သိုက်သွားတုန်းကလည်း မိမိမပြောဘဲနှင့် 'ခင်ဖုန်း' နှင့် လက်ထပ်ညီကို ဒီကောင်ကြိုသိနေခဲ့သည်။ မိမိကဘယ်လိုလုပ်သိသနည်း မေးတော့ ဝေလည်ချောင်ပတ်ဖြေခဲ့သည်။ ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူတို့နှစ်ယောက်သည် တစ်တန်းထဲတွင် စာသင်ခဲ့သူများ သူတို့နှစ်ယောက်အကြောင်းကို 'မေမြတ်မွန်' သိမည်။ နှုတ်လုံလိုက်ကြသည်ဖြစ်ခြင်း။ ဒါကြောင့် ဒီကောင့်ကို ကျောင်းပြန်နေဖို့ ခေါ်မရတာဖြစ်ပေမည်။ ဒါကြောင့် ဒီကောင် တပိန်ပိန်တလိန်လိန်ဖြစ်နေတာကိုး။ ငါသိမှာစိုးတာဟာ သူ့ကိုအထင်လွဲမှာစိုးလို့ကိုး။

အလုပ်မသွားခင် စတိုခန်းအတွင်းမှ 'မောင်မောင့်' ကျောင်းစာအုပ်များကို တစ်အုပ်ခြင်းဖြေကြည့်မိသည်။ အထူးသဖြင့် မှတ်စုကူးထားသော ဗလာစာအုပ်များ ခေါင်းမူးသည်အထိ ရှာသောအခါ အကျိုးရှိလာသည်။ စာအုပ်သုံးအုပ်ခန့်တွင် မိန်းမလက်ရေးဖြင့်ရေးထားသောကျောင်းစာများကို တွေ့ရသည်။

'ခင်ဖုန်းမြင့်မော်' ၏လက်ရေးကိုမမြင်ဖူးခဲ့သော်လည်းသို့သော် ထိုလက်ရေးလှလှလေးများကို 'ခင်ဖုန်း' ၏လက်ရေးမှန်းအလွယ်တကူ သိလိုက်ရတော့သည်။ အကြောင်းကတော့ သူမက စာကိုရိုးရိုးမကူးပေး၊ ခေါင်းစဉ်တပ်၍ထားသော စာကြောင်းများနံ့ဘေးတွင် အမှတ်တာ ရ ဟုရေးထားသည်။ လေးငါးဆယ်ရွက်ခန့်ကူးပြီး၍ စာအဆုံးသတ်နားတွင် 'ခင်' ဟုဆိုင်းထိုးထားတတ်သည်။

စာအုပ်နောက်ဆုံးကို လှန်ကြည့်မိသည်။ မောင့်ကိုချစ်တယ်ဟု ရေးထားတတ်သည်။ 'ခွင်ဖုန်း' လက်ရေးဟုတ်မဟုတ်





သူမကျောင်းစာအုပ်များတွင် ရှာကြည့်မည်ဟုတေးထားလိုက်မိသည်။

ကြိုကြိုဖန်ဖန်ဆုံစည်းကြသည့် အဖြစ်အပျက်ကိုအံ့သြမိပါသည်။ မိမိလေ့လာမိသလောက်ဆိုလျှင် 'မှောင်မောင်' သည် လူရိုးလူအေး။ 'ခင်ဖုန်း' လို ပျံတန်တန်နဲ့တန့်တန့် သူဌေးသမီးတစ်ယောက်ကို ၎င်း၏အစွမ်းအစနှင့်တော့ မချစ်မကြိုက်နိုင်။ တစ်ယောက်ယောက်က မြှောက်ပေး၍၎င်း၊ မိန်းကလေးကိုယ်တိုင်ကမြူ့ဖွယ်၍၎င်း၊ ချစ်သူဖြစ်ကြခြင်းဖြစ်မည်။

အထူးသဖြင့် 'မောင့်မောင့်' ကို ရည်းစားမထားရဟုမိမိအမိန့်တော့ချမှတ်ခဲ့သည်။ ထို့ကြောင့် သူ၏အချစ်ဆုံးစာတ်လမ်းကို လူသိမှာ 'ဖေယျလွင်' သိမှာစိုးခဲ့ခြင်းဖြစ်မည်။ ထိုကဲ့သို့ စိုးကွယ်နေရာမှ ဗြုန်းကနဲမိမိနှင့် 'ခင်ဖုန်း' ကိုလူကြီးတွေက ပေးစားမည်ဆိုလေသောအခါ 'မောင်မောင်' ပို၍ထိတ်လန့်သွားပုံရသည်။

ကျေးဇူးရှင်၏ခနီးလောင်းကို ကြိုက်မိလျက်သားဖြစ်နေသည်ကို 'မောင်မောင်' ဘယ်လိုဆင်ခြင်ဆင်ခြင်၊ ဘယ်လိုရှောင်ရှောင် 'ခင်ဖုန်း' က အတင်းကပ်လေသောအခါ...။

ညဘက်တွင်ဖြစ်သည်။

" 'ခင်ဖုန်း' ကျောင်းဆက်မတက်ဘူးလား..."

"တက်မှာ..."



www.burmeseclassic.com

www.burmeseclassic.com



"တောင်းတယ် မညာလိုအိုသည်မရှိဆိုတဲ့စကားလိုပေါ့ 'ခင်ဖုန်း' လိုက်နိုင်မလားမသိဘူး... "

"ဘယ်ကိုတုန်း"

" 'မောင်မောင့်' ကိုသွားခေါ်မလို့... ဒီကောင်ကငါ့မိန်းမယူလိုက်ပြီဆိုတော့ အားငယ်သွားတယ်ထင်ပါ့... ငါယူတဲ့မိန်းမကလည်း သူ့ကိုငြိုငြင်မှာစိုးတယ်ထင်တယ်... တစ်ခါတည်းလစ်ပြေးသွားပြီ"

"သူကအလကားအားငယ်နေတာပဲ... သူနဲ့ 'ခင်ဖုန်း' အစုမှတွေ့ဖူးတာလည်းမဟုတ်ဘူး... စာသင်ခန်းထဲနေ့တိုင်းတွေ့မြင်နေကြရတာပဲဟာ... ပြီးတော့ 'ခင်ဖုန်း' ဒီလောက်သဘောထားမသေးသိမ်ပါဘူး... သူ့ကိုမေမေက အောက်ထပ်မှာနေခွင့်ပေးရဲ့သားနဲ့ သူ့ဖါသာသူ ကားဂိုဒေါင်မှာသွားနေတာပဲ"

"အဲဒါတွေက ကိစ္စမရှိဘူး အရေးကြီးတာက သူကျောင်းလာတက်ဖို့ပဲ... ပို့မယ့်ပို့ကုတို့အထိပို့ချင်တယ် 'ခင်ဖုန်း'... သူ့ခြောကိုယ့်မျက်နှာနဲ့ ရန်ကုန်လာနေရတာ... ကိုယ်ကျောင်းထားပေးလို့ ဒီအတန်းထိရောက်လာခဲ့တာ... ဘွဲ့ရပြီးမှ ကိုယ့်စေတနာလည်းအထမြောက်မယ်... သူ့အတွက်လည်းအကျိုးရှိမယ်... ဘွဲ့ရရင်သူကြိုက်တဲ့အလုပ် နောက်ဆုံးကိုယ့်ကားကိုဆွဲနိုင်းမယ်... သူ့မှာမုဆိုးမအမေနဲ့ ညီ ညီမလေးနှစ်ယောက်ရှိသေးတယ် တော်တော်လေးဆင်းရဲကြတယ်"





"အင်းလေ နဂိုတည်းက အတူတူနေခဲ့ကြတာပဲလေ... သူလည်း ဘယ်သွားချင်ပါ့မလဲ... သူ့ကို 'ခင်ဖုန်း' ကိုယ်တိုင်လိုက်ခေါ်ပေးပါ့မယ်"

"ကျေးဇူးပဲကွာ"

'ဇေယျလွင်' စိတ်ထဲမှပြုံးမိသည်။ နောက်နေ့တွင် 'ခင်ဖုန်း' ၏စာကြည့်ခန်းသို့ တိတ်တိတ်ဝင်မွှေလိုက်သည်။ အံ့ဩစရာကောင်းလောက်အောင် ဗလာစာအုပ်တိုင်းတွင် 'မောင်မောင့်' လက်ရေးတွေနဲ့အတိပြီးနေသည်။

'ဇေယျလွင်' ခေါင်းတညိတ်ညိတ်နဲ့ ကျေနပ်နေမိသည်။ 'မောင်မောင့်' ထံအမြန်ဆုံးလိုက်ဖို့ စိစဉ်လိုက်သည်။ မသွားခင်ညတွင်ဖြစ်သည်။

" 'ခင်ဖုန်း'..."

"ဟင် ..."

"နင်ငါနဲ့နေရတာပျော်လား"

"ခင်ပျားကော ..."

"မင်းငါမေးတာကိုဖြေ"

"ခင်ပျား ဘယ်လိုထင်လဲ"

"မင်းငါ့ကိုမချစ်ဘူးလို့ ထင်တယ်"

"ဘာဖြစ်လို့ထင်တာလဲ"

"မင်းနဲ့ငါ လက်ထပ်ပြီးပြီပဲ... မင်းငါ့ကိုစိတ်ဝင်စားရင်



www.burmeseclassic.com

www.burmeseclassic.com

ငါစိတ်ဝင်စားလာအောင် မင်းပြုစုမှာပေါ့... ဂရုစိုက်မှာပေါ့... မင်းကိုချစ်လာအောင် မြှူဆွယ်မှာပေါ့"

"အဲဒီလိုမြှူဆွယ်တော့ကော ခင်ဗျားကချစ်လာမှာမို့လား တစ်ယောက်နဲ့တစ်ယောက် မချစ်ဘဲတော့ အပိုအလုပ်တွေမလုပ်ကြတာပဲကောင်းတယ်"

"ဟုတ်တယ် မင်းတော်တယ်... ငါတို့တစ်သက်လုံးအပိုအလုပ်မလုပ်ဘဲ နေသွားကြရအောင်... မင်းနေနိုင်ပါ့မလား"

"အိုး ဘာလို့မနေနိုင်ရမှာလဲ... ဟွန်း ခင်ဗျားသာကတိတည်"

"တည်စေချင်ရင် မင်းနဲ့ငါတခြားစီအိပ်တာကောင်းတယ်... ပြီးတော့ မင်းအဝတ်အစားတွေ လုံလုံခြုံခြုံဝတ်ကွာ... စိတ်ထဲကမချစ်ပေမယ့် အနေနီးရင်မှားတတ်တယ်ကွ"

'ခင်ဖုန်း' က မျက်စောင်းထိုးသည်။

"မင်းကိုမေးရဦးမယ်... တကယ်လို့မင်းကိုမပေါင်းနိုင်ဘူးဆိုရင် ကွာပေးမလား"

"ရပါတယ်.... ကိုယ့်အမေသာပိုင်အောင်လုပ်"

သေချာပါပြီ။ သူမသည်မိမိကိုလုံးဝ စိတ်မဝင်စားဝါ။

"နေပါဦး မင်းငါ့ကိုမယူချင်ဘဲနဲ့ ဘာလို့ယူတာလဲ"

"အကြောင်းရှိလို့... 'ခင်ဖုန်း' ချစ်သူကိုရွဲ့ချင်လို့"

"မင်းတော်တော်မိုက်တဲ့ မိန်းကလေးပဲ... ကဲ ရွဲ့တော့





ကော မင်းအတွက်ဘာအကျိုးရှိလဲ... ငါ့ကိုယူလိုက်တော့ မင်းအဆက်က အအိုဖြစ်သွားပြီဆိုပြီး မင်းကိုပိုမုန်းသွားမှာပေါ့"

"တကယ်ချစ်ရင် ခွင့်လွှတ်ရမှာပေါ့... သဘောထားကြီးရမှာပေါ့ မဟုတ်ဘူးလား"

"အာ ဟုတ်တာပေါ့... သိပ်ဟုတ်တာပေါ့"

ညဘက်မှေးကနဲအိပ်ပျော်သွားချိန်တွင် ဆူညံဆူညံအသံကြောင့်လန့်နိုးလာသည်။

"ရှင် ဒီကောင်မကို ခုထိမဖြတ်သေးဘူးလား... ရှင့်အသက်အရွယ်နဲ့ဆို ပုတီးစိပ်ဖို့ကောင်းနေပြီ"

"ငါဘာလုပ်လုပ် မင်းပြောစရာမလိုဘူး..."

"ကျုပ်လင်မို့ ကျုပ်ပြောနေတာ... မဆိုင်ရင်မပြောဘူး... ကျုပ်မျက်နှာကိုမထောက်ရင်တောင်နေ... သားသမီးတွေမျက်နှာကိုတော့ ထောက်ဖို့ကောင်းတယ်... ခုဆိုသမီးတောင်အိမ်ထောင်ကျနေပြီ... ဆရာဝန်ကတော်ဖြစ်နေပြီ... ရှင်ပွေတုန်းပဲ ဘာလဲရှင်က ကျုပ်မသေမချင်းနှိပ်စက်မယ်လို့ စဉ်းစားထားတာလား"

"ဟုတ်တယ် မင်းဟောင်ငါ့ဘဝကို သတ်ပစ်ရက်သေးတာကိုးကွ... မင်းမျက်နှာကိုမြင်ရတာ ကျက်သရေမရှိလို့စိတ်ချမ်းသာမယ့်ဆီသွားနေတာ... မင်းကိုငါမုန်းတယ်ကွ... မင်းမျက်နှာကို မမြင်ရရင်အကောင်းဆုံးပဲ... သွားကွာ သွားကွာ ငါတစ်ယောက်တည်းနေပါရစေ"


www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်ယျလွင်' လည်ပင်းလိမ်၍ 'ခင်ဖုန်း' ဘက်လှည့်ကြည့်သည်။ 'ခင်ဖုန်း' ကလည်း မျက်လုံးဝိုင်းလေးဖြင့် ကြည့်လေသည်

"အဘိုးကြီးမတရားဘူးကွာ..."

"ဘာလို့ပြောတာလဲ... "

အဖေဖြစ်သူကို အဲ့ဒီလိုပြောတော့ 'ခင်ဖုန်း' မကြိုက်ချင်။

"မချစ်ဘူးသာပြောတယ်... 'ခင်ဖုန်း' တို့နှစ်ယောက်ကျတော့ ဘယ်လိုလုပ်မွေးထားသေးလဲ"

"အာ ဘာဆိုင်လို့လဲ... ဒီလူကြီးဘာတွေလျှောက်ပြောနေမှန်းမသိပါဘူး"

"ကိုယ်ပြောတာရှင်းတယ်... မချစ်ရင်လက်ဖျားနဲ့မတို့နဲ့ အခုကိုယ့်ကိုကြည့်လေ"

"လက်ခုတ်ဆိုတာ တစ်ဖက်တည်းတီးလို့ မြည်တာမဟုတ်ဘူးလေ ဒယ်ဒီနှင့် မာမီကလည်း 'ခင်ဖုန်း' တို့နှစ်ယောက်လို မိဘချင်းပေးစားထားတာပဲ... တစ်ခုကွာတယ် အဲဒါကတော့ မာမီကဒယ်ဒီ့ကို သိပ်ချစ်တော့ သဝန်တိုလွန်းတယ်... 'ခင်ဖုန်း' တို့နှစ်ယောက်ကြတော့ 'ခင်ဖုန်း' ကလည်းချစ်မှမချစ်တာ မချစ်တော့မပြုစုဘူး မယုယဘူး... ချစ်ခင်ယုယမှုတွေကိုလဲ ပြန်မမျှော်လင့်ဘူး... မာမီကတော့ ဒီလိုမဟုတ်ဘူး... ဒယ်ဒီမချစ်မှန်း သိလျက်နဲ့ အဆူအပူအကြိမ်းအမောင်းခံပြီး ပြုစုတယ်... ယုယတယ် ဂရုစိုက်တယ်... ပြီးတော့ အတူတူနေရတဲ့ သက်တမ်းကလည်း





ကြည့်ဦး... ဒယ်ဒီလည်းဘာသားနဲ့ထုထားတာမို့ ခံနိုင်ရည်ရှိမှာတုံး"

"ဒါနဲ့နေပါဦး... 'မမြတ်မွန်' နဲ့ 'ခင်ဖုန်း' ဟာအဖေတူအမေကွဲနော်"

"အင်း..."

" 'မမြတ်မွန်' က ငယ်တယ်ဆို"

"ဟုတ်တယ်"

"အဲ့ဒီနေရာမှာ နည်းနည်းရှုပ်သွားတယ်"

"ဘာကိုလဲ"

"စိတ်တော့မဆိုးနဲ့နော်... ဟို 'မမြတ်မွန်' က အကြီးကမွေးတာလား... 'ခင်ဖုန်း' တို့ကအကြီးကမွေးတာလား"

"အင်း ပြောရမှာ ရှက်တောင်ရှက်ပါတယ်"

"ဘာဖြစ်လို့တုန်း"

"ဒယ်ဒီစိတ်ဆိုးလည်းဆိုးစရာပဲ... မေမေဟာဒယ်ဒီကို သူများလက်ထဲကယူခဲ့တာ... ဘယ်လိုသဘောလဲဆိုတော့ အခု 'မမြတ်မွန်' ရယ် 'ခင်ဖုန်း' ရယ် 'ဦးဒေါ်ယျလွင်' ရယ်တို့လိုပုံစံမျိုးပေါ့"

"ဟုတ်လား ဆက်ပါဦး"

"ဒီလိုလေ ဒယ်ဒီတို့မြို့မှာ ဒယ်ဒီတို့မိသားစုဟာချမ်းသာအကြွယ်ဝဆုံးပဲ... အခြွေအရံတွေအမျိုးအဆွေတွေ တစ်ပုံတ



www.burmeseclassic.com

www.burmeseclassic.com



ပင်နဲ့မင်းမျိုးမင်းနွယ်တွေလို ဘဝင်ကခပ်မြင့်မြင့်တွေပေါ့...အထူးသဖြင့် ဒယ်ဒီ့ရဲ့အစ်မနှစ်ယောက်ဟာ အပျိုကြီးတွေ... သူတို့မောင့်ကိုဘယ်သူနဲ့မှတန်တယ်မထင်ဘူး... ဒယ်ဒီက ရုပ်လည်းချောပညာလည်းတတ်တယ်လေ... မြန်မာပြည်ကဘွဲ့အပြင် နိုင်ငံခြားကပါ ပညာတော်သင်ဘွဲ့တွေရလာတာဆိုတော့ မိန်းမတိုင်းက စိတ်ဝင်စားကြတာကလား"

"အင်း အင်း"

ဟုတ်ပါသည်။ 'ဦးမြင့်မော်' သည် ယခုထိချောတုန်းလှတုန်း ငယ်ငယ်ကတော့မပြောနှင့်။

"ဒယ်ဒီအစ်မတွေ ယောက်မရွေးနေကြပေမယ့် ဖေဖေ့မှာကချစ်သူရှိတယ်... အဲ့ဒီချစ်သူဟာ သူတို့အိမ်မှာခိုင်းထားတဲ့အိမ်စေမကြီးရဲ့တူမလေးပဲ... သိပ်လှတယ်လို့ပြောတယ်"

" 'မေမြတ်မွန်' လိုနေမှာပေါ့"

"အင်း တူတော့တူတယ်... ဒါပေမဲ့ 'မေမြတ်မွန်' ရဲ့အမေက အသားပိုဖြူဝင်းပြီး မျက်ခုံးမျက်လုံးပိုလှတယ်လေ... ဒယ်ဒီဟာ နိုင်ငံခြားကပြန်လာပြီး မြန်မာအလှတွေနဲ့ကင်းကွာနေခဲ့ရက သူ့အိမ်ကိုပြန်ရောက်တော့ မိုးပေါ်ကနတ်သမီးကလေး လိုယောင်ဖန်ဆင်းပြီးလာနေသလား ထင်ရလောက်အောင်ဖြစ်ပြီးဟန်မလုပ်နိုင်အောင် 'ခင်ဉ' ကိုအတင်းချစ်ရေးဆိုတော့တာပဲ"

" 'ခင်'... 'ခင်ဖုန်း' ပြောပြတာတွေကို မျက်လုံးထဲမှာ





ရုပ်ရှင်ကြည့်နေရသလို မြင်ယောင်မိတယ်... ကဲ ဆက်ပြောပါဦး"

" 'ခင်ဉ' ကရှောင်လေ ဒယ်ဒီကလိုက်လေပဲ... နိုင်ငံခြားက ပညာသင်လာတဲ့အထဲမှာ ဘယ်ဆရာမှမသင်ပေးဘဲတတ်လာတဲ့ပညာတွေလည်းပါသေးတယ်... အဲ့ဒါကတော့အလျင်ကအေးဆေးတည်ငြိမ်ပြီး ရှက်တတ်တဲ့ဒယ်ဒီဟာ နိုင်ငံခြားကပြန်လာတော့ရဲတင်းလာတယ်... အတင့်ရဲလာတယ် ဖျတ်လတ်သွက်လက်လာတယ်... ပြောရဲဆိုရဲလက်ရဲဇက်ရဲဖြစ်လာတယ်"

"အင်း ဒါတွေကို 'ခင်ဖုန်း' ဘယ်လိုသိတာတုန်း"

"ဒယ်ဒီ့အစ်မတွေဟာ 'ခင်ဖုန်း' ရဲ့ကြီးဒေါ်တွေပဲဟာ... သူတို့အမြဲပြောပြတာပဲ"

"ဩော် ဟုတ်သားပဲ... ကဲ ဆက်ပါဦးဗျာ"

"ဒယ်ဒီကလူလစ်တာနဲ့ 'ခင်ဉ' အနားရောက်သွားတာပဲ ရီးရီးအအလှလှပပ တောသူမလေးကိုတွေ့လို့မှမကြာဘူးချစ်ရေးဆိုပြီးပြီ... 'ခင်ဉ' ကကြောက်တော့ ငြင်းတယ်... ငြင်းလေဆိုးလေပေါ့... 'ဦးဖေယျလွင်' နောက် အကြောင်းတိုက်ဆိုင်ရင် ဒယ်ဒီတို့နယ်ကအိမ်ကြီးကိုရောက်ဦးမှာပါ... အဲ့ဒီအိမ်ကြီးကိုပိုက်ဆံပေါ်တိုင်းအကြီးကြီး အမြင့်ကြီး အခန်းတွေအများကြီးပဲ... အဆောင်တွေအများကြီးထုတ်ပြီး ဆောက်ထားလိုက်တာရဲတိုက်ကြီးကျနေတာပဲ... လူတစ်ယောက်ပျောက်ရင် တစ်ခန်းဝင်တစ်ခန်းထွက်နဲ့ ရှာလိုက်ရတာအသက်ထွက်မတတ်ပဲ... ဒယ်ဒီနေတဲ့ အ



www.burmeseclassic.com

www.burmeseclassic.com

ခန်းဆိုရင် ပေးသုံးဆယ်ဝန်းကျင်လောက်ကျယ်တာ... ဒယ်ဒီဟာ 'ခင်ဥ' ကိုချော့တစ်မျိုးခြောက်တစ်လှည့်နဲ့ နောက်ဆုံး 'ခင်ဥ' ကိုသူ့အခန်းထဲမှာ ခေါ်သိပ်တဲ့အထိဖြစ်လာပြီး တိတ်တိတ်ပုန်း ညားသွားကြတယ်... မဖုံးနိုင်မဖိနိုင်ဖြစ်တော့မှ ကြီးကြီးတို့သိ ကုန်တယ်... 'ခင်ဥ' ဗိုက်ကခြောက်လလောက်ရှိနေပြီ ဖျက်ချဖို့ လည်းမဖြစ်နိုင်ဘူး... ဒယ်ဒီကလည်း 'ခင်ဥ' မှ 'ခင်ဥ' ဖြစ်နေ တော့ ကြီးကြီးတို့စိတ်ညစ်ရတာပေါ့... ဘာဖြစ်လို့လဲဆိုတော့ ဒယ်ဒီကိုရန်ကုန်က သူဌေးသမီး 'ခင်ခင်ကြည်' နဲ့ပေးစားဖို့လူ ကြီးချင်းပြောထားဆိုထားကြပြီးပြီ... 'ခင်ခင်ကြည်' က ဆယ် တန်းအောင်ထားပြီးသားလေ"

"'ခင်ဖုန်း' ရဲ့မေမေ မဟုတ်လား"

"အင်းလေ ကြီးကြီးတို့က 'ခင်ဥ' ကိုငွေပေးပြီးတော့ပြန် နိုင်းတယ်... ဒယ်ဒီကပြန်မလွှတ်ဘူး... 'ခင်ဥ' ကိုပဲလူသိရှင်ကြား ယူမယ်ဘာမယ်နဲ့ဂျီကျတယ်... မြို့မျက်နှာဖုံးတွေဖြစ်ပြီး နိုင်ငံ ခြားပြန်တစ်ယောက်ဖြစ်တဲ့ ဒယ်ဒီ့ကိုကြီးကြီးတို့ဘယ်လိုလုပ်ပြီး အိမ်စေရဲ့တူမနဲ့ပေးစားနိုင်မှာလဲ.. ကြီးကြီးတို့ကဘဝင်ကလည်း မြင့် အကြွားကလည်းထူထားတော့ ဒီကိစ္စကိုလူသိသွားမှာသိပ် ကြောက်နေတာ... နောက်ဆုံးအိမ်စေမကြီးရော 'ခင်ဥ' ကိုပါ တခြားတစ်မြို့မှာ တစ်အိုးတစ်အိမ်ထူထောင်ပေးပြီး တောင်းပန် ခယပြီးသွားထားရတယ်... အိမ်စေမကြီးမှာ 'ခင်ဥ' ထက်အကြီး





တူမနှစ်ယောက်ရှိသေးတယ်... သူတို့က 'ဒေါ်သိန်း' နဲ့ 'ဒေါ်အုံး' ပဲ"

"ဩော် ဩော် သိပြီ သိပြီ"

"ဒယ်ဒီကအပိုင်ပေါင်းတယ်... သနားတတ်တဲ့ယုံလွယ် တတ်တဲ့ 'ဒေါ်သိန်း' နဲ့ 'ဒေါ်အုံး' တို့ကိုအသနားခံပြီး မက်မော လောက်တဲ့ပစ္စည်းတွေပေးပေါင်းပြီး 'ခင်ဥ' နဲ့တိတ်တိတ်ဆက် ပေါင်းတယ်"

"ဩော်..."

"ကြီးကြီးတို့က 'ခင်ခင်ကြည်' နဲ့ပေးစားတာကိုမယူချင် တော့ အကြောင်းပြပြီးငြင်းတယ်... 'ခင်ခင်ကြည်' ဘွဲ့ရမှယူမယ် လို့အချိန်ဆွဲတယ်... အလုပ်ကိစ္စနဲ့နယ်ပြောင်းရတဲ့ ဒယ်ဒီနောက် ကို ကြီးကြီးတို့အမြဲလိုက်မနေနိုင်တော့ 'ခင်ဥ' တို့ညီအစ်မတွေ ကို ဒယ်ဒီအလုပ်ပြောင်းတဲ့နေ့မှာ အိမ်သပ်သပ်နဲ့ထားတယ်... ဒယ်ဒီသမီးနှစ်ယောက်ရတဲ့အချိန်မှာ 'ခင်ခင်ကြည်' က ဘွဲ့ရ တယ်... ဘွဲ့ရတော့စောစောက စီစဉ်ထားတဲ့အတိုင်း 'ခင်ခင် ကြည်' ပေးစားဖို့စီစဉ်တော့တယ်"

"ဒုက္ခပါလား... ပြဿနာတွေရှုပ်ကုန်ပြီပေါ့"

"ဟုတ်တယ် ဒယ်ဒီဟာ 'ခင်ဥ' ကိုအတော်ချစ်တာ အဲဒီ ကို 'ခင်ခင်ကြည်' နဲ့ယူဖို့ ကြီးကြီးတို့စီစဉ်နေတဲ့အချိန်မှာ 'ခင်ဥ' ကလေးနှစ်ယောက်ရနေတဲ့အကြောင်း ပြောင်ဖွင့်ပြောတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ တယ်ဟုတ်ပါလား"

"ကြီးကြီးတို့ကလည်း အကြီးအကျယ်ဒေါ်ပွတာပေါ့… 'ခင်ခင်ကြည်' မိဘတွေကိုအားနာတာပေါ့… နောက်ဆုံး 'ခင်ဦ' နဲ့ရတဲ့ကလေးနှစ်ယောက်ကို ကြီးကြီးတို့ခေါ်ထားပြီး 'ခင်ခင်ကြည်' နဲ့အတင်းပေးစားတယ်"

"အင်း ဒီဘက်ပိုင်းကိုရောက်လာပြီ"

"ဒယ်ဒီဟာ 'ခင်ဦ' ကိုဘယ်လောက်ချစ်သလဲဆိုရင် လက်မထပ်ခင်မှာ သူနဲ့ 'ခင်ဦ' ဘယ်လိုအခြေအနေရှိတယ်ဆိုတာကို ဖွင့်ပြောတယ်"

"ဟာ"

"ပထမတော့ မာမီလည်းဒေါကန်တာပေါ့… ရှက်လည်းရှက်ဒိုလည်းဒိုပေါ့"

"အဲ့လိုဖွင့်ပြောတာတောင် 'ခင်ဖုန်း' မာမီကယူတာပဲလား"

"မယူလို့ဘယ်ဖြစ်မလဲ… လေးငါးနှစ်အစီအစဉ်တွေလုပ်ပြီး ရပ်ဆွေရပ်မျိုးဆွေမျိုးမိတ်သဂ်ဟတွေအားလုံး 'ခင်ခင်ကြည်' နဲ့ 'မြင့်မော်' နဲ့ယူကြမယ့်ကိစ္စကို အားလုံးသိနေတာပဲ… ပြီးတော့ မာမိက 'ဦးမြင့်မော်' ကို ဓါတ်ပုံထဲမှာ မြင်ဖူးကတည်းက စွဲလန်းမြတ်နိုးအထင်ကြီးခဲ့တာ… ဒယ်ဒီကိုတစ်ခါတလေ အမှတ်မထင်ဆုံဆည်းစကားပြောခွင့်ရတဲ့အခါမျိုးတွေဆို ဒီလူချောနဲ့တစ်နေ့





အတူနေဖို့တွေးပြီး စိတ်ကူးယဉ်ပျော်မြူးနေခဲ့တာ… ကြီးကြီးတို့နဲ့အတူပါလာတတ်တဲ့ ဒယ်ဒီကို 'ခင်ခင်' ရဲ့ခင်ပွန်းလောင်း ခင်ပွန်းလောင်းနဲ့လက်ညှိုးထိုးပြီး ကြားရတာလည်းအမော့ပဲ"

"အတော်ချစ်ရှာတာကိုး"

"အဲ့ဒီလောက်ချစ် အဲ့ဒီလောက်ကြားထားပြီးမှ ဒီလူနဲ့မယူဖြစ်ဘူးဆိုရင် မာမီတို့မျက်နှာကြီးမိုင်းမှာ အရှုတ်ကွဲရမယ့်ကိန်းကြုံနေတယ်… ဒါနဲ့ဒယ်ဒီကို ဆုပ်လဲဆူး စားလဲရူးဘဝနဲ့ပဲလက်ထပ်ဖို့စီစဉ်တော့တာပဲ… ဒီကိစ္စမှာ မာမီသာလက်မခံရင် 'ခင်ဦ' နဲ့ဒယ်ဒီအိမ်ထောင်ရေးက ပြေလည်နိုင်စရာရှိတယ်လေ"

"ဒါပေါ့"

"မာမီ့ကိုအကြောင်းစုံ ဖွင့်ပြောပြတောင်းပန်ထားလျက်နဲ့ လက်ခံရပ်ါမလားဆိုပြီး ဒယ်ဒီကမချစ်ရတဲ့ကြားထဲ အမုန်းကြီးမုန်းခဲ့တယ်… ကြီးကြီးတို့ကလည်း 'ခင်ဦ' တို့ညီအစ်မတစ်စုကို ခါးကြိမ်းကြိမ်းပြီးသတိပေးတယ်… 'ခင်ဦ' ဆီ 'ကိုမြင့်မော်' ဆက်သွယ်နိုင်အောင်ကြားက အဆက်အသွယ်ဖြတ်တယ်… 'ခင်ဦ' အထင်လွဲမယ့်စကားမျိုးနဲ့သွေးထိုးတယ်"

"ဘယ်လိုစကားမျိုးလဲ"

"နင့်ကိုတကယ်ချစ်တာ မဟုတ်ဘူး… လွယ်လွယ်ရလို့အပျော်ကြံတာတို့… အခု 'ခင်ခင်ကြည်' နဲ့ပျော်နေလို့နှင့်ဆီလာတာတို့ပေါ့… 'ခင်ခင်ကြည်' က ပိုက်ဆံချမ်းသာပြီး ရုပ်



www.burmeseclassic.com

www.burmeseclassic.com



ချောပညာတတ်တို့ပေါ့"

"အင်း အင်း ဒါနဲ့ 'မေမြတ်မွန်' အကြောင်းမပါသေးဘူး ထင်တယ်"

"အံမယ်လေး သူ့အဆက်အကြောင်း သိချင်သေးတယ် ပေါ့လေ"

"အာ ဒါပေါ့ ဒါပေါ့... အရေးအကြီးဆုံးပေါ့"

"'ခင်ဥ' နဲ့ဒယ်ဒီနောက်ဆုံးကွဲကွာချိန်မှာ ကိုယ်ဝန်ပါ သွားတယ်... အဲဒါ 'မေမြတ်မွန်' ဆိုတဲ့ကောင်မလေးရဲ့ဘဝအစ ပေါ့"

"ဩော်..."

"'ခင်ဥ' က သူ့ယောကျ်ားကိုမျှော်လင့်သေးတယ် ဒါပေ မဲ့ 'ဒေါ်သိန်း' တို့ 'ဒေါ်အုံး' တို့ကထိန်းထားတယ်... စိတ်နာ အောင်ပြောထားတယ်... ကမ္ဘာမြေလောကမှာ 'ခင်ဥ' လောက် ချစ်ရမယ့်လူမရှိဘူးပြောပြီး တခြားမိန်းမတစ်ယောက်ကို ပေါ်ပေါ် ထင်ထင်လက်ထပ်ယူရက်တာရယ် မာမိနဲ့ကိုယ်ဝန်ရတာရယ် နောက်မိန်းမတွေထည်လဲတွဲပြီး ပွေချင်တိုင်းပွေနေတဲ့ ဒယ်ဒီကို လူရှုပ်လူပွေတစ်ယောက်ပဲထင်ပြီး သူ့ဘဝအတွက် မျှော်လင့်ချက် မရှိတော့ဘူးလို့ စိတ်လျှော့လိုက်ပုံရတယ်... 'မေမြတ်မွန်' ကိုမွေး ပြီး 'ခင်ဥ' ဆုံးသွားတယ်... 'ခင်ဥ' ဆုံးသွားတာကိုသိတော့ ဒယ်ဒီ က မာမိကိုဗိုနိုပ်စက်တယ်... ပွေတယ် ခုချိန်ထိပဲ အခုအချိန်မှာ





ဒယ်ဒီဟာစိတ်ကောင်းနှလုံးကောင်းရှိတာ ငွေရှိတာ ဂုဏ်ရှိတာ တလွဲရင် ကျန်တာဘာမှမကောင်းဘူး... အသက်ကြီးပေမဲ့ဘုရား မရှိတရားမရှိဘူး... အရက်သောက်တယ် ဖဲရိုက်တယ် မိန်းမရှုပ် တယ်"

"ယောက္ခမကြီးပြောတာတွေလည်း မှန်တာတွေရှိတယ်"

"ဘယ်ယောက္ခမကြီးလဲ"

"'ဦးမြင့်မော်' လေ"

"အံမာ ဘာယောက္ခမကြီးလဲ... 'ခင်ဖုန်း' နဲ့ 'ဦးဇေယျ လွင်' ဘာမှမဆိုင်ဘူး"

"အာ ဟား ဘယ်သူကဆိုင်တယ်ပြောလို့လဲ... ကျုပ်က လည်းခင်ဗျားနဲ့ပတ်သက်ပြီး ယောက္ခမတော်တာမဟုတ်ဘူး... 'မေမြတ်မွန်' နဲ့ပတ်သက်ပြီးတော်တာပါဗျာ"

"ကဲ ဒယ်ဒီပြောတာ ဘာမှန်သလဲပြောပါဦး"

"ဩော် အချစ်မပါတဲ့အိမ်ထောင်ရေးဟာ ဆားမပါတဲ့ ဟင်းလိုပဲ ပေါ့ရွှတ်ရွှတ်ဖြစ်မှာပဲ... တခြားကိုကြည့်နဲ့ 'ဦးမြင့် မော်' ကမချစ်ပါဘူးပြောထားလျှက်နဲ့ အတင်းယူတော့ 'ခင်ဖုန်း' တို့အမေပဲတစ်သက်လုံးစိတ်ဆင်းရဲရတော့ မဟုတ်လား... 'ခင် ဖုန်း' တို့အမေဟာ ဒီလိုစိတ်ဆင်းရဲမှုမျိုးတွေကို ကိုယ်တိုင်ခံစား နေရပါလျှက် ကိုယ့်သမီးလေးကိုအချစ်မပါတဲ့ အိမ်ထောင်ရေး ဝဲဂယက်ထဲဆွဲနှစ်ပစ်တာတော့ ဘယ်ကောင်းမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပြောတာတွေ မှန်ပါတယ်... ဒါပေမဲ့ဗျာ အချစ်ရေးမှာ ကျွန်တော်တို့သားအမိနှစ်ယောက်လုံး ကံမကောင်းကြဘူး... ဒယ်ဒီ့ကိုမာမီသိပ်ချစ်ပေမယ့် မာမီ့ကိုကျတော့ဒယ်ဒီက တစ်စေ့လေးမှမချစ်ဘူး... ဒီလိုပဲ 'ခင်ဖုန်း' ချစ်သူက 'ခင်ဖုန်း' ကိုမချစ်ဘူး... ဒါကြောင့်သူ့ကိုရွဲ့ပြီး ခင်ဗျားကိုယူဖို့သဘောတူခဲ့တာ"

"အဲ့ဒီလိုရွဲ့လိုက်တော့ ငါနဲ့ယူလိုက်ရတော့ မင်းကျေနပ်သွားရောလား... ပျော်ရွှင်သွားရောလား မင်းချစ်သူအပေါ်အနိုင်ရသွားရောလား"

"မရပါဘူးဗျာ... ခုထိ သူ့ကိုချစ်နေတုန်းပဲ... မျှော်လင့်နေတုန်းပဲ"

"ဒါဆိုလည်းငါ့ကိုကွာပြီး သူနဲ့ယူပေါ့ကွ... ငါကျေနပ်ပါတယ်"

"ဟွန်း မသိရင်ခက်မယ်နော်... ကျေကျေနပ်နပ်ကြီးကွာပေးချင်မှာပေါ့... ခင်ဗျားက 'ခင်ဖုန်း' နဲ့အတူမနေချင်တာကိုး မဟုတ်ဘူးလား"

"ဟုတ်တာပေါ့... မင်းကလည်းငါ့ကိုမချစ်ဘူး ငါကလဲ မင်းကိုမချစ်ဘူး... ဒီတော့ အတူမနေကြတာပဲကောင်းတယ်... ဇော်ကြာ အိုးချင်းထားအိုးချင်းညားဆိုသလို..."

"အို မဟုတ်ပါဘူး... အိုးချင်းထားအိုးချင်းထိပါ ဘာတွေ





လျှောက်ပြောနေမှန်းလည်းမသိဘူး"

"မထူးပါဘူးကွာ... နောက်ဆုံးဆိုလိုရင်းကတော့ အဲ့ဒါပါပဲ... ကြာကြာအတူနေကြရင် မှားကုန်လိမ့်မယ်... မချစ်ဘဲညားတော့ဘာဖြစ်မလဲ... မင်းအဖေနဲ့အမေလိုဖြစ်ကုန်မှာပေါ့... ဒီတော့ မင်းချစ်သူနဲ့မင်းပြန်ယူကွာ"

"သူကမှမယူချင်တာ... လက်ခုပ်ဆိုတာ တစ်ဘက်တည်းတီးလို့မြည်တာမှမဟုတ်ဘဲ... အဖိုးတုန်းကတောင် မယူတာ ခုလိုလက်ထပ်ပြီးမှဆိုတော့ ပိုပြီးယူမှာမဟုတ်တော့ဘူး"

"မင်းအမျိုးသားအချစ်က မစစ်မှန်ဘူးထင်တယ်"

"အဲ့မှာ အဲ့လိုမပြောပါနဲ့... သူ့ 'ခင့်' ကိုသိပ်ချစ်တယ် 'ခင်' သိတယ်"

"ဘယ်သူလဲပြောကွာ... ငါသွားပြောပေးမယ်... မင်းနဲ့ ငါနဲ့ဘာမှမဖြစ်ဘူးဆိုတာ ငါသွားရှင်းပြမယ်... ဘယ်သူလဲပြော"

'ခင်ဖုန်း' မျက်လုံးလေးကလယ်ကလယ်ဖြင့် စဉ်းစားနေသည်။ အတန်ကြာမှ...

"သူ မရှိဘူး"

"ဘယ်သွားလဲ"

"သူကမန္တလေးကလေ... မန္တလေးမှာပေါ့"

သူမတို့အကြောင်းကို မိမိမသိသေးဘူးထင်ပြီး ညာနေသေးသည်။ အေးပေါ့လေ ပုဏ္ဏာရှိရင်အဖြေဆိုတာပေါ်စမြဲပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ တဲ အိပ်တော့… မနက်ကျရင်စောစောထရမှာ"

"ကျောက်ဆည်မှာဘယ်နှစ်ရက်လောက် နေမှာလဲဟင်"

"သုံးရက်အလွန်ဆုံးပါပဲ… 'ဗိုးမောင်' ကိုခေါ်ပြီး ပြန်လာခဲ့ယုံပဲ… 'ခင်ဖုန်း' မလိုက်ချင်လည်းနေခဲ့လေ"

"အင်း လိုက်မှာပေါ့… ဟိုကျတော့မန္တလေးထိလိုက်ပို့လေ… 'ခင်ဖုန်း' အဆက်ဆီကို"

"အင်း အင်း"

မသိရင်ခက်မယ်ဗျာ။ မသိရင်ခက်မယ်။



အခန်း ။ ။ နှစ်ဆယ့်ခုနှစ်

မမျှော်လင့်ပဲ 'ဧယျလွင်' နှင့် 'ခင်ဖုန်း' တို့ကို မြင်ရလေသောအခါ 'မောင်မောင်' တစ်ယောက် ကုန်းကုန်းကွကွနှင့် ခေါ်ရမလိုလိုမခေါ်ရမလိုလိုအနေခက်နေရှာသည်။ အတန်ကြာလေမှ စိတ်ကိုထိန်း၍…

"'ကိုဧယျ' တို့ဘယ်လိုကဘယ်လို ကျွန်တော့်ဆီရောက်လာကြတာလဲ"

"မင်းဆီတမင်လာတာ… မင်းတော်တော် ဒုက္ခပေးပါလားကွာ ဟင် ကျောင်းပြီးအောင်တတ်ပါလို့ အတန်တန်ပြောထား တောင်းပန်ထားလျက်နဲ့… ဘာလဲ မင်းငါ့ကို ဂရုမစိုက်တဲ့သဘောလား"

www.burmeseclassic.com



"ဟာ မဟုတ်ပါဘူး ကိုကြီးရာ အားနာ..."

"အားနာတဲ့စကား မင်းနဲ့ ငါနဲ့ကြားမှာ ပြောစရာမလိုဘူးကွ... 'ခင်ဖုန်း' ကလည်းသူတို့မိသားစုကို ဘာမှအားနာစရာမလိုဘူးတဲ့ ကဲ 'ခင်ဖုန်း' မင်းသူငယ်ချင်းကို နားလည်အောင် ပြောပြလိုက်ပါဦးကွာ"

'ခင်ဖုန်း' ဘာမှဖြစ်သလိုမျက်နှာဖြင့်...။

"ဟုတ်ပါတယ် 'မောင်မောင်' 'ခင်ဖုန်း' တို့အိမ်ကပဲ ကျောင်းတက်ပါ... 'ခင်ဖုန်း' အတွက်လဲ ကျောင်းကိစ္စနဲ့ပတ်သက်ပြီး အကူအညီရတာပေါ့"

"ဟုတ် ဟုတ်ကဲ့..."

'ဖေယျလွင်' စိတ်ဆိုးမှာစိုး၍ 'မောင်မောင်' ခေါင်းညိတ်လိုက်ခြင်းဖြစ်သည်။ ရန်ကုန်ကိုပြန်လိုက်ပြီး 'ခင်ဖုန်း' နှင့် တစ်ခြံတည်းတစ်အိမ်တည်း ကြာကြာနေ၍မဖြစ်။ မီးကိုကြိုတင်မလောင်ခင်ကတားတာကောင်းသည်။ မိမိသည်အသည်းနှလုံးနှင့်ဖွဲ့စည်းထားသောလူသားပါ။ သူတို့လင်မယားကိုကြည့်ပြီး 'မောင်မောင်' မျက်ရည်မထွက်ပဲငိုနေရသည့်ဘဝပါ။ ရက်စက်တဲ့ 'ခင်ဖုန်း' ရယ် ငါ့ဆီကိုများလင်တော်မောင်နဲ့ တွဲပြီးလာရက်တယ်နော် အကြံအစည်နှင့်လာသူက 'ဖေယျလွင်'

"'ခင်ဖုန်း' ရေမွန်းလေးသွားမယ်... 'ခင်ဖုန်း' အဆက်ဆီလိုက်မယ်မဟုတ်လား"





နောက်နေ့မနက်တွင်ဖြစ်သည်။

"နေပါစေတော့... သူကမှမချစ်တာ... ကိုယ်သွားလဲ အရှက်ကွဲယုံပဲရှိမှာပဲ... ပြီးတော့ ခရီးပန်းလာလို့လားမသိဘူး... 'ခင်ဖုန်း' ခြေတွေလက်တွေညောင်းနေတယ်"

"ဒါဆိုလဲ အနားယူနေလိုက်လေ... ကိုယ်သွားမယ်... အပြန်နောက်ကျရင် စိတ်မပူနဲ့"

ထိုစကားကြောင့် 'ခင်ဖုန်း' မျက်နှာ သိသိသာသာဝင်းထိန်သွားသည်။

"အင်း အင်း..."

အားလုံးကို 'ခင်ဖုန်း' ကိုဂရုစိုက်ဖို့မှာကြားပြီး 'ဖေယျလွင်' ထွက်ခဲ့သည်။ အားလုံးယုံအောင် ရွာထိပ်သို့ထွက်ခဲ့ရသည်။ ဒါတောင် 'မောင်မောင့်' ညီငယ်က ကားလာသည်အထိလာစောင့်ပေးနေသဖြင့် ဟန်လုပ်ပြီးခရီးသည်တင်ဘတ်စ်ကားပေါ်တက်ခဲ့ရသည်။ သို့သော် ပိုက်ဆံတစ်ကျပ်ပေးပြီး သိပ်မဝေးခင်မှာပြန်ဆင်းခဲ့ရသည်။

မိမိကိုမမှတ်မိစေရန် အပိုယူလာသောအဝတ်အစား လဲပစ်လိုက်သည်။ ထိုနောက်အရိပ်အခြည်ကြည့်၍ 'မောင်မောင်' တို့အိမ်ရှိရာပြန်လာခဲ့သည်။ အိမ်ရှေ့တွင် 'မောင်မောင့်' ညီမလေးမောင်းထောင်းနေသည်။ ညီငယ်ကသူများလယ်ကိုအငှားလုပ်၍ အိမ်မှာမရှိ။ 'မောင်မောင့်' အမေက ကြိမ်ကြိုးကြိမ်နွယ်များဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ကြိမ်ခြင်းတောင်းထိုးနေသည်။ ခြံအပြင်ဘက် ခပ်လှမ်းလှမ်းမှ အကဲခတ်နေခြင်းဖြစ်သည်။ အတန်ကြာရပ်စောင့်ကြည့်ယုံဖြင့် အိမ်ထဲတွင် 'ခင်ဖုန်း' တို့နှစ်ယောက် ရှိတာကိုသိနိုင်သည်။ သိဖို့လွယ်ပါသည်။ 'မောင်မောင်' တို့ အိမ်သည် အခန်းအဖွဲ့အစည်းမရှိပဲရှေ့ပ်လို့စောက်ထားသော ထရံကာသက်ကယ်မိုး ဝါးကြမ်းခင်းသည့်အိမ်မျိုး။

"ဟာ ဆရာဝန်ကြီးပြန်လာပြီ"

'မောင်မောင့်' ညီမက အထိတ်တလန့် အော်ခြင်းဖြစ်သည်။

"ဟုတ်တယ်ကွာ... ကားဘီးပေါက်သွားတာနဲ့ မသွားတော့ဆိုပြီး ပြန်လာတာ... ဒါနဲ့ ဦးဦးမိန်းမရော"

"မမကို ကိုကြီး 'မောင်မောင်' ပျင်းမှာဆိုးလို့ ရွာထဲလျှောက်ပြပါတယ်... လိုက်သွားချင်ရင်လိုက်ပို့ပေးပါ့မယ်"

"နေပါစေ ငါ့တူမ ဦးဦးလိုက်သွားမယ်... ရွာကသေးသေးလေးပဲ ခဏလေးနဲ့တွေ့မှာပါကွ... ငါ့တူမသာဒီမှာစောင့်နေ ပစ္စည်းတွေပျောက်မှာစိုးလို့ပြောတာ"

"စိတ်ချပါ ဆရာဝန်ကြီး"

ရွာထဲကိုမသွားဘဲ ရွာပြင်ထွက်ခဲ့သည်။ အကာအကွယ်ကောင်းသော နေရာမျိုးကိုရှာသည်။ အိမ်လောက်မြင့်သော ကောက်ရိုးပုံကြီးများကို မိုးမစိုအောင် အမိုးလုပ်ထားသောပုံစံမျိုး





အတော်များများတွေ့ရသည်။ ထိုနေရာများကို တစ်ခုပြီးတစ်ခု လှည့်ပတ်၍ကြည့်သည်။ သုံးခုမြောက်သောကောက်ရိုးပုံကြီးနား အရောက်တွင် စကားသံခပ်တိုးတိုးကိုကြားရသဖြင့် ခြေသံမကြားအောင် သတိထား၍လျှောက်လာခဲ့သည်။

"လာပါကွာ... အိမ်မှာပဲ ပြန်စကားပြောကြရအောင်... မထင်မှတ်ပဲ 'ကိုဇေယျ' ပြန်လာရင်မကောင်းဘူးကွာ"

"ဘာဖြစ်လဲ ပြန်လာတော့"

"ပြန်လာလို့ 'ခင်ဖုန်း' မတွေ့ရင် လိုက်ရှာမှာပေါ့... ကိုယ်တို့နှစ်ယောက် ခုလိုတွေ့ရင်ကောင်းမလား"

"ဘာဖြစ်လဲ လယ်တွေယာတွေ လာလေ့လာတာလို့ပြောလိုက်မှာပေါ့... ကဲပါ မေးတာသာဖြေစမ်းပါ"

"ဘာကိုဖြေရမှာလဲ"

"ဘာဖြစ်လို့ထွက်ပြေးတာလဲ ပြော"

"တစ်ခြားလူတစ်ယောက်နဲ့ လက်ထပ်ပြီးမှ ချစ်သူကိုတစ်ခြိတ်တည်းခေါ်ထားတာသင့်တော်သလား 'ခင်ဖုန်း'... တစ်ခြားတစ်ယောက်နဲ့အတူ အိပ်စက်ပျော်မွေ့နေမယ်ဆိုတာသိလျက် ဘယ်ချစ်သူက တစ်ခြံတည်းနေချင်မှာလဲ... ကျေးစူးရှင်နဲ့ချစ်သူ ယူတာကို ဘာမှမကျေနပ်စရာမရှိဘူး... ကျေးဇူးရှင်ရဲ့မိန်းမယား ဖြစ်နေတဲ့ချစ်သူကို ကျွန်တော်ဘယ်တော့မှမပြစ်မှားဘူး စခေတ် ပြန်ဘူး"



www.burmeseclassic.com

www.burmeseclassic.com

" 'ခင်' နဲ့သူ ခုထိဘာမှမဖြစ်သေးဘူး... "

"ဘာမဖြစ်တာလဲ"

"ဟာကွာ မောင်နဲ့စကားပြောရတာ သိပ်လက်ဝင်တာပဲ လက်ထပ်ထားပေမဲ့ တစ်ယောက်နဲ့တစ်ယောက် ဟို... ဟိုဒင်း လင်မယားလိုမနေကြဘူးလို့ပြောတာ"

"မယုံဘူးကွာ"

"တကယ်ပြောနေတာ မယုံလည်းနေ"

'ခင်ဖုန်း' စိတ်တိုတိုဖြင့်အော်သည်။

"တိုးတိုးပြောပါ 'ခင်ဖုန်း' ရာ... သူများတွေကြားသွားရင်မကောင်းဘူး...ဒီလောက်လှတဲ့ 'ခင်ဖုန်း' လိုမိန်းမတစ်ယောက် တစ်အိပ်ယာတည်းအတူ တစ်ပတ်နီးပါးအိပ်ရတဲ့ယောကျ်ားတစ်ယောက်ဟာ မဖောက်ပြန်ဘဲရှိပါ့မလား"

"ကိုယ့်စိတ်နဲ့နှိုင်းမရိုင်းတဲ့... ဟွန်း မောင်ပြောတဲ့စကားအတိုင်းဆို မောင်နဲ့တစ်ခြားမိန်းမလှလေးတစ်ယောက်ကို တစ်ပတ်လောက် အတူထားရင် မောင်ကဖောက်ပြန်မှာလား"

"မပြောတတ်ဘူးလေ... အတူမှအဲဒီလိုမနေဖူးသေးတာ"

"ကိုယ့်ချစ်သူမဟုတ်ပဲနဲ့ တစ်ခြားမိန်းကလေးတစ်ယောက်ကို ရင်းရင်းနှီးနှီးနေတာမျိုး 'ခင်ဖုန်း' တော့မကြိုက်ပါဘူး မောင်သာတစ်ခြားတစ်ယောက်နဲ့ အဲဒီလိုနေရင် 'ခင်ဖုန်း' အကြောင်းသိသွားမယ်"





'မောင်မောင်' က 'ခင်ဖုန်း' ဆံပင်လေးများကို ယုယစွာကိုင်တွယ်ရင်း ချစ်သူမျက်နှာလှလှလေးကို ပြုံး၍စိုက်ကြည့်နေသည်။ 'ခင်ဖုန်း' ကနှုတ်ခမ်းလေးစူနေအောင် စူထားပြီးမျက်ခုံးလေးတွန့်၍...။

"မောင်အရမ်းပိန် တာပဲ... 'ခင်' ယောကျ်ားယူလိုက်လို့ စိတ်ညစ်ပြီးပိန် တာမဟုတ်လား"

"မဟုတ်ပါဘူး ဖျားလို့"

"မညာနဲ့ သူ့အကြောင်းအကုန်သိတယ်... မောင်ညာတာတွေသိတယ်... မောင်နဲ့ယူရမယ်ဆိုတဲ့ 'နွဲ့ယဥ်' ဆိုတာလည်း အိမ်ထောင်ကျသွားပြီတဲ့... 'ခင်' အားလုံးမေးပြီးပြီ... "ပြော 'ခင့်' ကိုစိတ်ဆင်းရဲအောင် ဘာလို့မဟုတ်တာတွေလျှောက်ပြောတာလဲ ဟဲ့ ကဲ သူများကို စိတ်ဆင်းရဲအောင်လုပ်ဦး လုပ်ဦး"

"အား ပါး နာတယ်ကွာ"

ဗိုက်ကိုအတင်းဆွဲလိမ်ထားသဖြင့် 'မောင်မောင်' ရှုံ့မဲ့၍အော်မိသည်။

"နာပါစေ 'ခင့်' ကိုနှိပ်စက်တဲ့လူ... အကြင်နာမရှိတဲ့လူ ဆိုးတဲ့လူ... တစ်ခါတည်းအသေသတ်ပြီးမှ ပြန်မယ်သိလား"

"သတ် သေသွားမှ ပိုကောင်းဦးမယ်... အသက်ရှင်နေရင် စိတ်ဆင်းရဲဦးမယ်"

"မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com

'ခင်ဖုန်း' က 'မောင်မောင်' ရင်ခွင်တွင်း အတင်းတိုးဝင်ပြီး အတင်းဖက်ထားသည်။

" 'ခင်' တော့ 'ဦးဖေချ်လွှတ်' ကိုဖွင့်ပြောလိုက်တော့မယ်"

"ဘာဖွင့်ပြောမှာလဲ"

" 'ခင်' တဲ့ မောင်ဖြစ်နေတာလေ... ပြီတော့သူနဲ့ကွာပြီး မောင်နဲ့ ပဲနေတော့မယ်"

"ဟာ ဟာ မဖြစ်နိုင်တာဘဲ... လုံးဝမဖြစ်နိုင်တာဘဲ"

'မောင်မောင်' ထိတ်လန့်တကြား အော်ဟစ်ပစ်သည် ငြင်းဆိုသည်။ သူမကိုလည်း အတင်းတွန်းထုတ်မိသည်။ 'ခင်ဖုန်း' ကောက်ရိုးပုံထဲဖြစ်၍ သိပ်မနာကျင်လှသော်လဲ လက်တော့ခေါက် သွားသည်။ မျက်ရည်စို့နေသော မျက်လုံးလေးဖြင့် သူမလက် ကောက်ဝတ်ကိုဆုပ်ကိုင်ထားသည်။

"မင်း ငါ့ ကိုလာမနှောက်ယှက်ပါနဲ့ 'ခင်ဖုန်း' မင်းတို့ ငါ့ကျေးဇူးရှင် ဇနီးတစ်ယောက်အဖြစ်ထက်ပိုပြီး အသိအမှတ်မပြု နိုင်ဘူး... မင်းနဲ့ ငါပတ်သက်ဖူးတယ်ဆိုတာကို 'ကိုဖေချ်လွှတ်' သိသွားရင်မင်းကိုငါသတ်ပစ်မယ်"

"သတ်ပစ် အခုသတ်ပစ်ပါလား... သိပါတယ် 'မောင် မောင်' ရယ်... အခု 'မောင်မောင်' က လက်ညှိုးထိုးပြစရာ အ ကြောင်းအရာရှိလို့ ပိုသဘောကျနေတယ်မဟုတ်လား"

"ဘာအကြောင်းအရာလဲ"





" 'မောင်မောင်' 'ခင်ဖုန်း' ကိုလုံးဝမချစ်ဘူးဆိုတာ 'ခင် ဖုန်း' သိတယ်... 'ကိုဖေချ်' နဲ့ မပတ်သက်ရင်လည်း 'ခင်ဖုန်း' ကို 'မောင်မောင်' မယူဘူးဆိုတာသိတယ်... တကယ်မှမချစ်ဘဲ 'ခင်ဖုန်း' သိပါတယ်လေ"

မျက်ရည်အရွှဲသားနဲ့ ပြောနေသော 'ခင်ဖုန်း' ကိုကြည့်ပြီး 'မောင်မောင်' ကြောင်သွားသည် သနားသွားသည်။ တောင့်ထား သောစိတ်များ အရည်ပျော်တော့ဖြစ်သွားသည်။

"အေး မင်းကိုငါချစ်မှန်းသိရင် မင်းနှောက်ယှက်ပါနဲ့ ဘာမှပတ်သက်စရာမလိုဘူး..."

ခွေ့ခွေ့လျှော တိတ်ဆိတ်သွားသည်။ 'ခင်ဖုန်း' ၏ရှိုက်ငို သံကိုကြားနေရသည်။ ပတ်ဝန်းကျင်ဝယ် တိတ်ဆိတ်ငြိမ်သက် သွားသည်။

"တိတ်ပါ အချစ်ရယ်... မဖြစ်နိုင်တာကို စိတ်ကူးမယဉ် ချင်စမ်းပါနဲ့... မောင့်ဘဝနဲ့ မောင်ရှိပါစေတော့... "

'မောင်မောင်' ဟန်မဆောင်နိုင်တော့၊ ငိုသံကြီးဖြင့်ပြော နေသည်။

"မောင်"

" 'ခင်ဖုန်း' ဘာပြောချင်လဲ"

" 'ခင်' ကြားချင်တဲ့စကားကို မောင်ပြောပါ"

"ကဲ ဘာကြားချင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



" 'ခင့်' ကိုချစ်လားမချစ်ဘူးလား ဒါပဲပြော"

ချက်ခြင်းမဖြေ။ ခဏကြာမှ...

"ချစ်တယ်"

"ချစ်ရင်ဘာဖြစ်လို့ အတူနေဖို့မကြိုးစားလဲ"

"မောင့်ဘဝကိုနားလည်ပါ 'ခင်' ရယ်"

" 'ခင်' တော့ချစ်ရင် ကိုယ့်ချစ်သူကိုရအောင်ယူမှာပဲ... ဦးဇေယျလွင်' ကိုဖွင့်ပြောမယ်... သူလည်း 'ခင့်' ကိုချစ်တာမဟုတ်ဘူး... သူ 'မေမြတ်မွန်' ကိုပဲအထင်ကြီးတာ... 'ခင့်' ကိုလက်ဖျားနဲ့တောင်မတို့ဘူး... အဲ့ဒါကိုမောင်ယုံလား"

"ယုံပါတယ်..."

"ကဲ တကယ်လို့ သူက 'ခင့်' ကို့ကွာပေးမယ်ဆိုရင် မောင်ယူမလား"

"ယူချင်ပါတယ် ဒါပေမဲ့..."

"တော်ပြီကွာ... ဒီ ဒါပေမဲ့ဆိုတာကြီးပြောမနေနဲ့"

"မောင့်ကိုချစ်ရင် မောင်ပြောတဲ့စကားနားထောင်"

"ဘာနားထောင်ရမှာလဲ"

"မောင်နဲ့ 'ခင်' ဖြစ်နေတာကို 'ကိုဇေယျ' လုံးဝမသိစေနဲ့... သူ့ဖါသာသူ 'ခင့်' ကိုအပြစ်ရှာပြီးကွာလိမ့်မယ်... အဲ့ဒီတော့မှ မောင်နဲ့ယူကြတာပေါ့"

"ဟာ ဘယ်လောက်အထိ စောင့်ရမှာလဲ... မောင်တမင်





နှစ်သိမ့်တာမဟုတ်လား"

"လိမ္မာစမ်းပါ 'ခင်' ရာ... လက်ဘက်ကောင်းစားချင်ရင် ပလောင်တောင်တက်နေရတယ်တဲ့... ဖြည်းဖြည်းပေါ့"

"မောင်ရယ်..."

ချစ်သူနှစ်ယောက်တစ်ယောက်နှင့်တစ်ယောက် အယုအယအကြင်နာအတွေ့အထိတွေနှင့် လောကကိုမေ့ထားမေ့ သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ။ ။ နှစ်ဆယ့်ရှစ်

" ဟင် ကိုကြီး... ဘယ်တုန်းကပြန်ရောက်လဲ"

"သိပ်မကြာသေးပါဘူးကွာ... ကားဘီးပေါက်တာနဲ့ သိပ်မသွားချင်တော့ဘူး... နောက်နေ့မှပဲ စောစောထသွားမယ်... ရထားဆင်းချိန်တော့ မီအောင်ပြန်ခဲ့မယ်"

" 'ခင်ဖုန်း' ကို 'မောင်မောင်' က ရွာပတ်လည်နဲ့ စပါးပင်တွေကို လျှောက်ပြတယ်လေ"

"အေး ကောင်းတာပေါ့"

'ဖေချွှေလွှင်' ခပ်ပြုံးပြုံးပြောသည်။ သူတို့ဘယ်လိုဖုံးဖုံး သူတို့မျက်လုံးတွေက မရိုးသားကြ။ 'ခင်ဖုန်း' က လစ်ရှင်လစ်သလိုကဲသည်။ 'မောင်မောင်' ကတော့ အရှောင်သမားသက်သက်





ကျေးဇူးရှင်၏ မျက်မှန်တော်ရှမှုကိုမခံရအောင် ကြိုးစားနေရပါသည်။ ဒုတိယနေ့တွင်လည်း သူတို့လူကွယ်ရာတွင်ချိန်း၍ ယုယကြ၊ ငိုကြ၊ ချော့ကြနှင့်အချိန်ကုန်ကြသည်။

ရန်ကုန်ကိုပြန်ရောက်လာကြသည်။

ထုံးစံအတိုင်း 'မောင်မောင်' က ကားဂိုဒေါင်တွင်နေသည်။ ညဘက်ညဘက် မိမိအပြင်ထွက်သည်နှင့် သူမ 'မောင်မောင်' ကားဂိုဒေါင်သို့ရောက်သွားစမြဲ။ တော်တော်နှင့်ပြန်ထွက်မလာ။ မိမိပြန်လာခါနီးအချိန်ကိုမှန်း၍ အပေါ်ပြန်တက်လာတတ်သည်။

" 'အန်တီခင်'..."

"ဘာလဲ 'မောင်ဖေချို' ထိုင်လေကွယ်"

သားမက်ဖြစ်သူမိမိနှင့် စကားမပြောစဖူးပြောလာသဖြင့် ပျာပျာသလဲမေးရသည်။

"ဆွေးနွေးစရာရှိလို့ပါ... "

"ဘာများလဲကွယ်"

"ကျွန်တော်နဲ့ 'ခင်ဖုန်း' ကိုကွာခွင့်ပေးပါ"

"ဟာ ဘာဖြစ်လို့လဲ... လက်ထပ်တာတောင် တစ်လမပြည့်သေးဘူး... 'ခင်ဖုန်း' နဲ့ရန်ဖြစ်လို့လား"

"မဟုတ်ပါဘူး အန်တီ... 'ခင်ဖုန်း' နဲ့ 'မောင်မောင်' ဟာက်ပြန်နေကြတယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မဟုတ်နိုင်တာကွယ်… မင်းသက်သက်လီဆည်ပြီး ပြောတာ… သက်သက်မပေါင်းသင်းချင်တာနဲ့ အပြစ်ရှာတာ"

"ကျွန်တော်ဟာ လူလိမ်လူညာတစ်ယောက်မဟုတ်ဘူး အန်တီ… မသေချာဘဲနဲ့ ဘယ့်တော့မှမပြောဘူး… အန်တီမယုံရင်ယုံအောင်ပြောရမှာပေါ့… ညရှစ်နာရီလောက်ကျရင် အန်တီ ကျွန်တော်နဲ့ လိုက်ခဲ့ပေတော့"

ထိုညတွင် 'ဇေယျလွင်' ဆေးခန်းမှ ခပ်စောစောပြန်ခဲ့သည်။ ကားကိုလမ်းထိပ်အသိအိမ်ရှေ့တွင် ခေတ္တထားခဲ့သည်။

"လာ အန်တီ… ခြေသံမကြားစေနဲ့နော်"

ကားဂိုဒေါင်အဝထိ လိုက်ပို့ပေးသည်။ 'ဒေါ်ခင်ခင်ကြည်' တိတ်တဆိတ်တက်ခဲ့သည်။

"အို "

မျက်လုံးကိုယောင်၍ မိုတ်ပစ်လိုက်မိသည်။'မောင်မောင်' နှင့် 'ခင်ဖုန်း' တစ်ယောက်နှင့်တစ်ယောက်ဖက်၍ အိပ်ပျော်နေကြခြင်းလော။ တစ်လောကလုံးကို မေ့နေခြင်းလောတော့မသိပါ။ မိမိတစ်ယောက်လုံး အပေါ်ရောက်နေသည်ကိုပင်မသိ။

" 'မိခင်ဖုန်း'… "

"ဟင် မာမိ"

ခါးနှစ်ဘက်ထောက်၍ မီးဝင်းဝင်းတောက်နေသောမျက်လုံးများဖြင့် စားမတတ်ဝါးမတတ်ကြည့်ပြီးကျယ်လောင်စွာအော်





ဟစ်လိုက်သော 'ဒေါ်ခင်ခင်ကြည်' အသံကြောင့် 'ခင်ဖုန်း' တို့ နှစ်ယောက်လန့်ဖျန့်ပြီး ထထိုင်မိလိုက်ကြသည်။

'ခင်ဖုန်း' က ဖရိုဖရဲဖြစ်နေသော သူ့အဝတ်အစားများ နှင့်ဆံပင်ကို သေသပ်အောင်အလျင်စလို ဖုံးဖိနေသည်။

"ခွေးမ ဒါဘာလုပ်တာလဲ… မင်းကတော့ အကြံပက်စက် လှချည်လား 'ငမောင်'… သားရေပေါ်အိပ် သားရေနားစားဆိုတာ နင်လိုကောင်မျိုးကိုပြောတာဖြစ်မယ်… ယုတ်မာလိုက်တာ ယုတ်မာလိုက်တာ"

'မောင်မောင်' ဘာမှပြန်မပြော။ ခေါင်းငုံ့၍နှုတ်ခမ်းကို တင်းတင်းစေ့ထားသည်။ ကိုယ်ကအပြစ်ကျူးလွန်ခဲ့သည့် လုပ်ရဲ လျှင်ခံရဲရမည်။ ကျေးဇူးရှင်များပေးသောအပြစ်ကို ခံယူဖို့အသင့် ပါပဲ။

"နင်ဟာမြင့်စေချင်လို့ နတ်ပြည်တင်ပေးတာတောင် မြင့်တယ်ဆိုပြီးခုန်ချချင်တဲ့ကောင်မပဲ 'မိခင်ဖုန်း'… နင့်မှာလင် ရှိတယ်လေ… လက်ထပ်ပေးထားတာမှ တစ်လမပြည့်သေးဘူး နင်ဒီလိုဖြစ်တာ ငါတော့အံ့ဩလို့မဆုံးဘူး… နင့်ဟာနင့်အဖေ အတိုင်းပဲ ဇောက်ပြန်လော်လီတတ်တဲ့မိန်းမ သစ္စာမရှိတဲ့မိန်းမ… ကဲဟယ် ကဲဟယ်… ဒီလောက်တောင်ထဦး ရှဦး မိုက်ဦး"

သမီးဖြစ်သူ၏ဆံပင်ကိုဆွဲ၍ စိတ်ရှိတိုင်းရိုက်နေမိသည်။

"တော်ပါတော့အန်တီ… ကျွန်တော့်အပြစ်ပါ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မလိမ္မာလို့ဖြစ်တာပါ…”

“သွား ထွက်သွား အရိပ်နေနေအခက်ချိုးချိုးအကောင် မင်းမျက်နှာကိုငါမကြည့်ချင်ဘူး အခုထွက်သွား”

‘မောင်မောင်’ အဝတ်အစားတွေထိုးထည့်ရပြန်ပြီ။

“ ‘ခင်ဖုန်း’ လည်းသူ့နောက်ကို လိုက်သွားတော့မယ်… ‘ခင်ဖုန်း’ နဲ့ သူဟာနဂိုတည်းက သမီးရည်းစားတွေပါ… ခုမှချစ်ကြတာမဟုတ်ပါဘူး… ကျောင်းမှာနေတုန်းကတည်းက ချစ်ခဲ့တာပါ”

“အို ဘာမှမကြားချင်ဘူး… ဘယ်တုန်းက ဘာပဲဖြစ်ဖြစ် အခုအဆက်ဖြစ်စရာမလိုဘူး ရပ်တန်းကရပ်ပါ… ဒီမှာ ‘ငမောင်’ မှုင်းနဲ့ ငါ့သမီးနဲ့ တူသလားတန်သလား… ရာရာစစလုပ်ပါကွ”

“မတူမတန်လို့ ကျွန်တော်ရှောင်ခဲ့ပါတယ်”

“ဘာရှောင်တာလဲ ဒါရှောင်တာလား”

“သူ့မှာအပြစ်မရှိဘူး… မာမီ အားလုံးသမီးအပြစ်ချည်းပဲ ‘ခင်ဖုန်း’ မလိမ္မာလို့ ဖြစ်တာပါ”

“တော်စမ်း…နင့်အသံကို ငါမကြားချင်ဘူး… ဆင်းအခု အောက်ဆင်း”

“ဟင့် အင်း ‘ခင်ဖုန်း’ မောင့်နောက်ကိုပဲ လိုက်သွားတော့မယ်… မချစ်မနှစ်သက်တဲ့လူကိုယူထားရတာ သိပ်စိတ်ညစ်စရာကောင်းလွန်းလို့ပါ မေမေရယ်… ‘ဦးဇေယျလွင်’ ဟာ ‘ခင်ဖုန်း’ ကို လုံးဝမချစ်သလို လုံးဝစိတ်ဝင်စားတာလည်း မဟုတ်ဘူး…





ဒီနေ့ဒီရက်အထိ သမီးတို့နှစ်ယောက် မောင်နှမလိုနေကြတာပါ… ‘ခင်ဖုန်း’ ကိုယ်တိုင်လည်း သူနဲ့နေချင်တဲ့စိတ် လုံးဝမရှိဘူး”

“ဟင် နင် နင်တို့ သိပ်ဟုတ်နေကြပါလား… လူကြီးတွေ လက်နဲ့ရေးတာကို နင်တို့ ခြေနဲ့ဖျက်နေကြတယ်ပေါ့လေ ဟုတ်လား ဟော ‘ခင်ကြည်’တဲ့ တစ်ကြည်တည်းရှိတယ် မဖြစ်တာကို ဖြစ်အောင်လုပ်ခဲ့ပြီးမှ နောက်ဆုတ်မယ်လို့ မထင်နဲ့ နင်တို့ဘာသာ နင်တို့ဘာဖြစ်ဖြစ် ငါဖြစ်ချင်တာပဲဖြစ်ရမယ်… မင်းထွက်သွားစမ်း ‘မောင်မောင်’… နောက်ထပ် ‘ခင်ဖုန်း’ နဲ့ ဆက်သွယ်စရာမလိုဘူး… မင်းချစ်သူကောင်းစားတာကို မင်းမကြည့်ချင်ဘူးလား”

“ကြည့်ချင်ပါတယ်”

“ဒါဆို မင်းသွားတော့… ကောင်မ နင်လည်းအပေါ်ပြန်တက် ‘ဇေယျလွင်’ နဲ့ပြန်နေ သူချစ်ခင်နှစ်သက်လာအောင် ပြုစုရမှာနင့်တာဝန် ငါနဲ့နင့်အဖေလည်း ဒီလိုပဲ မချစ်ဘဲအတူနေလာတာညည်းတစ်သက်မဲ ဒီကနေ့အထိ မကွဲသေးဘူး”

“မကွဲသေးပေမယ့် နှစ်ပေါင်းနှစ်ဆယ်ကျော် မာမီ ကိုနေ့စဉ်နဲ့အမျှနှိပ်စက်နေတာ သမီးမျက်မြင်ပဲ… ‘ခင်ဖုန်း’ ကိုတစ်သက်လုံးနှိပ်စက်အနိုင်ကျင့်မယ့် လူရိုင်းတွေလက်ထဲ မာမီထည့်ရက်သလား ‘ခင်ဖုန်း’ တောပျော်မတဲ့သား”

“ဒါကတော့ညည်းကုသိုလ်ကံပဲ… ငါ့သမီးရှိသူများ



www.burmeseclassic.com

www.burmeseclassic.com

အိမ်ကအစေခံသားနဲ့ ပေးစားရမှာထက် ဆရာဝန်ကတော်ပဲဖြစ်စေချင်တယ်အေ"

"အို မာမီ ဒီစကားမျိုး မပြောပါနဲ့ 'ခင်ဖုန်း' တော့မချစ်တဲ့ မချစ်တဲ့လူကိုယူပြီး စိတ်ဆင်းရဲနေမှာထက် ကိုယ်ချစ်တဲ့သူနဲ့ လူဆင်းရဲပဲခံပရစေတော့... 'ခင်ဖုန်း' သူနဲ့ပဲလိုက်သွားမယ်"

"ကဲ ကဲ လိုက်ဦး လိုက်ဦး"

"မလုပ်ပါနဲ့ အန်တီ တော်ပါတော့ဗျာ... အန်တီသဘောမတူရင်မခေါ်ပါဘူး"

"မတူဘူး... မတူဘူး... ခုထွက်သွား"

သံကုန်အော်ဟစ်နေသော အသံများကြောင့် တစ်တိုက်လုံးတစ်ခြံလုံးရှိ အိမ်သားများ အလုပ်သမားများစုပြုံ၍ ရောက်ရှိလာသည်။ 'ဦးမြင့်မော်' လည်းရောက်ရှိလာပြီး အကြောင်းစုံလည်းသိသွားသည်။

" 'ခင်ကြည်' ရာ... မင်းကလည်းညကြီးမိုးချုပ်အော်ကြီးဟစ်ကျယ်နဲ့ကွာ... ဘေးလူတွေသိရင် ရှက်ဖို့ကောင်းလိုက်တာလာပါ အိမ်ပေါ်သွားကြရအောင်... 'ဧယျလွင်' မင်းညီမကိုခေါ်ခဲ့"

"ဟုတ်ကဲ့"

'ဧယျလွင်' က 'ခင်ဖုန်း' ကိုခေါ်သည်။ 'ခင်ဖုန်း' ကအတင်းရုန်းကန်ပြီး...





"ဟင့်အင်း... ဟင့်အင်း သူနဲ့ပဲလိုက်သွားပါရစေ 'ဦးဧယျလွင်' 'ခင်ဖုန်း' တို့ချစ်ခြင်းကိုမခွဲပါနဲ့"

'မောင်မောင်' ကတော့ သူ့ကျေးဇူးရှင်အထင်လွဲမှာစိုး၍

"ဟို ဟို ကျွန်တော်နဲ့သူနဲ့ ဘာမှမဖြစ်ပါဘူး 'ကိုဧယျ' ကျွန်တော်တို့သူငယ်ချင်းတွေမို့ ရိုးရိုးခင်တာပါ... ဒါကိုအန်တီ အထင်လွဲတာပါ"

"ကဲပါကွာ မင်းကိုငါမစွပ်စွဲပါလား... မင်းတို့အတွက် မှုမှုတတစဉ်းစားမှာပါကွ... အိမ်ပေါ်တိုခဏလေးလိုက်ခဲ့ပါဦး ငါပြောတဲ့စကားကို မင်းနားမထောင်ဘူးလား 'ငမောင်' "

နောက်ဆုံးအားလုံး အိမ်ပေါ်ရောက်လာသည်။ 'မောင်မောင်' က သူထွက်သွားပါ့မယ်။ 'ခင်ဖုန်း' နဲ့သူ ကျူးကျူးလွန်လွန်မဖြစ်သေးတာကို ဝန်ခံသည်။

"အားလုံးအရှက်တကွဲဖြစ်အောင် ကျွန်တော်မလုပ်ပါဘူး 'ကိုဧယျ'... ကျွန်တော်တို့ရိုးရိုးခင်တာပါ... မဖြစ်မှားအပ်တာ ကျွန်တော်မဖြစ်မှားပါဘူး... ကျွန်တော်ကိုခွင့်ပြုပါ"

မျက်နှာချင်းမဆိုင်ရဲသဖြင့် 'မောင်မောင်' ခေါင်းငုံ့လျှက်က ပြောခြင်းဖြစ်သည်။

"ကဲ ငါမေးတာမှန်မှန်ဖြေစမ်း 'ဖိုးမောင်'... 'ခင်ဖုန်း' ကို မင်းမချစ်ဘူးလား"

"သူနဲ့ကျွန်တော်သူငယ်ချင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းတုန်းကကော တွဲဖူးလား… "

"သူငယ်ချင်းလိုတွဲတာပါ"

"မင်းတို့နှစ်ယောက်ဘာမှ မဖြစ်ကြဘူးလား"

အတန်ကြာစဉ်းစားပြီးမှ ခေါင်းခါသည်။ ဒီအတိုင်းမေးနေရှိကတော့ 'မောင်မောင်' ငြင်းနေမည်မှာမုချ။

"ကဲ မင်းကညာနေတော့လည်း ငါကသက်သေပြရတော့မှာပဲ… ကဲ ကဲ ဒါတွေဟာဘယ်သူနဲ့ပတ်သက်တဲ့ပစ္စည်းတွေလည်းကြည့်ပါဦး"

စားပွဲပေါ်မှ မိမိလက်ရေးဖြင့် ရေးထားသောကျောင်းစာအုပ်များ 'ခင်ဖုန်း' ကမိမိကိုပြန်ကူးပေးထားသော ကျောင်းစာအုပ် မိမိဒိုင်ယာရီ အနီရဲနှင့် 'ခင်ဖုန်း' ပေးထားသော အမှတ်တရစာတံပုံနှင့် ရည်းစားစာ သုံးလေးစောင်။

ထို့နောက် လက်ထပ်ပြီးမှ ကျောက်ဆည်တွင် 'ခင်ဖုန်း' နှင့် 'မောင်မောင်' တိတ်တစိတ်ချစ်ခန်းဖွင့်ခဲ့ပုံများကိုလည်း ဓာတ်ပုံနှင့်လည်းရိုက်ထားသည်။ ကက်စက်ဖြင့်လည်းအသံသွင်းထားသည်။ ကက်စက်ခလုတ်ကိုဖိပြီး ဖွင့်လိုက်သောအခါစကားသံများထွက်လာသည်။

"မ… မဖွင့်ပါနဲ့ 'ကိုဖေချို' … ကျွန်တော့်ကို မနှိပ်စက်ပါနဲ့ဗျာ"

ငိုသံပါနေသည်။





"မင်းကိုမင်း ဘာလို့ညာနေတာလည်း 'ခမောင်' မင်းဟာ 'ခင်ဖုန်း' ကိုတမင်နှိပ်စက်နေသလိုပဲ… ငါနဲ့မပတ်သက်ခင်တုန်းကလဲ သူကိုသူ့ငွေးသမီးမို့ မတူမတန်ဘူးဆိုတဲ့စကားနဲ့နှိပ်စက်ခဲ့တယ်… ငါနဲ့ပတ်သက်ပြီးတဲ့ နောက်ပိုင်းကျတော့လည်း ကျေးစူးရှင်ရဲ့နမ်းလောင်း ကျေးစူးရှင်ရဲ့မိန်းမဆိုပြီး သူ့ကိုတစ်ချိန်လုံးနှိပ်စက်ခဲ့တယ်… မင်းကိုယ်မင်းညာနေတာ 'မောင်မောင်'… ငါတို့ရှေ့မှာ မင်းဘယ်လိုဘယ်လိုဖုံးကွယ်ဖုံးကွယ်မင်းအမူအယာတွေ ပုံစံတွေက မင်းဘယ်လိုခံစားနေရတယ်ဆိုတာ အသိသာကြီးပဲ အထင်းသားကြီးပဲ… မင်းငါ့ကိုဘယ်လောက်ခင်တာချစ်တာလေးစားတာ ငါသိတယ်… "

'ဖေချိုလွင်' စကားရပ်ပြီး 'ဦးမြင့်မော်' 'ဒေါ်ခင်ကြည်' 'ခင်ဖုန်း' နှင့် 'မောင်မောင်' တို့လေးယောက်လုံးကိုတစ်ယောက်ဆီကြည့်ပြီးမှ…

"ဒီမှာရှိတဲ့လူအားလုံးကို ကျွန်တော်သစ္စာဆိုပြီးပြောရဲတယ်… 'မောင်မောင်' နဲ့ 'ခင်ဖုန်း' ကိုခုလိုနီးစပ်စေချင်တာဟာ 'ခင်ဖုန်း' ကိုမချစ်လို့ 'မေမြတ်မွန်' နဲ့ပြန်ဆုံဆည်းချင်တဲ့ဈောလင့်ချက်တွေကြောင့် လုပ်တယ်ဆိုတာ မထင်ပါနဲ့… ကုသိုလ်ကံပါမှ ရေစက်ဆုံမှဖြစ်တာပါ… 'မေမြတ်မွန်' နဲ့မနီးရလည်း ဖြစ်သင့်ဖြစ်ထိုက်တာကိုတော့ ကျွန်ုပ်ညီရမှာပဲ… 'အန်ခင်' တို့ တောင်းပန်ချင်တာက သူတို့ချစ်ခြင်းကိုမခွဲဖို့ပါပဲ 'မောင်မောင်'



www.burmeseclassic.com

www.burmeseclassic.com

ဟာ လူတော်လူကောင်းကလေးပါ... မြေတောင်မြှောက်ပေးရင် မြှောက်ပေးသလို တိုးတက်မယ့်လူငယ်ပါ... ကျေးဇူးသိတတ်မှုနဲ့သစ္စာရှိမှုကိုတော့ သိပ်လေ့လာနေစရာမလိုပါဘူး... အခုကိစ္စတွေမှာပဲပေါ်လွင်နေပါပြီ... အဲ့ အသက်ကြီးလာပြီဖြစ်တဲ့ အန်ကယ် 'ဦးမြင့်မော်' အနေနဲ့လည်း သားမက်ကောင်းတစ်ယောက်ရသလိုပါပဲ... လုပ်ငန်းတွေအတွက် စိတ်ချရတာပေါ့"

'ဦးမြင့်မော်' လည်း သဘောပေါက်ပုံရသည်။ 'ဒေါ်ခင်ခင်ကြည်' ကို ခပ်အေးအေးရှင်းပြသည်။

" 'ခင်ခင်' ရာ... မင်းငါ့ကိုတကယ်ချစ်တာဆိုတာ ဒီတစ်ခါသက်သေပြလိုက်စမ်းပါကွာ... 'ခင်ဖုန်း' ဟာ မင်းနဲ့ငါနဲ့ရထားတဲ့သမီးပါ... ငါလည်းအဖေတစ်ယောက်ပါ... ငါ့သမီးစိတ်ဆင်းရဲအောင်မလုပ်ပါနဲ့ကွာ... 'မောင်မောင်' ဟာငါ့လိုရှုပ်ပွေပြီး အရက်မသောက်မိန်းမမလိုက်ဘူး... ရိုးတယ်အေးတယ်ကြိုးစားတယ်... ပညာတတ်တယ် ရုပ်ရည်လည်းသန့်တယ် သမီးလည်းစိတ်ဝင်စားတယ် တော်ပြီပေါ့... ဆင်းရဲတာကတော့ချမ်းသာအောင်ကြိုးစားလို့ရတာပဲ... ငါ့လုပ်ငန်းမှာလည်းတကယ်စိတ်ချရမယ့်လူလိုနေပြီ... ငါဟာ ဒီနေ့နက်ဖြန်သေချင်သေမှာ လုပ်ငန်းကိုအမွေဆက်ခံမယ့်သူလိုနေပြီ... အမွေကိစ္စနဲ့ပတ်သက်လို့ပြောရရင် 'ခင်ဖုန်း' ရယ် 'မေမြတ်မွန်' ရယ် သားရယ်ကိုသုံးပုံပုံတစ်ပုံစီပေးဖို့ ရည်ရွယ်ပြီးသား... ငါဖြစ်ချင်တဲ့ဆန္ဒကတော့





အားလုံး သင့်သင့်မြတ်မြတ်ပျော်ပျော်ရွှင်ရွှင်ဖြစ်စေချင်တာပဲ... ငါမသေခင် စည်းစည်းလုံးလုံးချစ်ချစ်ခင်ခင် ရှိစေချင်တာပဲ... 'မောင်ဖေယျ' လိုသူစိမ်းတစ်ယောက်ကတောင် သဘောထားကြီးကြီးထားနိုင်သေးရင် မင်းကကောကိုယ့်သမီးအတွက် သဘောထားမကြီးနိုင်ဘူးလား"

'ဒေါ်ခင်ခင်ကြည်' မျက်နှာတွင် ခက်ထန်မှုများပြေလျော့သွားသည်။ ငြိမ်သက်၍နားထောင်နေသည်။

"နောက်တစ်ခုမင်းနဲ့ငါ အပေးအယူလုပ်ချင်တာက ငါဟာမင်းအပေါ်မှာတစ်သက်လုံး အနိုင်ယူနိုပ်စက်ခဲ့တယ်... အဲ့ဒါဟာဘာဖြစ်လို့လဲ မချစ်ဘဲယူရလို့... ငါ့သမီးတွေနဲ့အတူမနေရလို့ အေး အကြီးနှစ်ယောက်က တစ်နှစ်တစ်ခါလောက်တွေ့လို့ရတယ်... အငယ်မလေးက သနားစရာအကောင်းဆုံးပဲ... မွေးကတည်းကမတွေ့ဖူးတာ... အခုအသက်နှစ်ဆယ်မှတွေ့ရတယ်... တွေ့ရတော့လည်း ကံမကောင်းပါဘူး... မင်းနဲ့မင်းသမီးနှိပ်စက်တာနဲ့ ကောင်မလေးအရူးတကွဲဖြစ်ရတယ်... ဒါနဲ့တောင်အားမရသေးဘူးလား... သူ့အချစ်ရေးအိမ်ထောင်ရေးအထိ ဝင်ရှုပ်တယ်"

"ရှင် သိပ်ခံတွင်းတွေ့နေတယ်မဟုတ်လား... ဆက်ပြောလေ ဆက်ပြော"

'ဒေါ်ခင်ခင်ကြည်' က ငိုသံဖြင့်ရန်လိုသည်။

www.burmeseclassic.com

www.burmeseclassic.com

"မင်းကိုတောင်းပန်နေတာပါ 'ခင်ခင်'… အပေးအယူလုပ်နေတာပါ… 'ခင်ဉ' ကို မင်းအနိုင်ကျင့်ခဲ့သမျှ 'မေမြတ်မွန်' ကိုနှိပ်စက်သမျှ အခုချိန်ကစပြီး မင်းသမီးတစ်ယောက်လိုပြန်ခေါ်မယ်ဆိုရင် 'မိထွေးတစ်ယောက်လိုမဟုတ်ဘဲ အမေရင်းတစ်ယောက်လိုမေတ္တာထားနိုင်မယ်ဆိုရင် မင်းက 'မေမြတ်မွန်'အပေါ် သဘောထားကြီးနိုင်မယ်ဆိုရင်မင်းအပေါ်တစ်သက်လုံးမကောင်းခဲ့တဲ့ငါဟာ ခုချိန်ကစပြီးသဘောထားကြီးကြီး ချစ်ချစ်ခင်ခင်ကြင်ကြင်နာနာဆက်ဆံသွားပါ့မယ်လို့ ကတိပေးတယ်… ဘယ်လိုလဲ လက်ခံမှာလား"

'ဒေါ်ခင်ခင်ကြည်' မဖြေ။ သို့သော်စိတ်ထဲမှာကျေနပ်နေပါသည်။ အရင်က 'ခင်ဖုန်း' နဲ့သားငယ် 'ဇော်မြင့်မော်' ကို မိမိနှင့်ရထားသောသားသမီးများဖြစ်သည့်အပြင် မလိမ္မာ၍အမွေတစ်ပြားမှမပေးဟု နေ့စဉ်နှင့်အမျှ ပြောဆိုဆူပူနေရာမှ ယခုမြောက်မြားလှစွာသော အမွေပစ္စည်းများထဲမှ သုံးပုံနှစ်ပုံသည် သားနှင့်သမီးအတွက်ဟုသိရသဖြင့် ကျေနပ်ဝမ်းမြောက်မိသည်။ ပြီးတော့ တစ်သက်လုံးမိမိကို မုန်းတီးနှိပ်စက်ခဲ့သော ချစ်လင်က ရှေ့လျှောက်ကြင်ကြင်နာနာ နေပါမည်ဆိုသည့်စကား မိမိအလိုလားဆုံးစကား၊ သူမက သဘောထားကြီးနိုင်လျှင် မိမိကဘာလို့ဘာလို့မကြီးနိုင်ရမည်နည်း။

သူမချစ်မုန်းသိလျှက်နှင့် သူ့ကိုမိမိ အနှစ်နှစ်ဆယ်ကျော်





အနှိပ်စက်ခံပေါင်းသင်းလာနိုင်သေးလျှင် သူက တောင်းပန်တိုးလျှိုး၍ သဘောထားကြီးလာသောအခါ…

"မာမီရယ် ဒယ်ဒီပြောတာကွေမှန်သားပဲ… 'မေမြတ်မွန်' ခမြာလည်းသနားပါတယ်… သမီးတို့ဒယ်ဒီရဲ့မေတ္တာကိုရယူချင်သလို သူလည်းသူ့အဖေရဲ့မေတ္တာကိုရယူချင်မှာပဲ… ဒယ်ဒီအနေနဲ့လည်း သမီးတို့နဲ့အတူနေသလို 'မေမြတ်မွန်' နဲ့လည်းနေချင်မှာပဲ… 'ခင်ဖုန်း' လည်းသူ့ကိုအဖေတူအမေကွဲ ညီအစ်မဆိုတော့ သံယောဇဉ်ရှိတာပဲ… နောက်ဆိုရင် 'မေမြတ်မွန်' ကိုပါဒီအိမ်ကြီးပေါ်မှာခေါ်ပြီး အားလုံးပျော်ပျော်ပါးပါးနေကြရအောင်နော်"

'ဒေါ်ခင်ခင်ကြည်' ခေါင်းညိတ်ရပြီပေါ့။ အားလုံးဝမ်းသာလွန်းဖြင့် မျက်ရည်ပင်လည်မိသည်။ 'မေမြတ်မွန်' ကိုရှာဖွေဖို့တိုင်ပင်ကြရပြီ။



www.burmeseclassic.com

www.burmeseclassic.com

အခန်း ။ ။ နှစ်ဆယ့်ကိုး

မေမြတ်မွန်
အမြန်ပြန်လာပါ။ အရေးကြီးသည်။

ဖေဖေ ဦးမြင့်မော်

ရန်ကုန်တွင် တစ်လခန့် ပိုက်စိတ်တိုက်ရှာ၍ မတွေ့သဖြင့်သတင်းစာထဲမှ ခေါ်ရခြင်းဖြစ်သည်။ ဤအတောအတွင်း 'ဇေယျာလွင်' နှင့် 'ခင်ဖုန်း' တို့၏ကွာရှင်းခြင်းကိစ္စကိုလည်း သတင်းစာထဲတွင်ထည့်ပြီးသား။

**မေမြတ်မွန်**
**အမြန်ပြန်လာပါ၊ လှိုက်လှဲစွာ ကြိုဆိုလျက်၊**
**ခင်ဖုန်း နှင့်မာမီခင်ခင်ကြည်**





'ခင်ဖုန်း' နှင့် 'ဒေါ်ခင်ခင်ကြည်' ကလည်း၊ စိုးသွမ်းစဉ်က ကမ်းကုန်အောင်စိုးသွမ်းခဲ့သလောက် ယခုတော့ သဘောထားကြီးခြင်း သူတော်ကောင်းစိတ်မွေးခြင်း၏ ကြည်နူးမှုကိုတဝကြီးခံစားနေရပြီ။ သူမ မရောက်လာမချင်း ထိုကဲ့သို့သတင်းစာမှ တစ်လကိုနှစ်ခါလောက်ခေါ်ခဲ့ကြသည်။

သုံးလကျော်သည်အထိ 'မေမြတ်မွန်' ၏သတင်းအနံ့မရ တစ်ခြားလူတွေစိတ်ပူတာထက် မျှော်လင့်တာထက် တောင်းတနေရသူက 'ဇေယျာလွင်'။ အသက်နှင့်ခန္ဓာယှဉ်တွဲလျက် ရှိမှရှိပါလေစဟု စိုးရိမ်စိတ်တွေက အချိန်နှင့်အမျှဖြစ်နေမိသည်။ ယောက်ကျ်ားကြီးက 'ဇေယျာလွင်' ကိုသူနှင့်အတူနေဖို့ တောင်းပန်လာသဖြင့် ဤတိုက်ကြီးတွင် နေထိုင်နေရသော်လည်း ယခုလောလောဆယ်တော့ 'ဦးမြင့်မော်' နှင့်မိမိသည် ဘယ်လိုမှမပတ်သက်သေးပါ။ 'ခင်ဖုန်း' နှင့် 'မောင်မောင့်' ကို လောလောဆယ်ဆယ်ရပ်ကွက်လူကြီးများ ရှေ့နှင့် တရားရုံးတွင် လက်ထပ်ပေးပြီး ဆွေမျိုးအနည်းအကျဉ်းဖြင့် အကျဉ်းချုံး လက်ထပ်ပေးထားပြီးဖြစ်သည်။ ထိုကြောင့် သူတို့နှစ်ဦးက အကြင်လင်မယားအဖြစ်စိတ်ဆုကိုယ်တူချစ်ကြည်ဖြူနိုင်ပြီဖြစ်သည်။

လောလောဆယ် ဘယ်လိုမှမပတ်သက်ပဲ ဤတိုက်တွင်တကိုယ်တော် သောင်တင်နေသူမှာ 'ဇေယျာလွင်'၊ 'ဒေါ်ခင်ခင်ကြည်' 'ဦးမြင့်မော်' တို့စုံတွဲကလည်း ယခုမှညားခါလင်မယား


www.burmeseclassic.com

www.burmeseclassic.com



လို ချစ်စခင်စ ကြင်နာစပြစ်နေချိန်။ 'မောင်မောင်' နှင့် 'ခင်ဖုန်း' တို့နှစ်ဦးမှာလည်း မိုးမမြင်လေမမြင်ချစ်ခင်နေချိန်။ သေားလူတို ပင် ဂရုမထားနိုင်ဘဲ ကဲနေသည်းနေကြချိန်။ အဖော်ကင်းပြီး တစ်ကိုယ်တည်းလိုမှ်ကာ ဆွေးနေရသူက 'ဓေယျလွင်'။ တစ်ခါ တရံတွေ့ချင်လွန်းလို့ လွမ်းလွန်းလို့ အိပ်ယာထက်တွင်လူးလွန့် ရင်းမျက်ရည်ပင်လည်လာတတ်သည်။

ရင်ကိုဖွင့်ပြောဖို့လူကလည်း မရှိ။ နေရခက်ပါဘိ။ လေး လခန့်ရှိသောအချိန်တွင်ဖြစ်သည်။ မနက်ဘက် 'ဓေယျလွင်' ဆေးရုံမသွားခင် ဖွားသိလရှင်တစ်ပါးရောက်လာပြီးစာတစ်စောင် ပေးသည်။

မြင့်မော်

ငါ မသိန်း၊ စာရေးလိုက်တယ်...

မရေးမဖြစ်လို့သာ ရေးရတာပေါ့... တတ်နိုင်ရင်နင် တို့လောကီအကြောင်းမပြောချင်ဘူး... အခုငါနဲ့ မအုံး သီလရှင်ဝတ်ထားတယ်... ငါတို့အခုစစ်ကိုင်းကျောင်းမှာရှိတယ်... မြတ်မွန်လည်းရှိတယ်... ကျောင်းနဲ့မနီးမဝေးမှာ ကလေးတွေကိုစာပြတဲ့ အကူဆရာမလုပ်နေတယ်... သူရှိနေတဲ့အတွက် ငါတို့ တရားကျင့်ရတာမပြောင့်ဘူး စိတ်မချဘူး...

နင်တို့သတင်းစာထဲက ကြော်ငြာတာကို သတောသတောတွေ့လို့ ကလေး မကိုရန်ကုန်သွားခိုင်းတာမရဘူး... သိပ်ခေါင်းမာတယ်... နင်တို့လာခေါ်ရင် တော့မငြင်းတတ်ဘူး...





ကျန်းမာချမ်းသာပါစေ

မသိန်း

စာဖတ်ပြီး သိန်းဆုဆယ်ဆုပေါက်သလို ဝမ်းသာနေကြ ရသည်။ အိမ်အရောက်စာလာပေးသော ဆရာလေးသီလရှင်အား 'ဓေယျလွင်' တန်တော့လို့မဆုံး။ အကျွေးအမွေးတွေနှင့် ပြုစု လိုက်သည်။

"ဘယ်တော့သွားမလဲ 'ဓေယျလွင်'..."

'ဒေါ်ခင်ခင်ကြည်' က မေးလာခြင်းဖြစ်သည်။

"မြန်မြန်သွားချင်တာပဲ... "

မရှက်နိုင်ပါ။ 'ခင်ဖုန်း' က စပ်ဖြဲဖြဲမျက်နှာဖြင့်ပနံ့တွန့် ပြလဖြင့်...

"နင်ကိုယ်ချင်းစာစိတ် လုံးဝမရှိဘူး"

"ရှိပါတယ်နော်... အဲ့လိုမပြောပါနဲ့... ဟွန်း"

"ကဲ ရန်ဖြစ်မနေကြစမ်းနဲ့... အားလုံးလည်းလိုက်နိုင် အောင် 'ဓေယျ' ရဲ့ကားနဲ့ပဲသွားကြတာပေ့ါ"

"ဝေး..."

'ခင်ဖုန်း' က မကြီးမငယ်ဖြင့် ခုန်ဆွခုန်ဆွလုပ်နေသေး သည်။ သူ့ကိုကြည့်တော့ဖြင့် ကိုယ်ဝန်ဆောင်အင်္ကျီဖြင့် ဗိုက်ကြီး လည်းမပူ့တပူ။ 'ဓေယျလွင်' က သူမဗိုက်ကိုလှမ်းကြည့်နေရှန်း သိသဖြင့် မျက်စောင်းထိုးပြီးထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



စနေတနင်္ဂနွေကိုရွေး၍ သောကြာနေ့မနက်ဘက်စွင့်ယူကာ ထွက်ခဲ့ကြသည်။ တစ်လမ်းလုံးအဆင်ပြေပါစေ၊ ရှောရှောရှူရှူဖြစ်ပါစေဟု ဆုတောင်းခဲ့မိသည်။ စစ်ကိုင်းတောင်ရိုးပေါ်ရှိ ထုံးဖွေးဖွေးစေတီများကို လှမ်း၍ဖူးမြော်နိုင်ပေပြီ။

ပေးထားသောလိပ်စာအတိုင်း 'မေမြတ်မွန်' တို့နေထိုင်သော သီလရှင်များချောင်သို့ရောက်ခဲ့သည်။ ဝမ်းသာအားရကြိုဆိုကြသည်။ 'မေမြတ်မွန်' ကိုတော့ အရိပ်အယောင်မတွေ့ရ။

" 'ကြီးကြီးသိန်း' 'မြတ်မွန်' ရော... ကျောင်းသွားလား"

"ကျောင်းပိတ်တယ်လေ... ဒီနေ့စနေတနင်္ဂနွေလိုနေ့မျိုးတွေမှာ ဒီကအလုပ်တွေပြီးရင် တောင်ရိုးကဘုရားတွေပေါ်တက်တတ်တယ်... ဟိုမှာတံမြက်စည်းလှည်းတယ်... ပန်းတွေဘာတွေထိုးတယ်... ပြီးတော့ငေးတယ် ဒါပဲ ဒါပဲ"

ထုံးစံအတိုင်း 'ကြီးကြီးအုံး' က ဘုတောသည်။ ဘယ်သူ့ကိုမှ ကျေနပ်ပုံမပေါ်။

"ခေါ်ဖြစ်အောင်ခေါ်သွားဟော့... နောက်ဆံတင်းလွန်းလို့"

မဖြတ်နိုင်သောသံယောဇဉ်ကို အတင်းဖြတ်နေကြပုံရသည်။ 'ဧယျလွင်' မည်သူကိုမျှမခေါ်။ တစ်ယောက်တည်းပြေးထွက်ခဲ့သည်။ ဥမင်သုံးဆယ်ဘုရားကိုတက်ပြီးယုံနှင့် လျှာထွက်အောင်မောနေသည်။ သေချာရှာသည်။ မတွေ့။





ထို့နောက်ပတ္တမြားစေတီ၊ ရှင်ပင်နံ့ကိုင်းစေတီ၊ မတွေ့ရသေး။ ခြေကုန်လက်ပန်းကျစွာဖြင့် ပုညရှင်စေတီသို့ရောက်လာသည်။ သူမက မြစ်ပြင်ကိုမျက်နှာမူ၍ မှလှုပ်မယှက်ရပ်နေသည်။ လေတိုက်နေသဖြင့် သူမ၏ဆံပင်နှင့်ထဘီအနားတို့က တဖျတ်ဖျတ်လွင့်နေသည်။ လှပသောမြစ်ပြင်နှင့်မြစ်ထဲတွင် သွားလာနေသောလှေ၊ သမ္ဗန်တို့ကိုငေးနေသည်။ မိမိကိုများသတိရနေသလားဟု ကိုယ့်ဘက်ကိုယ်ယက်၍တွေးမိသည်။

လူမရှိရာလျှောက်သွားပြီး ဘေးမှရပ်ကြည့်နေလိုက်သည်။ သူမနံဘေး မနီးမဝေးမှာလူရိပ်မြင်သဖြင့် ဖျတ်ကနဲလှည့်ကြည့်ပါသည်။

"ဟင်..."

လက်ပိုက်၍ပြုံးပြုံးစိုက်ကြည့်နေသော 'ဧယျလွင်' ကိုမြင်လေသောအခါ သရဲသဘက်တို့မြင်ရသလို မျက်လုံးအပြူးသားပါ၊စပ်အဟောင်းသားဖြင့် ကြောင်ကြည့်နေပြီးမှ ဖျတ်ကနဲတစ်ချိုးတည်းထွက်ပြေးပါတော့သည်။ 'ဧယျလွင်' ခမြာ ရုပ်ရှင်ထဲကမင်းသားတွေလို မင်းသမီးလက်ကိုယုယစွာဆွဲ၍ ပခုံးလေးကိုညင်သာစွာဖက်ခွင့်မရလိုက်။

ချစ်သူမျက်နှာလေးကို အထက်ဆီးမှ ငုံ၍ပင်မကြည့်လိုက်ရသေး။ ချစ်သူကလှစ်ကနဲ ထွက်ပြေးပျောက်ကွယ်သွားသည်။ ခရီးပမ်းလာသည်ကိုပင် ဂရုမမူအားဘဲ မောသွန်းအပြေး



www.burmeseclassic.com

www.burmeseclassic.com



သမားလို တစ်တောင်ဆင်းတစ်တောင်တက်လုပ်ထားသဖြင့် ခြေထောက်တွေက ခွေယိုင်နေပြီ။

'မေမြတ်မွန်' နောက်သို့ပြေး၍ မလိုက်နိုင်တော့။ ထိုကြောင့်ခပ်ဖြေးဖြေးပင်ဆင်းခဲ့ရသည်။ အရေးထဲကြီးကြီး 'သိန်း' တို့ နေရာကိုမရှာတတ်သဖြင့် သီလရှင်တစ်ပါးကို လက်ဆွဲ၍အတင်းလိုက်ပြခိုင်းရသည်။ သိမ့်သိမ့်ရှိုက်ငိုနေသော 'မေမြတ်မွန်' ကိုတွေ့တော့ အမောပင်ဆို့ချင်သည်။ သူမကမလိုက်ဘူးပြောလေ ကြီးကြီး'သိန်း' ကဆူလေပါပဲ။

'လိုက်ခဲ့ပါသမီး မာမီ 'ခင်' တို့အားလုံး သမီးကိုမျှော်နေကြတာကြာပြီ… နောက်ဆိုရင် သမီးစိတ်ချမ်းသာစရာတွေပဲ တွေ့ကြုံရတော့မှာပါ"

မိထွေးကပါ လိုက်လှဲဖောရှေ့စွာ ပြောဆိုဆက်ဆံနေသဖြင့် 'မြတ်မွန်' အံ့သြနေပုံရသည်။ ကြီးကြီး'သိန်း' တို့နှစ်ယောက်ကို ငွေလှူဒါန်း ရှိခိုးကန်တော့ပြီး ရေချိုးဖို့ရေချိုးဆိပ်ဘက်ထွက်ခဲ့ကြသည်။ သည်တစ်ညတော့ ချောင်မှာပဲအိပ်ရတော့မည်။ ရေချိုးဆိပ်တွင် အားလုံးရေချိုးနေကြပြီ ဖြစ်သော်လည်း 'မေမြတ်မွန်' နှင့် 'ဖေယျလွင်' တို့နှစ်ယောက် ခပ်ဝေးဝေးသစ်ပင်နံဘေးတွင် ထိုင်နေကြသည်။

" 'မွန်' ဘာတွေစဉ်းစားနေလဲ"

"ခုဖြစ်ပျက်နေတာတွေ ဟုတ်မှ ဟုတ်ရဲ့လားလို့"



"ဟုတ်ပါစေတော့ အချစ်ရယ်… မောင်လွမ်းရတာကြာပါပြီကွယ်"

"တော်ပါ"

"မတော်ပါရစေနဲ့ဗျာ… ခုမှအစရှိသေးတာပါ… သူများတွေကြည့်ကြစမ်း… ဘယ်လောက်ပျော်စရာကောင်းလဲ… အဘိုးကြီးနဲ့ အဘွားကြီးကတစ်တွဲ… သူတို့လည်း ခုမှချစ်စ ခင်စဗျ… မောင်တို့ပဲကျန်တော့တယ်"

" 'ခင်ဖုန်း' နဲ့ သူလက်ထပ်ပြီးမှ ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုမှမဖြစ်ဘူး… သန့်တယ်ရှင်းတယ်… မောင်ကမိဘစကားနားထောင်နေရလို့သာ 'မွန့်' လောက်ဘယ်မိန်းမမှ မချစ်ဘူး… မယုံရင်ဟောဒီ ဘုရားတွေအားလုံးမှာ 'မွန်' ကြိုက်သလိုကျိန်ပြမယ်… လက်ဖျားနဲ့တောင်မတို့ဘူး"

"တော်ပါ'

"ဘယ်နှယ့် တော်ချည့်ပဲ နိုင်းနေတာလဲ… မတော်နိုင်သေးဘူး… ပြောစရာတွေ ချစ်စရာတွေ ဟောဒီရင်နဲ့အမျှဗျ… ကဲပြောစမ်း မောင့်ကိုမလွမ်းဘူးလား"

"မလွမ်းပေါင်"

"ဟား ဟား မညာနဲ့လေ… လွမ်းလို့ ပုညရှင်စောင်ပေါ်တာနေ သူများစုံတွဲတွေကို ငေးပြီးဆွေးနေတာ ကိုယ်တို့ခြင်ပြီးပြီ 'ကြီးသိန်း' တို့ကလည်း ခင်များအကြောင်းတွေပြောပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဆန်းကြယ်တာပဲ... အိမ်မက်မက်နေသလိုပါပဲနော် မိထွေးကလည်းသဘောထားကြီးရှာသာပဲ"

'မြတ်မွန်' ၏အပြောကို 'ဇေယျာလွင်' ကနှစ်နှစ်ခြိုက်ခြိုက် ရယ်မောရင်း...

"ဟုတ်ပါ့ဗျာ ဟုတ်ပါ့... 'မွန်' ရဲ့မိထွေးကတော့ တကယ့်မိထွေးတော် ဂေါ်တမီပါပဲ... သဘောထားကြီးပါတယ်ဗျာ... သဘောထားကြီးပါတယ်...ပြီးတော့ ရန်ကုန်ကြရင် 'မွန်' အတွက် ဆန်းကြယ်တာတွေ တွေ့ရဦးမယ်ဗျ"

"ဘာတွေလဲ"

" 'ဇေယျာလွင်' ဆိုတဲ့ ဆရာဝန်ချောတစ်ယောက်နဲ့ ခင်ပွန်းလေးလက်ထပ်ရဦးမယ်... အဖေအရင်းခေါက်ခေါက်နဲ့ မိထွေးတော်ဂေါ်တမီရယ် အမေတူအဖေကွဲမောင်နှမတွေရယ် 'မောင်မောင်' ဆိုတဲ့မလည်ရှုပ်လေးရယ် တစ်အိမ်တည်းအတူနေကြရဦးမယ်"

"အတူတူနေရမှာလား ဖြစ်ပါ့မလား"

"သိပ်ဖြစ် အားလုံးကအတူနေဖို့တောင်းပန်ထားတာဗျ အိမ်ကြီးကအကျယ်ကြီး... 'မွန်' နဲ့မောင်ယူပြီးလို့ ကလေးသုံးဒါဇင်လောက်မွေးရင်တောင်ကျယ်သေးတာမို့"

"သွား ဒါသူတော်စင်တွေနေတဲ့နေရာ... သူ့လိုနွားဘူးကို လက်မခံဘူး"





"နွားဘူးမဟုတ်ဘူး... နွားပေပါ နွားပေပါ"

"အဟွန်း ဟွန်း သွားသိပ်ယုတ်တယ်"

"ဗွမ်း"

'မြတ်မွန်' တွန်းချလိုက်သဖြင့် 'ဇေယျာလွင်' ရေထဲပြုတ်ကျသွားလေသည်။

"ဟား ဟား ဟား ငါ့ကိုတွန်းချတဲ့ကောင်မလေးလာခဲ့ လာခဲ့... ပေပါထဲတွင်မဟုတ်ဘူး မြစ်ထဲပါနှစ်ထားမယ်... မိပြီ ဟော့ မိပြီ ဘယ်ပြေးမလဲ မင်းဘယ်ပြေးမလဲ"

လက်ကိုမလွှတ်တမ်းဆွဲ၍ ရေထဲတွင် ဝမ်းသာအားရ လှောက်ကူးနေသော မောင့်ကိုကြည့်ပြီး 'မွန်' ပျော်ရွှင်နေသည်။ ရင်ဝယ်ကြည်နူးပီတိဖြာဝေနေသည်။

'ဇေယျာလွင်' ဆိုလျှင်အဘယ်မျှပျော်ရွှင်မည်နည်း။ 'မေမြတ်မွန်' စုံတွဲကိုကြည့်ပြီး 'ဦးမြင့်မော်' တို့ဇနီးမောင်နှံနှင့် 'မောင်မောင်' တို့ဇနီးမောင်နှံမှာလည်း ကြည်နူးဝမ်းသာနေကြလေသည်။

စာဖတ်သူများ ရွှင်လန်းချမ်းမြေ့ကြပါစေ

စာရေးသူ

ဆွေဆွေအောင်



www.burmeseclassic.com